
www.burmeseclassic.com

# လမင်းမိုမို

ရင်နာစရာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ရင်နာစရာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၈၃၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၂၃၀၁၀၇

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်
တန်ဖိုး - ၃၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉) ၁၉ လမ်း၊ လသာမြို့နယ်
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉) (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို




## ရင်နာစရာ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# ၁

မင်းနရီက ဟိုတယ်ရဲ့ ရီဆက်ပ်ရှင်ကို ခပ်မတ်မတ် လျှောက်သွားလိုက်ကာ သူ့ကို ပြုံးပြုံးချိုချို ဆီးကြိုနေတဲ့ ဝန်ထမ်းမိန်းကလေးတို့ကို ...

"ထွန်းကျော်စွာကို ညှော်သည် ရောက်နေတယ်လို့ ... တစ်ဆိတ်"

"ဪ ... ဆရာက ပြောထားပါတယ်၊ သူ့ညှော်သည်တစ်ယောက် လာမယ်ဆိုတာ၊ ခုလေးတင် ညှော်သည်တစ်ယောက် ရောက်လာလို့ ဆရာ ခဏပြန်တက်သွားရတာပါ၊ ဆရာက အောက်ဆင်းစောင့်နေတာပါ၊ ဦးမင်းနရီ ထင်ပါတယ်"

ကောင်မလေးက ဖွယ်ဖွယ်ရာရာ ယဉ်ယဉ်ကျေးကျေး ရှင်းလင်းပြလိုက်မှ မင်းနရီ မျက်နှာထားက ပြန်ကြည်လင်လာပါသည်။ သူ သေသေချာချာ ချိန်းထား ပြောထားရက်နဲ့ ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ကော်စွာ အသင့်စောင့်မနေဘူးရယ်လို့ မျက်နှာညိုချင်နေတာ။ မင်းနရီ ဆိုတဲ့သူဟာ အဆင်မပြေတာတွေ၊ ထစ်ငေါ့တာတွေ၊ ကြန့်ကြာတာတွေ၊ အမှားအယွင်းတွေကို သည်းညည်းခံ လက်သင့်ခံနိုင်သူ မဟုတ်ပေ။

သူကိုယ်တိုင်ဟာ ကြိုးစားတဲ့သူတစ်ယောက်၊ တက်ကြွတဲ့သူတစ်ယောက်၊ တော်ဖို့ ကောင်းဖို့ အမြဲအားထုတ်နေသူတစ်ယောက်။ သူ့ဘဝဟာလည်း အမြဲပဲ သူများတကာရဲ့ ဟိုးအပေါ်နားထိပ်ဘက်ဆီမှာ အကောင်းဆုံး အရာတွေ ပိုင်ဆိုင်ထုံမွှမ်း အဆင်ပြေလျက် ရှိလေသည်။

ငယ်ဘဝကတည်းက မိဘနှစ်ပါးရဲ့ ဂုဏ်ဒြပ်နာမည်သတင်းကြောင့် မင်းနရီက သူတကာရဲ့ ထိပ်နားမှာ ရပ်တည်ခဲ့ရသည်။ ဒီအဖြစ်ကို သဘောလည်းကျ၊ ကျေလည်းနပ်၊ မက်လည်းမက်မောကာ ကိုယ်တိုင် အရွယ်ရောက်လာတော့လည်း လူတကာလေးစားအားကျပြီး မော့ကြည့်ရတဲ့ အနေအထားမျိုးမှာပဲ ရှိနေနိုင်အောင် အဘက်ဘက်က ကိုယ့်ကိုယ်ကိုယ် ဖြည့်ဆည်းခဲ့သူဖြစ်သည်။

ပညာရေးအရာမှာ ကြည့်လိုက်လျှင် မင်းနရီဟာ မြန်မာပြည်ရဲ့ အတော်ဆုံး အမှတ်အများဆုံး လူတွေသာ တက်ရောက်ခွင့်ရတဲ့ ဆေးတက္ကသိုလ်က အမ်ဘီဘီအက်စ် ဆရာဝန်ဘွဲ့ကို ရရှိခဲ့တဲ့ သူတစ်ယောက် ဖြစ်သည်။





ဘယ်နေရာကို ရောက်သွား ရောက်သွား မိန်းမလှလေးတွေရဲ့ မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး ခိုးဝှက်ငေးမောခြင်းကို ခံယူရမြဲဖြစ်တဲ့ ရှင်းသန့်ကြည်လင် ချောမောခန့်ညားသောရုပ်ကို မင်းနရီက ပိုင်ဆိုင်ပါသေးသည်။ မြန်မာဆန်ဆန်ပဲဝတ်ဝတ်၊ ဘိုဆန်ဆန်ပဲဝတ်ဝတ် ဘာနဲ့မဆို လိုက်ဖက်ပွဲတိုးနေတဲ့ သူ့ရဲ့ ဥပဓိရုပ်ဟာ ဆွဲဆောင်မှုရှိစွာ ထူးခြားသည်။

ကျောင်းပြီးတဲ့နောက် ကိုယ့်ခြေထောက်ပေါ် ကိုယ့်ဘဝ ရပ်တည်မည် ဆိုတော့ မင်းနရီက စီးပွားရေးလောကထဲ ခြေစုံပစ်ဝင်လိုက်ပါသည်။ ဖခင်က စီးပွားရေးသမားတစ်ယောက်ဖြစ်နေပေမဲ့ ဖခင်ရဲ့လုပ်ငန်းခွင်ထဲ ပူးပေါင်းဝင်ရောက်လိုက်တာမဟုတ်။ ကိုယ့်အစွမ်းအစ ကိုယ့်စိတ်ကူးနဲ့ ကိုယ့်အဖေနဲ့ အမျိုးအမည်မတူတဲ့ စီးပွားရေးလုပ်ငန်းမျိုးကို ထူထောင်ခဲ့တာဖြစ်သည်။ အဲဒီတော့လည်း သူ့ရဲ့အောင်မြင်မှုတွေက တရိပ်ရိပ်ပင် ခပ်မြန်မြန်ဘိုးတက်ပြန်ကာ ငါးနှစ်အတွင်း ဦးမင်းနရီရယ်လို့ စီးပွားရေးသမားလောက၌ ခေါင်းမော့နိုင်ပြန်လေသည်။

ခုတော့ မင်းနရီဟာ အသက်နှစ်ဆယ့်ကိုးနှစ်အရွယ် အစစအရာရာ အောင်မြင်ထွန်းတောက်နေတဲ့ အရွယ်ကောင်းကြယ်တစ်ပွင့် ဖြစ်နေပြီ။ သူ့မှာ သူ့အသက်အရွယ်နှင့်သူ ရှိသင့်ရှိထိုက်တဲ့ ပြည့်စုံအောင်မြင်မှု အလုံးစုံနှင့်။ တစ်ခုပဲ လိုအပ်နေခဲ့သည်။ အဲဒါကတော့ ဘဝကြင်ဖော်။ လက်တွဲဖော်။ အိမ်ထောင်ဖက်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာလည်း မပြည့်စုံသေးတာသာ ရှိပြီး အချိန်ကာလတစ်ခုမှာ ပြီးပြည့်စုံဖို့ အဆင်သင့် ရွေးချယ်လျာထားပြီးသား။ သူ လက်ထပ်ရမည့် မိန်းကလေးကို မင်းနရီက တက္ကသိုလ်ရောက်ကာစ,ကတည်းက စတင်ရှာဖွေခဲ့သည်။ သူ့မိန်းကလေးကို သူဟာ အဘယ်သို့သော အချက်အလက်များနှင့် ရှာဖွေလိမ့်မည်ဆိုတာကို အထူးပြောနေဖို့ လိုမည်မထင်။ သူ့ပေတံ သူ့စံနှုန်းဟာ ဟာကွက်,ပြစ်ချက် ရှိလိမ့်မှာ မဟုတ်။

တက္ကသိုလ်သက်တမ်း ခုနစ်နှစ်၊ အလုပ်ခွင်သက်တမ်း သုံးနှစ်။ စုစုပေါင်း ဆယ်နှစ်။ ဆယ်နှစ်မျှသော အချိန်အတိုင်းအတာအထိအောင် စိတ်ရှည်လက်ရှည်နှင့် ဆန်ခါတိုက်ကာ စိမ်ပြေနပြေ ရွေးချယ်ခဲ့သည်။ သူ့ဆန်ခါကွက်က ကျဲလွန်း၍ ဖော်ရုံတန်ရုံ ဂုဏ်ပုဒ်သေးသေးမျှလောက်တို့ဟာ ဆန်ခါပေါက်မှ ပလုံ ပလုံနှင့် ဒလိမ့်ခေါက်ကွေး ယိုဆင်းကျကြသည်။

သူ့ဆန်ခါ အပေါက်ကျဲပေါ်မှာ တင်ကျန်နေနိုင်တဲ့သူဆိုတာ ရှာမှရှား။ တစ်ယောက်ပြီး တစ်ယောက် အပေါက်ကျဲကျကုန်၍ ကျန်မှ ကျန်ပါ့မလားပင် သူ ထင်ခဲ့မိသည်။ မကျန်လည်းနေပါစေ။ မင်းနရီကတော့ အကောင်းဆုံးဆိုတဲ့ အရာကိုသာ မျှော်လင့်ခဲ့တဲ့သူမို့ အကောင်းဆုံး မဖြစ်ရင်တော့ ရှိပါစေတော့။ လူပျိုကြီးပဲ ဖြစ်ရ ဖြစ်ရ။

သို့သော် ၁၃ တွေ့ခဲ့ပါသည်။





"နန္ဒာနေခြည်"

နန္ဒာ့ကို ကျောင်းတုန်းကတည်းက စ,သိခဲ့တာဖြစ်ပါလျက် ကျောင်းအပြီး သုံးနှစ်အကြာကျမှ ဖွင့်ပြောခဲ့တာ။ ကြားထဲမှာတော့ အဆက်ပြတ်နေတယ် မရှိအောင် ကြိုးကလေးတစ်ချောင်းတော့ အမျှင်တန်းထားခဲ့ပါသည်။

လောလောဆယ် ဒပ်ဖရင်မှာ တာဝန်ကျနေတဲ့ "ဒေါက်တာနန္ဒာနေခြည်" ဆိုတဲ့ သူ့ချစ်သူသည် ရုတ်တရက်အတွေ့တွင် မူးမေ့ပါးစပ်အဟောင်းသား ဟ,ရလောက်အောင်လှပတဲ့သူတစ်ယောက် ဖြစ်ပါသည်။ ဖရက်ရှာကလေး အဖြစ်ဆေးကျောင်းရောက်လာကတည်းက သူကလေးကို ပိုးပန်းရဖို့အရေး အနယ်နယ်၊ အရပ်ရပ်၊ အကျောင်းကျောင်း၊ အဌာနဌာန၊ လောကမျိုးစုံမှ ပုရိသများ ကျောင်းမှာ ခြေချင်းလိမ်လိုက်ကြတာဆိုတာ။

ပါသွားတော့မလားလို့လည်း မင်းနရီက မပူပါ။ သူလည်း ချစ်နေမိသေးတာမှ မဟုတ်တာ။ ဒီလိုပဲ စောင့်ကြည့်ခင်းက ကျောင်းပြီးတဲ့အထိ အလုပ်ခွင်ထဲ ရောက်တဲ့အထိ စာမှာ အလုပ်မှအလုပ်၊ ကိုယ့်လမ်းကြောင်းမှ ကိုယ့်လမ်းကြောင်းသွေမဖီ ဦးတည်ရည်မှန်းချက် ကြီးမားတာနဲ့ အမျှ ဣန္ဒြေသိက္ခာလည်း ကြီးမားလှသေးတဲ့ နန္ဒာ့ကို တစ်စထက်တစ်စ အမှတ်တွေပိုပိုပေးလာမိခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



စာမှစာလည်းဖြစ် ဂူနွေသိက္ခာလည်းကြီး ဆိုသဖြင့် မျက်မှန်ကြီးထူထူ၊ ရုပ်ကြီးတည်တည်နှင့် မာရေကျောရေ ပေါင်းရသင်းရခက် အုပ်စုမျိုးတွင် လည်း နန္ဒာက မပါပေ။ ဂူနွေသိက္ခာကြီးတာက တစ်ပိုင်း၊ မျက်နှာလေးချိုကာ ပေါင်းသင်းဆက်ဆံရေး ရည်မွန်ယဉ်ကျေး နူးညံ့သိမ်မွေ့တာက တစ်ပိုင်း။ ကျားကျားမမ, နန္ဒာ့ထံမှာ လူချစ်လူခင် ပေါများလှပါသည်။

နန္ဒာ့အဖေက သမားတော်ကြီး။ အမေက တက္ကသိုလ်က ဒုတိယပါမောက္ခ။ ငွေကြေးအရရော၊ ဂုဏ်ဒြပ်အရပါ ကြွယ်ဝပြည့်စုံတဲ့ မိသားစု။ တစ်မိသားစုလုံးဟာ အမည်းစွန်း အမည်းစက် နာမည်ပျက် မရှိဖူးတဲ့ တကယ့် အထက်တန်းစား လူကောင်း လူတော်များ။ မိသားစုတင်မက သူတို့ တစ်ဆွေတစ်မျိုးလုံးဟာ နာမည်ဂုဏ်သတင်းရော ပြည့်စုံကြွယ်ဝခြင်း၌ရော ဆွေထုမျိုးထုနှင့်ချီ၍ ဖြိုင်ဘက်ကင်းကြတဲ့သူတွေ။

အဲဒါအပြင် နန္ဒာဟာ မကြာခင် အမ်အက်စ်စီ အိုဂျီ ဖြေတော့မည်။ အောင်မှာလည်း သေချာသည်။ အောင်ပြီး MRC OG ဘွဲ့ယူဖို့ အင်္ဂလန်ကို ထွက်ခွာမည်။ ပြီးလျှင် မြန်မာပြည်ကို ပြန်လာကာ အောင်မြင်သော သားဖွားမီးယပ်ပါရဂူ ဆရာဝန်မကြီးအဖြစ် ရပ်တည်မည်။ သူ့ရည်မှန်းချက်အတိုင်း လည်း ကြီးစားသည်။





အဲဒါတွေထက် အရေးတကြီးဖြစ်တဲ့ အချက်ကတော့ အဲဒီ နန္ဒာနေခြည်က မင်းနရီကို နှစ်သက် လိုလားလေသည်။ သူတို့နှစ်ဦးအကြားက တစ်ဦးကိုတစ်ဦး အထင်ကြီး လေးစားမှု လိုလားနှစ်သက်မှုတို့က တခြား ဘယ်စုံတွဲနှင့်မှ မတူနိုင်အောင် ဖြစ်သည်။ အသည်းနှလုံးဆိုတဲ့ ကိစ္စတစ်ခုထက် ကိုယ်ဆုံတွေ့ဖူးတဲ့ဖက်ရမဲ့ အိမ်ထောင်ဖက်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း၊ ကြည်နူးနှစ်သိမ့်ခြင်း၊ ကျေနပ်နှစ်ခြိုက်ခြင်းတို့နှင့် တစ်ဦးကိုတစ်ဦး လက်လွှတ်မခံနိုင်၊ လမ်းခွဲမခံနိုင်၊ အဝေးမခံနိုင်အောင် လိုအပ်ကြပါသည်။ မင်းနရီရဲ့ အချစ်ကို လက်ခံတုံ့ပြန်ခဲ့တာ တစ်နှစ်ကျော်ပြီ။ နန္ဒာ့ မိဘတွေရော၊ မင်းနရီ မိဘတွေရော နှစ်ဖက်လုံးကလည်း သဘောတူထားပြီးဖြစ်၍ နောက်နှစ်ပတ်အကြာမှာ စေ့စပ်ကြောင်းလမ်းပွဲ အခမ်းအနားကို ကျင်းပဖို့ရာ စီစဉ်ပြီးပါပြီ။

အဲဒီရဲ့နောက် သိပ်မကြာခင် နန္ဒာ့ရဲ့ အမ်အက်စ်စီ စာမေးပွဲနှင့် ညှိနှိုင်းပြီး သူတို့နှစ်ယောက် လက်ထပ်ကြမည်။ လက်ထပ်ပြီးမှ နန္ဒာက အင်္ဂလန်ကို ထွက်ခွာမှာ ဖြစ်သည်။ သူ လက်ထပ်ရမည့် သူ့ချစ်သူ၊ သူ့ဇနီးလောင်း အတွက်လည်း မင်းနရီ ထာဝစဉ် ဂုဏ်ယူကျေနပ်ပါသည်။ ပြောစရာမရှိတဲ့ ချစ်သူလေး။ ထောက်ပြစရာ ဘာပြစ်ချက်မှ မရှိတဲ့ ဇနီးလောင်းလေး။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်မှာ မင်းနရီလောက် အဘက်ဘက်က ပြည့်ပြည့်စုံစုံ ကံကောင်းတဲ့သူ၊ အဆင်ပြေတဲ့သူ ဆိုတာမျိုးဟာ အလွန်ရှားမှာ ဖြစ်ပါသည်။ တစ်ချက်မဟုတ် တစ်ချက်၊ တစ်ဖက်မဟုတ် တစ်ဖက်က လူဆိုတာ အားနည်းသွားနိုင်တာပဲ။ သူကတော့ ဒီလိုမဟုတ်။ သူ့ဘဝ သူ့အနေအထားကို ထာဝစဉ် ကျေနပ်ဂုဏ်ယူနေသော မင်းနရီသည် လမ်းလျှောက်လျှင်ပင် ရင်ကော့၍ မတ်နေသူမျိုး ဖြစ်သည်။

ဟိုတယ်ရဲ့ လော့ဘီက ဗေဒါခုံဂိုင်းဝိုင်းကြီး တစ်ခုမှာ ခြေကိုချိတ်ကာ သက်သောင့်သက်သာ ထိုင်နေသော မင်းနရီရဲ့ စတိုင်လ်ဟာ သူတကာနဲ့ကိုမတူ ထူးခြားထည်ဝါလို့ နေပါသည်။ မင်းနရီက ထွန်းကျော်စွာကို စောင့်ရင်း ဖုန်းခလုတ်တချို့ကို နှိပ်လိုက်ပါသည်။

"ဟယ်လို"

"ဟယ်လို ... အန်တီ၊ ကျွန်တော် မင်းနရီပါ"

"သြော် ... အေး ... သား၊ ပြော"

"နန္ဒာ နိုးပြီလား အန်တီ၊ လန်းဆန်းပြီလား၊ မနေ့က သူ တွမ်တီဖိုးအာဝါ ဂျူတီယူရမှန်းသိလို့ ကျွန်တော် နန္ဒာ့ကို ဟိုတယ်ကို မခေါ်တော့တာ၊ နန္ဒာ နိုးပြီဆိုရင် စကားပြောချင်လို့ပါ၊ အရေးတကြီးတော့ မဟုတ်ပါဘူး၊ ဒီမှာ ဒီနေ့ ငွေချေတော့မှာမို့ နန္ဒာ ဘာထပ်ပြောချင်တာ ရှိသေးလဲ မေးဖို့ပါ"





နောက်နှစ်ပတ်အကြာမှာ ကျင်းပမည့် သူတို့ရဲ့ စေ့စပ်ပွဲအတွက် ကျသင့်ငွေမှ ကြိုတင်ငွေအချို့ကို ဒီနေ့ ပေးချေရမှာဖြစ်သည်။

နောက်နှစ်ရက်ဆိုရင် ဖိတ်စာလည်းဝေပြီ။ စေ့စပ်ပွဲ ဆိုပေမဲ့ ဖိတ်စာတစ်ရာ ရိုက်ကာ လူနှစ်ရာ နှစ်ရာငါးဆယ်လောက် ကြွရောက်ဖို့ ခန့်မှန်းထားတဲ့ပွဲ ဖြစ်သည်။

"သြော် ... အေးပေါ့၊ သား မသိသေးဘူးကိုး၊ နန္ဒာ အိပ်ဖို့နေနေသာသာ ခုထိ ဆေးရုံက ပြန်မလာရသေးဘူး သားရေ"

"ခင်ဗျာ"

"တွမ်တီဖိုးအာဝါမကဘဲ သာတီစစ်စ်အာဝါ အထိ ဖြစ်သွားမယ် ထင်တယ်"

"ဟာ ... ဒါတော့ ဘယ်ကောင်းမလဲ အန်တီ၊ နန္ဒာ တအား ပင်ပန်းနေမှာပေါ့"

"ဒါတော့ ဒါပေါ့၊ အန်တီတောင် ခုနတစ်ကြိမ် ဖုန်းဆက်သေးတယ်၊ အမယ်လေး ... သားရဲ့နန္ဒာက အလုပ်ပိလို့ များတော့ ညှိုးနွမ်းတယ် မရှိပါဘူး၊ သွက်သွက်လက်လက်ပဲ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ဒီလောက်တောင် ဂျူတီတွေ ဆက်ယူရတာလဲ ဆိုပါဘူး"

"သူ့မမ ရိုစလင်းက မနေ့က ချော်လဲတယ်၊ ပေါင်ရိုးကျိုးတယ်၊ လုံးဝ Completely bed rest ယူနေရတယ်၊ ဒေါက်တာခင်စောမှုက မနေ့ညကပဲ သူ့အမေ ဆုံးသွားရှာလို့ ခွင့်ယူတယ်၊ လဲ့လဲ့လေးက သူ့အမေဆီ သုံးရက်ခွင့်ပြန်တာက ဒီညနေမှ ပြန်ရောက်မှာ သားရေ့၊ ကဲ ... ဖြစ်ပုံကို ကြည့်ဦး၊ လူမှ မရှိဘဲနဲ့၊ လူအင်အား နည်းပါတယ်ဆိုမှ ဗိုက်အင်အားက ပြိုကျလာတာ မနည်းမနောတဲ့၊ ညကလည်း တစ်ညလုံး မအိပ်ရဘူးတဲ့၊ OT (ခွဲခန်း)ဝင်လိုက်ရတဲ့ Case က နှစ်ခုကဲ့။ တစ်ခုက ဘာဖြစ်လို့ဆိုလား စောင့်ကြည့်နေရတုန်းတဲ့၊ ဒေါက်တာလဲ့လဲ့ အိမ်ကိုတော့ ရောက်တာနဲ့ လာဖို့ ဖုန်းလှမ်းဆက်ထားပြီ၊ ဒီညနေ ဒေါက်တာစပယ်ဝင်းလည်း လာမယ်ဆိုတော့ စောခေါ်လိုက်ပြီး သူ ခဏနေ ပြန်မယ်တော့ ပြောပါတယ်"

"အား ... အရမ်းပင်ပန်းနေပြီပေါ့၊ နန္ဒာ ပြန်နားမှဖြစ်မယ်၊ ကျွန်တော်လည်း ဖုန်းဆက်လိုက်ဦးမယ် အန်တီ၊ ပြန်ဖို့ နည်းနည်း လောလိုက်ဦးမယ်"

"အေး ... အေး၊ ပြောလိုက်ဦး သား"

"ဒါဖြင့် ... ဒါပါပဲ အန်တီ"

"အေး ... အေး၊ ကောင်းပြီ"





မင်းနရီ မျက်မှောင်ကုတ်ကုတ်နှင့် ဖုန်းပိတ်လိုက်ခဲ့ သူ့ရှေ့ကို လွန်းကျော်စွာ ရောက်လာပါသည်။

"ဆောရီးကွာ ... နရီရာ၊ ငါ အောက်ဆင်းစောင့်နေပြီကွ၊ လူတစ်ယောက်လာတာနဲ့ ကိစ္စလေးတစ်ခု စီစဉ်ပေးနေတာ"

"အေးကွ ... မင်း မအားရင်တောင် ငါက အောက်က ငွေသွင်းရမဲ့နေရာမှာပဲ ငွေသွင်းပြီး ပြန်လိုက်တော့မယ်လို့ မင်းဆီ ဖုန်းလှမ်းဆက်တော့မလို့"

"ဟာ ... ငါ လိုက်သွင်းပေးပါ့မယ်၊ မနန္ဒာရော မပါဘူးလား"

"ဂျူတီကွာ၊ ခုပဲ သူ့အမေနဲ့ ပြောနေတာ၊ မနေ့က တွမ်တီဖိုးအာဝါ ဆင်းရတယ် ဆိုပြီး နားစေချင်လို့ ဒီမခေါ်တော့တာ၊ သူက ဆေးရုံမှာ လူမရှိလို့ ဆက်ဝင်ပေးနေတာ ခုထိမပြန်ရသေးဘူးတဲ့ကွာ"

"ပင်ပန်းတယ်နော်၊ ဆေးရုံမှာလည်း မလွယ်ဘူးနော်"

"အေးကွ"

"မင်းပဲ ကောင်းတယ် နရီရာ၊ ကိုယ့်အလုပ်ကိုယ် ဆိုတော့ အေးအေးဆေးဆေးပဲ"

"ဒီဇလောက်ကြီးတော့လည်း မအေးဆေးပါဘူးကွာ၊ မင်းတို့က ပိုအေးဆေးပါတယ်၊ အချိန်တန်ရင် ဒေါ်လာလေးနဲ့ လခလေး ထုတ်လိုက်၊ ငြိမ့်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား … မင်းက ပြောရသေးတယ်၊ ကိုယ်ပိုင်အလုပ်သာရှိရင် ကိုယ်ပိုင်ပဲ လူတိုင်းလုပ်ချင်ကြတာပေါ့ကွ၊ ကဲ … လာ၊ ငွေသွင်းမဲ့နေရာ ငါလိုက်ပို့ပေးမယ်"

မင်းနရီက ထ,ရပ်ကာ ထွန်းကျော်စွာဘေးမှ ယှဉ်လျက်ပါလာခဲ့ပါသည်။ ငွေစာရင်းဌာနရုံးခန်းထဲ မှန်တံခါးတွန်းဖွင့် ဝင်သွားကာ ထွန်းကျော်စွာကပဲ ဟိုဘောက်ချာစာအုပ်ယူခဲ့ ဒီစာအုပ်ယူခဲ့နှင့် ခပ်သွက်သွက်ခိုင်းကာ မင်းနရီကို ငွေသွင်းစေသည်။ တကယ်တော့ ဒီကိစ္စတွေက ထွန်းကျော်စွာနှင့် မဆိုင်ပါ။ သို့သော် ဒီဟိုတယ်ကို မင်းနရီနှင့် နန္ဒာနေခြည်က ရွေးချယ်လိုက်ပြီးတဲ့နောက် မင်းနရီရဲ့ သူငယ်ချင်း ထွန်းကျော်စွာသည် ဟိုတယ်မှာ ရာထူးတစ်နေရာထိုင်ကာ ရှိနေတာ သတိတရ ဝင်နှုတ်ဆက်ရင်းက နောက်ပိုင်းကိစ္စတွေ သူကဝင်ကူပေးနေတာသာ ဖြစ်ပါသည်။

"မင်း ဟိုတစ်နေ့က ပြောပြတဲ့အတိုင်း အဆင်အယင် အခင်းအကျင်း အားလုံးပြည့်စုံဖို့၊ ပြီးတော့ ပန်းကလည်း နန္ဒာ ပြောသွားတဲ့ ကာနေးရှင်းအနီရဲတွေဖြစ်ဖို့၊ ပြီးတော့ အစားအသောက် စားတဲ့အချိန်မှာ ပီယာနိုတစ်လုံးနဲ့ ပီယာနစ်တစ်ယောက် …"

"ဩော် … အားလုံး စိတ်ချစမ်းပါ နရီရာ၊ အဲဒီနေ့ကျ ငါလည်း မနက်ခုနစ်နာရီခွဲလောက်ကတည်းက ရောက်နေပါ့





မယ်ဆို၊ မင်းတို့ပွဲက ကိုးနာရီခွဲ ဆယ်နာရီ စ,မှာ၊ ငါ အားလုံး တစ်ထပ်ဇစ်ပေးမယ်၊ ဒီကြားထဲလည်း လိုတာရှိသေးရင် ငါ့ဆီ ဖုန်းဆက်လို့ ရသေးတာပဲ၊ စိတ်အေးအေးနဲ့ စိတ်ချစမ်းပါ နရီရာ"

မင်းနရီက သူ စိုးရိမ် စိတ်စောနေတာတွေအတွက် ရှက်ပြုံးတစ်ချက်နှင့် ခေါင်းကိုသာ အသာအယာ ညိတ်လိုက်ပါသည်။

♥ ♥ ♥

"မမစယ်က သူ ထွက်လာနေပြီလို့ ဖုန်းဆက်ပါတယ် မနန္ဒာ"

"ဟုတ်လား၊ ကောင်းတာပေါ့ကွယ်၊ ဒီမှာ လူမရှိတာ သူ သိသွားသလား၊ ဟုတ်လား၊ တို့က သူ့ကို လှမ်းဆက်ဖို့ အားနာနေတာ"

"မမရှိစလင်း လှမ်းဆက်တယ်လို့ ပြောတယ် မနန္ဒာ"

"ဩော်"

သူ့ဝါဒ်က "မမ"သည် လူတစ်ဖက်သားအတွက်လည်း အင်မတန် သိတတ် ညှာတာတတ်သူ ဖြစ်ကာ သူ့ဝေဒနာနဲ့သူ ပေါင်ရိုးကျိုးကြီး အိပ်ရာထဲ ပက်လက်ဖြစ်နေတာတောင်

www.burmeseclassic.com



ဟိုဟိုဒီဒီ ဖုန်းတစ်လုံးနှင့် လျှောက်ဆက်ပြီး အဆင်ပြေစေဖို့ စီစဉ်နေပါသေးသည်။

နန္ဒာသည် ကိုယ်တိုင်ဝါသနာကြီးမားလှတဲ့ ပညာရပ်နယ်ပယ်လည်းဖြစ်နေ၊ အလုပ်များနေရတာကိုပဲ ပျော်ရွှင်နေတတ်ကာ အလုပ်ရှုပ်လေ အတွေ့အကြုံပိုလေလို့ သဘောထားတတ်တဲ့သူလည်း ဖြစ်နေလို့သာ မျက်နှာတစ်ချက် မပျက်တာပင်။ လူက အတော်ကို ပင်ပန်းနွမ်းနယ်နေပြီ။

ဟိုးအရင်တုန်းကလည်း တစ်ခါတစ်ရံမှာ ဂျူတီက နှစ်ဆယ့်လေးနာရီ ကျော်သွားတာမျိုး ကြုံဖူးပါသည်။ သို့ပေမဲ့ မနေ့ညကလောက် အလုပ်ရှုပ်တာ ပင်ပန်းတာမျိုးတော့ တစ်ခါမှ မကြုံဖူးချေ။ ပြေးလွှားလိုက်ရတဲ့ တတောက်တောက် ခြေလှမ်းတွေသည် ဆွဲဆန့်တိုင်းထွာလိုက်လျှင် ဘယ်နှမိုင်လောက်များ ရှိသွားမယ် မပြောတတ်နိုင်။

“ဗိုက်တွေကပြုကျ၊ အဲဒီထဲမှာ အရေးတကြီး အသက်လုရတဲ့ ကေ့စ်က နှစ်ခုလောက်ပါကာ ခုနကအထိ လူနာတစ်ယောက်က Bleeding တွေ မရပ်တမ်း ရနေတုန်း။ အင်း … ရင်မောလိုက်တာ။ လူမှာ အစာမရှိတာလည်း ပါသည်။ ခါတိုင်းနိုက်ဂျူတီကထွက်လျှင် နန္ဒာသည် ဆေးရုံနှင့် မနီးမလှမ်းက ဒေါ်စိန်မုန့်ဟင်းခါးမှာပြီး စားနေကျ။ မိုးလင်းလို့ မုန့်ဟင်းရည်ကျက်ပြီ ဆိုတာနှင့် ဆေးရုံက အလုအယက် မှာစားကြပြီ။





ခုတလောတော့ ဒေါ်စိန်ကြီး ခများ နေထိုင်မကောင်းဖြစ်နေရှာကာ မုန့်ဆိုင်မဖွင့်နိုင်ပါ။ မနက်ကတော့ နန္ဒာ့အတွက် မုန့်ဟင်းခါးကို အပေါက်စောင့် ကောင်ကလေး ဘယ်ကသွားဝယ်ဆေးခဲ့တယ်မသိ။ ချွဲတိချွဲပြစ်နှင့် အတော်အော်ဂလီဆန်ဖို့ ကောင်းတဲ့ မုန့်ဟင်းခါးကို နန္ဒာ တစ်လုပ်ထက် ပိုမမျိုချနိုင်။

တစ်ညလုံး ပင်ပန်းမူးနောက်နေတာမို့ပဲ မုန့်ဟင်းခါးအရသာက ပိုဆိုးသွားသလားတော့ မသိပါ။ နန္ဒာ့မှာ အန်ချင်ချင်ဆောင်ဖြစ်ကာ ပိုပြီး မူးနောက်သွားမတတ် ဖြစ်ရသည်။ နန္ဒာ မုန့်ဟင်းခါး မစားနိုင်မှန်းသိ၍ ခဏအကြာမှာ စစ်စ်တာက ကော်ဖီမစ်စ်တစ်ခွက်နှင့် လက်သီးဆုပ်လောက် ဘီစကစ်လေးတစ်ထုပ် လာပေးပါသည်။ ဘီစကစ်တော့ မစားနိုင်။ ကော်ဖီမစ်စ်တော့ သောက်လိုက်သည်။

တကယ်ဆို နန္ဒာက ကော်ဖီသောက်လေ့ရှိသူလည်း မဟုတ်။ တတ်နိုင်သလောက် ရှောင်သည်။ ဘာမှ စားစရာ သောက်စရာ မရှိဘူး ဆိုမှပဲ ကော်ဖီကို ကြိုးစားသောက်တာ။ နောက်ခုနစ်နာရီက ကော်ဖီတစ်ခွက်ဟာ နေ့လယ်ထမင်းစားချိန်ကျတော့ ရင်ကို လေခံနေ့စေပြန်ခဲ့သည်။ အဲသလိုနဲ့ နန္ဒာစားဖို့ သွားမှာပေး ဝယ်ပေးတဲ့ ထမင်းနှင့် ပုစွန်ဘော့ဂျိတ် ငရုတ်သီး ခေါက်ဆွဲ ဟင်းလေးကိုလည်း နန္ဒာ သိပ်မစားနိုင်ပြန်။

နန္ဒာသည် ကိုယ့်ဂျူတီတွေကို ဘယ်တော့မှ ခြင်းချန်ပြီး ခြင်းငယ်နှင့် မလာတဲ့သူ ဖြစ်သည်။ ရိုးရိုးပုံမှန်နေ့တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဘူး ယူသော်လည်း နိုက်ဂျူတီမို့ ဆိုပြီး ဘာမှထပ်ရ မသယ်။ ကော်ဖီကိုလည်း မကြိုက်တဲ့သူမို့ သယ်နေဖို့ မလို။ သူ များတွေ ကြိုက်ကြ သယ်ကြတဲ့ လက်ဖက်တို့ ဘာတို့လဲ နန္ဒာက မကြိုက်တတ်ပြန်။

ထို့ပြင် နန္ဒာက ကိန်းကြီးခန်းကြီးလည်း မနိုင်တတ် တာ။ ရှိတာ ရှာတာလည်း မရှိ။ ကြုံသလို စားသောက်နိုင်သူ အဖြစ် ဆရာဝန် ဆရာမတွေအားလုံး ချီးကျူးရတဲ့သူမျိုးတော် ဖြစ်သည်။

ထို့ကြောင့် အစားအသောက်အတွက် တကူးတက ကြိုတင်ပြင်ဆင်မှုမျိုး မရှိတတ်ခဲ့ရာ ဒီနေ့အဖို့တော့ စားသ ပါးစပ်ထဲ မကောင်းဘဲ လူက မူးနောက်နုံးခွေနေပြီ။

"တီတီ ... တီတီ"

နန္ဒာက နားနေခန်းထဲ ထိုင်နေရင်းက ဂျူတီကုတ် အိတ်ထဲက ဖုန်းကိုထုတ်၍ နားထောင်လိုက်ပါသည်။

"ဟယ်လို"

"နန္ဒာ"

"ဪ ... ကိုမင်း ... ပြော"

"ဟာ ... ဘာဖြစ်လို့ ဒီလောက်ထိ ဆက်တိုက်ဖြစ်နေရ တာလဲကွာ၊ နန္ဒာ အရမ်းပင်ပန်းနေပြီ၊ ရှိတဲ့တစ်ယောက် ကပဲ သိမ်းကျုံးကာဝန်ယူပြီး မပြန်ရဘဲ နေပေးနေရတာတော့ ဘယ်အလုပ်ဟုတ်ဦးမလဲကွာ"





နန္ဒာက မင်းနရီရဲ့ ကမူးရှူးထိုး ဒေါသံပွပွကို သဘောတကျနှင့် တလွင်လွင် ရယ်နေလိုက်ပြီးမှ ...

"အေးလေ၊ နော၊ အားလုံး ဝိုင်းဆိုးကြတယ်၊ တစ်ခါတည်း"

မင်းနရီကို နောက်နေလိုက်သေး၍ မင်းနရီက ပိုပြီး တိုလာပုံရကာ ...

"ဘယ်ကောင်းမလဲကွာ၊ နန္ဒာက ဒီလိုချည်း သည်းခံမနေ နဲ့လေ၊ ဂျူတီဆိုရင် လုံးဝမရှောင်ဘူး၊ မလွှဲဘူး ဆိုတာကို နန္ဒာက တအားဂုဏ်ယူတတ်တာပဲ၊ ဒီချက်ကောင်းကိုသိ တော့ ကြုံရာလူက နန္ဒာ့ကို ပုံပုံချတာပဲ"

"အခုကတော့ လာစရာ လူကိုမရှိတာ ကိုမင်းရေ့"

"မရှိ ရှိတာ စီစဉ်ရမှာပဲ၊ နန္ဒာက စက်ရုပ်မှ မဟုတ်တာ"

"ဟုတ်တယ်၊ အတော်ဖလက်ပြနေပြီ၊ ဒါပေမဲ့ မစပယ်က ခုပဲလာတော့မှာပါ၊ ဖုန်းတောင်လှမ်းဆက်ပြီးပြီ"

"တကယ်လား"

"တကယ်ပါ၊ မမ အိပ်ရာထဲ ဒဏ်ရာတစ်ဖက်နဲ့ ဖုန်းတွေ လျှောက်ဆက်ပုံရတယ်၊ နန္ဒာ တစ်ယောက်ပဲရှိတာ သိပြီး နောက်ဆံတွေ တင်းနေတာ၊ သနားပါတယ်၊ မစပယ်က စောဝင်လာမယ်၊ လှဲလေးကလည်း ဒီညနေခွင့်ပြန်ရောက် မှာ၊ ရောက်တာနဲ့ ဆေးရုံကိုလာဖို့ မခင်စောမှ ကိုယ်စား ဝင်ဖို့ အကြောင်းကြားထားပြီးသားပါ ကိုမင်းရဲ့၊ မပြော

www.burmeseclassic.com



ခင် ချစ်ဆင့် နောက်ဆင့် လူတွေရောက်လာကြတော့မှာ စစ်ကူတွေ ... စစ်ကူတွေ”

“နန္ဒာက ရယ်နေနိုင်ပေမဲ့ ကိုယ်ကတော့ စိတ်တိုနေတာပဲ နန္ဒာက မငြင်းတိုင်းလည်း နန္ဒာ့ကိုချည်း ဖိနိုင်းနေကြလို့ ဘယ်ဖြစ်မလဲ”

“ခုဟာက ဒီဝါဒ်မှာ လူကိုမရှိတာ ဖြစ်နေတာ”

“နန္ဒာ ဘယ်တော့ ပြန်ရမှာလဲ”

“နောက်တစ်နာရီ အလွန်ဆုံးပေါ့ ကိုမင်း”

“ကျွတ်”

“ကိုမင်း ဘာပြောစရာရှိလို့လဲ”

“ဘာမှ အထူးအထွေ ပြောစရာ မရှိပါဘူး နန္ဒာရယ် ဒီနေ့ ကိုယ် ဟိုတယ်ရောက်တယ်၊ ခုပဲ ပြန်လာတာ၊ ရေ သွင်းခဲ့တယ်၊ အဆင်ပြေပါတယ်၊ နန္ဒာ တစ်ခုခု လိုချင် တာရှိရင် ဒီကြားထဲရက် လာပြောရင် ရသေးတယ်”

“ဘာမှတော့ ပြောစရာ လိုချင်စရာ မရှိတော့ပါဘူးနော် ကိုမင်း”

“ကဲ ... မစပယ် ရောက်တာနဲ့ နန္ဒာ ပြန်နော်။ အိမ်ကျ ရေနွေးနဲ့ ရေချိုးလိုက်ပြီး နွားနို့တစ်ခွက်လောက်သောက် အိပ်တော့ ... နားတော့၊ ကိုယ်လည်း ဒီညမလာတော့ဘူး နော် နန္ဒာ”





“အင်း ... အင်း ...”

“ဒါပဲနော်”

“ဟုတ်ကဲ့ ကိုမင်း”

နန္ဒာက ဖုန်းလေးကိုပိတ်ကာ မျက်နှာကလေး ပြုံး ကျန်ရစ်ပြီး သူ့စားပွဲမှ ထ,လိုက်ပါသည်။ အခြေအနေစောင့် ကြည့်ရမဲ့ အရေးကြီးတဲ့ လူနာကို သွားကြည့်ကာ တခြားလိုအပ် တဲ့သူတွေဆီလည်း လှည့်ပတ်ကြည့်လိုက်ပါသေးသည်။ အလုပ် နှင့် ပတ်သက်လျှင် ဒူပေဒါပေ အပင်ပန်းခံတာ နန္ဒာ့ ဝါသနာပင်။ ဆိုင်ရာမထ ပါးစပ်ကပဲ လှမ်းမှာတတ်တဲ့ ဆရာဝန်မျိုးလည်း မဟုတ်ပေ။

“မနန္ဒာရေ ... မစပယ် ရောက်ပြီ”

“ဟုတ်လား”

နန္ဒာက ဝါဒ်ထဲက သွေးပုလင်းချိတ်ထားတဲ့ လူနာ တစ်ယောက်ရဲ့ သွေးပုလင်းကို အစက်ချ အနှေးအမြန် အသေ အချာ ညှိပေးခဲ့ပြီး ဆရာဝန်များအခန်းဘက် ပြန်လျှောက်လာခဲ့ သည်။

“ဟဲလို ... ငါ့ညီမလေး သိပ်ပင်ပန်းနေပြီ သတင်းကြား တယ်၊ ဒီလောက် ဖြစ်နေလည်း မနက်ကတည်းက ခေါ် ရောပေါ့ဟယ်”

“မမစပယ် ညနေလာမှာပဲဟာ၊ အဲဒါကြောင့် စောခေါ်မနေ တော့တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြန်ပြန်၊ မျက်ကွင်းတောင် နည်းနည်းကျချင်ပြီ၊ တစ်မေးတောင် နားလို့မရလိုက်ဘူးလား"

"လုံးဝကို မမေးလိုက်ရတာ မမစပယ်ရေ့၊ ကဲ ... ဒါဖြင့် နန္ဒာ ပြန်တော့မယ်နော်"

နန္ဒာက ဒေါက်တာစပယ်ဝင်းကို မှာစရာရှိတာမှာ၊ ပြောစရာရှိတာ ပြောပြ၊ လက်လွှဲစရာရှိတာ လက်လွှဲအပ်၊ အရေးကြီးနေတဲ့ လူနာအခြေအနေရှင်းပြ။ ဒါတွေပြီးလျှင် သူ့အိတ်ကလေး၊ ခြင်းကလေးတွေ ကောက်ယူကာ အားလုံးကို နှုတ်ဆက်ရင်း ဝါ့ဒ်ထဲမှ ထွက်လာခဲ့ပါတော့သည်။

ဆေးရုံအောက်မှာ ရပ်ထားတဲ့ နန္ဒာ့ရဲ့ကားကလေးပေါ်တက် စက်နှိုးတော့ စက်က အလွယ်တကူ မနိုး။ နန္ဒာ့ကားက အထ,နေးရတဲ့အပြင် နာရီသုံးဆယ်ကျော် စက်မနှိုးဘဲ ရပ်ထားတာဖြစ်၍လည်း ပေကတ်ကတ် လုပ်နေပါသေးသည်။ နန္ဒာက ကားအစွဲရှိ၍ ကားတစ်စီးကို တော်ရုံနှင့် မလဲ။ ဒီကားကို ကိုမင်းက လဲခိုင်းနေတာ ကြာပြီ။ ကားကလေးက လှပေမဲ့ နည်းနည်းကျနေပြီတဲ့။

နန္ဒာကသာ အီးရော အီးရောနှင့် ခုထက်ထိ မလဲဖြစ်သေးတာ။ နန္ဒာက ကားကို မောင်းထွက်လာရင်း ငြီးနောက်နောက်နှင့်မို့ အဲကွန်းခလုတ်ကို လှမ်းဖွင့်လိုက်သည်။ အင်း ... အဲကွန်းကလည်း သိပ်မအေးတော့သလိုပဲ။ ဘာလုပ်ဖို့ လိုသလဲ





ခသိ။ နန္ဒာသည် ကားကို မောင်းသာ မောင်းတတ်၍ ဘာမှနားမလည်။

ကားမှန်တွေ ပိတ်ထားပြီး အဲကွန်းက မအေး၍လှောင်သလိုလို အိုက်သလိုလို မှုံးသလိုလို မိုက်သလိုလို ဖြစ်လာပါသည်။ ဘုရားရေ ...။ နန္ဒာသည် မိုက်ခနဲ ပြာဝေသွားတဲ့ မျက်လုံးကို ပြူးကျယ်ကာ ပုတ်ခတ်ပုတ်ခတ် သုံးလေးချက်လုပ်လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်မှန်း မသိဘဲ အံ့အားတသင့်အငိုက်မိနေသည်။

ခြေကုန်လက်ပန်းကျ ပင်ပန်းလွန်းအား ကြီးနေတာတော့ မှန်သည်။ ဒါပေမဲ့ ရုတ်တရက် ချွေးစေးတွေပြန်ကာ အေးစက်ကာ အမြင်အာရုံ ပြာလာရတာက ဘာကြောင့်လဲ။ ပရက်ရှာကျတာမျိုး၊ ဟိုက်ပိုဂလိုက်စီးမီးယား (သွေးတွင်းအချိုဓာတ်ကျ) မျိုး ဖြစ်တာထင်ပါရဲ့ ... ဘုရားရေ။ နန္ဒာသည် စတီယာရင်ကိုင်တဲ့လက်တွေ မမြဲသလို အားမရှိသလို ရုတ်တရက် ဟာတာတာတုန်လှုပ်လှုပ် မူးဝေသွားပြန်ပြီး ဘာမှ မမြင်ရတော့သလို အမြင်အာရုံ ပျောက်ဆုံးသွားလေသည်။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဒေါ်ဒေါ်မြိုင်"

"ဟေ ... ဘယ်သူလဲ၊ ကကြီးလား"

"ဟုတ်ကဲ့"

ဘေး သစ်သားလှေကားလေးမှ တက်လာသော ကကြီးသည် အပေါ်ထပ်ရဲ့ သံဆန်ခါအစိမ်းကွက်တပ် တံခါးက လေးကို တွန်းဖွင့် ဝင်လိုက်ချိန်တွင် ဒေါ်အေးမြိုင် နောက်ဖေးဘက်မှ ထွက်လာချိန် အံကိုက်ပင်။

"သမီး မဝင်တော့ဘူး၊ အိမ်မှာ ကင်ပွန်းရွက်နဲ့ ဇရစ်နဲ့ ရောကြော်တာချက်လို့ ဝသုန် ထမင်းပြန်စားရင် စားရအောင် ဒေါ်ဒေါ်မြိုင်၊ ငရုတ်သီးစပ်စပ်လေးနဲ့ သူ့အကြိုက်ပဲ"

"အေး ... အေး၊ ထားခဲ့"





ကကြီးက ပန်းကန်သေးသေးလေးကို ဒေါ်အေးမြိုင် လက်ထဲ ထည့်ရင်း ...

"ဦးလေးကျော်ရော သက်သာလား ဒေါ်ဒေါ်မြိုင်"

"အေး ... သက်သာပါတယ်၊ ခြေထောက် ထောက်နိုင်နေပါပြီ သက်သာပါမှပဲ၊ နို့မို့ ဝသုန် ပင်ပန်းလှတယ်"

"ဟင် ... ဟိုမှာ ဝသုန် လာပြီ ဒေါ်ဒေါ်မြိုင်"

လမ်းလျှောက်ဝင်လာရင်းက သူ့အိမ် အပေါ်ထပ် အဝမှာ ကကြီးကို တွေ့လိုက်ရ၍ တစ်ထစ်ကျော် ခုန်ပေါက်တက် လာသော မြေဝသုန့်ကို သူ့အမေက မျက်စောင်းလှမ်းရွယ်ရင်း ...

"အောင်မလေး ... ဖြည်းဖြည်းတက်ပါ ဝသုန်ရယ်"

"ကကြီး ... ဘာလဲ၊ ဘာစားဖို့ပါလဲ"

"ကင်ပွန်းရွက်နဲ့ ဇရစ်ကြော်တာလေ၊ ငရုတ်သီးစိမ်းတောင့်လေးတွေနဲ့ ဟိုတစ်ခါ ဝသုန် ကြိုက်တဲ့ ဥစ္စာလေ"

"အား ... အတော်ပဲ ဗိုက်ဆာလာတာနဲ့၊ မေမေ ... သား ထမင်းစားတော့မယ်နော်"

"အေး ... အေး"

ဒေါ်အေးမြိုင်က ဟင်းပန်းကန်ငယ်လေး ကိုင်ရင်း နောက်ဖေးဘက် ဝင်သွားလျှင် မြေဝသုန်က ကကြီးရဲ့လက်ကို ဆွဲပြီး သူတို့အိမ်ရဲ့ ခါးပန်းအဆင့်ကလေးမှာ ထိုင်စေလိုက်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဝသုန်"

"ကကြီး ... ငါနိုင်ငံခြားသွားရင် ကောင်းမလားလို့"

ကကြီးက မျက်လုံးလေးဝိုင်းကာ ဝသုန့်ဘက် ငေးကြည့်နေပါသည်။

"ဟင် ... လို့"

"ကကြီးလည်း မပြောတတ်ဘူးလေ၊ ဝသုန်က ဘာသွားလုပ်မှာလဲ"

"အလုပ်သွားလုပ်မှာပေါ့ဟ၊ ငါ စုံစမ်းနေတာ ဒီနေ့သေချာ သိလာရတယ်၊ အာရပ်နိုင်ငံ တစ်နိုင်ငံမှာ ဟိုတယ်ကြီးတွေ ဖွင့်တယ်ကွာ၊ အဲဒီမှာလုပ်ဖို့ ဝန်ထမ်းတွေအများကြီး ခေါ်တယ်၊ သူတို့က အာရှကလူတွေကို ခေါ်တာ၊ ဟိုတယ်လုပ်ငန်း ဆိုတော့ ကဏ္ဍအသီးသီးပေါ့၊ လခလည်း ကောင်းတယ်ဟ ...

ငါ့လို ဟိုတယ်လိုင်းရစ်စ်က မုန့်ဖုတ်လုပ်ငန်း ကျွမ်းကျင်လက်မှတ် ရထားတဲ့ သူမျိုးဆိုရင် အလုပ်ရဖို့ သေချာတယ်တဲ့။ သွားမယ်ဆိုရင် သုံးလအတွင်း ထွက်ရမှာဟ"

"အကြာကြီးပေါ့"

"အေးပေါ့ ... ငါလုပ်သလောက်ပေါ့၊ အနည်းဆုံးတော့ နှစ်နှစ်ကြာအောင် လုပ်ရမယ်"





ကကြီးက မျက်လွှာလေးချကာ ခဏငိုင်စဉ်းစားရင်း ...

"ကကြီးတော့ မပြောတတ်ဘူး ဝသုန်ရယ်၊ ကောင်းတယ် မကောင်းဘူး ဝသုန်ပဲ စဉ်းစားပေါ့၊ ဦးလေးကျော်နဲ့ တိုင်ပင်ပေါ့၊ ကကြီး သိတာကတော့ ဝသုန်က နိုင်ငံခြားရောက်သွားပြီး ဟိုမှာ အဆင်တွေပြေ ခိမ်တွေကျပြီး ဒီကိုပြန်မလာတော့မှာပဲ စိုးရိမ်တာပဲ"

မြေဝသုန်က တကယ့်ကို သဘောကျလှသလို အကျယ်ကြီးပင် တဟားဟား အော်ဟစ်ရယ်မောရင်း ကကြီးရဲ့ ခေါင်းလေးကို အုပ်ကိုင်လှုပ်ယမ်းနေပါသည်။

"အရူးမ, ကကြီး"

"ဟုတ်တယ်လေ၊ ဝသုန် ပြန်မလာတော့ဘဲ ဟိုမှာပဲ မိန်းမတွေ ဘာတွေ ယူသွားရင် က,ကြီးက ဘာတတ်နိုင်လဲ"

"ဟိုမှာ မိန်းမယူရင် ခေါင်းမြီးခြုံထားတဲ့ အာရပ်မ, ကုလားမပဲ ငါရမှာပေါ့၊ အလကား ကကြီးကလည်းဟာ၊ မိန်းမယူဖို့ သွားမှာကျနေတာပဲ"

"ဟိုတယ်မှာ လုပ်မဲ့ အာရှတိုက်သူလေးတွေ ရှိမှာပဲလေ"

"အဲဒီတော့ ကျုပ်က ဘာလုပ်ရမှာလဲ ဝက်မ"

မြေဝသုန်က စူပုပ်ထားတဲ့ ကကြီးရဲ့ နှုတ်ခမ်းဖူးလေးကို လက်ညှိုးလက်မနှင့် ဆွဲလိမ်ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံအများကြီး စုနိုင်မယ် ကကြီးရဲ့၊ ဒီမှာတော့ အဲလောက် စုနိုင်ဖို့ မလွယ်ဘူးပေါ့ဟာ၊ ငါ့ပညာနဲ့ ငတ်တော့လည်း မငတ်ဘူးပေါ့၊ ဒါပေမဲ့ ခုလည်းမစုနိုင်ဘူးပေါ့။ ဟိုမှာတော့ ဝင်ငွေပိုမယ်၊ ငါ့စားစရိတ် နေစရိတ် လွှတ်မယ် ဆိုတော့ ပိုက်ဆံတွေ အများကြီး စုနိုင်မယ်"

ကကြီးသည် မြေဝသုန့် မျက်ဝန်းများထဲ လဲ့လဲ့ကလေးကြည့်ရင်း ...

"ပိုက်ဆံတွေက အများကြီး လိုလို့လား ဝသုန်ရယ်"

"ဩော် ... ကကြီးရယ်၊ အရိုးမ,လေးရယ်၊ လောဘလည်း မရှိဘူး၊ ငါတို့ လက်ထပ်ကြပြီးရင် သားတွေ သမီးတွေဆိုတာ ရှိလာဦးမှာ၊ ဘဝရှေ့ရေးတွေ ဆိုတာ ရှိသေးတယ်၊ ပိုက်ဆံဆိုတာ မလိုဘူး ရှိလို့လား၊ ရှာနိုင်လေ စုနိုင်လေကောင်းလေပေါ့၊ တစ်ခုပဲ ငါ စဉ်းစားနေတာ၊ နင်နဲ့ငါ လက်ထပ်ပြီးမှ သွားရင်ကောင်းမလား၊ လက်မထပ်ဘဲသွားရင် ကောင်းမလားလို့၊ ငါကလည်း နင့်ကို သိပ်စိတ်ချနေတယ် မထင်နဲ့၊ တော်ကြာ ငါသွားနေတုန်း နင်က ဒိက ကောင်တစ်ကောင်ကို ကောက်ယူလိုက်ရင် ဘယ်လိုလုပ်မလဲ"

"ယူစရာလား ... ယူစရာလား၊ လူကို ဒီလိုပဲ ပြောရသလား"





ကကြီးက ဝသုန့်လက်မောင်းကို တဖုန်းဖုန်းထုပစ်ပါသည်။

"ဘယ်သိမလဲ၊ နင့်ကို အစ်ကိုလေးကလည်း မြင်ကတည်းက ကြိုက်တာပဲ၊ ငါနဲ့ ရည်းစားမှန်း သိသွားမှ အရှိန်သတ်သွားတာ၊ ကိုလေး သူငယ်ချင်း ဟိုပိန်ရှည်ရှည်ကလည်း အခု နင့်ကို မြင်ဖူးပြီး ကြိုက်နေတယ်လေ"

ကိုလေး ဆိုသည်မှာ မြေဝသုန်တို့ ကကြီးတို့ရဲ့ အလုပ်ရှင်ရဲ့သား ဖြစ်ပါသည်။ နာမည်ကြီး အခြေခိုင်ကာ မုန့်မျိုးစုံ ထုတ်လုပ်သော မုန့်လုပ်ငန်းကြီးတစ်ခုမှာ ကကြီးတို့ အလုပ်လုပ်ကြသည်။ ဟိုးအရင်ကတော့ ဦးလေးကျော်က အဲဒီ မုန့်လုပ်ငန်းကြီးမှာ မုန့်ဖိုကားကြီး မောင်းတာဖြစ်သည်။ နောက်တော့ မုန့်သူဌေး အကြံပေးသလို ဝသုန့်ကို စာပေးစာယူတက်စေကာ ပြီးမှာ့ဟိုတယ်နှင့်ခရီးကဖွင့်သော ကျွမ်းကျင်လက်မှတ်ရ မုန့်လုပ်ငန်းသင်တန်း တက်စေလျက် အောင်တဲ့အခါ သူဌေးက ဝသုန့်ကို မုန့်ဆရာလက်ထောက်ရာထူး ခန့်ထားပေးပါသည်။ မုန့်ဆရာ လက်ထောက် ဝသုန့်လခဟာ သူ့အဖေလခထက် ပိုပါသည်။ ဒါကြောင့် ဝသုန်တို့ အဆင်ပြေ ချောင်လည်လာကြတာ။

ကကြီး အမေက အစကတော့ ဈေးမှာ ကုန်ခြောက်ရောင်းသည်။ ဝသုန်တို့ နှစ်ထပ်အိမ်ရဲ့ အောက်ထပ်တစ်ခြမ်းကို ကကြီးတို့ သားအမိ ငှားနေကြပါသည်။ နောက်ပိုင်း အမေက



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေး မကောင်းလှ၍ ဈေးထဲကဆိုင်ကို ဖြုတ်လိုက်ကာ အိမ်မှာပဲ ဆီတစ်မျိုးတည်း ခွက်ချင်နှင့် လက်လီရောင်းပါသည်။

ဆယ်တန်းကို မအောင်နိုင်ဘဲ သုံးနှစ်မျှ တဖုန်းဖုန်းကျပြီးတဲ့အခါ ကကြီးသည် အမေ့ကိုပဲ ကူသလိုလို စက်ချုပ်သင်တန်းပဲ တက်မလိုလို ဟိုမရောက် ဒီမရောက် ဖြစ်နေခိုက် ဝသုန်ကပဲ သူတို့ မုန့်လုပ်ငန်းကြီးရဲ့ ထုပ်ပိုးဌာနမှာ ကကြီးကို အလုပ်သွင်းပေးလိုက်တာ ဖြစ်သည်။

ထိုမုန့်လုပ်ငန်းကြီးက မုန့်အမျိုးအမည်ပေါင်း ရာချီမတတ် ထုတ်လုပ်တဲ့ လုပ်ငန်းကြီး ဖြစ်ပါသည်။ ထားရောင်းရသော မုန့်ကြွပ်၊ ဘီစကစ်၊ ကိတ်ခြောက်၊ နံကထိုင်လို အထားခံတဲ့ မုန့်ပေါင်းစုံနှင့် ကိတ်မုန့် ပေါင်မုန့်တို့ကို နယ်အထိ ကိုယ်တိုင် ကားနှင့်ပို့ပါသည်။ ရန်ကုန်မှာလည်း နေ့စဉ် ဆိုင်များစွာကို မုန့်ကားနှင့် မုန့်ပို့ရသည်။

ကိတ်ဆိုရင်မျိုးစုံ၊ ပေါင်မုန့်ဆိုလည်းမျိုးစုံ၊ ပတ်ဖ်တွေ၊ ဒိုးနတ်တွေ၊ ပူတင်းကိတ်တွေ ပြောမကုန်အောင် အမျိုးအမည်များသော မုန့်အမျိုးမျိုး အတွေတွေကို ဖုတ်ဖို့ နံနက်တစ်ကြိမ် ညနေတစ်ကြိမ် မြေဝသုန် အလုပ်ဆင်းရသည်။ နေ့လယ်ကို မြေဝသုန်က အိမ်ပြန်ထမင်းစားသည်။ မုန့်ထုပ်ပိုးတဲ့ဘက်က ကကြီးတို့ အဆိုင်းက နေ့လယ်တစ်နာရီမှာ စ,တင်အလုပ်ဆင်းရသည်။





ညနေ နေနိုင်သလောက်ထိနေ။ လုပ်ခကာ ကိုယ်...ပိုးပြီးစီးတဲ့ အရေအတွက်နှင့် တွက်၍ရတာ ဖြစ်သည်။ မြေ...သန်သည် မနက်တစ်ကြိမ်သွား၊ ဆယ်နာရီလောက်မှာ ပြန်လာ...လျှင် နေ့လယ်ပိုင်းတစ်ကြိမ်ကို က,ကြီးနှင့်အတူ အလုပ်သွား...သည်။

ခုရက်ပိုင်းတော့ မြေဝသုန့် ဖခင် ဦးကျော်မြ ချော်...၍ ခြေထောက်ထိခိုက်ထားရာ မုန့်ကား မမောင်းနိုင်သေးဘဲ...သူထားရ၍ မုန့်ကားမောင်းသူတွေကို သူ့နေရာ အစားထိုး...တီချလို့ရတဲ့နေ့ချ၍၊ မရတဲ့နေ့မှာ မြေဝသုန်က အဖေ့ကိုယ်စား...ကား တစ်ခါတစ်ရံ ဝင်မောင်းပေးနေပါသည်။

အဲဒီနေ့မျိုးဆို မနက်စာထမင်း မြန်မြန်ပြန်စား၊ ...ကြီး အလုပ်ချိန်ထိ မစောင့်နိုင်တော့ဘဲ မုန့်ကားခေါက်အမီ...ထွက်သွား၊ မုန့်ကားပြန်ဝင်မှ မုန့်ဖိုဘက် ပြန်အလုပ်ဆင်းနှင့်...သန်းသည်။

"အဲဒါတွေ မပြောစမ်းပါနဲ့ ဝသုန်ရာ၊ ကကြီး လုံးဝစိတ်မဝင်စားဘူး၊ ကကြီး သိတာက ကကြီး ဝသုန့်ကို မခွဲနိုင်ဘူး၊ အကြာကြီး ဝေးမနေနိုင်ဘူး ဝသုန်ရဲ့၊ ကကြီးရော အဲဒီဟိုတယ်မှာ ဟောက်စ်ကီပါ အလုပ်မျိုးဖြစ်ဖြစ် လုပ်လို့မရဘူးလားဟင်"

မြေဝသုန်က ကကြီးကို ပြုံးရင်းကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရမယ် မရဘူးတော့ ငါလည်း ဘယ်သိမလဲ ကကြိုးရဲ့ ဒါပေမဲ့ ငါသိသလောက် သူတို့ခေါ်တဲ့ ပညာအရည်အချင်းက အနိမ့်ဆုံး ဆယ်တန်းအောင်ဟ"

ကကြိုးမျက်နှာလေးက ငယ်သွားပါသည်။

"ဘာပဲဖြစ်ဖြစ် နင် သိထားဖို့က ငါသွားချင်တာဟာ ငါတို့ဘဝ ရှေ့ရေးအတွက် ငွေလေးကြေးလေး စုဆောင်းနိုင်မလား ဆိုတဲ့ မျှော်လင့်ချက် တစ်ခုကြောင့်ပဲ၊ သွားဖြစ်ရင် ဒီရည်ရွယ်ချက်ကို ရှေ့တန်းတင်ပြီး ငါသွားမှာ ကကြိုး၊ ငါ နင့်ကို ဒီထက် တင့်တင့်တယ်တယ်လေး ထားနိုင်ချင်သေးတယ်ဟ"

ကကြိုးက ဝသုန့်ကို စိုက်ကြည့်နေမိပါသည်။ မြေ ဝသုန်က ကကြိုးကို ဘယ်လောက်ထိ ချစ်ရှာယ်ဆိုတာ ကကြိုး အသိဆုံး။ ကံကောင်းသည်မှာ ဝသုန့်မိဘများကမပါ ကကြိုးကို ချစ်ကြတဲ့ အချက်ကြောင့်ပင်။ ကကြိုးရဲ့ အမေကတော့ ဝသုန် အပေါ် သူ့သားတစ်ယောက်လို ချစ်ခင်နိုင်တာအပြင် အားကိုး တာက ပိုပါသေးသည်။

"ကဲပါဟာ၊ စဉ်းစားကြသေးတာပေါ့"

"သားရေ ... ထမင်းစားမယ်ဆို"

နောက်ဘက်ထဲက မြေဝသုန့်အမေရဲ့ ခေါ်သံသွား လာသည်။ ကကြိုးက စကားစ,မပြတ်ရသလို ဖြစ်နေ၍ လေး လေးကန်လေး ထ,ရပ်လိုက်ကာ ...





"ဦးလေးကျော်ကို တိုင်ပင်ဦးနော်"

"တိုင်ပင်မှာပေါ့ဟ၊ ကိုယ့်အဖေပဲဟာ"

"ပြီးရင် ကကြိုးကိုလည်း ပြောဦးနော်"

"သြော် ... နင့်ကိုကော မပြောဘဲ ပြီးပါ့မလား၊ ကဲ ... ညကျ နင့်အမေပါခေါ်ပြီး ဒီကိစ္စကို အားလုံးမျက်နှာစုံညီ တိုင်ပင်ကြည့်မယ်၊ ကျေနပ်လား"

"အင်း"

"ဒါဖြင့် ဟိုတွေး ဒီတွေး ပူမနေနဲ့၊ ဆံပင်တွေ ဖြူနေဦး မယ်၊ နင့်ကို ရှေ့ဆုံးက ထည့်စဉ်းစားပြီးမှ ဆုံးဖြတ်မယ် ဆိုတာ နင် ယုံထား ကကြိုး၊ ဟုတ်လား"

"အင်း"

ကကြိုးရဲ့ နှုတ်ခမ်းလေးက ပြုံးယောင်သမ်းလာရကာ ဝသုန့်ကို စိုက်စိုက်ကလေး ကြည့်ရင်း ...

"ဒါဖြင့် ကကြိုး ပြန်တော့မယ်၊ ဝသုန် ကားမောင်းအမီ ပြန်ရမှာ မဟုတ်လား"

"အင်း"

"ညနေကျ ကကြိုးလည်း စောစောပြန်မယ်နော်"

"ငါပြန်ခါနီး နင့်ဆီ လာကြည့်မယ်လေ၊ အဆင်ပြေရင် တစ်ခါတည်း တူတူပြန်လိုက်ခဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အလုပ်ခွင် မုန့်လုပ်ငန်းစက်ရုံကြီးဟာ ဝင်းကျယ်ကြီးထဲမှာ ပစ္စည်းသိုလှောင်ဂိုဒေါင်၊ မုန့်ဖိုရုံ၊ မုန့်ထုပ်ပိုးရုံ၊ ပါ့ကင်ဘူးတွေ အိတ်တွေ ရိုက်နှိပ်ထုတ်လုပ်တဲ့ရုံ၊ စသဖြင့် အဆောက်အအုံ အစုံစုံရှိသည်။ ဝသုန်ရှိတဲ့ နေရာကနေ ကကြိုးရှိတဲ့နေတာကို တမင်တကာသွားမှ ရောက်ပါသည်။ မတော်တဆ မတွေ့ကြနိုင်ပါ။

"ဒေါ်ဒေါ်မြိုင် သမီး သွားပြီ"

"အေး ... အေး"

ဒေါ်အေးမြိုင်ကလည်း နောက်ဖေးမီးဖိုထဲကပဲ ပြန်အော်နိုင်ပါသည်။ သူ့သား ထမင်းစားလို့ မြိန်ဖို့အတွက် ငါးပိရည်ကျိုလေးကို လောလောလတ်လတ်လေး ဖျော်ပေးနေရသေးတာ ဖြစ်သည်။

"ဖေဖေ ... စားပြီးပြီလား"

အိပ်ခန်းတွင်းက ပြတင်းပေါက်နံဘေး ပက်လက်ကုလားထိုင်တစ်လုံးပေါ် သတင်းစာ ဖတ်နေတဲ့ ဖခင်ဖြစ်သူက ...

"သား စားနှင့် စား ... စား၊ ငါ မစားသေးပါဘူးကွာ၊ မနက်ကပဲ ပဲပြုတ်ထမင်းစားတာ များသွားတယ်၊ မဆာသေးဘူး သားရေ၊ ဒီနေ့ ကားမောင်းရဦးမှာ မဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ"





"အေး ... ဒါဖြင့် စားတော့ ... စားတော့၊ ကားကိုဖြည်းဖြည်းမောင်းနော် ဝသုန်၊ ကားက တအားကြီး ကြီးတယ် မဟုတ်ပေမဲ့ နည်းနည်းတော့ ကြီးတာပဲ၊ နောက်က ကွန်တိန်နာထဲမှာက တစ်ခါတလေ အလေးချိန် အချိုးညီတာ မဟုတ်ဘူး၊ ကွေ့ရင် ပြူရင် သတိနဲ့လုပ်"

"ကျွမ်းပါတယ် ဖေဖေရ"

"ကျွမ်းမနေနဲ့ ဟေ့ကောင်၊ မင်းက ကားမောင်းတတ်တာပဲ ရှိတာကွ၊ ကားကြီးတွေကို ထိန်းသိမ်းကိုင်တွယ် မောင်းနှင်ရတာ ပညာပါတယ်၊ ဒါကြောင့်သာ ကားကြီးလိုင်စင် သီးသန့်ထားရတာပေါ့၊ မောင်းရင်လည်း မှန်မှန်မောင်း မငေးနဲ့"

"ဟုတ်ကဲ့"

ဝသုန်က နောက်ဖေးမှာ ထမင်းစားပွဲ၌ တစ်ယောက်တည်း ထမင်းစားစဉ် ဒေါ်အေးမြိုင်က ဘေးကထိုင်ပြီး သားဖြစ်သူကို လိုတာဖြည့်ဆည်းပေးနေပါသည်။ ဝသုန်က သူ့အမေကို နိုင်ငံခြားကိစ္စ အရိပ်အမြွက်မျှ ပြောပြသည်။ မိဘတွေကို ပြောပြတိုင်ပင်လည်း မိဘတွေဟာ နောက်ဆုံးတော့ မြေဝသုန့်သဘောပဲ ဖြစ်ကြမှာ သူသိသည်။

သူပဲ ပြတ်သားဖို့လိုတာ။ အနည်းဆုံး နှစ်နှစ်ဆိုဆမဲ့ သုံးလေးနှစ် နေနိုင်မှ ပိုအဆင်ပြေတာ။ ဒီလောက်ကြာကြာ

www.burmeseclassic.com



ကကြိုးကို ခွဲသွားနိုင်ပါ့မလား။ ကကြိုးကို သူက စိတ်မချဘူးဟု ဆိုလျှင် ကြားရသူ တချို့က "ကကြိုးက ဘာမို့လို့ စိတ်မချရမှာလဲ"ဟု ရယ်သွမ်းသွေးချင်မလား မသိပါ။

ကကြိုးဟာ မျက်လုံးဝိုင်းကလေးတွေ အပြစ်ကင်းစင်ပြီး မသိနားမလည်ပုံ ပေါက်နေတဲ့ နှုတ်ခမ်းထူထူ ဖူးဖူးကလေး ရှိတာကလွဲပြီး ဘာမှ ဟုတ်တိပတ်တိ အလှအပ ဖွဲ့ဆိုရနိုင်စရာ ရှိသူ မဟုတ်ပါ။ ချစ်စရာကောင်းလှတဲ့ ကောင်မလေးတစ်ယောက် ဖြစ်ပေမဲ့ အချောအလှကြီး စာရင်းဝင်လည်း မဟုတ်။ အဲဒါအပြင် ကကြိုးတို့ သားအမိဟာ မချောင်လည်လှ၍ တိုင်ထွာသုံးစွဲရ၍ ကကြိုးဟာ မဝတ်မစားနိုင် မပြင်မဆင်နိုင်ပါ။

အဖိုးနည်းပါးသော ဝတ်စုံရိုးရိုးကလေးတွေထက် ပိုမဝတ်နိုင်တဲ့၊ ကိုယ်ပေါ်မှာ လှတီးလှတ ထွေလာကေလာ ဘာမှ မဆင်သနိုင်တဲ့ ကောင်မလေး တစ်ယောက်ပါ။ လူတွေကြားထဲ ဝင်ရပ်နေရင် ရုတ်တရက် ရှာမတွေ့ဘဲ ရောနှောပျောက်ဆုံးနေမဲ့ ဘာမှ မထူးခြားသော မိန်းကလေးတစ်ယောက်ပဲ ဖြစ်သည်။ ငွေကြေးလည်း မရှိ၊ ပညာလည်း ထူးပြီးမရှိ၊ အလှအပ အရာမှာလည်း အများထဲက တစ်ယောက်ပဲ ဆိုတဲ့ ကကြိုးကို သူက ဘာစိတ်မချစရာ ရှိပါသနည်းလို့ လှောင်ပြောင်စရာ ဖြစ်ကောင်းဖြစ်မည်။

ဒါပေမဲ့ စိတ်မချနိုင်ခြင်း၊ မက်မောနှမြောခြင်းတို့ဟာ ကာယကံရှင်ရဲ့ တန်ဖိုးထားမှု အတိမ်အနက် ပေါ်မှာ





တည်လိမ့်မယ်လို့ မြေဝသုန်က ယူဆပါသည်။ သူက ကကြိုး တန်ဖိုးထားလွန်းတော့ လက်လွှတ်ဆုံးရှုံး မခံနိုင်လွန်းတော့ တစ်ဆ ဆုံးရှုံးလိုက်ရမှာကို အသည်းအသန် ပူလန့်တိုထွာ ပါ။

ဒါကြောင့်လည်း ကကြိုးကို လက်ထပ်သွားရင် ကောင်းမလားလို့ စဉ်းစားတာ။ လက်ထပ်ရင်တော့ တိတ်တိတ်လေး ကိုယ့်ဟာကိုယ် စာချုပ်လက်မှတ်ထိုးထားကြပြီး လူသိမခံ ဖြစ်ပါလိမ့်မည်။ နိုင်ငံခြားထွက်ဖို့ရာ အလုပ်ခေါ်ယူတဲ့ကြော်ငြာ မှာ သူတို့လိုချင်တဲ့ အချက်အလက်တွေထဲက Marital Status က Single ဖြစ်နေမှ ခေါ်ယူမည်လို့ ကြော်ငြာထားသည် မဟုတ် လား။

"ညကျရင် ကကြိုးတို့ သားအမိကိုပါခေါ်ပြီး အဲဒီကိစ္စ တိုင်ပင်မလားလို့၊ နော် ... မေမေ"

"အေး ... တိုင်ပင်လေ၊ ကောင်းမယ် ထင်တာ လုပ်ရမှာ ပေါ့၊ ကိုယ့်ဘဝ တိုးတက်ရာ တိုးတက်ကြောင်းကိစ္စ မဟုတ်လား သားရဲ့"

ထမင်းစားပြီး ခဏတဖြုတ် နေပြီးတဲ့နောက် မြေဝသုန်က ရေမိုးချိုးပြီးမှ အလုပ်ကိုပြန်ဖို့ ပြန်ထွက်လာပါသည်။ အမေကိုနှုတ်ဆက်။ ဘေးလှေကားက ဆင်းလာပြီး အောက် အခန်းတံခါးဝ ရောက်တဲ့အခါ ကကြိုးကို အော်နှုတ်ဆက်။



www.burmeseclassic.com

www.burmeseclassic.com



"ကကြီး ... နည်းနည်းစောထွက်ပြီး ချောင်တဲ့ဘတ်စ်ကား
စောင့်စီးဦး"

ဒါက သူနှင့် ကကြီး အတူမသွားဖြစ်တဲ့ နေ့တိုင်း
သူမှာလေ့ရှိတဲ့စကား ဖြစ်သည်။ အဲဒီနောက်တော့ ဘတ်စ်ကား
လေးမှတ်တိုင်ပဲ စီးရတဲ့ သူတို့ရဲ့ မုန့်လုပ်ငန်း အလုပ်ရုံဝင်းကြီး
ဆီ မြေဝသုန် ထွက်ခဲ့ပါတော့သည်။

အလုပ်ရုံရောက်တော့ မုန့်ရုံမှာ သူပို့ရမဲ့ ခရီးစဉ်
နှင့် ဆိုင်များစာရင်းကိုယူ၊ ဆိုင်ရဲ့အမှာတွေနဲ့တိုက်ပြီး တစ်မျိုး
ပြီးတစ်မျိုး ကားပေါ်သယ်တင်။ နောက်ဘက်မှာ လေးထောင့်
သွပ်အိမ် ကွန်တိန်နာငယ်ပါတဲ့ သူ့ရဲ့မုန့်ကားထဲ အမျိုးအမည်
မုန့်ထုပ်တွေ မုန့်ပုံးတွေ စနစ်တကျဖြစ်အောင် စာရင်းနဲ့ အင်း
တင်ပြီးလျှင် မုန့်ကားလိုက်တဲ့ ကောင်ကလေး ငဖြိုးကို ကားပေါ်
တင်ပြီး မြေဝသုန် ထွက်လာခဲ့ပါသည်။

ဒီနေ့ ငဖြိုး ရေရွတ်တဲ့ ဆိုင်လိပ်စာတွေအတိုင်း
သူတို့ကားက အင်းစိန်၊ သမိုင်း၊ လှိုင်၊ ကမာရွတ်၊ ကြည့်မြင်တိုင်
စမ်းချောင်း၊ အလုံ၊ မြေနီကုန်း၊ ဗဟန်းထိ တစ်ပတ်ပတ်ပြီးရင်
ပြီးပြီ။ အဲဒီလမ်းကြောင်းတစ်ပိုင်း ယူထားသည်။ မြို့ထဲပိုင်းတွေ
အရှေ့ပိုင်းတွေ မပါ။

"အစ်ကိုတို့ ကိုစောလွင်တို့ ပြောနေတဲ့ နိုင်ငံခြားသွားဖို့
ကိစ္စ အတည်ဖြစ်ပြီလားဟင်"





"မသေချာသေးပါဘူးကွာ၊ အိမ်မှာ မတိုင်ပင်ရသေးဘူး"

"ကျွန်တော် သွားချင်လိုက်တာဗျာ၊ ဒီမှာ တစ်နေ့ တစ်နေ့
မုန့်ထုပ်ထမ်းတင်၊ မုန့်ကားနဲ့လိုက်၊ ဘာမှလဲ မထူးခြား
မတိုးတက်ဘူး၊ ဘာမှလဲ တတ်မလာဘူး၊ ခက်တာက
ပညာအရည်အချင်းကလည်း ရှစ်တန်းဆိုတော့ ဘယ်လိုမှ
မရဘူး ... ကျွတ်"

"စိတ်မာတ်မကျပါနဲ့ ငဖြိုးရ၊ ရှစ်တန်းတွေကို မလေးရှား
က သံချိသံကွေးတို့ ဆောက်လုပ်ရေးတို့က ခေါ်တယ်လို့
ငါ ကြားဖူးပါသေးတယ်၊ ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့
အခွင့်လမ်း ပေါ်လာဦးမှာပါ"

ငဖြိုးဟာ မိဘကလည်းမရှိ၊ အဒေါ်အိမ် ကပ်နေရတဲ့
ကောင်ကလေး၊ နောက်ကြောင်းရှင်းရှင်းမို့ နိုင်ငံခြား ထွက်ချင်တဲ့
ရောဂါ ပြင်းထန်ကြီးမားနေတဲ့သူ ဖြစ်သည်။

"အစ်ကို ကြားတာရှိရင် ကျွန်တော့်ကို ပြောပြဦး၊ ကျွန်တော်
က ဘာမှသိတာ မဟုတ်ဘူး"

"အေးပါကွ"

"အား ... အမလေး ... အမလေး ... ဖြည်းဖြည်း အစ်ကို၊
နိုင်ငံခြား မရောက်ခင် ရေဝေးရောက်နေဦးမယ်၊ ဘယ်လို
ဖြစ်တာလဲ"

ငဖြိုးရဲ့ အလန့်တကြား အော်သံနှင့်အတူ မြေဝသုန်
က ဘရိတ်ကို တော့ကာ တော့ကာ နင်းလိုက်ရရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဘယ်လိုဖြစ်တာလဲ၊ ဘရိတ်က တစ်ချက်တည်း မမိဘဲ ဖြစ်နေပါလား၊ ဗျူး ... ကံကောင်းလို့၊ လေးငါးချက်နင်းမှ မိသွားတယ်ကွာ၊ ဦးစိန်သောင်းတို့လည်း ကားကိုင်တာ ဟုတ်ကိုမဟုတ်ဘူး၊ လိုတာအားလုံး ဘယ်တော့မှ စစ်ဆေးလုပ်ကိုင် မထားဘူး၊ အခုကြည့်စမ်း၊ ဘရိတ်က မမိဘူး၊ ဒါဒီလောက် အန္တရာယ်ကြီးတာကွာ၊ အသည်းအသန် ဆောင့်နင်းနေရတယ်"

"ကြည့်လုပ်ဦး အစ်ကိုရာ၊ ဘုရား ... ဘုရား ... ခုနက ရှေ့ကားကြီးနဲ့ တိုက်ပြီမှတ်တာ"

သူတို့နှစ်ယောက် အလုံဘက်ကို ရောက်နေကြပါပြီ။ အလုံကနေ အလုံလမ်းအတိုင်း အပေါ်တက်၊ ပြည်လမ်းကျမှ ဘယ်ချိုးပြီး မြေနီကုန်းကို ဝင်မည်။ ပြီးရင် ဗဟန်းပဲ ကျန်သည်။ ထိန်းမောင်းလို့ ရကောင်းပါရဲ့။ ဝသုန်က စမ်းနင်းကြည့်နေရင်း —

"နှစ်ချက် သုံးချက် ဆိုရင်တော့ မိတယ်ကွ၊ တစ်ချက်တည်းနဲ့ မမိတာ၊ ဘာငြိနေသလဲ မသိဘူး"

"ဖြစ်ပါ့မလား"

အောက်ကြည့်မြင်တိုင် လမ်းပေါ်ကနေ အလုံလမ်းပေါ် ပြန်ကွေ့တက်အပြီး စိတ်အနှောင့်အယှက် စနှောင့်စနင်းဖြစ်လာတဲ့ မြေဝသုန်သည် မျက်နှာချင်းဆိုင်က လာနေတဲ့ ကားကလေးတစ်စီး ကဂျိုးကကျောင်နှင့် ဝေ့ကာ ရမ်းကာ သရုပ်ပျက်





နေတာကို မြင်လျှင် သူ့ကားကြီးကို ညာဘက်ဆွဲကပ် လမ်းဘေးရပ်လိုက်ဖို့ ကြိုးစားသေးတာပင်။ ဒါပေမဲ့ မျက်နှာချင်းဆိုင်ကားလေးက သူ့ကားကိုမှ တည့်တည့် လိုက်ရှာတိုက်နေသလို ဖြစ်နေရာ ဝသုန် ကိုယ်တိုင်လည်း ကြောင်ကုန်လျက် ဘယ်ဆွဲရမလို၊ ညာဆွဲရမလို။ ဖြိုးရဲ့ ကယောင်ကတန်း အော်သံတွေက ဆူဆူညံညံ။ ဝသုန့် မုန့်ကားကြီးဟာ ကားလေးကိုတိုက်မိ၊ ထို့နောက် ညာဘက်ဆွဲကာ လမ်းဘေးဓာတ်တိုင်ကိုပါ တစ်ကြိမ်ထပ်မံတိုက်မိ။ ဘာတွေ ဘယ်လို ဖြစ်ပျက်ကုန်မှန်း မသိခင် မြေဝသုန်ရော ဖြိုးပါ သတိလစ်နှင့်ပြီ။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



# ၂

"မဟုတ်ဘူး ... မဟုတ်ဘူး၊ လုံးဝ မဖြစ်နိုင်ဘူး"

မင်းနရီရဲ့ အသံကြီးသည် တုန်တုန်ခါခါ အက်ကွဲခါးသီး ကျယ်လောင်ဟီးလျက် မင်းနရီတစ်ကိုယ်လုံးဟာ လျှော်မြေကြီးပေါ် ရပ်နေသလို တဆတ်ဆတ် တုန်နေပါသည်။ မျက်နှာတစ်ခုလုံး ရဲတွတ်၊ ချွေးသီးချွေးပေါက်တွေ ပြန်လျက် တကာယ်ကို မယုံကြည်နိုင်စွာ ဟစ်အော်ပေါက်ကွဲမိတာ ဖြစ်သည်။

"ကိုမင်း ... ကိုမင်း"

အတူပါလာခဲ့တဲ့ မင်းနရီရဲ့ မန်နေဂျာလူရွယ်သည် သူ့ဘော့စ်ရဲ့ ရုပ်ပျက်ဆင်းပျက် ပူပြင်းတောက်လောင်မှုကို ခုတစ်ကြိမ်သာ မြင်ဖူးတဲ့သူပီပီ အလန့်လန့် အဖျပ်ဖျပ်နှင့် ဟိုဘက်က ဆွဲမလို ဒီဘက်က ဖက်မလို ဝရုန်းသုန်းကား ရှိသည်။

"မင်းနရီ ... သူငယ်ချင်း၊ စိတ်ထိန်းကွာ"





မင်းနရီရဲ့ သူငယ်ချင်း တင်ထွဋ်လည်း ပါလာပါသည်။ တင်ထွဋ်က မင်းနရီရဲ့ ရုံးခန်းကို ဝင်လည်ပြီး စကားထိုင်ပြောနေတဲ့ အချိန်။ ဆေးရုံက ဖုန်းဝင်လာတဲ့အခါ မင်းနရီ ဝုန်းခနဲ သွေးရူးသွေးတန်း ထ,ပြေးတဲ့အတွက် ဘာဖြစ်တာလဲ အမန်းကတန်းမေးရင်း နန္ဒာနေခြည် ကားအက်ဆစ်ဒဲန့်ထဲ ဖြစ်တာ သိရပါသည်။

ရုတ်တရက် သွေးပူသွားတဲ့ မင်းနရီဟာ သူ့ကားပေါ် သူပြေးတက်ပြီး ချက်ချင်း ထွက်တာမို့ တင်ထွဋ်က လိုရသည်ရ စိစဉ်စရာရှိရင် ခိုင်းဖို့ပြုဖို့ အဖော်ရဖို့ရာ မန်နေဂျာကိုခင်မင်းကိုပါ ခေါ်ပြီး သူ့ကားပေါ် ကောက်တင်ပြီး နှစ်ယောက်သား မင်းနရီရဲ့ကားနောက်က ထက်ကြပ်လိုက်ခဲ့ကြတာပါ။

ဆေးရုံကြီး အရေးပေါ်မှာ နန္ဒာနေခြည် ရောက်နေသည်။ အရေးပေါ်ဌာနမှ တာဝန်ကျနေတဲ့ ဆရာဝန်တစ်ယောက်က နန္ဒာနေခြည်ကိုလည်းသိ၊ မင်းနရီကိုလည်း သိသော သူတို့နှင့် တစ်ဘက်ချိတည်း ဆင်းသည့် ဆရာဝန်တစ်ယောက်ဖြစ်နေရာ မင်းနရီရဲ့ ဟဲန်းဒ်ဖုန်းကိုလည်း သိတဲ့သူမို့ မင်းနရီထံ ဆက်သွယ်လိုက်ခြင်း ဖြစ်သည်။

ဆေးရုံရောက်မှ သိရသည်မှာ အဖြစ်အပျက်ဟာ သုံးနာရီလောက်က ဖြစ်ပွားခဲ့ပြီး ခုဆိုရင် တစ်နာရီကျော် တစ်နာရီခွဲလောက် ရှိပြီ။ နန္ဒာနေခြည်ကို သိတဲ့ ဆရာဝန်က ခုမှ

www.burmeseclassic.com



ရောက်လာကာ ခုမှ တွေ့သိ အကြောင်းကြားရတာဖြစ်၍ နန္ဒာ နေခြည်သည် လူနာပိုင်ရှင် မရှိဘဲ အရေးပေါ်ဌာနမှာ နာရီနှင့် ချီပြီးကြာခဲ့ပြီ။ ရောက်လာကတည်းက အသက်ပါမလာဟု သိရသည်။

ဘယ်လောက် ရင်ကွဲပက်လက် ဖြစ်စရာကောင်းထားသလဲ။

"နန္ဒာ ... နန္ဒာ ...၊ တောက် ... လုံးဝ မဖြစ်နိုင်တာ ဟောကောင် ... တင်ထွန်း"

မင်းနရီသည် အဖြစ်ကို ဘယ်လိုမှ လက်သင့်မခံနိုင်ကာ တဒင်္ဂကလေးမှာ ရူးသွပ်သကဲ့သို့ ရှိသည်။ နေ့လယ် နှစ်နာရီလောက်က ဖုန်းပြောလိုက်ရသေးတာပဲ။ ဂျူတီဆက်ဝင်ထားရပေမဲ့ နန္ဒာ့ အသံလေးက သွက်လက်ရွှင်ပျနေသားပဲ။

"နန္ဒာ"

မင်းနရီသည် တကယ့်ကို မယုံနိုင်။ မယုံချင်။ သူ ဒီနေ့ပဲ စေ့စပ်ပွဲအတွက် ဟိုတယ်ခ ငွေသွားရှင်းခဲ့တာလေ။ ဖိတ်စာတွေကလည်းပဲ တစ်ရက် နှစ်ရက်နေရင် ရတော့မှာလေ။

"မင်းနရီ ... ငါ ရဲနိုင်လေ၊ မှတ်မိတယ် မဟုတ်လား"

"ရဲနိုင်"

"အေး ... ငါ ဖုန်းဆက်လိုက်တာ"

"ဪ ... အေး ... ရဲနိုင်"





"အားလုံးတော့ စစ်ဆေးအတည်ပြုပြီးသွားပြီ။ အခု Death Certificate လုပ်ဖို့ရှိတယ်၊ မော်ကျူရီပို့ဖို့ ရှိတယ်"

"ဟင့်အင်း ...၊ နန္ဒာ ... နန္ဒာ သေပြီဆိုတာ ဘယ်သူပြောတာလဲ"

မင်းနရီက သူ့ပခုံးကို ကိုင်ထားသည့် ဒေါက်တာ ခံနိုင် လက်များကို ပုတ်ဖယ်လိုက်ကာ ခုတင်ရှည်ပေါ် အဝတ်လွှမ်းထားသည့် နန္ဒာ့ရုပ်ကလပ်ကို နောက်တစ်ကြိမ် အဝတ်စဖယ်လှပ်လိုက်ကာ ကြည့်ရင်း ...

"နန္ဒာ"

ရုတ်တရက် မင်းနရီသည် ရင်ထဲဆို့အောင် တရှိုက်ရှိုက် ဖြစ်လာပြီး မျက်ရည်တွေ ကျလာသည်။ သူ့မှာ ဝမ်းနည်းအားထက်ကို ဘာကိုမှန်းမသိ တအားကို ဒေါသူပုန်ထ,နေမိတာ, [illegible]ချင်။ လက်သင့်မခံနိုင်။ ဖုံးထားတဲ့ အဝတ်စမှာ မျက်နှာတွေ [illegible]ခင်တွေမှာ အို ... အားလုံးမှာ သွေးအလူးလူးနှင့် နန္ဒာ့ကို သူ [illegible]လိုလုပ်ပြီး သေပြီလို့ လက်ခံရပါမလဲ။ စေ့စပ်ကြတော့မှာ [illegible] မကြာခင် လက်ထပ်မှာလေ။

နန္ဒာ ...။ နန္ဒာ ...။ သူ အင်မတန် စုံမက်မြတ်နိုး [illegible]ထားလွန်းတဲ့သူ့ရဲ့ သတို့သမီးလောင်း။

"မင်းနရီ ... စိတ်ထိန်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



တင်ထွဋ်က နန္ဒာ့ကိုယ်ပေါ်က အဝတ်စနှင့် မျက်နှာပေါ် ပြန်အုပ်သည်။ မင်းနရီက တစ်ကြိမ်ထပ်ဆွဲဖယ်လှပ်ကာ စိုက်ကြည့်နေရင်း ပခုံးတွေ တုန်ခါအောင် နာနာကြည်းကြည်း ငိုနေမိသည်။ ကျုံးပြီးတော့လည်း ဖက်ပစ်လိုက်ချင်သည်။ ဖက်ပစ်ရမှာကလည်း နန္ဒာက အသက်ဝိညာဉ် ကင်းမဲ့နေပြီတဲ့ ... ...။ ဖြစ်ပျက်နေပုံကို သူ မကြည့်ရက်ပါ။ မကြည့်ရက်သော်လည်း ဒီလိုမှ စိုက်မကြည့်ရလျှင် သူ ဘယ်လိုမှ မယုံနိုင်လို့ပါ။

ပြည့်စုံခြင်းများနှင့် သာယာလှပနေတဲ့ သူ့ရဲ့ပန်းခင်းလမ်းတွင် ပထမဦးဆုံးအကြိမ် မကြုံစဖူး ဒလိမ့်ခေါက်ကွေး ကျွမ်းပြန်ပြုတ်ကျရတဲ့ အဖြစ်မျိုး ဖြစ်သည်။ နစ်နာခြင်း ဆုံးရှုံးခြင်း ဆိုတာမျိုးတွေကို မှတ်မှတ်မိမိ မခံစားလှဖူးတဲ့ မင်းနရီအတွက် မှတ်မှတ်ရရ ထိထိမိမိ ရှိလှတဲ့ အလဲထိုးခံရမှုပင် ဖြစ်သည်။

နန္ဒာ သေပြီ။

သူ့ချစ်သူ သူ့ဇနီးလောင်း သေပြီ။

ရုပ်ပျက်ဆင်းပျက်။ ပိုးစိုးပက်စက်။ မြင်မကောင်း ရှုမကောင်း။ ပစ်စလက်ခတ် သေရှာပြီ။

"ဟိုဘက်ကားက ကားကြီးဗျာ"

တင်ထွဋ်ကို ရဲနိုင် ပြောပြနေတဲ့ စကားတို့ကို မင်းနရီ မကြားတစ်ချက် ကြားတစ်ချက်ကြီး ဖြစ်နေသည်။





"မုန့်တင်တဲ့ကား၊ (... ...) မုန့်လုပ်ငန်းက"

"ဩော်"

"ဟိုဘက်က ကားပေါ်မှာ လူနှစ်ယောက်ဗျ"

"သူတို့ရော ... သူတို့က ကားကြီးဆိုတော့ သက်သာမှာပေါ့"

"မသက်သာဘူးဗျ၊ လာပို့တဲ့သူ မြင်တဲ့သူတွေ ပြောတာက ကားကြီးက ကားလေးကို တိုက်မိပြီး လမ်းဘေးဆွဲကျပြီး ဓာတ်တိုင်ကို တစ်ခါတိုက်တယ်၊ ဓာတ်တိုင်တောင် ကျိုးသွားတယ် ပြောတယ်၊ သူတို့လည်း နာတယ်၊ တစ်ယောက်ကတော့ လျှော့မှာပဲ သေချာတယ်၊ နောက်တစ်ယောက်ကတော့ မပြောတော့ မပြောနိုင်ဘူး၊ ကံကောင်းရင်လည်း ရမယ်၊ ကံဆိုးရင်တော့ လျှော့မှာပဲဗျ"

"ဩော် ... ဟိုဘက်ခန်းထဲမှာလား"

"ဟုတ်တယ်ဗျ"

တင်ထွဋ်က လှမ်းမြင်နေရသော ကန့်လန့်ကာစိမ်း ထားသည့် အခန်းကန့်ကို ကဲကြည့်လိုက်ပါသည်။ သူလည်း လုံးမချမ်းမသာ။ ထိုတစ်ဖက်ခန်းမှာလည်း လူတွေ ရုတ်ရုတ်သဲသဲ။

"ဟိုဘက်ကလည်း အိမ်က ပိုင်ရှင်တွေ ရောက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က အရင်ရောက်လာတာပေါ့၊ မုန့်ကားကြီးမှာက လုပ်ငန်းနာမည်ကော ဖုန်းနံပါတ်တွေကော ကားကိုယ်ထည် အောက်မှာပါတော့ ဆေးရုံမရောက်ခင်ကတည်းက ကြားရ တွေက အကြောင်းကြားထားပေးနှင့်ပြီ။ သူတို့လည်း ဆေး ရောက် နောက်ကလူတွေလည်း တစ်စုပြီးတစ်စု ရောက်လာ တာ"

ဒေါက်တာရဲနိုင်သည် ခန်းဆီးစ စိမ်းစိမ်းကြီးကို တစ်ချက် လှမ်းအကဲခတ်လိုက်ရင်း စိတ်မချမ်းသာပုံနှင့် ...

"ဟာ ... တစ်ယောက်တော့ သွားပြီဗျို့"

"ဟုတ်လား ... ကျွတ် ကျွတ်"

တင်ထွဋ်က စုတ်သတ်မိသည်။

"မင်းနရီကို လုပ်ပါဦး၊ လုပ်စရာရှိတာလေး လုပ်ရအောင်"

"နန္ဒာ့အိမ်ကို ခေါ်ထားသေးတာ၊ လာအောင် စောင့်ပါ စေဦး ဒေါက်တာ၊ မော်ကျူရီထဲ မပို့ခင် သူ့အိမ်က တွေ့ ရှာပါစေ"

ဒေါက်တာရဲနိုင်က သက်ပြင်းချရင်း ...

"အေးဗျာ၊ အတော်ဖြေရခက်မဲ့ သေခြင်းမျိုးပဲ"

"စေ့စပ်ပွဲက နှစ်ပတ်ပဲ လိုတော့တာ ဒေါက်တာ"

"ဗျာ ... ဟုတ်လား၊ ကျွတ် ကျွတ် ...၊ မသိဘူးဗျာ၊ ခု သိရတာ"





မင်းနရီသည် မလှမ်းမကမ်းက ခန်းဆီးစစိမ်းစိမ်းကြီးတစ်ခု လွင့်ခနဲ ပွင့်လာကာ အထဲကနေ တကျွီကျွီ တကျိုင်းကျိုင်း အသံကြီး မြည်ပြီးလျက် သံနှင့်လုပ်တဲ့ လူနာတင် Trolley ကြီးတစ်ခုကို လူတစ်ယောက် တွန်းထွက်လာတဲ့ဆီ ဖြုန်းခနဲ မျက်စိရောက်သွားပါသည်။ Trolley ကြီးပေါ်မှာ အဝတ်အုပ်ထားတဲ့ ရုပ်အလောင်းတစ်ခု။ အဲဒီနောက်က ငိုယိုပြေးလွှားလိုက်လာတဲ့ မိန်းမကြီးတစ်ယောက်ကို မြင်လျှင် နလုံးတွေ ပိုမိုနင့်ခဲအောက်ကျိသွားရသည်။

ဘယ်ဘက်ကို တွန်းသွားတာပါလိမ့်။ နန္ဒာ့ကိုလည်း တွန်းသွားရမှာပဲ ထင်သည်။ ဘုရား ... ဘုရား။ သူ အင်မတန် တန်ဖိုးထားပြီး အရိပ်တကြည့်ကြည့် နှစ်သိမ့်ကျေနပ် မြတ်နိုးရတဲ့ ဖြူဖြူဥဥ ချောချောလှလှ ပညာတတ် လူရည်မွန် ဆွေကြီးမျိုးကြီး ကောင်းဖခင် သမီးကလေး လူ့လောကကြီးမှာ မရှိတော့ပါလား။

နန္ဒာ ... နန္ဒာရယ်။ ဖြစ်မှ ဖြစ်ရလေ နန္ဒာရယ်။

"သားရေ ... သားလေးရေ ... ငါ့တူရေ၊ အမယ်လေး ... ဟဲ့၊ အဖြစ်ဆိုးလိုက်တာ ငါ့တူလေးရဲ့"

"သူက ဘယ်ကလဲ"

မင်းနရီက တုန်လှုပ်တဲ့ ရင်နှင့် ရဲနိုင်ကို လှည့်မေးကြည့်သည်။

"ဟိုဘက်ကားကြီးကကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ကား !"

"အေး ..."

"သူလည်း သေပြီပေါ့"

"တစ်ယောက်တော့ ကျန်သေးတယ်၊ အသက်လုရတုန်း

မင်းနရီရ"

"နောက်တစ်ယောက် ဟုတ်လား"

မင်းနရီက အသံအက်အက်နှင့် နင့်နင့်သည်းသည်း ရေရွတ်လိုက်ပါသည်။

"အေး ... ဆုံးသွားတာ အငယ်ကောင်လေး ဆိုတော့ ...

ကားနဲ့လိုက်တဲ့ မုန့်သယ်တဲ့ ကောင်လေးပေါ့ကွာ၊ ဟို...

မှာ ဒရိုင်ဘာကောင်လေး ကျန်သေးတယ်"

"ဒရိုင်ဘာကောင်လေး ... ! ! ..."

"အေး"

"ဒရိုင်ဘာ မသေဘူးပေါ့"

"အေး ... သူ့ကိုလည်း အသက်လုနေရတုန်းကွ"

"ဘာလို့ အသက်လုနေရတာလဲ၊ ဒီဒရိုင်ဘာရဲ့ အသက်...

ဘာကြောင့် လုနေရတာလဲ၊ သေပါတော့လား၊ သေ...

နန္ဒာ့ကို ကားနဲ့တိုက်သတ်တဲ့ကောင်၊ သူအရင် သေ...

သူ ... သူ ..."

"မင်းနရီ ... မင်းနရီ"





ရှန်းရင်းဆန်ခတ် ပေါက်ကွဲလာတဲ့ မင်းနရီကို ...င်ထွဋ်ကတစ်ဖက် ဇင်မင်းကတစ်ဖက် လက်မှ ဆွဲချုပ်ဖက် ...းလိုက်ကြရရင်း ...

"လာကွာ၊ အပြင်ထွက်ရအောင် သူငယ်ချင်းရာ"

"မထွက်ဘူး၊ မထွက်ဘူး ဟေ့ကောင်"

"အေး ... အေး ... မထွက်ရင်လည်း ..."

"ဟေ့ကောင် တင်ထွဋ် ... မင်း စဉ်းစားကြည့်စမ်း"

အကြီးအကျယ် ပေါက်ကွဲအော်ဟစ်နေသော မင်း...

...ာ လည်ပင်းကြောကြီးတွေ ထောင်ထနေလျက် မျက်နှာကြီး ... ညှစ်အော်နေ၍ နီမြန်းထူအမ်းနေသည်။

"အေး ... အေးပါ ... မင်းနရီရာ"

"နန္ဒာလို မိန်းကလေးက ကားမောင်းကြမ်းမလားကွ၊ နန္ဒာ့လောက် စိတ်သဘောကောင်း ငြိမ်းချမ်းတဲ့ မိန်းကလေးဟာ ကားကို ကြမ်းကြမ်းမောင်းမလား ... ဟင်"

"အေးပါကွာ။ နန္ဒာ ကားမောင်း မကြမ်းတာ ငါတို့သိပါတယ်"

"ဒီကောင်တွေ ဒီခွေးမသားတွေ အမောင်းကြမ်းတာပေါ့ကွ၊ ...ားကြီးတက်မောင်းပြီး ဘေးပတ်ဝန်းကျင်ကို မထေမဲ့မြင် ...ပြုနေကျ အလကားကောင်စားတွေလေ၊ တင်ထွဋ် ... မင်း ...စဉ်းစားကြည့်စမ်း၊ နန္ဒာဟာ လူတွေရဲ့အသက်ကို ကယ် ...တင်နေရှာတဲ့ ဆရာဝန်မလေးကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ"

"ဒီကောင်က အလကား မုန့်ကားမောင်းတဲ့ကောင်၊ ကလေ ကချေ၊ လူတွေအသက်ကိုကယ်ပြီး ပြန်လာတဲ့ ဆရာဝန်မ လေး တစ်ယောက်ကို ကားနဲ့ မဆင်မခြင် တိုက်သတ် ရက်တဲ့ကောင်၊ သူသေရမှာ၊ သူသေပြီး နန္ဒာ ရှင်ရမှာကွ၊ သင်းက ခုထိမသေသေးဘဲနဲ့"

မင်းနရီမှာ ခံစားရလွန်း၍ သူ့စိတ်ကို သူ မထိန်း သိမ်းနိုင်သလို သူ့နှုတ်က သူ့စကားလုံးတွေကိုလည်း မထိန်းသိမ်း နိုင်ပါ။

"ဖယ်ကွာ ... ငါ့ကို၊ ဒီကောင့်ကို ငါ့လက်နဲ့တောင် ပြန် သတ်ချင်တာ၊ ရက်ရက်စက်စက်ကွာ၊ နန္ဒာ့ကိုကွာ"

မင်းနရီသည် ဒေါသအလျှောက်ဖြစ်သော ငိုသံပါ ကြီးနှင့် တင်ထွင်ရှိတို့ လက်ထဲမှ အတင်းရုန်းကန်နေပါသည်။ ချွေးတွေသံတွေ မျက်ရည်တွေနှင့် သူ့ပုံစံဟာလည်း ဖြစ်ချင်တိုင်း ဖြစ်နေပါသည်။ မင်းနရီ ဆိုတာဟာ မိုးလင်းက မိုးချုပ် အကျီ တစ်ချက် ကြေတတ်တဲ့သူစား မဟုတ်။ သူ့ရဲ့ Personality ကို အမြဲတစေ ဂရုစိုက် မြှင့်တင်ကာ ဘယ်အချိန်ကြည့်ကြည့် ကြော့ မော့သပ်ရပ် စမတ်ကျနေတဲ့သူ။

ဒီတစ်ကြိမ်ပဲ ဆံပင်ဖရိုဖရဲ၊ အကျီအောင်းဘီအတွန့် တွန့် အစုတ်စုတ် ဖြစ်ဖူးပါသေးသည်။ သူ့ဘဝအတွက် တကယ့်ကို အထိနာလှတဲ့ ရိုက်ချက်ပါ။ သူ ဘယ်လိုမှ မခံစားနိုင်ပါ။





"ဖြစ်ချိန်တန်တော့လည်းကွာ၊ ဒီလို ..."

"ဘာဖြစ်ချိန်တန်တာလဲ၊ ဘာဖြစ်ချိန် တန်ဟာလဲကွ၊ မင်း ဆိုလိုတာက နန္ဒာက ခုလို ပိုးစိုးပက်စက်သေဖို့ အချိန်တန်နေပြီလို့ ဆိုလိုတာလား"

"ဒီလို မဟုတ်ပါဘူး မင်းနရီရာ၊ မင်း ဖြေသိမ့်နိုင်အောင် ငါက တရားသဘောနဲ့"

"ဘာမှ တရားသဘော လာမပြောနဲ့ကွာ၊ တရားနဲ့လည်း မဖြေဘူး၊ ဘာပြောပြော၊ ပြောချင်တာပြော၊ ငါ ... ငါ လုံးဝ မကျေနပ်ဘူး၊ နန္ဒာ သေရတာလည်း မကျေနပ်ဘူး၊ ဟိုကောင် မသေသေးတာလည်း မကျေနပ်ဘူး"

မင်းနရီသည် ရုတ်တရက် ခွန်နှင့် အားနှင့် ဝုန်းခနဲ န်းလိုက်ကာ ခန်းဆီးစစိမ်းစိမ်းရှိရာပြေးပြီး ထိုအစိမ်းစကို ဖြန်း ခနဲ ဆွဲဖွင့်လိုက်ပါသည်။ သူ့ကို ဘယ်သူမှ လှည့်ကြည့်ဂရုမပြု ဘူး။ ဆရာဝန် ဆရာမ သုံးလေးယောက်ဟာ လူနာရဲ့ခန္ဓာကိုယ် တစ်ခုလုံးကို စက်ကိရိယာအမျိုးမျိုး ပိုက်အသွယ်သွယ်တို့ တပ် ဆင်နေကြသည်။ အသက်ရှူနှုန်း နှလုံးခုန်နှုန်း သွေးဖိအား တာတွေကို အဆက်မပြတ် တိုင်းစစ်နေကြရင်း နှာခေါင်းပေါ်မှာ လည်း အောက်စီဂျင်ပေးတဲ့ခွက်ကို အုပ်ထားသည်။

"ဝသုန် ... ဝသုန်ရေ"



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ခြေရင်းမှာ ရပ်နေတဲ့ မိန်းကလေး တစ်ယော

[illegible] ဘာမှန်းမသိတဲ့ တိုးတိုးတွတ်တွတ် ရေရွတ်ရှိက်ငင်သံ

[illegible]နရီက နားခါးခါးနှင့် ဖျတ်ခနဲ လှည့်ကြည့်ရင်း ...

"ငိုမနေနဲ့၊ မင်းလူနာက မသေသေးဘူး"

ကကြီးသည် ဘေးဘက်ကျကျ နောက်နားက ပေါ

လာတဲ့ ကျယ်လောင် မာကျော စူးရှတဲ့ အသံကြီးကြောင့် တုန်

ခနဲ လန့်ဖျပ်ကာ လှည့်ကြည့်လိုက်ပါသည်။

"ရှင် ... ရှင် ဘာပြောတာလဲ ... ဟင်"

"မင်းလူနာ မသေသေးတာကို ပြောနေတာ၊ တကယ်သေ

သင့်တာက သူ၊ ဒီကောင်။ အခု သေလိုက်ရတာက ငါ့

ချစ်သူ ငါ့ဇနီးလောင်းကွ၊ နားလည်လား၊ တန်ဖိုးရှိတဲ့ ငါ့

ဇနီးလောင်းက သေသွားရပြီး ဘာတန်ဖိုးမှ မရှိတဲ့ အမောင်း

ရမ်းတဲ့ ကလေကချေ ဒရိုင်ဘာကောင်က မသေဘူး

တောက် ... ရာဇဝင် ရိုင်းလိုက်တာကွာ"

ဘာမှ မသိနားမလည်နိုင်အောင် ကြောင်ငေးငေး

ဖြစ်နေခဲ့တဲ့ ကကြီးရဲ့ မျက်လုံးလေးတွေသည် စကားဆုံးရင်တော့

နားလည်းလည် အကြီးအကျယ်လည်း ဒေါသထွက်သွားရသလို

ဝင်းဝင်းတောက်သွားရင်း ...

"ဘာ ...၊ ဘာပြောတယ်၊ ရှင် ယုတ်မာလှချည်လား

သေလုမျောပါး ခံစားနေရတဲ့ လူတစ်ယောက်ကို သေသင့်





သလေး ဘာလေး ပြောရအောင် ရှင်က ဘာမို့လို့လဲ၊ ရှင်က သေခြင်းတရားကို ပိုင်လို့လား၊ မသေသင့်လို့ မသေတာပေါ့၊ သေသင့်တဲ့လူက သေရတာ"

"ဘာ"

"ဟုတ်တယ်လေ၊ ရှင့်လူကမှ သိပ်တန်ဖိုး ရှိနေရအောင် သူက ဘာမို့လဲ၊ တစ်သက်မှာ တစ်ခါမသေသင့်တဲ့သူ ဆိုတာရော လောကမှာ ရှိသလား၊ တရားလက်လွတ်နဲ့ စိတ်ပုပ်စိတ်ယုတ်မွေးပြီး ပါးစပ်ပုပ်နဲ့ နမိတ်မကောင်းတဲ့ စကားတွေ လာပြောမနေနဲ့"

"ဘာ ... မင်းက ... မင်းက"

မင်းနရီသည် အလွန်ဒေါသထွက်ကာ လူနာခုတင်ဘက်ရှေ့သို့ ဆတ်ခနဲ တိုးလိုက်လျှင် ကကြီးသည် ဝုန်းခနဲနေအောင် မင်းနရီရှေ့သို့ ခုန်ဝင်လျက် ခုတင်နှင့် မင်းနရီအကြား ကျားသစ်ပေါက်လေး တစ်ကောင်လို ခါးလေးမကုန်းတကုန်းနှင့် လက်နှစ်ဖက်ကို အဖြန့်သား ဆန့်တန်းထားလိုက်ပါသည်။

အောင်မာ ...။

ပုံစံက "ခုတင်ပေါ်က လူနာကို ထိရင် အသက်ချင်းလဲပစ်လိုက်မယ်၊ ငါ့ကို အရင်ထိလှည့်"ဆိုတဲ့ ရုပ်မျိုး အမူအရာမျိုး။

"ရှင် ရှေ့မတိုးလာနဲ့၊ ရှင် ဘယ်သူဖြစ်ဖြစ် ထွက်သွား၊ ဒီက ထွက်သွား"



www.burmeseclassic.com

www.burmeseclassic.com



ကကြိုးသည် မျက်ရည်စက်တွေစဉ်ကာ ခါထွက်ကုန်အောင် အော်ပစ်လိုက်ပါသည်။

"ဩော် ... ဒုက္ခပါပဲ၊ ဘာတွေ ဖြစ်နေကြတာလဲ၊ ရန်ဖြစ်ရမဲ့ နေရာလား၊ ဒီမှာ လူနာကို မနည်း အသက်လုနေရတာ၊ တစ်ဆိတ် ရှင်တို့ ဝေးဝေးသွားကြပါ၊ အနှောင့်အယှက် ဖြစ်တယ်၊ အော်ကြီးဟစ်ကျယ်တွေနဲ့"

နောက်ဘက်က ဆရာမ တစ်ယောက်က လှည့်ဟောက်လိုက်၍ ကကြိုးက ကိုယ်ရှိန်တန့်ဆည်လိုက်ရင်း ပါးပေါ်က မျက်ရည်တွေကို လက်ခုံနှစ်ဖက်နှင့် ပွတ်ကာ ပွတ်ကာ သုတ်ပစ်လိုက်သည်။

"ဟို ... ဟို ... လူနာကို သူ ... သူ နှောင့်ယှက်မှာ စိုးလို့ပါ ဆရာမ"

"အို ... နှောင့်ယှက်လို့ ရမလား၊ သေလုမြောပါး ဝေဒနာသည်ကို သူ ဘာဝင်လုပ်လို့ ရမှာလဲ၊ လုပ်ရင် အဖမ်းခံရမှာပေါ့"

မင်းနရီက အဲဒီ ဆရာမကို အတော်စိတ်ပျက်သလို ခပ်ချဉ်ချဉ် ကြည့်လိုက်ကာ ...

"ကျုပ်က ဘာလို့အဖမ်းခံရမှာလဲ"

"ရှင့်ကို အဖမ်းခံရမယ် မပြောပါဘူးရှင်၊ လူနာကို ဝင်နှောင့်ယှက် ရန်ပြုရင်သာ အဖမ်းခံရမယ် ပြောတာပါ။





ဒေါသတွေ လျှော့ကြမှပေါ့၊ ရှင့်လိုပဲ သူလည်း ပူဆွေးခံစားနေရတဲ့ လူနာရှင်ချင်းပါပဲ၊ ကိုယ်ချင်းစာမှပေါ့"

"ကျုပ်ဇနီးလောင်းက သေပြီဗျ"

မင်းနရီ အသံက တိမ်ဝင်ကျိုးကျေသွားပါသည်။ သူ့အဖြစ်ကိုလည်း သူရှက်ရှက်နှင့် တစ်မျက်နှာလုံး နီရဲလာပါသည်။

"ဒီကောင်က မသေဘူးလေ၊ ကားလေးနဲ့ ကားကြီး ဘယ်သူ့အပြစ်လဲ ခင်ဗျားတို့စဉ်းစားကြည့်ပါလား"

"တစ်သမတ် ပြောလို့ မရဘူးပေါ့ရှင်၊ ရှင့်ကို ကိုယ်ချင်းစာပါတယ်၊ ရှင် သိပ်သွေးပူနေချိန်ပါ၊ တစ်ဆိတ်လောက် ပြန်နားလိုက်ပါနော်"

"ဘာဖြစ်လို့ ပြန်နားရမှာလဲ၊ နန္ဒာက ဒီမှာ သေနေတယ်၊ ကျုပ်က ပြန်နားစရာလား"

"အို ... ကျွန်မပြောတဲ့ သဘောက"

"မပြောနဲ့၊ ဘယ်သူမှ ဘာမှမပြောနဲ့"

မင်းနရီသည် အသံတွေတုန်၍ မျက်ရည်တွေကျလာကာ တုန်ယင်လာတဲ့ လက်များကို တစ်ဖက်နှင့်တစ်ဖက် ဆုပ်နယ်ချိုးချေနေရသည်။ ကကြိုးသည် မင်းနရီကို ခပ်လန့်လန့်နှင့် အလစ်မပေးဘဲ ကြည့်နေမိသည်။ သနားလည်း သနားမိကာ ကြောက်လည်း ကြောက်နေမိပါသည်။ သူ့ချစ်သူ သူ့ဇနီးလောင်းက သေသွားသတဲ့။ ဆရာဝန်မလေးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အို ... အဲသလိုမျိုး ဝသုန် သေမသွားပါစေနဲ့၊ ဝသုန်တော့ အသက်ရှင်ပါစေ။ ဖြစ်နိုင်ရင် တစ်ဖက်ကားကိုလည်း မသေစေချင်ပါ။ ဘယ်သူမှ ဘာမှ မဖြစ်စေချင်ပါ။ သို့သော် ... ငဖြိုးလေးလည်း သေဆုံးသွားရသကဲ့သို့ ဟိုဘက်က ဆရာဝန်မလေးလည်း သေသွားရှာသတဲ့။

"မင်းနရီ ... ငါတို့လည်း လုပ်စရာရှိတာ လုပ်ရအောင်၊ လာပါကွာ၊ သွားရအောင်"

မင်းနရီက တင်ဖွင့် လက်ထဲမှ တံတောင်ဆစ်တွေ ကွေးဆောင့်ရုန်းဖယ်ကာ အဲဒီနားလေး တစ်ဝိုက်မှာပဲ ဟိုလှည့် ဒီလှည့် ဒေါသတကြီး ပတ်လျှောက်နေသည်။ ဟိုမသေမရှင် လူနာကို ပိုက်တွေ ဆွဲဖြုတ်ပစ်လို့လည်း ဖြစ်တာမဟုတ်လေရာ ဒေါသကို အနားက ခပ်စွာစွာ မိန်းမထံပဲ ထွက်ပေါက်လှည့်ချပစ်လိုက်ပြီး ...

"အေး ... မင်းစောင့်ကြည့်ပေါ့ကွာ"

မင်းနရီသည် ကိုယ့်ဟာကိုယ်ပင် ဘာပြောလို့ ပြောမိမှန်း မသိပေ။ ကကြိုးကတော့ ကတုန်ကယင် ဖြစ်သွားရပြီး —

"ရှင် ... ရှင် ... ရှင် ဘာပြောတာလဲ"

"မင်းရဲ့ အဲဒီကောင်က သေသင့် မသေသင့်ပေါ့"

"ဘာလို့ သေရမှာလဲ၊ မသေရဘူး၊ သူ ရှင်မှာ၊ ရှင်မတရား မပြောနဲ့"





"ရှင်ကို မရှင်ထိုက်ဘူး၊ လူတွေရဲ့အသက်ကို ကယ်ဆယ်နေတဲ့ အခင်မတန် ဖြူစင်တဲ့ ဆရာဝန်မလေး တစ်ယောက်ကို သေအောင် ကားနဲ့တိုက်သတ်တဲ့ ကောင်တစ်ယောက်ဟာ ဘယ်နည်းနဲ့မှ မရှင်သင့်ဘူးဆိုတာ မင်း မှတ်ထား"

"အို ... အဲဒီဆရာဝန်အစ်မကြီးကို ဝသုန်က ကားနဲ့တိုက်သတ်တာလည်း မဟုတ်ဘူး၊ မတော်တဆ ဖြစ်ကြရတာ၊ သူ့ ဆရာဝန်မမှန်းလည်း သိတာမဟုတ်ဘူး၊ တစ်ယောက်နဲ့ တစ်ယောက် အငြိုးရှိတာလည်း မဟုတ်ဘူး"

"အေး ... ဒီကောင်ကို တရားဥပဒေအရ အရေးယူလို့ရအောင် ငါ တရားစွဲမယ်၊ အမှုဖွင့်မယ်၊ နည်းနည်းမှ ချမ်းသာမပေးဘူး၊ နားလည်လား၊ မဆင်မခြင် ကားမောင်းပြီး လူသေစေမှု၊ အင်တန်ကြီးတဲ့အမှု၊ အသက်နှစ်ချောင်း၊ နားလည်လား၊ ငါ့ချစ်သူ အသက်ဆုံးရှုံးရမှုက ဘာနဲ့မှ အစားမထိုးနိုင်တဲ့ ဆုံးရှုံးမှု၊ ငါ့အတွက် အင်မတန် ကြီးမားပြင်းပြတဲ့ ဆုံးရှုံးမှု၊ ငါ အဲသလို ဆုံးရှုံးရတာနဲ့တန်တဲ့ အပြစ်တော့ သူ ခံစားရထိုက်တယ်"

မင်းနရီက ကကြိုးရဲ့ မျက်လုံးများထဲ ဟိုးတဆုံး ... ထွင်းဖောက်နိုက်ကြည့်လိုက်သလို အကြည့်မျိုးနှင့် စိမ်းစူးစူး ... ကြည့်နေရင်းက အေးစက်စက် ပြောလိုက်ခြင်းပင်။ အသံက ... ထွက်သန်းနေကာ မျက်နှာပြင်ပေါ်မှာလည်း နာကျင်လှတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခါးသီးလှတဲ့ ဒုက္ခရာဇဝေဒနာကို ဆွေးတမြည့်မြည့် တွေ့နေရတာကြောင့် သူ့ကို ကြည့်ရသည်မှာ ရေခဲတောင်တစ်ခု တဖြည်းဖြည်း တအိအိ ပဲ့ပြိုကျနေတာနှင့်ပင် တူလှသည်။

အသွေးအမွေး အရောင်အဝါကို ကြည့်ခြင်းအားဖြင့် သူတို့ရဲ့ အရှိန်အဝါ အဆင့်အတန်းကို မှန်းဆနိုင်ပါသည်။ ဆုံးရှုံးခြင်း ဆိုတာကို မခံစားဖူးတဲ့ ဂုဏ်ကြီးရှင် အထက်တန်းလွှာမျိုးပေါ့။ ခုမှ အဆုံးကြီး ဆုံးရှုံးရခြင်း ဖြစ်မည်။ လက်သင့်မခံနိုင်လောက်အောင် အထိနာသွားတာကြောင့် သွေးရူးသွေးတန်းပြောဆိုနေတဲ့ စကားမျိုးမို့ ကကြီး ဖွေမယူလိုပါ။ ကရုဏာပင်သက်မိပါသေးသည်။

ဘယ်လောက်တောင်များ အထက်လွှာ အထက်ဆင့်ဂုဏ်မောက်လိုက်သလဲ ဆိုတော့ သေတာတောင်မှ သူ့လူကမသေသင့်ဘဲ တစ်ဖက်လူကမှ သေသင့်ပါသတဲ့။ ဆရာဝန်ရဲ့အသက်ဟာလည်း အသက်တစ်ချောင်း၊ ကားမောင်းနေတဲ့ ဒရိုင်ဘာတစ်ယောက်ရဲ့ အသက်ဟာလည်း အသက်တစ်ချောင်းပါပဲ ဂုဏ်ကြီးရှင်ရယ်။ နိမ့်ပါးတဲ့သူရဲ့ အသက်တစ်ချောင်းကျမှ အဖိုးမထိုက်တန်သလို ပြောလည်း ပြောတတ်ပါပေရဲ့။

ဘယ်လိုမှ အငြိုးမပြေတဲ့ အာဃာတမျိုးကို ရင်မှာပိုက်ထားတော့မယ် ဆိုတာတော့ သူ့မျက်နှာ သူ့မျက်လုံးတို့ကိုကြည့်ခြင်းအားဖြင့် သိသာပေါ်လွင်နေပါသည်။ အဲဒီတော့ သင်ကို ပိုတယ်မရှိရအောင် ကိုယ့်ဘက်က အမြဲမပြတ် ဂရုတစိုက် အလစ်မပေးမှ။ သူ့ဘက်က နာကြည်းခါးသီးမှု အစိုင်အခဲကလှအလစ်မှာ နာခေါင်းကပိုက်ကြီး ဆွဲမဖြုတ်ဘူးလည်း စိတ်ချလို့မရ၊ လက်က အပ်တန်းလန်းလည်း ဆွဲမဖြုတ်ဘူးလို့လည်း စိတ်ချလို့ မရပါ။

ချောမောခန့်ညားလှသည်နှင့် အမျှ သူဖြစ်ချင်တာဖြစ်ရမှ သူ မဖြစ်ချင်တာ မဖြစ်ရမှ ဆိုတဲ့ မာန်မာနမျိုးနှင့် တင်းမာလောင်မြိုက်နေတဲ့ မျက်နှာကိုလည်း ကကြီးက မျက်စိထဲက ပျောက်မမေ့တော့ပါ။ သူ့အတွက် စိတ်လက်မကောင်း ကရုဏာသက်ပေးနိုင်တာက တစ်မျိုး။ သူ့ကို ကြောက်မိတာက တစ်ဖုံ။ သူ့အပေါ် အယုံအကြည် ကင်းမဲ့ကာ ကိုယ့်ကို အန္တရာယ်ရှိစေနိုင်တဲ့ သူကို သံသယ ခိုင်မာမိတာက တစ်နည်း။ ခံစားချက်မျိုးစုံနှင့် သူ့ကို ကကြီး ငေးကြည့်နေခဲ့မိသည်။

♥ ♥ ♥







www.burmeseclassic.com

www.burmeseclassic.com



## ၄

ဘုန်းကြီးကို ဦးချပြီး မင်းနရီ ထိုင်ရာက ထ,လိုက်သည်။ သူ့ရင်တစ်ခုလုံး တင်းကျပ်ကာ စိတ်နှလုံးတို့ နောက်ကို အုံ့မှိုင်းနေသည်။ နာကျင် အလိုမကျခြင်းကြောင့် အရှုးလိုသာ ရူးရူးဝါးဝါး အော်ဟစ်ပစ်ချင်တော့သည်။

"သား ... ဘယ်လဲ"

"ပြန်တော့မယ် မေမေ"

"ဟဲ့ ... ဘယ်ဖြစ်မလဲ သား"

ဘေးက မေမေက တိုးတိုးမော့မေးနေပါသည်။

ဒီနေ့ဟာ နန္ဒာ ရက်လည်ဆွမ်းကျွေးနေ့။ ဘုန်းကြီးတရားဟောသံရှေ့မှာ ဒူးတုပ်ထိုင်နေရတာကိုက သူ့အတွက် ဒုက္ခဆင်းရဲ ဖြစ်နေသည်။ ဒါတွေ မကြားလို မနာလိုပေ။ နန္ဒာ အမေရဲ့ ငိုသံကြီးနှင့် ရေစက်ချ အမျှဝေသံဟာ သူ့နှလုံးသား





ကို ဆုပ်ညှစ်နေသလိုပင်။ ဘာတွေ ရင်ထဲမှာ ဘယ်လို ဖရိုဖရဲ ဖြောင်းဆန်နေမှန်း မသိ။ ဖြောင်းဆန်နေတော့သည်။

ဆက်ပြီး သူ ထိုင်မနေနိုင်။ ရင်မဆိုင်နိုင်။ အားလုံး သူ့ကို အရိပ်တကြည့်ကြည့် ဖေးမကာ ကရုဏာတွေသက်ပြီး မော့လိုက်လျော ဆက်ဆံနေကြတာကိုက သူ့အတွက်တော့ နှောင့်အယှက်ပင်။ မင်းနရီဟာ သူများရဲ့ သနားကြင်နာကရုဏာ တာမျိုးကို အသေအချာတောင် ခံစားဖူးတဲ့သူ မဟုတ်။ အဲသလို ဆက်ဆံခံရတာဟာ သူ့အတွက် အချိုးမကျ စိမ်းသက်သက် ဖြစ်နေသည်။

"ဘယ်သွားမှာလဲ သားရဲ့"

"ဘယ်ပဲဖြစ်ဖြစ် မေမေရာ၊ ကျွန်တော် ဒီမှာ ဆက်ထိုင် မနေနိုင်တော့ဘူး၊ မေမေနဲ့ ဖေဖေပဲ ကျန်ခဲ့တော့၊ မေမေတို့ဘာသာ ပြီးမှ ပြန်ခဲ့တော့"

"သားလည်း ရှိနေမှ ကောင်းမှာပေါ့ သားရယ်၊ ခုမှ ဘုန်းကြီးတွေ ဆွမ်းစ,ဘုန်းပေးတာ၊ လူဧည့်သည်တွေတောင် မစုံသေးဘူး၊ ဧည့်သည်တွေလာရင် သားမရှိဘူး ဖြစ်နေမှာပေါ့"

"ကျွန်တော် မရှိလည်း ဘာအရေးလဲဗျာ၊ မင်္ဂလာဆွမ်းကျွေးမှ မဟုတ်တာ၊ အားလုံးက ကြည့်ကျက်ပြီး နားလည်ကြပါလိမ့်မယ်၊ ကျွန်တော် မနေချင်တော့ဘူး၊ ရင်ထဲမှာ တအားနောက်ကျိပြီး မွန်းကျပ်ဖိစီးလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... ဒါဖြင့်လည်း သွားလေ ... သွား၊ ကား ဖြည်းဖြည်းမောင်း၊ အိမ်ပဲဖြစ်ဖြစ် ပြန်နားနေပါလား သား ရယ်၊ ဝေးဝေးလံလံတွေ လျှောက်သွားမနေပါနဲ့နော်"

မင်းနရီက မေမေ့ကို ဘာမှ ပြန်မပြောမနေတော့။ သူထ,ကာ အိမ်ထဲက ထွက်လာတာကို ရောက်နှင့်နေတဲ့ ဆွေမျိုး ပရိသတ်တို့က ကရုဏာနှင့်ဝိုင်းပြီး ငေးကြည့်ကျန်ရစ်ခဲ့ကြပါသည်။ ခါးသီးလိုက်တာ။ လူတွေက ကိုယ့်ကို သနားစရာ သတ္တဝါကလေး လို ဝိုင်းကြည့်ကြတာကို ခံရတာ ဒေါသဖြစ်ဖို့ ကောင်းလိုက်တာ။

မင်းနရီသည် ကိုယ်ကသာ သူတစ်ပါးကို သနားချင် အားပေးဖေးမချင်တဲ့သူ ဖြစ်ရာ ကိုယ့်ကို အများက ဝိုင်းသနားနေ ရတဲ့ဘဝ ရောက်ရတာကို အတော်ယူကျုံးမရ ခံရခက်ပါသည်။ နန္ဒာ့အတွက် ကြေကွဲပူလောင်မှုနှင့် တစ်ပြိုင်နက် သူ့ကို ဖိစီးနေ သည်မှာ သူ ဒီလိုဘဝ ဒီလိုအဖြစ်မျိုးကို ရောက်ရခြင်းအပေါ် လောင်မြိုက်နေတဲ့ ဒေါသပင်။

အဓိက ဟိုကောင် ...။

ဟိုကောင့်ကြောင့် နန္ဒာ သေရတာ။ နန္ဒာ သေရခြင်း ဟာ သူ့အတွက် ဆုံးရှုံးနစ်နာမှု ကြီးမားလှသည်။ ဒီလောက် နှစ်ပေါင်းများစွာချီပြီး ရှာဖွေရွေးချယ်ခဲ့တဲ့ အဘက်ဘက်က ပြည့် မြင့်မားတဲ့ သတို့သမီးလောင်းဆိုတာ နောက်ထပ် သူဘယ်လိုရှာ တွေ့ဖို့ လွယ်မလဲ။ ဘာမှ ပြောစရာ မရှိအောင် ပြည့်စုံတဲ့ သတို့





သမီးလောင်းကြောင့် လူတကာ ချီးကျူးလေးစား အားကျရတဲ့ ထူးသူ ယောကျ်ားတစ်ယောက် အဖြစ်ကလည်း သူ လျှောကျ သွားပြီ။

အဓိက ဆိုးဝါးတာက သူ့ဘဝမှာ ကြီးမားသော ကော်စီးဆုံးရှုံးမှု ဆိုတာမျိုး ရှိလိမ့်မယ် ထင်မထားဘဲ ခုလောက် ဖြစ်ခဲ့ရတာ။ တစ်ဆင့်ပြီး တစ်ဆင့် တစ်ထစ်ပြီး တစ်ထစ် ပြည့်စုံလာတဲ့ သူ့ဘဝမှာ နန္ဒာနှင့် လက်ထပ်၊ ဉာဏ်ရည်မြင့် ခဲ့ သားသမီးလေးတွေမွေး၊ ထိုကလေးတို့ကို ပြည့်စုံစွာ ဖြည့် ည်းပျိုးထောင် လူလားမြောက်စေပြီး လူတကာ ချီးမွမ်းရတဲ့ တော်လူကောင်းလေးတွေဖြစ်လာ။ သူတို့မိသားစုလောက် အောင် တဲ့ မိသားစုဆိုတာ အင်မတန် ရှားပါးလှတယ် ဆိုတဲ့အထိ စိတ်ကူးယဉ်ထားတာ။

ဘဝနဲ့ချီပြီး သူ့စိတ်ကူးတွေကို မွမ်းမံတည်ဆောက် ဘာတွေ။ ခုတော့ ဟိုကောင် ကလေကချေကြောင့် ခါးလယ် ခိုင်းချခံလိုက်ရသလို ခါးပြတ်ရပြီ။ အဲဒီ "မြေဝသုန်"ဆိုတဲ့ မှောင်းတဲ့ ဒရိုင်ဘာကောင်ကို မုန်းတီးခါးသီးသည်မှာ ပြော ရှိ။ ရှင်းရှင်း ပြောရရင် သူ့ပါ သေသွားစေလိုက်ချင်တာ။ တော့ သူက မသေ။

မသေတဲ့အခါ အလွယ်တကူ ခွင့်လွှတ်ကျေအေး မပြုလိုတဲ့ မင်းနရီက ထိုကားတိုက်မှုကို နန္ဒာနေခြည်အက်



www.burmeseclassic.com

www.burmeseclassic.com



မှ တရားလိုပြုလုပ် အမှုဖွင့်ဖို့ ကြိုးစားခဲ့သည်။ မဆင်မခြင် ကားမောင်း ရမ်းကား၍ လူ့အသက်သေစေမှု။ သူ အမှုဖွင့်မည် ဆိုတဲ့အခါ ဖွင့်မရဘဲ ရှိခဲ့ပါသည်။ ထိုကားတိုက်မှုကို လမ်းဘေးတစ်ဖက်တစ်ချက် အဆောက်အအုံ လမ်းသွားလမ်းလာတချို့မှ မျက်မြင်သက်သေများစွာ ရှိခဲ့သည်။

ကားကြီးက သူ့ဟာသူ သူ့လမ်းသူ လာနေတာ။ ကားလေးက မြွေလိမ်မြွေကောက် လမ်းကျူးကျော်လာပြီး သူ့ကိုရှောင်နေတဲ့ ကားကြီးကို ကားလေးက ဝင်တိုက်တာတဲ့။ ကြည့်ရတာ ကားမောင်းလာတဲ့ ဒေါက်တာနန္ဒာနေခြည်ဟာ ကားမောင်းရင်း မူးမော်တာဖြစ်စေ၊ ရောဂါတစ်ခုခု ခံစားလာရပုံပေါ်တယ်ဟု လမ်းဘေးမှာ သွားနေသူ မျက်မြင်သက်သေ နှစ်ယောက်လောက်က ဆိုပါသည်။

ကားလေးကို ရှောင်သော်လည်း ကားလေးက ခေါင်းထိုးဝင်လာ၍ ကားကြီးနှင့် ကားလေး ခေါင်းချင်းဆိုင် တိုက်မိပြီးတဲ့နောက် ကားလေးက လွင့်စဉ်သွားပြီး ကားကြီးကတော့ လမ်းဘေးဆွဲချသွားကာ ဓာတ်တိုင်နှင့် ပြင်းပြင်းထန်ထန် ထပ်တိုက်လိုက်မိတာတဲ့။ ဒီကားတိုက်မှုဟာ ကားကြီးရဲ့အပြစ် မဟုတ်ဘဲ ကားလေးရဲ့အပြစ် ဖြစ်နေသည်။

ဒီတော့ နန္ဒာ သေဆုံးရတာသည် သူ့ကြမ္မာ သူဖန်တီးသလို ဖြစ်တဲ့အပြင် တစ်ဖက်ကားက ငဖြိုး ဆိုတဲ့ကောင်က





လေးတောင်မှ နန္ဒာ့ အမှားကြောင့် ထပ်မံသေဆုံးပေးရတာလို ဖြစ်နေပြန်ရောပေါ့။ ကိုယ်က အမှုလုပ်ချင်ကာမှ သေသွားပြီးတဲ့ ကိုယ့်ဘက်က နန္ဒာတောင် အပြစ်ကျရမလို တရားခံဖြစ်ရမလို ဖြစ်နေရာ မင်းနရီမှာ ဘယ်လိုမှ မတတ်နိုင်ဘဲ မကျေမချမ်းနှင့် အမှုဖွင့်ဖို့ကိစ္စကို ရပ်တန်းက ရပ်လိုက်ရပါသည်။

ဟိုဘက် မုန့်ကားဘက်ကလည်း ဘာမှပြဿနာ မလုပ်၊ ကိစ္စဖြတ်လိုက်တဲ့အတွက် ကိစ္စက ပြေအေးသွားရသည်။ အသုဘချတဲ့ရက်တုန်းက နန္ဒာနေခြည် အသုဘနှင့် ဟိုဘက်ကားက "မောင်ဖြိုး"ဆိုတဲ့ ကောင်လေး အသုဘက ရှေ့ဆင့်နောက်ဆင့်ပင်။ တစ်နေရာတည်းမှာ ရှေ့နောက်ဆင့်၍ သင်္ဂြိုဟ်ရသော်လည်း အသုဘ အခမ်းအနား အပြင်အဆင်နှင့် လူပရိသတ်တို့ကတော့ ကွာခြားလှပါသည်။

မောင်ဖြိုးရဲ့ အသုဘဟာ သူတို့မုန့်စက်ရုံက အလုပ်သမားတို့နှင့် အသင့်အတင့် လူစည်သော်လည်း နွမ်းပါးသော အသုဘမှန်း သိသာလှပါသည်။ လာသမျှ လူတွေဟာလည်း နွမ်းနွမ်းမှိန်မှိန်။ အဲဒီလူစုထဲမှာ မင်းနရီက ဟိုကောင်မလေးကို တွေ့လိုက်ရပါသေးသည်။ ငိုထားတဲ့ မျက်နှာနှင့် အဲဒီကောင်မလေးကို မျက်ထောင့်ကြီးနှင့် လိုက်ကြည့်ခဲ့မိပါသေးသည်။

သူမကလည်း မင်းနရီကို မှတ်မိပုံပင်။ မျက်လုံးများက မသိမသာ ခိုးကြည့် ခိုးကြည့်။ သူ့အကြည့်တွေဟာတော့



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြား အယုံအကြည် ကင်းမဲ့ပုံနှင့် ပြူးတူးကြောင်
တောင် ပျာယာခတ်လှလေသည်။ အခု ပြန်တွေးကြည့်ရင်းမှ
မင်းနရီ သတိတရ သိချင်လာရသည်မှာ ထိုကောင်မလေးနှင့်
မသေဘဲ အသက်ပြင်းနေတဲ့ ဒရိုင်ဘာကောင်ဟာ ဘာတော်ကြ
သလဲ ဆိုတာပင်။

မောင်နှမလား။ လင်မယားလား။ သမီးရည်းစား
လား။ ဘာလဲ ...။ သူ အရင်ဆုံးရောက်ကာ ငိုယိုပူဆွေးနေပုံအ
အင်မတန် ရင်းနှီးတဲ့ ပတ်သက်မှုတော့ ရှိတာသေချာသည်
ဘယ်လို ပတ်သက်သလဲသာ မသိတာ။ မင်းနရီသည် အဲဒါကို
သိချင်လာသည်။ ဘာကြောင့် သိချင်ရတာလဲ ဆိုတာကိုတော့
သူ မပြောတတ်။ သူ့စိတ်ထဲမှာ အဲဒီ ဒရိုင်ဘာကို အခဲမကျေ
သူ့ဘဝကြီးကို ဖျက်ဆီးလိုက်တဲ့ လူတစ်ယောက်လို ငြိုးတေး
နာကြည်းနေမိတာဖြစ်ရာ ဘယ်လိုမှ မေ့မေ့ပျောက်ပျောက် မထား
လိုက်နိုင်ပါ။

တစ်ခဏခြင်းမှာပဲ မင်းနရီရဲ့ ကားဟာ ရန်ကု
ဆေးရုံကြီးဘက်ဆီ ဦးတည်နေပြီဖြစ်ပြီး မကြာခင်မှာတော့ ဆေး
ကြီးရှေ့ ကားပါကင်မှာ ကားကို နေရာတကျထိုးကာ ထိခိုက်
ဒဏ်ရာဝါဒ် ရှိရာဆီ တက်လာနေမိပြီ ဖြစ်တော့သည်။

ဝါဒ်အပင်ဝနားမှာရပ်ကာ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်လို
သည်။ သူ့ပုံစံဟာ ဆေးရုံကို သတင်းမေးလာသူ တစ်ယော





နှင့်တော့ မတူနိုင်။ တူချင်းတူ တရားခံတစ်ယောက်ကို လာရှာ
ခမ်းသော ရှေးက ရာဇဝတ်အုပ် တစ်ယောက်နှင့်တော့ တူနိုင်
ကောင်းသည်။ ရက်လည်ဆွမ်းကျွေး တရားနာရာက ထ,လာသည့်
မင်းနရီ ပုံစံက ရှပ်ဖြူလက်ရှည် စတစ်ကော်လာနှင့် ပိုးတွဲပုဆိုး
ရမ်းပြာမှောင်နှင့်ဖြစ်ရာ ဝါဒ်အဝင်ဝမှာခါးထောက်ရပ်ပြီး ဟိုဒီ
ကြည့်နေပုံမှာ သတိပြုမိချင်စရာ ဖြစ်နေလျက် ...

"ဘယ်သူနဲ့ တွေ့ချင်လို့လဲရှင်"

နာ့စ်လေးတစ်ယောက်က မင်းနရီကို လာမေးယူရတဲ့
အထိပင်။ ထာဝစဉ် တောက်ပြောင်ကြော့မော့ သပ်ရပ်နေတဲ့ သူ့
ပုံစံကြောင့် ဘယ်သူဘယ်ဝါလဲ ထင်သွားပုံရပါသည်။

"ဟိုတလောက ကားအက်ဆစ်ဒဲန့်ထ် ဖြစ်တဲ့ လူနာလေ၊
အရေးပေါ်ကတစ်ဆင့် ဒီကို ရွှေ့လာမယ် ထင်လို့"

"သြော် ... ကိုမြေဝသုန် ဆိုတာလား"

"အာ့ ... ဟုတ်တယ် ... ဟုတ်တယ်၊ ဒီနာမည်ပဲ၊ သူ
ရှိသေးလား ဆုံးသွားပြီလား"

မေတ္တာမသက်ဝင်တဲ့ မင်းနရီရဲ့ သတင်းမေး စုံစမ်း
ခြင်းမှာ နမိတ်နမာမရှိ တုံးတိနားဝင်ဆိုးစေရာ ဆရာမလေးမှာ
မျက်နှာလေး ဖြစ်သွားရလျက် ...

"သြော် ... သူ ရှိပါတယ်၊ ဒါပေမဲ့ ဝါဒ်ထဲမှာတော့ မဟုတ်
ဘူးရှင့်၊ အိုင်စီယူ ICU ထဲမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ဘယ်မှာလဲ"

"ဒီဘက်မှာပါရှင်၊ ဟိုစင်္ကြံက ကွေ့သွားလိုက်ပါ"

မင်းနရီက ခေါင်းညိတ်ကာ ထွက်လာပါသည်။ အိုင်စီယူ ဆိုတာ Intensive Care Unit ။ အထူးကြပ်မတ်ကု(သ) ဆောင် ဖြစ်ပါသည်။ ခုထိ အခြေအနေ ကောင်းမလာသေး(…) သဘောပေါ့။ ဒီကောင် အတော်အသက်ပြင်းတဲ့ ကောင်စား(…) တွေးရင်း မင်းနရီက မျက်နှာခပ်တင်းတင်းနှင့် ICU ရှိတဲ့ (…) တစ်ဖက်ကို ချိုးကွေ့လိုက်ပါသည်။

တစ်ဖက်ကွေ့ချိုးမှာ သီးသန့်တည်ရှိတဲ့ (…) အဆောင်ရဲ့ ရှေ့စင်္ကြံဟာ လူရှင်းနေပါသည်။ ဝါ့ဒ်တွေထဲ(…) လူနာများများ ထားတဲ့နေရာ မဟုတ်၍ လူနာရှင်တွေ ဘာ(…) နှင့် ရှုပ်ရှုပ်ယှက်ယှက် ရှိမနေ။ ထိုသီးသန့်စင်္ကြံလေးရဲ့ ဝရန်(…) လက်ရန်းလေးပေါ် လက်တင်ပြီး မိန်းကလေးတစ်ယောက်(…) မင်းနရီဘက် ကျောတစောင်းပေး ရပ်နေပါသည်။ သူ့ရှေ့(…) ကြမ်းပြင်မှာ ချိုင့်တို့ ပုလင်းတို့ နည်းနည်းပါးပါး ပါ(…) ပလတ်စတစ်ဆွဲခြင်းတစ်လုံး ချထားပါသည်။

ကျောဘက်ကျကျ တစောင်းမြင်ရတဲ့ ထိုမိန်း(…) ရဲ့ နောက်ဘက်လှမ်းလှမ်းမှာ မင်းနရီက ခြေလှမ်းကို (…) လိုက်သည်။ သွယ်လျရှည်မျောတဲ့ ခန္ဓာကိုယ်မှာ အဖြူ(…) ရှပ်တစ်ထည်နှင့် နက်ပြာပွင့်ပွါတဲ့ ပါတိတ်လုံချည်တစ်(…)





ခပ်ရိုးရိုး ဝတ်ဆင်ထားတဲ့ အဲဒီမိန်းကလေးကို မျက်နှာမမြင်ရသော်လည်း ဟိုးတစ်ရက် အရေးပေါ်မှာ နောက်နှစ်ရက်အကြာ သုသာန်မှာ ဆုံရတဲ့ မိန်းကလေးပဲ ဆိုတာ မင်းနရီ မှတ်မိနေသည်။

မတိုမရှည်ဆံပင်ကို ရိုးရိုးစုစည်းထားသည်။ ဝတ်ထားတဲ့ အဝတ်အစား အမျိုးအစားအရ ကိုယ်ခန္ဓာကိုလည်း မပေါ်လွင်စေ မလှပစေ။ ခြေထောက်မှာ ကတ္တီပါဖိနပ်ပါး အနက်ရောင်နှင့်။ အတော့်ကို ယေဘုယျကျလှတဲ့ အမျိုးသမီး။ မင်းနရီ ရပ်ကြည့်နေဆဲ သူမက မသိမသာ လှုပ်ရှားရင်း လည်ပင်းလေး စောင်းကာ သူ့ဇက်ကြောကို သူချိုးလိုက်တဲ့ တစ်ချက် နှစ်ချက်မှာ မင်းနရီကို ဖျတ်ခနဲ တွေ့မြင်သွားပါသည်။

အလန့်တကြား လန့်ဖျပ်တုန်ယင်သွားတဲ့ သူမရဲ့ ပုံသဏ္ဌာန်က ပြူးပြူးပျာပျာ ရှိလှသည်။ သူ မတွေ့ရတဲ့ ဟိုဘက် လက်တစ်ဖက်၌ စိပ်ပုတီး ခပ်သေးသေးကလေး။ ဒီစင်္ကြံမှာရပ်ပြီး သူ့လူနာအတွက် ပုတီးစိပ် ဆုတောင်းနေပုံရသည်။ သူမက ဝရန်တာကို ကျောကပ်ရပ်လိုက်ပြီး မင်းနရီဘက်သို့ မျက်လုံးဝိုင်းကြီးများဖြင့် မမှိတ်မသုန် အကဲခတ်ပြီး ပြူးကြည့်နေပါသည်။

ခြေဆုံးခေါင်းဖျား အပြန်ပြန် အလှန်လှန် ကြည့်လို့ ဘယ်နေရာမှာမှ ထူးခြားကျက်သရေရှိ လှပချောမောနေသော် အချက်မျိုး ထောက်ပြစရာမရှိ။ သူမလို မထင်မရှား မိန်းမတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က မင်းနရီရဲ့ တန်ဖိုးတကြီး ဆုံးရှုံးရမှုကို နားလည်ခံစား ခွာတတ်လိမ့်မည်လို့ သူ မထင်ပေ။

မင်းနရီက ခြေကို တစ်တောင်ယောက်ချကာ ရပ်ရင်း လက်နှစ်ဖက်ကို ခပ်တင်းတင်း ပိုက်ချီထားတဲ့ ပုံစံနှင့်။

"မင်းလူနာ အခြေအနေ ဘယ်လိုလဲ"

ခပ်မာမာပင် မေးခွန်းထုတ်လိုက်ပါသည်။ ကကြီးက လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားရရင်း မရဲတရဲ အယုံအကြည် မရှိသံနှင့်ပင် ...

"ရှင် ... ရှင် ဘာလုပ်မလို့လဲ"

မင်းနရီက ခေါင်းနှစ်ချက် သုံးချက် ယမ်းလိုက်ရင်း ...

"ငါ့မေးခွန်းက လူတွေမေးနေကျ သဘာဝကျကျ မေးခွန်းမျိုးပါပဲ၊ မင်းမေးခွန်းက ဘာလဲ၊ ဒါမျိုးက မေးစရာမလိုတဲ့ မေးခွန်းပဲ"

"ဒါ ... ဒါပေမဲ့ ရှင်က လူနာသတင်းမေး လာတဲ့သူမှ မဟုတ်ဘဲ၊ ရှင် ဘာလုပ်ဖို့ လာတာလဲ၊ ဘာကိစ္စရှိလဲသာ ကျွန်မကို ပြောပါ"

"မင်းက လူနာနဲ့ ဘာတော်လဲ"

ကကြီးက ခဏတိတ်နေမိသည်။ သေသွားရှာတဲ့ ဒေါက်တာနန္ဒာနေခြည် ဆိုတာ ဒီလူရဲ့ ချစ်သူတဲ့။ ကားတိုက်မှု





ဖြစ်ပွားတဲ့ နေ့ကတည်းကပဲ သိရသည်။ သူ့ကို ကိုယ်ချင်းစာမိပါသည်။ ကရုဏာ သက်မိပါသည်။

ကကြီးသည် သက်ပြင်းတစ်ရှိုက်နှင့် ခေါင်းကလေး မင့်တင့် ပြုကာ ...

"ကျွန်မ ချစ်သူပါ"

"ဟင်"

မင်းနရီက တအံ့တသြနှင့် စိုက်ကြည့်နေမိသည်။ အံ့သြစရာတော့လည်း မဟုတ်။ ဖြစ်နိုင်ချေတွေထဲမှာ ပါတာပဲ။ ဒါပေမဲ့ သူက မောင်နှမလို့ ပိုထင်ခဲ့မိသည်။

"ဪ ... ဒီကောင် ကိုယ်တိုင်လည်း ချစ်သူရှိတဲ့ လူတစ်ယောက်ပေါ့ ဟုတ်လား၊ တောက် ... ဒီကောင်ဟာ ငါနဲ့ ငါ့ချစ်သူကို သေခွဲ ခွဲပစ်တဲ့ကောင်၊ သူ့မှာလည်း ချစ်သူတစ်ယောက် ရှိရက်သားနဲ့"

ကကြီးက မင်းနရီကို ကရုဏာတစ်ဝက် စိတ်ပျက်အားတစ်ဝက်နှင့် ကြည့်နေမိကာ ...

"ဒီမှာရှင့် ... ဒီကိစ္စက မတော်တဆ ဖြစ်ပွားမှု သက်သက်ပါ၊ ဘယ်သူ့ ဘယ်သူမှ အငြိုးတကြီးတွေ ရှိကြတာလည်း မဟုတ်ပါဘူး၊ ဖြစ်စေချင်လို့ ဖြစ်ရတာလည်း မဟုတ်ပါဘူး၊ ရှင့် ချစ်သူရယ်လို့လည်း ဘယ်လိုလုပ် သိနိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိတာတွေ မသိတာတွေ ဖယ်ထားလိုက်ပါ၊ အဓိက အချက်က ဒီကောင်ဟာ ငါ့ချစ်သူကို မရှုမလှ ပွဲချင်းပြီး သေစေခဲ့တယ်"

ကကြိုးသည် မျက်ရည်လေး လည်ချင်လာပါသည်။ ရှေ့ကလူကို စိတ်ညစ်ညစ်နှင့်သာ ငေးကြည့်နေရသည်။ မင်းနရီက အံတစ်ချက် တင်းတင်းကြိတ်လိုက်ပြီး ...

"ငါနဲ့ နန္ဒာဟာ ရှေ့အပတ်ထဲမှာ စေ့စပ်ကြတော့မှာ၊ ဖိတ်စာတောင် ရိုက်ထားပြီးခဲ့ပြီ။ ဟိုတယ်မှာလည်း ငွေချေပြီးခဲ့ပြီ"

ကကြိုးက မင်းနရီကို မျက်လုံးပြူးဝိုင်းပြီး ငြိမ်ကြည့်နေသည်။ ရင်ထဲလည်း နင့်မိသည်။ ဒီလူဟာ သူ့ချစ်သူ သေဆုံးလို့ စိတ်များ ကယောက်ကယက် ဖြစ်နေပလား။ ဒါတွေ ကကြိုးထံ လာပြောနေလို့ ဘာအကျိုးရှိတာမို့လဲ။ ဝသုန့်ထံကိုလည်း သူ ဘာမှ လာစရာအကြောင်းမရှိ။ ဝသုန့်ကို တစ်စုံတစ်ရာ အန္တရာယ်ပြုမှာကိုပဲ ကကြိုး သံသယမကင်း စိုးရိမ်နေမိပါသည်။

တကယ်ဆိုရင် သူ ဒီကို လာစရာအကြောင်း ဘာမှကို မရှိတာပဲ။

"ဒီနေ့ ငါ့ချစ်သူ အသုဘရက်လည်တဲ့နေ့၊ မင်း သိလား"

"ဟုတ်ကဲ့ ... သိပါတယ်"

"မင်းက သေချာမှတ်ထားတာပေါ့ "





"ကျွန်မတို့ ကားပေါ်က ငဖြိုးလေးလည်း ဒီနေ့ ရက်လည်တဲ့နေ့၊ အတူတူမို့ သိတာပေါ့၊ မနက်စောစောကြီးကပဲ ငဖြိုး ရက်လည်ကို ဝင်ခဲ့ပါသေးတယ်"

"ငဖြိုးကကော မင်းနဲ့ ဘာတော်တာလဲ"

"ကျွန်မတို့အားလုံး မုန့်စက်ရုံမှာ လုပ်ဖော်ကိုင်ဖက်တွေပါ၊ တစ်နေရာတည်းမှာ အလုပ်လုပ်ကြတဲ့ ဝန်ထမ်းတွေပါ"

"ဒီကောင့်မိဘတွေ မရှိဘူးလား၊ သူတို့ မလာဘူးလား"

"ဝသုန့်အမေ ဒေါ်ဒေါ်မြိုင်က သွေးတိုးရှိတော့ အခု သူ ကိုယ်တိုင်လည်း သွေးတွေတိုးပြီး အိပ်ရာထဲ လဲနေတယ်၊ ဒါကြောင့် ကျွန်မ လာစောင့်တာ၊ ဒါပေမဲ့ နေ့လယ်ထမင်းစားပြီးချိန်မှာ ဝသုန့်အဖေက လူလဲနဲ့ လာစောင့်မှာ၊ ကျွန်မက အလုပ်သွားဆင်းရမယ်၊ အဆင်ပြေသလို တစ်လှည့်စီပေါ့"

ကကြိုးက အထက်လူကြီးကို အစီရင်ခံ တင်ပြနေသလို ရှင်းလင်းပြောပြနေမိပါသည်။ တကယ်ဆို ဒီလူရဲ့ အရှိန်အဝါကလည်း ကြီးမားသည်။ အနိမ့်စား ဝန်ထမ်းတစ်ယောက်မျှသာ ဖြစ်တဲ့ ကကြိုးလို မိန်းကလေးတစ်ယောက်ဟာ သူတို့အလုပ်ရှင်သူဌေးသား အစ်ကိုလေးထက်ပင် တောက်ပခမ်းနားတဲ့ အမြွေးအမြင်နှင့် အရှိန်အဝါတစ်ခု ကြီးစိုးလွှမ်းမိုးနေတဲ့ မင်းနရီကို အလိုလိုနေရင်း လန့်ရှိန်ရိုကျိုးမိခြင်းဟာ မဆန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"သူက ICU ထဲက မရွှေ့ရသေးဘူးဆိုတော့ အခြေအနေဆိုးနေတာပေါ့"

"ဖွ ... ဖွ ...၊ လွဲပါစေ"

"ဟာ ... ငါက စကားအဖြစ် အခြေအနေ မေးတာပါ"

"ကျွန်မကလည်း နိမိတ်ဖတ်သလို ဖြစ်နေမှာစိုးလို့ လွဲအောင်ဖယ်အောင် ဆုတောင်းရတာပါ"

အတော်ကို အသည်းပိုချင်တဲ့ မိန်းမရယ်လို့ မင်းနရီက အမြင်ကတ်တဲ့ မျက်ထောင့်ကြီးနှင့် ကြည့်မိသည်။ နှမ်းလျနေတဲ့ ထိုမိန်းကလေးရဲ့ ရုပ်ရည်သွင်ပြင်တွင် ပြောပလောက်တဲ့ ထူးခြားမှုလည်း မရှိ။ အဆင့်အတန်းလည်း မမြင့်။ မင်းနရီ အရေးတယူ ဆက်ဆံပေါင်းသင်းတဲ့ အဆင့်အလွှာထဲ လုံးဝမပါဝင်တာ သေချာတဲ့ ဤမိန်းကလေးကို သူ လာပြီး မေးတစ်ခွန်း ပြောတစ်ခွန်း အရေးလုပ်စကား လက်ဆုံကျနေမိတာကို ကိုယ့်ဟာကိုယ်လည်း မျက်မှောင်တကုတ်ကုတ် စိတ်ရှုပ်နေသည်။

သူ့ကိုယ်သူ Guilty (အပြစ်မကင်း) ဖြစ်သကဲ့သို့ အနည်းငယ် ရှိုးတိုးရှန့်တန့်ရှိပြီးလျှင် ...

"အခြေအနေ ဘယ်လိုလဲ"

"ဝသုန့် ဒဏ်ရာက လည်ပင်းအောက်ဘက်နား ကျောရိုးမကြီးနားက နာ့ဗ်ကြော အာရုံကြောကို ထိခိုက်မှု ရှိတယ်လို့ ဆရာဝန်က ပြောတယ်၊ အဲဒီအာရုံကြော ထိခိုက်မှုကြောင့်





သူ့အခြေအနေက ဆိုးနေတာ၊ အခု သူ့ကို မလှုပ်စေရအောင် ထားရတယ်၊ ခေါင်းကို ညှပ်တွေနဲ့ ငြိမ်အောင် ထားထားတယ်၊ ခြေလက်တွေက လုံးဝလှုပ်မရတာ မဟုတ်ဘဲ အံသေသလို အကြောဆိုင်းသလို အားမရှိဘဲ လှုပ်ရှားဖို့ ခက်ခဲနေတယ်၊ မျက်လုံးလေးပဲ လှုပ်လို့ရတယ် ...

ဝသုန့် ခေါင်းနဲ့ လည်ပင်းကို လှုပ်ရှားမိရင် အခုထိခိုက်ပြီး ညှပ်ပိနေတဲ့ အာရုံကြောကြီးမှာ ဒဏ်ရာပိုဆိုးပြီး အောက်ပိုင်း လှုပ်မရတာမျိုးလည်း ဖြစ်သွားနိုင်တယ်တဲ့။ သူ့ဒဏ်ရာက ခွဲစိတ်ရမှာ၊ ခွဲစိတ်ရင်လည်း အရေးကြီးတဲ့ ခွဲစိတ်မှု အကြီးစား မေဂျာကေ့စ်လို့ ပြောတယ်၊ ခွဲစိတ်နိုင်တဲ့ အခြေအနေအထိ စောင့်ရဦးမယ်၊ အခုမခွဲစိတ်ရသေးဘူး ...

ဝသုန်က ဆေးရုံမှာ လနဲ့ချီပြီး နေရတော့မှာ၊ ပြီးတော့ ..."

ကကြိုးသည် ဝဲရစ်ကာ မျက်လုံးအိမ်ထဲလျှံ၍ ပါးပြင်ပြွတ်ကျလာသော မျက်ရည်ပေါက်ကို လဏ်ဖနောင့်လေးနှင့် လေးလို သုတ်လိုက်ပါသည်။

"ပြီးတော့ ခွဲစိတ်ပြီးတဲ့အခါ ဒီခွဲစိတ်မှု အောင်မြင်မယ် မအောင်မြင်ဘူး၊ သူ ကောင်းကောင်း ပြန်လှုပ်ရှား သွားလာနိုင်မယ်၊ မလှုပ်ရှား မသွားလာနိုင်ဘူး ဆိုတာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တရားသော ပြောလို့မရဘူးလို့ ဆရာဝန်ကြီးက ပြောတယ် ရှင့်"

မင်းနရီသည် ဒီတစ်ချိန်မှာတော့ တမင်တကာ စေတနာဆိုးနှင့် ပြောတာ မဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ်နှင့် နှိုင်းယှဉ်ကိုယ်ချင်းစာမိကာ ...

"ဒီလိုကြီး မလှုပ်နိုင် မရှားနိုင် မရွေ့နိုင် မသွားနိုင်နဲ့ အသက်ကြီးရှင်ပြီး နေရမှာထက်စာရင် သေလိုက်ရတာက မှ ကောင်းသေးတယ်"

ကကြီး မျက်နှာက ကွက်ခနဲ ပျက်ကာ ...

"အို ... ရှင် နိမိတ်မရှိတာတွေ ပြောပြန်ပြီလား"

"ဟုတ်တာကို ပြောတာလေ၊ ဒီလိုကြီး ရှင်သန်ရမှာနဲ့စာရင် ငါသာဆို သေပစ်လိုက်မယ်"

ကကြီးက ဟိုဘက် အဝေးတစ်နေရာကို ခပ်ငေးငေး ရှိနေရင်း ...

"မလှုပ်နိုင်တော့တဲ့ အနေအထားနဲ့ပဲ အသက်ရှင်ရှင် မမြင်နိုင် မကြားနိုင် မသိနိုင်တဲ့ အနေအထားနဲ့ပဲ အသက် ရှင်ရှင်၊ ခြေကျိုးလက်ပြတ်နဲ့ပဲ အသက်ရှင်ရှင်၊ အို ... ဘာတွေ ဘယ်လို ချို့ယွင်း ချို့ယွင်းပါ သူ့ အသက်ရှင် ရက်လေး ရှိနေသေးတယ် ဆိုတာကိုပဲ ဖြေသိမ့်ရမှာ ကျေနပ်ရမှာ၊ ကျွန်မရော သူ့မိဘတွေရော သူဘာပဲဖြ





နေပါစေ ဖြစ်သွားပါစေ၊ မသေရင် တော်ပါပြီလို့ သဘောထားပါတယ်"

မင်းနရီသည် နားမလည်နိုင်ဘဲ မျက်မှောင်ကုတ်မိ ...

"အဲသလို အသက်ရှိတာကလွဲပြီး အာရုံမသိ၊ ခံစားချက်မရှိ၊ မလှုပ်မယှက် လူကြီးတစ်ယောက်ကို ဘာလုပ်မှာလဲ"

ခုနေများ နန္ဒာသာ အဲသလိုကြီး ဒုက္ခိတကြီးဘဝနဲ့ ရှင်နေရင် အဲဒီ အသက်ရှင်နေတာလေးကိုပဲ တန်ဖိုးမဖြတ် ကျေ နပ်နှစ်သိမ့်ပြီး သူ စိတ်ချမ်းသာနိုင်သလားလို့ တွေးမိတော့ လုံးဝ စိတ်မချမ်းသာနိုင်ပါ။ သူ လက်ထပ်ဖို့ ရည်ရွယ်ရွေးချယ်ထားတဲ့ ...ရာ အဘက်ဘက်က အမြင့်မား အပြည့်စုံဆုံး မိန်းမဟာ ...လျက်နဲ့ သေနေသလိုကြီး ဖြစ်နေမဲ့ဟာ သူ ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာနိုင်မှာတဲ့လဲ။

ကိုယ်ကိုယ်တိုင် အဲသလို ဖြစ်ရရင်လည်း သေရဖို့ ... မင်းနရီက ရွေးပါမည်။ အများရဲ့ အသနား ကြင်နာခံဘဝ ...ျိုးကို မနှစ်ခြိုက်ပါဘူး ဆိုမှ။

"သူ ရှိနေတယ်၊ သူ အသက်ရှင်နေတယ်၊ သူ ရှင်သန်နေသေးတယ် ဆိုတဲ့ အသိနဲ့ ကျွန်မတို့မှာ ပြည့်စုံနေမှာ"

မင်းနရီက ကကြီးကို ခပ်မှုန်မှုန် ကြည့်နေမိသည်။ ...ဟာ ကဗျာဆန်ချင်တာ စကားပြောကောင်းတဲ့သူ ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံပြောနေတာလို့ပဲ သူက သတ်မှတ်ပါသည်။ ပြီးတော့ မကျေမနပ်သလိုလိုလည်း ဖြစ်မိသည်။ ဒီမိန်းကလေးက ဒီ မြေ ဝသုန် ဆိုတဲ့ကောင်ကို ဘာဖြစ်လို့ ဒီလောက်လောက်တောင် ချစ်မြတ်နိုးနေရတာလဲ။

ဒီ မြေဝသုန် ဆိုတဲ့ကောင်က ဘာကောင်မို့လဲ။ သူ အမှုဖွင့်ဖို့ ကြိုးစားခဲ့တုန်းက ဒီလူရွယ်ဟာ ဒရိုင်ဘာမဟုတ်ဘဲ မုန့်လုပ်တဲ့ဘက်က မုန့်ဖုတ်သင်တန်း အောင်မြင်ကျွမ်းကျင်ထား တဲ့ လက်ထောက်မုန့်ဆရာ ဆိုတာ သိခဲ့ရပါသည်။ အဲဒါကကော ဘယ်လောက် ထူးမြတ်ကြီးကျယ် ခမ်းနားနေလို့လဲ။ လက်လှ မခံနိုင် ဆုံးရှုံးမခံနိုင် မျက်စိအောက်က အပျောက်မခံနိုင် တမ တမော မြတ်နိုးကြည်ညိုနေဖို့ရာ ဒီကောင်ရဲ့ ဂုဏ်ဒြပ်တွေက ဘယ်လောက်တောင် မြင့်မားတောက်ပြောင်နေလို့လဲ။

ဖွင့်မေးရလောက်အောင် ရင်းနှီးကျွမ်းဝင်မှု မရှိ ဖွင့်မေးလို့လည်း မသင့်လေရာ မင်းနရီမှာ ဒါကိုပဲ တနုံ့နုံ့ အမိပ္ပာယ် မပေါ်နိုင်အောင် တွေးလို့မပြီး ဖြစ်နေပါသည်။ ဒီမိ ကလေးရဲ့မျက်နှာပေါ်မှာ ဒီလူကို အဆုံးရှုံးမခံလိုက်နိုင်တဲ့ တန်ဖိုး ထား မက်မောတွယ်တာမှုတို့က စင်းစင်းပေါ်နေတဲ့အပြင် အဲဒီ လိုအပ်မှုဟာ မင်းနရီရဲ့နန္ဒာကို လိုအပ်မှုမျိုးနှင့် လုံးလုံးမှမတူ

မတူတာကို မင်းနရီ ရိပ်မိခံစား သိနေပါသည် ဒါပေမဲ့ ဘယ်လိုမတူတာလဲ ဆိုတာတော့ ဖြေရှင်းရခက်သော





မြေဝသုန်ကို သူမ လိုအပ်ပုံက အသက်တမျှ အရေးကြီးနေသလိုဖြစ် နေသည်။ အဲသလောက်တောင်ပဲလား။ ဘာကြောင့် အဲသလောက် တောင်လဲ။ မင်းနရီ မုန်းတီးငြိုးတေးပါတယ်ဆိုတဲ့ ကောင်ဟာ ဒီကောင်မလေး ဒီလောက် မက်မောနေစရာ ဖြစ်နေသတဲ့လား။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

မင်းနရီက ခပ်တည်တည် မေးလိုက်ပါသည်။ အထက်စီးကလာတဲ့ မေးခွန်းသံကြောင့် ကကြိုးက ကသိကအောက် ဖြစ်ရသည်။ သူက ကျောင်းဆရာကြီး စာမေးနေတာ ကျနေတာပဲ။ သို့သော် မဖြေဘဲလည်း မနေဝံ့သလို ဖြစ်ကာ ...

"ကကြိုး"

ကကြိုးက မျက်လွှာချပြီး ခပ်တိုးတိုး ဖြေလိုက်ပါ သည်။ မဖြေချင့် ဖြေချင် ကိုယ့်နာမည် သူစိမ်းယောကျ်ားကို ပြောပြရတာအတွက်လည်း ရှက်ကိုးရှက်ကန်း အမူအရာဆန်ဆန် ထင်မျိုးတစ်မည် ဝန်လေးတွန့်ဆုတ်ပြီးမှ မကျေမနပ် ဖြေလိုက် တဲ့ ဟန်ကို မင်းနရီ အထူးတဆန်း စိုက်ကြည့်နေမိသည်။ ဘယ် ကိုအမူအရာမျိုးပါလိမ့်။ ဆရာကြီး မဆန်သော (တပည့်ကြီးဆန် သော) အတော့် မပြည့်ဝ မထည်ဝါ အဟန့်မရှိသော အမူအရာ မျိုးပဲ။ သို့သော် ထိုအမူအရာသည် သန့်ရှင်းစင်ကြယ်လှသည်။

"ကကြိုး ... ဟုတ်လား၊ မင်းအဖေအမေကလည်း မင်းလို ကဗျာဆန်ဆန် အမျိုးအစားတွေပဲကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအဖေက ဟိုအရင်က ကဗျာဆရာပဲ၊ ဒါပေမဲ့ အခု မရှိတော့ပါဘူး၊ ဆုံးသွားပါပြီ"

မင်းနရီက မသိမသာ နှာခေါင်းရှုံ့မိသေးသည်။

"ဒါနဲ့ ရှင် ... ရှင် အခု လာရင်းကိစ္စ ပြီးပြီလား၊ ရှင် ထူးထူးထွေထွေ ဘာလုပ်ဖို့များ အကြောင်းကိစ္စ ပါသေး သလဲဟင်"

ကကြီးက လက်ကောက်ဝတ်မှ ကြိုးမည်းတပ် နာရီ လေးကို တစ်ချက် ငုံ့ကြည့်ရင်း မင်းနရီထံ မရဲတရဲ လှမ်းဖေ လိုက်ပါသည်။ ဒီကနေ အိမ်ပြန်၊ ခြင်းတွေ ဘာတွေထား၊ ရေမိုး ချိုးပြီးမှ အလုပ်ကို တစ်ခေါက်ပြန်ထွက်ရမှာမို့ သူမ သွားရခါ နီးနေပါပြီ။ လူလဲစောင့်မည့် ဝသုန့်ရဲ့အဖေ၊ ဒါမှမဟုတ် အစ်ကို ဝမ်းကွဲ၊ ဒါမှမဟုတ် သူ့သူငယ်ချင်း ရန်လင်း။ တစ်ယောက် ယောက် အလှည့်ကျလာတဲ့အခါ မနက်တိုင်းစောင့်တဲ့ ကကြီးနှင့် ဆုံလိုက်ကြတာလည်း ရှိသည်။

တစ်ခါတစ်ရံ သူတို့ နည်းနည်းပါးပါး နောက်ကျ နေလျှင်လည်း ကကြီးက အရင်ပြန်နှင့်လိုက်ပါသည်။ လွဲလှ ရှ မရှိလှ နာရီဝက်ပေါ့။ ဝသုန့် အတွက် အထူးသူနာပြုကတော့ ICU ခန်းထဲမှာတင် အချိန်ပြည့် ရှိပါသည်။ အိမ်ကလူတွေ အခ အခန်းထဲ အချိန်ပြည့်နေခွင့် မရှိပါ။ အခန်းထဲမှာ အရေးပေ အသက်ကယ်ဆယ်ရေး အသုံးပြုတဲ့ ကိရိယာတန်ဆာပလာများ ဗွေ ဇက်ဗွေ မျှားရှာရှိသည်။





အသက်ကို လုရမည့် အထူးအရေးတကြီး စောင့် ရှောင်ရမည့် လူနာများကိုသာ ထားသောအခန်းမို့ လူစိမ်းတွေ ဘာကို ဝင်ချည်ထွက်ချည် ပြုနေလျှင် အပြင်ပက ရောဂါပိုးတွေ ဝင်မှာ၊ လူနာအတွက် အနှောင့်အယှက် ဖြစ်မှာ၊ ရောဂါတိုးမှာ စိုးရိမ်ရပါသည်။ ဒါကြောင့် ကကြီးတို့ တစ်ခါတစ်ရံ ဝင်ကြည့် လျှင်ပင် သူတို့ရဲ့ ထိုအခန်းထဲ အဝင်မှာ "ပိုးသတ်ထားသော" ဘားရုံဝတ်ရုံကြီး လဲလှယ်ဝတ်ရပါသည်။ ခဏတဖြုတ် ကြည့်ပြီး လျှင်လည်း ပြန်ထွက်နေရပါသည်။ ကြာကြာမနေရပါ။

"သူ့ကို အခြေအနေ လာကြည့်တာပဲ"

"သူ့အခြေအနေ ရှင် သိနေပြီပဲ၊ ခုလို လာကြည့်တာ ကျေးဇူးတင်ပါတယ်၊ ရှင် ပြန်ပါတော့လား"

"မင်းက ဘာအတွက် ငါ့ကို နှင်နေတာလဲ၊ ငါ ပြန်ချင် ရင် ပြန်မှာပေါ့"

"ကျွန်မက ခဏနေရင် သွားတော့မှာမို့ပါ"

"သွားပေါ့၊ ရပါတယ်၊ မင်းဟာ မင်းသွားတာပဲ ဘာဖြစ် လဲ"

"ရှင်းရှင်း ပြောရရင် ရှင်ကျန်ရစ်ခဲ့မှာကို ကျွန်မ နည်းနည်းမှ စိတ်မဖြောင့်ဘူး"

မင်းနရီက မျက်ခုံးပင့်လိုက်သည်။ အတော်တော ...သင်းလင်း *ပြောတဲ့ မိန်းကလေးပဲ။*



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဖြောင့်ဖြောင့်သွားပါ၊ မင်းရဲ့ မြေဝသုန်ကို ကိစ္စဖြစ် ကတည်းက ပွဲချင်းပြီး သေသွားစေချင်တာ မှန်ပေမဲ့ မသေဘဲ ခုလို အခြေအနေရှိမှတော့ နှာခေါင်းကပိုက်တို့ လက်ကပိုက်တို့ ငါ ဖြုတ်မှာ မဟုတ်ပါဘူး၊ အဲလိုလုပ်ရင် ငါ လူသတ်သမားဖြစ်ပြီး ထောင်ကျနေမှာပေါ့၊ သူ့အတွက် လောက်နဲ့တော့ ငါထောင်ကျမခံပါဘူး၊ မင်းကိစ္စရှိရင် စိတ်အေးအေးထားပြီး ပြန်ပေတော့"

"ပိုက်တွေဖြုတ်ရင် ကာယကံမြောက် လူသတ်မှု ကျူးလွန် သလိုဖြစ်ပြီး ရှင့်ကို အရေးယူ အပြစ်ပေးလို့ ရပေမဲ့။ ရှင် က လူမိုက်ကြီးမှ မဟုတ်တာ အပြစ်ပေးလို့ မရမဲ့ နည်း လမ်းမျိုးတွေနဲ့ တစ်နည်းတစ်ဖုံ ဒုက္ခပေးရင်ကော"

မင်းနရီက စိတ်တိုတိုနှင့် "ကျွတ်"ခနဲ စုတ်သတ် ကာ ...

"ငါက ဘာလုပ်လို့ ရမှာလဲ"

"အနည်းဆုံး သူ စိတ်ဆင်းရဲ ထိခိုက်မဲ့ စကားမျိုးတွေ ရှင်သွားပြောမှာ ကျွန်မ စိုးရိမ်တယ်"

သူပြောမှပဲ အကြံဉာဏ် ရတော့တယ်၊ တော်တော် အကွက်စေ့စေ့ အသည်းပိုတဲ့ မိန်းမလို့ သူ့မှာ စိတ်ချဉ်ပေါက် ပြန်သည်။

"ဘာပဲဖြစ်ဖြစ် ငါက သူ့ကို ဝင်ကြည့်ဦးမှာ"





"ရှင် ဘာလုပ်ဖို့ ဝင်ကြည့်နေဦးမှာလဲ၊ သူ့ကို အေးအေး ဆေးဆေး နေခွင့်ပြုပါရှင်၊ အနှောင့်အယှက် မပြုဖို့ ကျွန်မ တောင်းပန်ပါတယ် လူကြီးမင်းရယ်"

"ငါ့နာမည် မင်းနရီ၊ ငါ့ကို လူကြီးမင်း ခေါ်စရာမလိုဘူး၊ တမင်တကာ ရွဲ့ခေါ်သံ ပေါက်နေတယ်"

"ရှင်ဟာ လူတစ်ဖက်သားကို နေရင်း ထိုင်ရင်း မကောင်း မြင်တတ်တဲ့ သူမျိုးပဲ၊ ကဲ ... ကဲ ... ရှင် တားမရဘဲ ဝင် ကြည့်မှာဆိုရင် ကျွန်မရှိတုန်း ကျွန်မနဲ့ဝင်ပါ"

"ဘာကိစ္စနဲ့ မင်းက ငါ့ကို ဒီလို အမိန့်ပေးရတာလဲ"

"အမိန့်ပေးတာနဲ့ တောင်းပန်တာ တခြားစီပါ ဦးမင်းနရီ၊ ကျွန်မ ရှင့်ကို အမိန့်မပေးရဲပါဘူး၊ တောင်းပန်တာပါ၊ ရှင် ဝင်ကြည့်ချင်ရင် ခုဝင်မယ်လေ၊ ကျွန်မ ရှိနေရမှ စိတ် ချနိုင်မယ်"

မင်းနရီက ကကြီးကို စေ့စေ့ကြည့်နေပါသည်။ သူမ [...]တ်ဝန်းထဲက သူ့ကို အထိတ်တလန့် မယုံရဲတဲ့ အရိပ်တို့ကို [...]ာ့ သဘောကျ ကျေနပ်သလိုတောင် ဖြစ်နေမိပါသည်။

"ကဲ ... ဝင်မှာလား"

"ဟင့်အင်း ... ငါ ဝင်မကြည့်တော့ပါဘူး"

"ဝင်မကြည့်ရင် ကျေးဇူးတင်ပါတယ်၊ ရှင် ဝင်ကြည့်လည်း သူက ရှင့်ကို သိမှာမဟုတ်။ စကားလည်း သေချာမပြော



www.burmeseclassic.com

www.burmeseclassic.com



နိုင်။ ရှင့်ကိုမြင်လို့လည်း ဘယ်သူ ဘယ်ဝါနဲ့ ဘယ်လိုပတ်သက်မှန်း သိမှာမဟုတ်။ ဘာမှမထူးပါဘူး”

“ဟုတ်ပါတယ်၊ ငါလည်း မဝင်တော့ပါဘူး၊ သူ့အခြေအနေ အနေအထားကိုလည်း မင်းဆီက သိရပြီပဲ၊ ရပါပြီ”

“သူ့အခြေအနေကို သိရပြီးရင် ရှင်က ဘာလုပ်မလို့လဲဟင်”

“ဟာ ... ငါဟာငါ ဘာလုပ်လုပ်ပေါ့၊ မင်းအံ့ပူပါသလား”

“ရှင် ... အကြောင်းတစ်ခုရှိလို့ လာနေတာပါ”

“ဟုတ်တယ်၊ ငါ မညာပါဘူး၊ တစ်အချက် အနေနဲ့ သူ့ကို ငါက ငါ့ချစ်သူ သေသလို သေစေချင်တယ်”

“ဖွ ... ဖွ ... လွဲပါစေ”

“မသေတော့ဘူး ဆိုရင်လည်း ရှိပါစေတော့၊ မသေတော့လည်း တစ်မျိုးပေါ့၊ သေလုမြောပါး ဝေဒနာမျိုး ငါ ခံစားရသလို ပြန်ခံစားရမယ် ဆိုရင်လည်း ကျေနပ်စရာ ကောင်းတာပါပဲ”

ကကြိုး မျက်နှာလေးက ညှိုးငယ်၍ မျက်လုံးလေးတွေ မှိုင်းမှုန်ရီဝေကာ ...

“ရှင့်ချစ်သူကို ရှင်သိပ်ချစ်မှာပဲ ဆိုတာ ကျွန်မလည်း ကိုယ်ချင်းစာပါတယ် ဦးမင်းနရီရယ်၊ သူ သိရင်လည်း သူလည်း ကိုယ်ချင်းစာနိုင်ပါတယ်၊ ကျွန်မတို့ အင်မတန်





စိတ်မကောင်း ခံစားရတာကလွဲရင် ဘာမှလဲ ပြန်လုပ်မပေးနိုင်လို့ပါ”

“မင်းတို့ဘက်က လုပ်မပေးနိုင်ပေမဲ့ ငါ့ဘက်က လုပ်နိုင်တယ်လေ၊ မြေဝသုန်ကို အဆုံးရှုံးကြီး ဆုံးရှုံးမှုမျိုး ငါက ခံကိုခံစားရစေချင်သေးတာ”

မင်းနရီက အံကြိတ်ကာ တီးတိုးပြောအပြီး ကကြိုးရှေ့က ဖျတ်ခနဲ လှည့်ထွက်ပြီး ရုတ်တရက် ပြန်ချသွားပါသည်။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



# ၅

## ၀

သူ့ဖန်ခွက်တွင်းသို့ သူ့ဘီယာပုလင်းကို လောင်းငှဲ့ထည့်နေသည့် မင်းနရီကို တင်ထွန်းက စိုက်ကြည့်နေမိသည်။ ဒီညနေ ဘီယာသွားသောက်ကြဖို့ မင်းနရီက သူ့ကို လှမ်းချိန်းတာဖြစ်သည်။ တင်ထွန်းသည် အားလှတယ်လည်း မဟုတ်၊ မအားဘူးလည်း မဟုတ်။ သူ ရည်ရွယ်နေတဲ့ ရည်းစားလောင်း ကောင်မလေးအိမ်သွားဖို့ အစီအစဉ်ရှိတာကိုဖျက်၍ မင်းနရီကို မငြင်းချင်တာအဖော်ပြုပေးချင်တာတို့ကြောင့် ရောက်လာခဲ့ရခြင်း ဖြစ်သည်။

"တင်ထွန်း ... မင်း ဘာမှာဦးမလဲ"

"တော်ပြီကွာ၊ မင်း မှာထားတွေက ကုန်မခန်း ချားလှပြီဟာကို"

"ပြီးရင် မင်း ထမင်းစားမနေနဲ့တော့၊ ဟင်းနဲ့ပဲ ဗိုက်ဖြည့်တော့၊ အေးအေးဆေးဆေးပေါ့ကွာ၊ မင်း အချိန်အားတယ်မဟုတ်လား"





"အားပါတယ်ကွ၊ တစ်နေ့တာ အလုပ်ကဏ္ဍ ပြီးဆုံးသွားပြီပဲဟာ၊ အိမ်ပြန် ညအိပ်ဖို့ပဲ လိုတော့တာပဲ"

"တခြား ဘာဘာညာညာ အချိန်ပေးစရာ ကိစ္စလေးတွေများ ရှိနေမလားလို့"

"မရှိပါဘူးကွာ"

မင်းနရီ ရည်ရွယ်တာကို သိတာမို့ ခပ်တိုတိုပဲ ကားဖြတ်လိုက်ပါသည်။ မကြာသေးခင်ကမှ ချစ်သူဇနီးလောင်းဆုံးရှုံးထားတဲ့ မင်းနရီ ရှေ့မှာ ကိုယ့်ရဲ့နှလုံးသားရေးရာကိစ္စကိုသည်း မပြောချင်၊ မဖြစ်တဖြစ် ချစ်သူအလောင်းအလျာအကြောင်းကိုလည်း ဇာချဲ့မနေချင်ပါ။

"မင်း အိမ်ထောင်ရေးတွေ ဘာတွေ မစဉ်းစားသေးဘူးလား တင်ထွန်း၊ မင်းက ငါ့ထက် ခြောက်လ ခုနစ်လလောက်တောင် ကြီးသေးတာမို့လား"

တင်ထွန်းက ရည်လျားထွေပြား ပြောမနေချင်သည်မို့ ...

"စိတ်မကူးပါဘူးကွာ"

အဲဒီဘက်ကို စကားလမ်းကြောင်း အာရုံရောက်ပြီး မင်းနရီ နန္ဒာကို သတိတရရ ဖြေသိမ့်မရ ဖြစ်နေမှာကိုလည်းစိုး၍ တင်ထွန်းက စကားကို ပိတ်ပြောပစ်သည်။



www.burmeseclassic.com

"ငါကတော့ ငါ့အသက်အရွယ်နဲ့ ငါ့ရဲ့ မဲရစ်ချ်လိုက်ဖ်ကို စဖို့ကို သေချာညှိနှိုင်း တွက်ချက်ထားခဲ့တာ၊ ဒါမှ ငါ သားသမီးတွေ မွေးလာမဲ့အခါ ကလေး ဘယ်အရွယ်မှာ ငါ ဘယ်အရွယ်၊ ငါ့သားသမီး ဆယ်တန်းအောင်ရင် ငါ ဘယ်အရွယ် ဒါတွေအားလုံး ကြိုပြီး တွက်ချက်မှန်းဆ ထားခဲ့တာ"

မင်းနရီက ခပ်ငေးငေးနှင့် တစ်လုံးချင်း ပြောသည်။ ဘယ်အရာမှာမဆို စနစ်ဇယား ဆန်လွန်းတဲ့ မင်းနရီကို တစ်ထွင်ဋ္ဌ က ကျောင်းတုန်းကတည်းက အံ့သြခဲ့သည်။ ကောင်းတယ်ဆိုတဲ့ စနစ်ဇယားတိုင်းကို လိုက်နာနိုင်အောင် အားထုတ်တဲ့ မင်းနရီ ဖြစ်သည်။ ထို့ကြောင့် သူကိုယ်တိုင်ဟာ လူကောင်းလူတော်လည်း ဖြစ်လာပါသည်။

စာအုပ်ကြီးပုံစံ နည်းနည်းထွက်ပြီး ပေါင်းသင်း ဆက်ဆံရေး၌ အနည်းငယ် လက်ဝင်ခွကျတာကလွဲ၍ ကောင်း သော Result သာ ထွက်ခဲ့ပါသည်။ သို့ပေမဲ့ အဲသလို "ကောင်း သောအမှုကိုသာ အားထုတ်ခြင်း ရယူခြင်း" ဆိုတဲ့ ဘောင်ထဲမှာ ပဲ နေနိုင်ခဲ့တဲ့ မင်းနရီကို တင်ထွင်ဋ္ဌ အမြဲ အံ့သြခဲ့ရသည်။

ဘီယာကိုတောင် စီးပွားရေးလောကထဲ ရောက်လာ ပြီးမှ လူမှုပေါင်းသင်းဆက်ဆံရေးအတွက် လိုအပ်တယ်လို့ သူ့ဟာ သူ ဆုံးဖြတ်ကာ သောက်လာတာ ဖြစ်သည်။ ဟိုးအရင်ကတော့ မကောင်းမှု စာရင်းထဲ ထည့်ထားကာ ဘယ်တော့မှ မတို့မထိ။





"ခုတော့ အားလုံး လွဲကုန်ပြီကွ"

မင်းနရီက နောက်ဆက်တွဲ စကားကို ဆက်လိုက် သည်။

တင်ထွင်ဋ္ဌသည် အားပေးနှစ်သိမ့်စကား ဖွယ်ဖွယ် ရာရာ ပြောတတ်သူ မဟုတ်။ ကားတိုက်မှုဖြစ်တဲ့ နေ့ကတောင် "ဖြစ်ချိန်တန်လို့ ဖြစ်ရတာပါ"လို့ သူ ပြောမိ၍ မင်းနရီ အကြီး အကျယ် ဒေါသထွက်ပြီးပြီဖြစ်ရာ စကားများမှာလည်း စိုးရသည်။ မင်းနရီကို တင်ထွင်ဋ္ဌက ခင်မင်တဲ့အပြင် ကိုယ့်ထက်တော်တဲ့ ကိုယ့်ထက် လူကောင်းဖြစ်တဲ့ လူတစ်ယောက်ဟူသည့် အသိအမှတ် ပြုမှုကြောင့် ရှိန်ပါသည်။

မင်းနရီမှာ ကိုးလိုးကန့်လန့် ဖြစ်နေတဲ့ စရိုက်တွေ တော့ ရှိသည်။ ညံ့တဲ့သူ ဖျင်းတဲ့သူ ပျင်းတဲ့သူ ဆိုလျှင် သူ မပေါင်း။ နိမ့်ပါးအောက်ကျတဲ့သူ ဆိုလျှင်လည်း သူ မပေါင်း။ သို့သော် ချွင်းချက်အဖြစ် ဆင်းရဲနိမ့်ပါးသော်လည်း အင်မတန် ဆော်ပြီး ထူးချွန်တဲ့ သူမျိုးဆိုရင် လိုက်ပေါင်းလေ့ရှိသည်။ မဟုတ်က ဟုတ်ကတွေ လုပ်နေတတ်တဲ့ လူတွေနဲ့ မပေါင်း။ တန်ဖိုးမရှိဘူးလို့ သူ သတ်မှတ်တဲ့ သူတွေနှင့် မဆက်ဆံ။

ပေါင်းသင်းဆက်ဆံရေးမှာ အဆင့်အတန်း ခွဲခြားမှု ခင်မြင့်မှုမျိုး သူ့မှာရှိသည်။ ရှိသည်ဆိုတာက တစ်ဖက်သား ကို သွားနှိမ်နေတာတော့ မဟုတ်။ သူ အထင်မကြီး၍ တစ်ပိုး

www.burmeseclassic.com



မထား၍ ပေါင်းကို မပေါင်းတာမျိုးသာ ဖြစ်သည်။ တော်တာ ဆောင်းတာကို မက်လွန်းသူဖြစ်၍ တော်ရုံတန်ရုံလူလည်း သူ့မိတ်ဆွေ သူငယ်ချင်းအဖြစ် မစွဲမြဲ။ သူ့ သည်းညည်းမခံနိုင်တာ၊ သူ့စရိုက်ကို ချဉ်ကြတာတွေ ရှိသည်။

တင်ထွဋ်နှင့် မင်းနရီက အထက်တန်းကျောင်းမှာကတည်းက စ,ခင်ခဲ့သည်။ တွဲခဲ့သည်။ တင်ထွဋ်ဟာလည်း တခြားယောကျ်ားလေးတချို့နှင့် ယှဉ်ရင်တော့ ရိုးအေးကြိုးစားတဲ့ ကောင်လေးတစ်ယောက်ဖြစ်၍သာ မင်းနရီနှင့် ပေါင်းသင်းလို့ တည့်ခဲ့တာ။ ဆယ်တန်းအောင်တော့ တင်ထွဋ်က ဆေးတက္ကသိုလ် အမှတ် မမီခဲ့။ စက်မှုလိုင်းကို ရွေးချယ်ခဲ့ပါသည်။ သူ အင်ဂျင်နီယာဖြစ်ပြီးနောက်မှာ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ဖို့ အဖော်ရှာပါတနာစုတော့ မင်းနရီက ပါလာခဲ့ပါသည်။

ဆရာဝန် မင်းနရီဟာ ဆောက်လုပ်ရေးကိုလည်း တတ်အောင် လေ့လာခဲ့သည်။ အင်ဂျင်နီယာဖြစ်တဲ့ တင်ထွဋ်တို့နှင့်ယှဉ်၍ ပြောနိုင် ဆိုနိုင် ဆုံးဖြတ်နိုင်လောက်အောင် အချိန်တိုတွင်းမှာပင် သိအိုရီပိုင်း ဆိုင်ရာတို့ကို သူ အတော်နားလည် တီးခေါက်မိသွားခဲ့ပါသည်။ မင်းနရီကို "အဲဒါ မင်းမသိပါဘူး"လုပ်လို့ မရ။ အကုန်လုံးကို သူသိသည်။

သို့သော် အဲဒီလုပ်ငန်းဘက်ကို မင်းနရီက တအားကြီး စွက်စွက်ဖက်ဖက် မပါပါ။ သူ သေချာလုပ်တဲ့ လုပ်ငန်းဟာ





ဒရိုဘောဂလုပ်ငန်း ဖြစ်ပြီး သူ့ပရိဘောဂလုပ်ငန်းကြီးက အောင်မြင်ကာ အာရှနိုင်ငံ အတော်များများကို ကုန်ချောဖြန့်ဖြူးတင်ပို့ ဆေးရတဲ့အထိ ကျယ်ပြန့်သည်။ ခုဆို အနောက်ဘက် နိုင်ငံတွေအထိ စမ်းပို့နေပြီ ဖြစ်သည်။ သစ်၊ ဝါး၊ ကြိမ်၊ လျှော်၊ ဖေဒါ၊ သက်ငယ် ပါမကျန် ပရိဘောဂလုပ်လို့ရသမျှ အရင်းအမြစ်မျိုးစုံနှင့် တီထွင်ပြုလုပ်ထားတဲ့ သူ့ရဲ့ ပရိဘောဂတွေက ဆန်းကြယ်အဆင့်မြင့်လှပါသည်။

အဲသလို ဘာပဲလုပ်လုပ် အဘက်ဘက်ကတော်တဲ့ သူငယ်ချင်း မင်းနရီကို ခင်တာလည်းခင်၊ ရှိန်တာလည်းရှိန်၊ ဘစ်ချက် တစ်ချက်ကျ စိတ်ပျက်ရ စသဖြင့်နှင့်ပဲ တင်ထွဋ်က ပေါင်းသင်းမပျက် ရှိခဲ့သည်။

"ပျက်စီးသွားပြီကွ၊ ငါ သေချာဆွဲထားတဲ့ ငါ့ရဲ့ရှေ့ဘဝ ဖွံ့စည်းတည်ဆောက်မှုပုံစံ အဆင့်ဆင့်က လုံးဝပျက်စီးသွားပြီ၊ မရှိတော့ဘူး"

တင်ထွဋ်သည် တိတ်နေဖို့ မကောင်းတာတတ်၍ ...

"အေးကွာ၊ နန္ဒာ ရုတ်တရက် ပျောက်ကွယ်သွားတာက မျက်လှည့်ပြလိုက်သလိုမျိုး ဖြစ်နေတယ်၊ မင်းဆိုရင် လက်ခံရ ခက်နေမှာပဲပေါ့"

"အေး ... လက်မခံလို့ မဖြစ်လို့သာ လက်သင့်ခံလိုက်ရတယ်၊ ဒီအဖြစ်အပျက်ကို ငွေကြေးနဲ့သာ ပြုပြင်စီမံဖန်တီး



www.burmeseclassic.com

www.burmeseclassic.com



လို့ရရင် ငါ ပြုပြင်ပစ်တယ်၊ ဒီနေ့ ဒီအချိန်အထိ ငါ စီစဉ် ရေးဆွဲထားတဲ့ စီမံကိန်းတစ်ခုကို ပျက်အောင်ဖျက်နိုင်တဲ့ သူဆိုတာ မရှိခဲ့သေးဘူး၊ အခုကိစ္စကလွဲရင်"

တင်ထွင့်က မင်းနရီကို ကြောင်တက်တက် ငေး မောနေမိသည်။ ဒီကောင့်ကြည့်ရတာ နန္ဒာ့ကို လွမ်းဆွတ်ပူဆွေး နေတာ မဟုတ်ပါဘူး။ သူ့စီမံကိန်းကြီးကိုသာ လွမ်းဆွတ်ပူဆွေး နေတာ။ နန္ဒာ့ကို နှမြောတသတာထက် သူ့စီမံကိန်းကို သူ နှမြောတသနေတာ။ အံ့အားသင့်စရာလို ဖြစ်နေ၍ တင်ထွင့် ငိုင် နေမိသည်။

"ငါစီစဉ်ထားသမျှ ငါရည်မှန်းထားသမျှ ဖြစ်ရတာချည်း ပဲ၊ ခုတစ်ကြိမ် တကယ့်ဘဝနဲ့ချီတဲ့ အကြီးမားဆုံး စီမံကိန်း ကျမှ ..."

"ဒါတော့ မင်းနရီရာ၊ ကံကြမ္မာက စီမံတာကိုတော့ ..."

"ဘာကံကြမ္မာလဲကွ၊ ကံကြမ္မာက စီမံတယ်ဆိုတာ လော မှာ မရှိဘူး"

တင်ထွင့်က ခေါင်းကိုကုတ်ရင်း ...

"ဟာကွာ ... ဟုတ်ပါ့မလားကွာ၊ ကံစီမံရာဆိုတာ လူကြီး သူမတွေဆီက တစ်ချိန်လုံး ပြောသံကြားနေရတာပဲဟာ အလကား စကားကိုတော့ လူကြီးတွေက ပြောနေပါ့မလား ကွ"





"မင်းဘောမှာ လူကြီးတစ်ရာရှိရင် ဆယ်ယောက်ဆီက ဒီ စကားကို ကြားဖူးလား"

မင်းနရီ မေးခွန်းကြောင့် တစ်ထွင့်မှာ အူကြောင် ကြောင်နှင့် အဖြေရခက်ခက် ဖြစ်သွားရပါသည်။

"တချို့တလေက ပြောကြတာပါကွ၊ ပြောကြတဲ့ သူတွေ က လူပျော့လူညံ့၊ ပြီးတာ ပြီးပါစေလေလို့ စိတ်လျှော့ လက်လျှော့ အားလျှော့ထားတတ်တဲ့သူတွေ၊ လူတော်တွေ ကတော့ ကံကိုပုံမချဘူးကွ"

"ဒါဖြင့် ဘာလုပ်မလဲ"

"ကံဆိုတာကိုက လူကလုပ်တာ"

"ဒါဖြင့် အခု နန္ဒာ ကားအက်ဆစ်ဒဲန့်ထိဖြစ်ပြီး သေရ တာကကော လူကလုပ်တာလား မဟုတ်သေးပါဘူး မင်း နရီရာ၊ နန္ဒာ့ ကံပါ၊ နန္ဒာ လုပ်တာမှ မဟုတ်တာ"

"နန္ဒာ လုပ်တာ မဟုတ်ဘူးလေ၊ မင်းကလည်း၊ ငလွဲပဲ၊ ဟိုကောင် လုပ်တာကွ၊ ဟိုကောင် လုပ်တာ"

"ဘယ်ကောင်လဲ"

"မြဝသုန် ဆိုတဲ့ကောင်"

"မြဝသုန် ဆိုတာ ဘယ်သူလဲ"

"ဟာ ... မင်းကို အစက ပြန်ရှင်းပြနေရပြန်ပြီကွာ၊ မင်း ဒီကောင့်နာမည် မသိခဲ့ဘူးလား၊ ဟိုဘက်က မုန့်ကားမောင်း တဲ့ ဒရိုင်ဘာကောင်ကို ပြောနေတာကွ ... ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကားကို လုံးဝခေါင်းထဲ အာရုံ
၍ မင်းနုရီ အစဖော်လိုက်မှပင် တစ်ထွင့်က "ဪ
ဆွဲလိုက်မိသည်။ မင်းနုရီ အမှုဖွင့်ဖို့ ကြိုးစားတာ၊
အမှုဖွင့်ဖို့ အဆင်မပြေတာ၊ တစ်ဖက်ကား အပြ
စသဖြင့်ကိုတော့ တစ်ထွင့်လည်း ကြားသိနေခဲ့ရာ

"ဒီလူကြောင့် ကားတိုက်မှုဖြစ်ရတာ မဟုတ်
ပြောပြီးသားပဲကွာ၊ နန္ဒာ ကားမောင်းရင်း
ခံစားလာရတာဖြစ်ဖြစ်၊ ကားစက်ချို့ယွင်းတာ
ခုခုကြောင့် နန္ဒာက ဟိုဘက်ကားကို ..."

"ဟောကောင် ... တော်စမ်းကွာ တင်ထွင့်ရာ
ဖြစ်တန်စွမ်းတွေ အတိအကျ တွက်ချက်နိုင်
ဘူး"

တင်ထွင့်က ပါးစပ်ပိတ်ပြီး မင်းနုရီ
နေလိုက်သည်။

"ရှင်းရှင်းလေး အပေါ်ယံတွေးစမ်း၊ ကားနှစ်
ဟိုဘက်ကားက ကားကြီး၊ ကားလေးမောင်း
ကားကြီးမောင်းသူ မသေဘူး၊ ကားကြီးနဲ့
တာ ကားလေး နာရမှာ ထုံးစံ အစဉ်အ
ကားလေးကလူ သေရတယ်ဆိုတာ ကား

"ဟာ ... အဲဒီလိုကတော့ ..."





"ဟောကောင် တင်ထွင့်"

တင်ထွင့်က စိတ်ပျက်ပျက် သက်ပြင်းရှိုက်ရင်
မင်းနုရီကို ခေါင်းဖြည်းဖြည်းယမ်းကာ ကြည့်နေမိပါသည်။ ဒီကော
က ရွတ်တရွတ် တစ်ယူသန်လည်း ဆန်သေးသည်။

"မင်းက ဘာဖြစ်လို့ အဲဒီ ဒရိုင်ဘာကို အပြစ်တင် မခံနို
လောက်အောင် ဖြစ်နေရတာလဲ၊ ဘာလို့ ဒီလော
အကောင်းမြင်နေရတာလဲ"

"အကောင်းလည်း မမြင်ပါဘူးကွာ၊ အပြစ်တင်ဖို့ကလည်
အကြောင်းရင်း ခိုင်လုံရင်တော့ တင်ရမှာပေါ့၊ ခုဟာ
တော့ နန္ဒာသေရတာ ဒီကောင့်ကြောင့်လို့တော့ Conclusio
လုပ်ပစ်လိုက်လို့ မရဘူးပေါ့ မင်းနုရီရာ"

"နန္ဒာ သေရတာ ဒီကောင်ကြောင့်"

မင်းနုရီက ရွတ်ပဲ ရေရွတ်သည်။ ဒီကောင် ဘီယ
လည်း နှစ်လုံးတောင် ပြည့်သေးတာ မဟုတ်။ မူးပြီးပြောနေတ
လည်း မဖြစ်နိုင်။ အသိစိတ်နဲ့ကို အငြိုးတကြီး သတ်မှတ်နေတာ

"ငါ့စိမ်ကိန်းတွေအားလုံး အခြေက ပြိုလဲပြီး ပျက်ရတာ
လည်း ဒီကောင်ကြောင့်"

မင်းနုရီ မျက်လုံးတွေက တကယ်ကို အေးစက
မာကျောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ခါမှ မခံစားရဖူးတဲ့ ဆုံးရှုံးမှုဆိုတာကို ဒီကောင် ငါ့ကို ထိုးကျွေးလိုက်တာ၊ သူ့ကြောင့် ငါ့မှာ ဘယ်လောက် ထိ ကမောက်ကမ ဆုံးရှုံးနစ်နာသွားရသလဲ ငါပဲသိတယ်"

"အေး ... အေး ထားပါကွာ၊ ဒါပေမဲ့ ပြီးတာ ပြီးပြီ မဟုတ်လားကွာ၊ ကိုယ် ဘာပြန်လုပ်လို့ ရနိုင်တာလိုက် လို့"

"ဘာလို့ မရရမှာလဲ တင်ထွဋ်ရ"

"ဟေ"

"ဒီကောင်ကျ အသက်ပြင်းတယ်ကွ၊ ဒီကောင် မသေသေး ဘူး"

"ဩော် ... ဒီကောင် မသေဘူး ဟုတ်လား၊ ခုလောက်ဆို ရင် ဆေးရုံကတော့ ဆင်းပြီပေါ့"

မင်းနရီက ခေါင်းကို ဖြည်းဖြည်းယမ်းလိုက်ရင်း–

"ဒီကောင် ခွဲစိတ်ဖို့အချိန်ကို စောင့်နေတယ်"

"မင်း သူ့ကို ဆေးရုံမှာ သွားတွေ့သေးလို့လား"

"နှစ်ခါရှိပြီ၊ ငါသွားတွေ့တာ"

"သူကကော မင်းကို ဘာပြောသေးလဲ"

"သူ ငါ့ကို ဘာမှမပြောနိုင်ပါဘူး၊ သူ့တစ်ကိုယ်လုံး မလှုပ်နိုင်ဘူးကွ၊ ငြိမ်နေအောင် တုပ်ထားတယ်၊ သူ့တစ် ကိုယ်လုံးမှာ မျက်လုံးကလေးပဲ ဟောသလို ဟိုဟိုဒီဒီ ရွေ





လျားလို့ရတယ်။ ငါ့ကိုလည်း သူ မျက်လုံးရွှေ့ပြီးတော့ပဲ လိုက်ကြည့်နိုင်ပါတယ်"

တင်ထွဋ်က ဇဝေဇဝါနှင့် မင်းနရီကို အကဲခတ် ...

"မင်း သူ့ဆီ ဘာအတွက် သွားတွေ့တာလဲ"

"အမှန်ကတော့ သေစေချင်လို့ သေပလား မသေသေးဘူး လား သွားကြည့်တာပဲကွ"

"မင်းကလည်းကွာ"

"ဒါပေမဲ့ ဒီကောင်က အတော် အသက်ပြင်းတဲ့ကောင်ပဲ၊ ဒီလောက်ထိ ကျောရိုးမကြီးနဲ့ ပင်မအာရုံကြောကြီးမှာ ထိခိုက် ဒဏ်ရာ အပြင်းအထန် ရသွားတာတောင် မသေဘူးကွာ၊ ကြည့်စမ်း၊ သူ့ဘက်ကျတော့ ကံကောင်းထောက်မနေပုံ များ"

လက်ဝါးဖြန့်ကာ ဖြန့်ကာ နာနာကြည်းကြည်း ပြော တဲ့ မင်းနရီသည် လူတစ်ယောက် မသေနိုင်တာကို သူ့မှာ ဆင်းရဲနေမိမှန်း ကိုယ့်ကိုယ်ကိုယ် သတိထားမိပုံပင် မရပေ။ လူတစ်ယောက်ရဲ့ အသက်တစ်ချောင်း ဆုံးရှုံးမှ ကျေနပ်မည့်ကဲ့ ဖြစ်နေတဲ့ သူ့စိတ်အနေအထားကို သူဆန်းစစ်မိပုံမရ။ သူ့ က ဆုံးရှုံးထိခိုက်မှုတွေအတွက် တနင့်တပိုး အငြိုးမပြေနိုင် င် ဖြစ်နေပုံမှာ ကြက်သီးထ,ဖို့ ကောင်းပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနရီ ... မင်းလည်း ဒီလူကို သွားသွားကြည့်မနေပါနဲ့တော့၊ သူ့ကို မြင်ရတာ မင်းအတွက်လည်း အကုသိုလ်တွေ ဖြစ်နေတယ်ကွာ၊ မကောင်းဘူး၊ ထားထားလိုက်စမ်းပါ၊ ကိုယ်လည်း ဘာမှလုပ်လို့ရတာ မဟုတ်၊ စိတ်ပင်ပန်းခံပြီးများ သွားနေရသေးတယ်ကွာ"

"ငါ ဘာမှလုပ်လို့ မရတော့ဘူး ဆိုတာကိုတော့ လက်ကိုမခံချင်တာ၊ လူတစ်ယောက်ဟာ မသေမချင်း ကိုယ်တတ်နိုင်သလောက် လုပ်လို့ရတာကို လုပ်ကိုလုပ်နေရမှာ၊ ငါ့မှာလည်း လုပ်လို့ရတာတွေ ရှိတယ်၊ အများကြီး၊ လုပ်လို့မရဘူးလို့တော့ မင်း မပြောနဲ့"

"ဘာလုပ်လို့ ရမှာမို့လဲ၊ မင်းနရီရာ"

"ဟော့ကောင်၊ ဒီကောင်ဟာ အနည်းဆုံး ငါခံစားရသလို ပြန်ပြီး မခံစားရထိုက်ဘူးလား"

"သူလည်း သူ့ဝေဒနာနဲ့သူ ခံစားနေရတာ မဟုတ်လား မင်းနေရီရာ"

"မဆိုင်ဘူးလေ၊ သူ အခု ဝေဒနာခံစားနေရတာက ဘယ်သူမပြု မိမိမှု၊ သူ့စိတ်နဲ့သူ၊ သူလုပ်တာကိုပဲ သူခံနေရတာ၊ ငါပြောတာက သတ်သတ်၊ ငါ့ကို သူလုပ်လိုက်တဲ့အဖြစ်ရိုး ငါ့ကို သူ ရောက်သွားစေတဲ့ ဘဝမျိုး သူ့ကိုရောက်





ချင်တာ၊ သူ အခုခံစားနေရတဲ့ ဒဏ်ရာဝေဒနာတွေ ...က်တောင် မဆိုးပါဘူးကွာ"

"ဟော့ကောင် ... ဟုတ်သေးပါဘူး မင်းနရီရာ"

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ"

"မင်းဆိုလိုတာက ဘာကြီးလဲ၊ ကျော့ချမ်းစရာကြီး၊ ငါ ...လည်ဘူး၊ မင်းဟာ ရာဇဝတ်မှု အဖြစ်ခံပြီးတော့တော့ ...တစ်ယောက်ရဲ့ အသက်ကို လုပ်ကြံမဲ့ လူစားမဟုတ်ပါ ...ကွာ၊ မင်း ဒီလောက် မကြမ်းတမ်းပါဘူး၊ ငါသိပါ ...ယ်"

မင်းနရီက တင်ထွန်း၏ စကားကို ခပ်ဟက်ဟက် ...ိုက်ပြီးမှ ...

"... လူမသတ်ပါဘူးကွ၊ ထောင်ကျသွားမှာပေါ့"

"...ဖြင့် ဘာလဲ၊ မင်းလို ပြန်ခံစားရဖို့ ဆိုတာက ...ည်းစားကို နှမြောသေသလို သေရစေ့မယ်ဆိုတဲ့ သဘော ... သက်ရောက်နေတာကိုးကွ၊ ဒီလိုပဲ စဉ်းစားစရာဖြစ် ...တာပေါ့"

"... သေသလို သူ့ရည်းစားလေးလည်း သေရမှာမဟုတ် ... နှမြောကို ငါဆုံးရှုံးရသလို သူလည်း သူ့ကောင်မလေး ... ဆုံးရှုံးရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... အဲဒါ ဘာလဲ၊ အဲဒါ ဘာသဘောလဲ"

မင်းနရီက ပြုံးတုံ့တုံ့နှင့် ပန်းကန်ပြားထဲက ဝက်အသည်းဖတ်တို့ကို တူနှင့် ညှပ်၍ ဣန္ဒြေရရ စားနေပါသည်။

"ဟော့ကောင် မင်းနရီ၊ မင်း ဘာလုပ်မလို့လဲကွာ"

"သူ့ကောင်မလေးကိုတော့ မသေစေရပါဘူး၊ ဒါပေမဲ့ သူကတော့ သူ့ကောင်မလေးကို ဆုံးရှုံးရစေမယ်ကွာ"

"ဘယ်လို ဆုံးရှုံးရမှာမျိုးလဲ၊ မလုပ်ကောင်းပါဘူး မင်းနရီရာ၊ ထားလိုက်စမ်းပါကွာ၊ သူကိုယ်တိုင်လည်း ဝေဒနာမချိမဆန့် ခံစားနေရတဲ့ လူနာတစ်ယောက်ပါ၊ ကိုယ်က ထပ်ခံစားခိုင်းဖို့ မလိုပါဘူးကွာ၊ သူ့အတွက် မကောင်းသလို မင်းအတွက်လည်း မကောင်းပါဘူး"

"မင်းပြောတာ ဖြစ်နိုင်ပါတယ်၊ ဘယ်သူ့အတွက်မှ မကောင်းဘူးဆိုတာလေ၊ ငါကလည်း ကောင်းအောင်လုပ်မှာ မဟုတ်ဘူး၊ ငါ စိတ်ကျေနပ်အောင် လုပ်မှာ၊ ဘဲစားဘဲချေ။ ငါ အဲသလို အတုံ့အပြန် ချေရမှ ငါ စိတ်ကျေနပ်မှာ၊ ဥပဒေနဲ့လည်း မငြိစွန်းဘူး၊ ရာဇဝတ်မှုလည်း မမြောက်ဘူး မင်း ဒါတော့ စိတ်ချပါ ...

အေးကွ ... ဒီစကားကို မင်းကို ငါ မပြောမိရင် ကောင်းသားကွ ... နော်၊ မင်းကို တင်ပြ ခွင့်တောင်းနေဖို့လည်း မလိုပါဘူး၊ ငါ အာချောင်မိတာ၊ မင်းပုံစံကြီးထ





စိတ်ရှုပ်လက်ရှုပ်နဲ့၊ ကဲပါကွာ ဒီစကားကို မေ့သာမေ့ပစ်လိုက်ပါ တင်ထွဋ်ရာ၊ ခေါင်းထဲက ထုတ်ပစ်လိုက်ပါ"

တင်ထွဋ်သည် ခိုးလိုးခုလုနှင့် ဘီယာကို ကျိုက်ချရတာကိုပင် နင်သလို ဖြစ်နေရပါသည်။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



# ၆

ကကြီးသည် ထိုးဆေးပုလင်းလေးကို စိန်တစ်ပွင့်လို တရိုတသေနှင့် လွှတ်မကျအောင်ကိုင်ရင်း အောက်ခြေနားက Expire Date ကို ဂရုတစိုက် ဖတ်ကြည့်ပါသည်။ သေချာစွာ စိတ်ကျေနပ်မှ ရှိုးကေ့စ်ပေါ် ပြန်တင်ရင်း ...

"ခြောက်ထောင့်ငါးရာက မလျှော့ဘူးလားဟင်"

"ကျွန်မတို့ ဈေးနှုန်းအသေကပ်ရောင်းရတာမို့လို့ လျှော့လို့မရဘူး အစ်မ"

"ဒါဖြင့်လည်း သုံးလုံး၊ သုံးလုံးယူသွားမယ်နော်"

အရောင်းမိန်းကလေးက ဖန်ပုလင်းရှည်လေး သုံးလုံးကို စက္ကူကတ်တွန့်လေးတွေ ခံထားတဲ့ ဘူးထဲ ထည့်ပေးဆဲ ကကြီးက သူ့ရဲ့ပိုက်ဆံအိတ် ပါးပါးရှည်ရှည်ကလေးကို ဟကာ အထဲက ထောင်တန်ကလေး တစ်ထပ်ကို တရိုတသေ ထုတ်ယူပြီး ရေတွက်သည်။





စုစုပေါင်း ကျတာ တစ်သောင်းကိုးထောင့်ငါးရာ
ထောင်တန် အရွက်နှစ်ဆယ် ရေတွက်ပေးလိုက်တဲ့အခါ
လက်ထဲမှာ ထောင်တန်လေး နှစ်ရွက်သာ ပြားရှပ်ရှပ်
ပါသည်။ မိန်းကလေး ပြန်အမ်းတဲ့ ငါးရာတန်ကို ထောင်
ွက်နှင့်အတူ အိတ်ထဲပြန်ထည့်ရင်း ဝမ်းနည်းခြင်းကြောင့်
ောင်းလေးတွေ တဆတ်ဆတ် တုန်ကာနေသည်။

ဒီထိုးဆေးလေးတွေဟာ တစ်နေ့ကို တစ်လုံးကျ
သက်မောင်းကို ဆေးသွင်းတဲ့ပိုက်မှတစ်ဆင့် ထိုးသွင်း
ထိုးဆေးလေးတွေ ဖြစ်သည်။ တခြားဆေးတချို့လည်း
နှင့်သူ ထိုးထည့်ရပါသေးသည်။ ဒီနေ့တော့ ဆေးရုံကြီး
က ဆေးဆိုင်မှာ ဒီထိုးဆေးတွေ ပစ္စည်းပြတ်ကာ ကုန်နေ
၍ "မေ"အထိ ကကြီး လာဝယ်ရတာ ဖြစ်သည်။

ဝယ်ဖို့ပစ္စည်း ရှာတွေ့တာပဲ ဝမ်းသာစရာကောင်း
နေ့စဉ် မထိုးမဖြစ် ထိုးသွင်းရတဲ့ဆေး လုံးဝမရှိဘူးဆိုရင်
ကြီးတို့ ဘယ်လိုဖြေရှင်းကြရမည် မသိအောင် စိတ်ဆင်း
၊ နက်ဖြန်အတွက်တစ်လုံး ဆေးရုံမှာ ကျန်သေးသည်။
ယ်တဲ့ သုံးလုံးနှင့် လေးရက်စာတော့ ဖူလုံပြီ။

ဒီနေ့မနက် ဝသုန့်အမေကလည်း သတိမရ၍ ကကြီး
ဆံထည့်မပေးလိုက်။ အခု ဒီပိုက်ဆံက ကကြီးရဲ့ မုန့်ဖိုး
င်းငွေကလေး ဖြစ်သည်။ ကကြီး ဝသုန့်အဖေအမေထံမှာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မတောင်းချင်တော့ပါ။ အများကြီးမတတ်နိုင်သော်လည်း ရံဖန်ရံခါလေးတော့ ဝသုန့် အသက်ကယ်တင်နေရတဲ့ ဆေးဖိုးစရိတ်ထဲ ကိုယ့်လုပ်အားခ ကိုယ်ရှာတဲ့ ငွေကလေး ပါဝင်ချင်ပါသည်။

ဒေါ်ဒေါ်မြိုင်တို့လည်း ပိုက်ဆံတွေ သောက်သောက်လဲ ကုန်လှပြီကို ကကြီး မျက်မြင်မို့ အသိဆုံးပင်။ သူတို့လည်း သူဌေးကြီးတွေမှ မဟုတ်တာ။ ကကြီးတို့ထက် ပိုလျှံတာမှန်ပေမဲ့ သူတို့ စုဆောင်းထုပ်သိမ်းထားနိုင်လောက်သော ငွေပမာဏမက ကုန်ကျနေလို့ ဒေါ်ဒေါ်မြိုင့် လက်ကောက်တစ်ရံတောင် ဟိုးတစ်ရက်က ကကြီးပဲ သွားရောင်းပေးခဲ့ရတယ် မဟုတ်လား။

ဒီလိုပဲ တတိတတိ ရောင်းနေရဦးမှာပဲ။ ဒေါ်ဒေါ်မြိုင့်မှာ ဘာတွေ ဘယ်လောက်ရှိလို့ရှိမှန်း ကကြီးလည်း သိမှမသိတာ။ ရောင်းစရာများ မရှိတော့ဘူး ဆိုရင်ကော။ ကကြီးသည် သူ့လည်ပင်းက ရွှေကြိုးမျှင်မျှင်လေးကို သူ့ဟာသူ စမ်းမိသည်။ အမေ ဘာပြောပြော ရောင်းပြီး စိုက်လိုက်မှာပဲ။ အမေကလည်း ပြော မယ်မထင်ပါ။

ခုလောက်ဆိုရင်ပဲ ကုန်ကျစရိတ် အထွေထွေ ဘယ်လောက်ရှိနေပြီပါလိမ့်။ လေးငါးသိန်းလောက်ဖော။ ဒီထက်ပို လား၊ ကကြီးလည်း သေချာမမှတ်မိ။ ဖြစ်စ,ရက်တွေက အသက်လု ကယ်ဆယ်နေရတာ ပိုကုန်ကျသည်။ ခုနောက်ပိုင်းက ပုံမှန်သုံး စွဲနေရသည့် ဆေးဝါးခသာ။





အင်း … ပြီးတော့ မကြာခင် ဝသုန် ခွဲစိတ်တော့မည် ဆိုလျှင်တော့ ခွဲစိတ်မှုအတွက် ကုန်ကျစရိတ် အတော်လိုအပ်ဦး မည်။ အဲဒီအတွက်ရော ဒေါ်ဒေါ်မြိုင့်မှာ ရောင်းချစရာ အလုံ အလောက် ရှိပါ့မလား။

"မေ"ဆေးဆိုင်ထဲမှ အထုပ်ကလေးဆွဲ၍ ငိုင်တိုင် ငိုင်တိုင် ထွက်လာတဲ့ ကကြီးသည် ပလက်ဖောင်းပေါ် အရောက် တွင် အလန့်တကြား ခြေလှမ်းတွေ တုံ့သွားရပါသည်။ ဟိုလူ …။ ဦးမင်းနရီ …။

ပလက်ဖောင်းပေါ်မှာ ရပ်နေပုံက ကကြီးကိုတွေ့လို့ အပြင်က ရပ်စောင့်နေတဲ့ဟန် ဖြစ်သည်။ ရှပ်လက်ရှည်အရောင် ဖျော့ဖျော့၊ အောက်က စတိုင်လ်ဘောင်းဘီ နက်မှောင်မှောင်၊ ရှူး ဖိနပ်အနက်မှောင်တို့နှင့် သူ့ပုံစံက ကြွားဝှံ့တင့်တယ်ကာ ခန့်ကြီး ကြီး ဖြစ်နေပါသည်။ ကကြီးနှင့် ယှဉ်ရပ်တော့ ဘုရင့်သား တော်နှင့် အိမ်ဖော်ကျနေတာပဲလို့ ကကြီး ရှက်နိုးစိတ်ပျက်မိသည်။

သူဟာ အမြဲသန့်ပြီး ထည်ဝါတောက်ပြောင်နေတာ ။ တစ်ခါတလေတော့ မိန်းကလေးဖြစ်တဲ့ သူက စုတ်ဖွာဖွာညစ် ထေး ဖြစ်ရတာကို ရှက်စိတ်ဝင်တာ အမှန်ပါ။ ဒီလူလည်း ပဲ။ ဘာစိတ်ကူးမှန်းကို မသိ။ ဆေးရုံကိုလည်း မကြာမကြာ သည်။ တစ်ခါတစ်ရံ ခပ်လှမ်းလှမ်းကပင် ကကြီးကို အရိပ် ယောင်ကြည့်ကာ သူ့ဟာသူ ပြန်သွားတတ်တဲ့ အခါလည်းရှိ သည်၊



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ဘာမှန်း ညာမှန်း မသိ၍ ကကြီးက

ရှောင်ဖွက်ဖို့ ကြိုးစားလိုက်သည်။

"ဟော့"

သူ့အသံက မာဆတ်ဆတ်မို့ ကကြီးမှာ တု

မတတ်ပင်။ ခြေလှမ်းကိုရပ်ရင်း သူ့တင်ငဲ့ကြည့်ကာ ...

"ရှင် ဘာကိစ္စရှိလို့လဲ"

"တွေ့ရဲ့သားနဲ့ မတွေ့ချင်ယောင်ဆောင်ပြီး ကွေ

သွားတာ ဘာအပြုအမူလဲ၊ တယ်ရိုင်းပါလား"

"ကျွန်မက ရှင့်ကိုတွေ့တော့ ဘာလုပ်ရမှာလဲ၊ ရှင်နဲ့

က တစ်ယောက်ကို ဝာစ်ယောက် သိနေတာက

မိတ်ဆွေအပေါင်းအသင်းလည်း မဟုတ်ဘူး"

"သေချာတာပေါ့၊ ငါ့မိတ်ဆွေ အပေါင်းသင်းထဲမှာ

ဖျင်း ငိုင်တိုင်တိုင် တင်ယောက်မှမှ မရှိတာ"

ကကြီးသည် ကိုယ့်ဟာကိုယ်မှ ပင်ပန်းစိတ်

ရတဲ့အထဲ အမြဲ ရီသဲ့သဲ့ ရှိနေတဲ့ သူ့ဒွေးမင်းကို စိတ်မ

တော့။ ဘုကြည့်နှင့် ခပ်မိုက်မိုက် ပေကြည့်နေမိသည်။ ဒီ

တန်းကနေ ဆေးရုံကြီးကို ကားမစီးတတ်၍ လမ်းလျှော

ရမှာကို စိတ်ကူးနှင့် အမောဆို့နေရတဲ့အထဲ ဒီလူဟာတင်

"ကဲ ... ကဲ ...၊ ရှင် ဘာပြောမလို့လဲ"

"မင်း ဆေးလာဝယ်တာ ထင်တယ်"





"ဟုတ်တယ်ရှင့်"

"အခု ဘယ်လဲ"

"အခု ဆေးရုံပြန်မှာ"

"ဆေးရုံကို လိုက်ပို့မယ်၊ ငါ့ကားနဲ့ လိုက်ခဲ့"

ကကြီး နား‚ကိုပင် မယုံချင်။ သူက ဘယ့်အတွက်ကြောင့် ကကြီးကို မေတ္တာရှိနှင့် လိုရာပို့ဆောင်ဖို့ စိတ်ကူးပေါက်နေတာပါလိမ့်။

"ရှင်က ဆေးရုံသွားမှာမို့လား"

"ဆေးရုံသွားမှာ မဟုတ်ဘူး၊ မင်းကို လိုက်ပို့မှာ"

မင်းနရီက သူ့ကို မယုံမရဲ ဇဝေဇဝါ အကဲခတ်ရင်း နမူးကချွေးသီးချွေးဥတို့ကို လက်ခုံနှင့်ပဲ သုတ်ပစ်နေတဲ့ ကကြီးကိုကြည့်ရင်း သဘောကျနေသည်။ သူ့အပေါ် မယုံမကြည် သံသယတွေ ကြီးတတ်သည့် ကကြီးရဲ့ အစိုးရိမ်ကြီးမှုကို သူ ရယ်ချင်နေသည်။

"ကဲ ..."

"ရှင်လည်း သွားစရာရှိတာ မဟုတ်ဘဲနဲ့၊ အင်း ... အင်း လေ ...၊ ရှင်က ပို့တော့လည်း ကျွန်မ နေပူထဲ လမ်းမလျှောက်ရဘူးပေါ့၊ ဒါနဲ့ ... တကူးတက ဆိုရင် ကျွန်မ အားနာ ..."

"ကဲပါ ... လာပါ"



www.burmeseclassic.com

www.burmeseclassic.com



မင်းနရီက လှည့်လျှောက်သွား၍ ကကြီး နောက်က လိုက်သွားလိုက်တော့သည်။ ကားကြို့ပို့ပေးမည့်သူ ရှိတာ ကကြီး အတွက်တော့ အင်မတန် သက်သာအဆင်ပြေစေတာ။ ပို့မည့်သူ က ဒီလူ ဖြစ်နေတာ တစ်ခုကိုသာ စိတ်ကို ကျဉ်းကျပ်စေတာ။

မိုးလင်းတာနှင့် အိမ်ကထွက် ဆေးရုံကိုလာ၊ ဆေးရုံ ကထွက် အိမ်ကိုပြန်၊ အိမ်ကပြန်ထွက် အလုပ်ကိုသွား၊ အလုပ်က အပြန် တစ်ခါတစ်ရံ အိမ်ကိုတန်း၍၊ တစ်ခါတစ်ရံ ဆေးရုံဝင်ချင် စိတ် ပေါက်ကာ တမျှော်တခေါ်လာပြီးမှ တမျှော်တခေါ် ပြန်ပေ ရော့။

စိတ်ဆင်းရဲရတာနှင့်ပေါင်းကာ လူက ပင်ပန်းနွမ်း လျနေတာ။ ခုလို သက်သောင့်သက်သာရှိအောင် ဘယ်သူက ကားကြို့ပို့ပေးပေး ကကြီးက ကျေးဇူးတွေတင်ပြီး လိုက်ပါဖို့ အသင့်။ ဒီ ဦးမင်းနရီ တစ်ယောက်အပေါ်သာ စိတ်ထဲက စနိုး စနောင့်ရှိတာ။

"တက်"

မင်းနရီက ကကြီးကို ကားတံခါးတစ်ခု ဆွဲဖွင့်ပေး လိုက်မှ ဒီကားပေါ် တက်ရမှာပါလားရယ်လို့ ကကြီး အလန့် တကြား ဖြစ်သွားရသည်။ ကားဟာ ကကြီးသိတဲ့ ပါဂျဲရိုတွေ ပရာဒိုတွေလောက်လည်း မကြီး၊ ဆလွန်းကားကလေးတွေလောက် လည်း ပြားပြားလေး မဟုတ်။ လုံးတော့မလို ထောင်ကျမလိုနှင့်





ရှေ့ဘက်ကို ဆင်ခြေလျှောလိုလို ပုံဆန်းဖြစ်နေတဲ့ မကြီးမသေး ကား။

သို့သော် မြင်လိုက်တာနှင့် အကောင်းစား ကားကြီး မှန်းတော့ တအားသိသာသည်။ ဖွင့်လိုက်တဲ့ ကားတံခါးမှ ပွင့်အံ ကျလာတဲ့ ကားတွင်းက သင်းမွှေးတဲ့ ရနံ့ကပင် လူကိုတွန့်ရှိန် သွားစေသည်။

"ဟို ... ဟို ..."

"ဝင်"

ကကြီး ဝင်ပြီးမှ သူ တံခါးပိတ်ပြီး တစ်ဖက်ကို သွားမှာမို့ အချိန်ဆွဲမနေတော့ဘဲ ကကြီးက ခပ်မြန်မြန် ဝင်ထိုင် လိုက်ပါသည်။

သူ့ပုံစံက ကျောင်းဆရာကြီး တစ်ယောက်လိုလည်း ကြောက်စရာ ကောင်းလေရာ ကကြီးမှာ သိပ်ပြီး ကလန်ကဆန် လုပ်ရဲပြန်ပါ။

ကကြီးသည် ထိုကားထဲ ရောက်သွားရတာကို နတ် ဘုံတစ်ခု ရောက်သွားသလားလို့တောင် ထင်မိပါသည်။ အေးစိမ့် စိမ့် မွှေးပျံ့ပျံ့နှင့် သိပ်သိပ်သည်းသည်းကလေး နေလို့ထိုင်လို့ ကောင်းလှတဲ့ ကားပေါ်က ပြန်တောင်မဆင်းချင်။ ထိုင်ခုံတွေက နှစ်မြှုပ်နေသည်။ စက်နှိုးလိုက်လို့ လင်းလက်လာတဲ့ ဒစ်ဂျစ်တယ် မီးလေးတွေ ဂဏန်းလေးတွေကိုက အရောင်ဆန်းပြားလေးတွေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ကားပေါ် လိုက်မစီးဖူးတဲ့ အထိလောက် အောင်တော့ ကကြိုး အတွေ့အကြုံ မနည်းပါ။ သို့သော် ကကြိုး လိုက်စီးဖူးတဲ့ ကားတွေက ဒီလို ဆလွန်းကားတွေပဲ ဆိုပေမဲ့ နူးညံ့အိစက် မွေးပျံ့မနေပါ။ အခုက ကားထဲမှာရှိတဲ့ လေထုကို က ရှူရှိုက်လို့ ကောင်းနေတာ။ နောက်မှီပေါ် ခေါင်းတင်ပြီး အိပ် လို့သာ ပျော်လိုက်ချင်တော့သည်။

မင်းနရီက ကားမောင်းထွက်လာရင်း ...

"မင်း ဆေးရုံက လာတာလား"

"ဟုတ်ကဲ့"

"ဒီဆေးက ဆေးရုံမှာ မရှိဘူးလား"

"ကုန်နေလို့တဲ့၊ ဝသုန့်အတွက်က နက်ဖြန်တစ်ရက်စာပဲ ရှိတော့တာ။ သူတို့က သန်ဘက်ခါကျရင်တော့ ဝယ်လို့ရ မယ်ဆိုပေမဲ့ တကယ်လို့ မရရင် ဘယ်လိုလုပ်မလဲ၊ ဝသုန် က တစ်နေ့ကို ဒီဆေးတစ်လုံး သွင်းရတယ်"

"မင်း ဆေးရုံ နေ့တိုင်း လာလား"

"မနက်တိုင်း လာတယ်၊ ညနေဘက်တော့ တစ်ခါတလေ လည်း လာလိုက်တယ်၊ တစ်ခါတလေလည်း မလာဘူး။ ဝသုန့်အမေ ဒေါ်ဒေါ်မြိုင်က နေသိပ်မကောင်းတော့ မနက် ဆိုရင် ဦးလေးကျော်ကလည်း အိမ်မှုကိစ္စ စီစဉ်နေရသေး တာ၊ ဘယ်သူမှ မလာနိုင်တော့ ကျွန်မပဲ လာရတာ"





"မင်းတို့ အိမ်ချင်းနီးတာလား"

"ဝသုန်တို့အိမ် အောက်ထပ်မှာ ကျွန်မတို့ ငှားနေတာ"

"ငှားနေရင်း ကြိုက်သွားကြတာပေါ့"

"အို ... အဲလိုမျိုးလည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလဲ"

"အို ..."

"မင်းတို့ရဲ့ ရာဇဝင်ကို သိချင်လို့ မေးတာပါ၊ မင်းကို နှောက်နေတာ မဟုတ်ပါဘူး၊ မင်းတို့ ချစ်သူတွေဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

ကကြိုးက ခပ်ရှက်ရှက်နှင့် မင်းနရီ အတည်မေးတာ ဟုတ် မသိမသာ အကဲခတ် ကြည့်ပြီးမှ ...

"သုံးနှစ်"

"ဟင် ... သုံးနှစ်တောင် ကြာတာ မယူသေးဘူးလား"

"အလုပ်လေး ဘာလေး ရှိအောင် လုပ်ကြရသေးတာပေါ့၊ ပိုက်ဆံလည်း စုရသေးတာပေါ့၊ ကျွန်မတို့က ပြည့်စုံတဲ့ သူတွေမှ မဟုတ်တာ၊ ပြီးတော့ နှစ်ယောက်လုံး အသက် နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်၊ မြန်မြန်ယူစရာ မလိုသေး ပါဘူး"

မင်းနရီက ကကြိုးဘက် တစ်ချက် ဖျတ်ခနဲကြည့်



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ကို ဘာချစ်စရာရှိလို့ မင်းက ချစ်ရတာလဲ"

"အို ... ရှင် ဘယ်လိုမေးတာလဲ၊ ရှင်ဟာ ဘယ်လိုလူမှန်း ကို မသိဘူး၊ သူတစ်ပါးကို မှိုချိုးမျှစ်ချိုး သိပ်ပြောချင်တယ်၊ ကိုယ့်ချစ်သူ ကိုယ်ချစ်တာ ဘာဖြစ်လဲရှင့်"

မင်းနရီက ဒေါပွသွားပုံရတဲ့ ကကြီးကို ငဲ့ကြည့်ရင်း ပြုံးလိုက်မိပါသည်။ အသက်ရှူသံတွေ ဘာတွေ ပြင်းလို့၊ ဒေါပွစိတ်တိုနေလိုက်တာများ မြွေလေးပါးပျဉ်းထောင်နေသလိုနဲ့ တောင် တူသည်။ တရှူးရှူး။

"အင်းပါ၊ ဘာဖြစ်လို့ ချစ်တာလဲ မေးနေတာလေ"

"ရှင်နဲ့ ဘာဆိုင်လဲ"

"ဒီလိုပဲ မေးကြည့်တာပါ"

"ချစ်တာပဲ၊ တစ်ယောက်ကို တစ်ယောက် ငယ်သံယောဇဉ် ကနေ တဖြည်းဖြည်း ပိုလာပြီး ချစ်သွားကြတာပေါ့၊ ဘာ ကြောင့် ချစ်တယ်ဆိုတာ ဘယ်ရှိမှာလဲ"

"ဟင် ... မရှိဘူးလား၊ လှလို့ ချောလို့ ချစ်တယ်၊ ပိုက်ဆံ ရှိလို့ ချစ်တယ်၊ တော်လို့ ထက်လို့ ချစ်တယ် ဆိုတာမျိုး တစ်ခုခုပေါ့"

ကကြီး မင်းနရီကို ငဲ့ကြည့်လိုက်တဲ့ မျက်လုံးတွေ မေးစင်းကာ ရှုတ်ချစိတ်ပျက်တဲ့ အရိပ်တွေ ယှက်သန်းသွား သည်။ ထိုအကြည့်များကြောင့် မင်းနရီမှာ ကိုယ့်စကား ဘာမှာ





သလဲတောင် ဇဝေဇဝါ ဖြစ်ရသည်။ သူလို မိန်းကလေးက ငါ့ကို များ ရှုတ်ချသလို ကြည့်စရာလား။

"မင်း ဘာကြည့်တာလဲ"

"ရှင် ပြောသွားတာတွေက တစ်ခုမှ ချစ်ဖို့အကြောင်းရင်း မဟုတ်တာတွေချည်းပဲ၊ လှတာ ချောတာလေးက ထားပါ တော့၊ ပိုက်ဆံ ရှိတာတွေ တော်တာတွေက ချစ်စရာ အကြောင်းအချက်လား၊ မက်စရာ အကြောင်းအချက်သာ လျှင် ဖြစ်ရင်ဖြစ်မယ်၊ ပိုက်ဆံရှိလို့ ချစ်ရမယ်ဆိုရင် ကျွန်မက ဦး(......)ကို ချစ်မှာပေါ့ရှင့်"

ကကြီး ပြောလိုက်သည်မှာ နိုင်ငံကျော် နာမည်ကြီး စီးပွားရေးသမား သူဌေးကြီးတစ်ဦးအမည် ဖြစ်ရာ မင်းနရီမှာ မအောင့်နိုင်ဘဲ တဟားဟား ရယ်မောလိုက်မိတဲ့ အထိ ဖြစ်ရသည်။ သူက ... သူက ... ဟား ဟား။ ဦး(......) ကိုတဲ့ ...။

အတော်လာတဲ့ ဟာမလေးပဲလို့ မင်းနရီ ပြုံးစိစိ ငဲ့ကြည့်မိရသည်။

မရယ်မပြုံးမိတာ ကြာပဲကြာလှပြီ။ ခုတော့ ဟဒယ ရွှင်ဆေး။

"ကျွန်မတို့က သူငယ်ချင်းလို မောင်နှမလို သံယောဇဉ် ကြီးလာကြပြီး တစ်ယောက်ကို တစ်ယောက် အပြန်အလှန် စေတနာ မေတ္တာတွေနဲ့ ချစ်တာ။ တစ်ဖက်သားရဲ့ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရာ ကောင်းကျိုး ချမ်းသာသုခကိုပဲ မြင်ချင်ပြီး …
ပျက်စီး ဆုတ်ယုတ်မှာ နိမ့်ပါးကျရှုံးမှာကို အဖြစ်မခံနိုင် …
စေတနာ အကြင်နာမျိုး တစ်ယောက်အပေါ် တစ်ယော …
ထားနိုင်ကြတာပါ၊ အဲဒါ အချစ်ပဲပေါ့ ဦးမင်းနရီ”

မင်းနရီက အမြင်တောင်ကတ်ကာ နားထဲ လက် … ထည့်၍ တဆတ်ဆတ် လှုပ်ပစ်လိုက်ရင်း …

“မင်းကလည်း ကဗျာဆရာသမီးလို့ မပြောရဘူး၊ … ကဗျာဆန်ချင်တယ်၊ ငါသိချင်တာက ဒီလို ချစ်ဖို့အတွ … သူက ဘာများ အဖိုးတန်သလဲ”

ကကြိုးသည် မင်းနရီကို မျက်လုံးပြူးဝိုင်းကာ … စိုက်စိုက်ကြီး ကြည့်နေပါသည်။ မင်းနရီက လက်တစ်ဖက်ယ … ၍ …

“မင်း ဘာကြည့်နေပြန်တာလဲ”

“ရှင် စကားပြောတာ တစ်မျိုးပဲ”

“ဘာဖြစ်လို့လဲ၊ ငါပြောတဲ့ စကားက ဘာများ ဆန်းကြ … နေသလဲ၊ သူက ဘယ်လောက်များ ဘာတွေများ အဖိုးထ … သလဲ၊ ဒါကို မေးတာ”

“အဖိုးတန်တယ် မတန်ဘူး ဆိုတာကို ရှင်က ဘယ် … သတ်မှတ်ထားသလဲ”

“ဘာ”





“သူဟာ ဘာတွေ အဖိုးတန်တယ်လို့ ရှင့်ကို ကျွန်မက ဘာလို့လုပ် ပြောရမလဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဘယ်လောက်ပြောပြော ရှင့်အတွက် သူက ဘယ်တော့မှ အဖိုးတန်တဲ့သူ ဖြစ်မှာမှ မဟုတ်ဘဲ၊ အဖိုးတန်တယ် မတန်ဘူးက တန်ဖိုးထားတဲ့သူရဲ့ သတ်မှတ်ချက် ခံစားချက်ပါ”

မင်းနရီက မကျေနပ်သလို နှာခေါင်းတစ်ချက်ရှုံ့လိုက်ပါသည်။ ဆိုလိုတာက မင်းနရီက တန်ဖိုးထားမှာ မဟုတ်ပေမဲ့ သူမအတွက်ကတော့ မြေဝသန့်ဟာ အဖိုးထိုက်တန်တဲ့သူ တစ်ယောက် ဆိုတဲ့သဘောပေါ့။

“ဒါနဲ့ နေပါဦးရှင့်”

“ပြော”

“ရှင် ကျွန်မကို ဘာတွေ လျှောက်မေးနေတာလဲ”

ကကြိုးက တကယ်ပဲ တအံ့တသြ မေးကြည့်မိသည်။ သူ လာမေးနေတာတွေဟာ ဘယ်လောက်များ အရေးကြီး အရေးပါတာတွေမို့လဲ။ သူ့အတွက် ဘာများ အကျိုးထူးနိုင်တာတွေမို့လဲ။ သူလိုလူက ကကြိုးလို ပါမွှား မိန်းကလေး တစ်ယောက်ကို အရေးလုပ်ပြီး လာမေးနေတဲ့ မေးခွန်းတွေက အူကြောင်ကြောင်နဲ့။ ဒီလူဟာ သူ့ချစ်သူ ရုတ်တရက် ဆုံးပါးကွယ်လွန်သွားတဲ့အတွက် အင်မတန် စိတ်ထိခိုက်ပြီး ရူးတိရူးကြောင်များ ဖြစ်သွားပါလေရော့သလား။



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းရှိလို့လို့ပဲ ဆိုကြပါစို့။ ဒါနဲ့"

မင်းနရီက ဝင်းလက်နက်ပြောင်နေတဲ့ သူ့ရဲ့ ရာဒီ ခာရီနက်ပြားပြားလေးကို ပင့်ကြည့်လိုက်ရင်း ...

"မင်း ဗိုက်မဆာဘူးလား"

"ရှင်"

"ငါ ရှေ့က ဂင်ဇာပဲန်မှာ တစ်ခုခု ဝင်စားမလို့၊ မင်းကို ဆေးရုံအရင်မပို့ဘဲ မုန့်ဆိုင် အရင်ခေါ်သွားလို့ ဖြစ်တယ် မဟုတ်လား၊ သိပ်မကြာပါဘူး၊ ရမလား"

ကကြီးက အံ့သြသြနှင့် မင်းနရီကို ငဲ့ကြည့်မိ သည်။

"ဝေါ် ... ဘာဖြစ်နေပြန်ပြီလဲ"

"ရှင်က မုန့်ဝင်စားမယ်၊ ကျွန်မကို ခေါ်သွားလို့ ဖြစ်တယ် မဟုတ်လား၊ ရမလား ဆိုတော့ အဲဒီအဓိပ္ပာယ်က ဘာလဲ ကျွန်မကို မုန့်ကျွေးဖို့ ခေါ်နေတာလား၊ ဒါမှမဟုတ် ရှင် မုန့်စားမှာကို ကျွန်မက ဘေးက လိုက်ထိုင်စောင့်ရမဲ့သဘော လား"

"ဟာ ... မင်း အတော်ချော်တောငေါ့တဲ့ မိန်းကလေးပဲ မိန်းကလေးတစ်ယောက်ကို ငါက ငါမုန့်စားနေတဲ့ဘေးမှာ ငုတ်တုတ်ကြီးထိုင်ဖို့ ခေါ်ပါ့မလား၊ မင်းကို မုန့်လိုက်စား ပါလို့ ခေါ်နေတာ ... ခေါ်နေတာ"





"သြော် ... ကျွန်မ တကယ်မရှင်းလိုက်လို့ပါ၊ ရှင်က ကျွန်မကို မုန့်ကျွေးလိမ့်မယ်လို့လည်း ကျွန်မက မထင်မိ ဘူးလေ၊ အဲဒါကြောင့်ပါ"

ကကြီးက ပြုံးစိစိလေး ဖြစ်မိသည်။ ဝန်ခံရရင် ကကြီး အလွန်အမင်းကို ဗိုက်ဆာမွတ်သိပ်နေတဲ့ အခိုက်ပါ။ မနက်က ဆေးရုံကို အလာလမ်းမှာ ဗယာကြော်လေး သုံးဆယ် ဖိုးကို သွားရင်း မတ်တတ် ဝယ်စားခဲ့တာပဲ ရှိသည်။ ဆေးရုံ ရောက်တော့ ဆေးဝယ်ရမည်ဆိုတာသိ၊ အောက်က ဆေးဆိုင်မှာ ဆေးကမရှိ ဆိုတော့ စိတ်တွေပူကာ ဒီကို အလောတကြီးထွက် လာခဲ့ပြီး ဆာလောင်တာကို မေ့နေခဲ့သည်။

အခု ဆေးလည်းဝယ်အပြီး စိတ်အေးသွားပြီဆိုတော့ အရမ်းကို ပြန်ဆာနေပါပြီ။ ဟိုးအရင်က မနက်ပိုင်း ဆေးရုံအလာ ကိုယ်စားဖို့ ခြင်းကလေးနှင့် ထည့်သို သယ်ဆောင်လာခဲ့သေးသည်။ (ဝသုန်ကတော့ ဘာမှမစားရသေး၍ ဘာမှသယ်ခဲ့ဖို့မလို)။ နောက် ပိုင်းတော့ ထိုခြင်းတစ်လုံးအတွက် ခပ်စောစောလည်း ထချက်ပြုတ် ရ၊ သယ်ရပိုးရ ဘတ်စ်ကား တိုးရကလည်း ကျပ်ညပ်သေးတာ နှင့် အဲဒီခြင်းကို မသယ်တော့ပါ။ ကြို့ရာလမ်းဘေးမှာ မုန့်ဟင်း ခါးတွေ၊ မုန့်ဟင်းခါး၊ အသုပ်တွေ၊ အသုပ်၊ ငှက်ပျောသီးတွေ၊ ငှက်ပျောသီး စသဖြင့် ဝယ်ယူဗိုက်ဖြည့် လိုက်သည်ပင်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွေးနှင့်ကိုယ် လိုက်မယ် မလိုက်ဘူး သဘော မတူရသေးခင် မင်းနရီရဲ့ကားက ဂင်ဇာပဲန်မုန့်ဆိုင်ရှေ့ ရပ်တန် ပြီးပါပြီ။ မုန့်ဆိုင်ကိုကြည့်၍ ကကြီး ရှိုးထိုးရှန့်တန့် ဖြစ်မိသည် ကကြီးကိုယ်မှာ မြန်မာပြည်ချုပ် Export လုပ်တဲ့ အထည်ထဲ ရိဂျက်ထည်လို့ခေါ်သည့် ဈေးခပ်ပေါပေါ ကိုယ်အတိကျပ်ကျ တံထောင်ဆစ်ကျော်ကျော် လက်ရှည်တီရှပ် ပန်းနုရောင် ခပ်နွမ် နွမ်းရယ်၊ ပန်းဖျော့ဖျော့ အရောင်အဆင်နှင့် ဗမာဖြစ် ပါတိတ် လုံချည်ကလေးရယ်နှင့်သာ။

ကိုယ့်နံဘေးက သူဌေးမင်းက အသားကုန်သန့်ပြီး တောက်ပြောင်နေတာ။ အို ... ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ကိုယ်က လိုက်တောက်ပြောင်နေလို့လည်း ဘယ်သူကမှ ကိုယ့်ကို သူ့ညီ သူ့ရည်းစား စသဖြင့် ထင်မှာမဟုတ်။ ရုပ်ရည်ချင်းကလည် ကွာသေးသည်။ "ဘယ်လိုပဲဖြစ်ဖြစ်"လို့ သဘောထားလိုက်သော ကကြီးရဲ့ ပုံသဏ္ဌာန်က ကုပ်ချိုချိုမနေတော့။ နဂိုနေ ပေါ့ပေါ့ ပါးပဲ ဖြစ်သွားပါသည်။

"ဟိုလေ ... တွေ့တဲ့သူတွေကတော့ ရှင့်ကို သူဌေးမင်း ကျွန်မကို အိမ်ဖော်လို့ ထင်ကြမှာပဲ၊ ဒီသူဌေးနဲ့ အိမ် ဖော်နဲ့ အတူတွဲပြီး မုန့်လာစားတယ်လို့ အံ့အားသင့်ကြ မယ် ထင်တယ်"

"ကျွတ်"





ကကြီးရဲ့ တွေးဆဆ စကားကို မင်းနရီက မနှစ်မြို့သလို ခပ်ဆတ်ဆတ် စုတ်သတ်လိုက်လေသည်။ သူ မကြိုက်တာ သိရ၍ ကကြီးက မျက်နှာပိုးသတ်ကာ သူ့နောက်မှ ခပ်ငြိမ်ငြိမ် လိုက်လာပါသည်။ ဆိုင်ထဲထိုင်မိကြလျှင် ကကြီးက ဟိုဟိုဒီဒီတွေ ဝေ့ဝဲငေးမောနေလိုက်သေးသည်။

"ဘာမှာမလဲ"

ကကြီးက လှမ်းမေးလိုက်တဲ့ မင်းနရီကို အေးအေးချမ်းချမ်းလေး ကြည့်လိုက်ရင်း ...

"ကျွန်မ မမှာတတ်ဘူး၊ ရှင်မှာတာပဲ နှစ်ပွဲမှာလိုက်ပါ၊ ဘာဖြစ်ဖြစ် ကောင်းမှာပါ"

မင်းနရီက သူစားမဲ့ မုန့်နှင့်ကော်ဖီကိုပဲ နှစ်ယောက်စာ မှာပါသည်။ ဒီကောင်မလေးဟာ မာနလေး ဘာလေးနဲ့ 'ဟင့်အင်း ... ကျွန်မ မစားတော့ပါဘူး 'ဆိုတာမျိုးလည်း တစ်ခွန်းတောင် ထွက်မလာ။ စားရမှာကို အကြိုက်တွေ့နေတဲ့ပုံတောင် ရသေးရဲ့။ ဘယ့်နှယ်ဟာမျိုးမှန်း မသိ ... ရယ်လို့ မင်းနရီက မကျေမနပ် ဖြစ်နေပါသည်။

ပွဲမတိုး၊ ဘောင်မဝင်၊ လူအထင်ကြီးအောင်လည်း မနေတတ်။ အရိုးခံဆိုတိုင်းလည်း ကောင်းတယ်မှတ်လို့။ ကိုယ့်စတိုင်လေးနဲ့ ကိုယ်တော့ ရှိရမှာပေါ့။ မင်းနရီက ကကြီးငြင်းလျှင်ပင် မရ,ရအောင် ဖွတ်ပြောခေါ်မည် ဖြစ်ပေမဲ့ မငြင်းမဆန် ငုတ်တုတ်ကြီး ပါလာတာကိုလည်း မနှစ်မြို့ချင်ပြန်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အင်း … သူ ဘယ်သောအခါမှ ငဲ့စောင်းကြည့်လိုက်မည် မဟုတ်တဲ့ အခြေအနေ အဆင့်အတန်းမျိုးက ထိုမိန်းကလေးနှင့် အတူယှဉ်တွဲကာ မုန့်ဆိုင်တောင် ထိုင်ဖြစ်နေပါလေရောလား။

မင်းနရီသည် ကကြီး လက်ထဲပါလာသည့် ကြွပ်ကြွပ်အိတ် အငယ်လေးထဲက ထိုးဆေးဘူးကတ်ကိုကြည့်ကာ …

"ဆေးက ဘာကိစ္စ မုန့်ဆိုင်ထဲထိ ပါလာရတာလဲ"

"သြော် … ဟိုလေ၊ ဘာမှ မဟုတ်ပါဘူး"

"ကားထဲ ထားလည်း ရသားပဲ၊ တကိုင်ကိုင်နဲ့ ကျကွဲတာ မေ့ကျန်ရစ်တာ ဖြစ်ဦးမှယ်"

"ကျမကွဲပါဘူး၊ မေ့လည်း မကျန်ရစ်ပါဘူး၊ သေချာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဆေးက သိပ်အရေးကြီးတယ်လေ၊ ကျွန်မ ခေါင်းထဲလည်း 'ဆေး' … 'ဆေး' ဆိုပြီး တစ်ချိန်လုံး ရှိနေတယ်၊ မေ့ကျန်စရာကို အကြောင်းမရှိဘူး"

မင်းနရီက နှုတ်ခမ်းတစ်ချက်ရွဲ့ပြီး ပခုံးတွန့်လိုက်မိပါသည်။ ပြောလိုက်ရင် ခပ်ပိုပိုနဲ့။ "ဆေး" … "ဆေး" … ဆိုပြီးတော့တောင် ခေါင်းထဲ အချိန်ပြည့် Alarm လုပ်နေတဲ့သဘော။

"ကားထဲ ထားတာကမှ သူများနှိုက်တာတို့ ဘာတို့ ဖြစ်နိုင်သေးတယ်"

"ကားထဲက ဘယ်သူက လာနှိုက်မှာလဲ"





"ကားပေါ်က ဆင်းလာတော့ ရှင်ခုန သော့ပိတ်တာမတွေ့ဘူး၊ မတော်တဆ အလစ်သုတ်သမားတစ်ယောက်က ရှင့်ကားကောင်းကြီးကို မျက်စိကျပြီး အထဲက တစ်ခုခုတိုလို့လျှိုလို့ ရလိုရငြား နှိုက်ရင် ကျွန်မဆေးဘူးလေးတွေ မတော်တဆ ပါသွားဦးမယ်"

"အောင်မလေးဗျာ၊ ရှာရှာဖွေဖွေ ကြံကြံစည်စည်ကို ဓာတ်လမ်းဖွဲ့ပြီးမှ ပူတာ၊ သူ့ဆေးဘူးလေးတော့ မပါပါစေနဲ့၊ ငါ့ကားထဲက တခြား တန်ဖိုးကြီး ဘာပါပါပေါ့၊ ဟုတ်လား"

"ရှင့်ကားထဲကဟာ မပါဖို့က ရှင်ပူရမဲ့ ကိစ္စလေ၊ မပါစေချင်တာရှိရင် ရှင်သိမ်းမယ်၊ ကားကိုသော့ပိတ်မယ်၊ ရှင်လုပ်မှာပေါ့၊ ကျွန်မ လုပ်ဖို့က ကျွန်မပစ္စည်း မပါဖို့ ရှင်းရှင်းလေးပဲ ဦးမင်းနရီရယ်"

မင်းနရီမှာ ထိုကောင်မလေးကို အမြင်ကတ်တက်နှင့် မျက်နှာကြီးသာ တွန့်ပြီး ကြည့်နေရသည်။ သူမဟာ မင်းနရီအပေါ် လူခင်လူရင်းသဘော မထားတဲ့ သဘောပေါ့။ လူခင်လူရင်း အဖြစ်ကော သဘောထားဖို့ လိုလို့လား။ အရင်ကလိုသာဆို ဒီလိုကောင်မလေးမျိုး တစ်ယောက် ကိုယ့်ကို တရင်းတနှီးလာဆက်ဆံနေရင် မင်းနရီဟာ မနှစ်မြို့ ခါချတတ်တဲ့သူမျိုးပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကားက ရိုမုတ်ကွန်ထရိုးသော့ ပါပြီးသား၊ ငါ ဒါနဲ့ လှမ်းဖိတ်ထားတာ၊ လုံခြုံတယ်၊ ဖွင့်ချင်လည်း ဒါနဲ့လှမ်းဖွင့်ရုံပဲ၊ ပစ်စလက်ခတ် မပိတ်ဘဲ ထားခဲ့တာ မဟုတ်ဘူး၊ မင်း ဘာမှလဲ မသိဘဲနဲ့ လုံခြုံတဲ့နေရာကို မလုံခြုံဘူးထင်ပြီး သွားလေရာ တကောက်ကောက် သယ်နေတယ်၊ ငါက တကယ်ကျကွဲမှာ မေ့ကျန်မှာ စေတနာနဲ့ စိုးရိမ်လို့ သတိပေးတာ"

"အဲဒါကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မ ဒီလောက် တန်ဖိုးထား ဂရုစိုက်နေတာ ကျွန်မ မေ့ပါ့မလား"

"ဘာလို့ ဒီလောက် တန်ဖိုးထားနေရတာလဲ"

"ဝသုန့်ကို တစ်နေ့တစ်လုံး သွင်းဖို့လိုတဲ့ဆေး ဖြစ်လို့က တစ်ချက်၊ နောက်ပြီးတော့ ... ဆေးက ဈေးကြီးတယ် ဦးမင်းနရီ"

"ဘယ်လောက်လဲ"

"တစ်လုံးကို ခြောက်ထောင့်ငါးရာတောင်"

ကကြီးက မင်းနရီကို တစ်ချက် အကဲခတ်ပြီးမှ ...

"ဦးမင်းနရီ အတွက်တော့ ခြောက်ထောင့်ငါးရာဆိုတာ အရေးမပါဘူး ဖြစ်ရင် ဖြစ်နေမှာပါ။ ကျွန်မတို့အတွက် တစ်နေ့ ခြောက်ထောင့်ငါးရာ ဆိုတာ ဝန်ကြီးတစ်ရပ်ပါ၊ တခြားဆေးတွေလည်း ရှိသေးတယ်၊ ကျွန်မတို့က ဆင်းရဲ





တော့ ကတ်စေးနည်းတယ်ပဲပြောပြော ကုတ်ကပ်သတ်တယ်ပဲ ပြောပြော ခုန ဒီဆေးသုံးပုလင်း တစ်သောင်းကိုးထောင် ငါးရာဖိုးကို လုယက်မဲ့ ဖျက်ဆီးမဲ့သူ ကြုံရင် အသက်နဲ့လဲ ကာကွယ်ရမှာပဲ"

မင်းနရီက မုန့်ကို ပလုတ်ပလောင်း စားရင်း ပြောတဲ့ ကကြီးကို အံ့မြင်ကတ်ကတ်နှင့် ကြည့်နေမိသည်။ အသက် ... ဘယ်လိုလဲပြီး ကာကွယ်လည်း သိရအောင် သူ့ဆေးတွေကို ...တ်တောင် ဖျက်ဆီးပစ်ကြည့်ရမလိုပင်။ အတော်အသည်းပိုတဲ့ ...းကလေး။

သူ့မျက်နှာလေးဟာ သူ့ချစ်သူအတွက် ပူပန်သောက ...နွမ်းလျနေပေမဲ့ အဲလို နွမ်းလျနေတာကိုပဲ မင်းနရီ ကြည့်မရ ...နေတာ။ သည်းလွန်းတယ်။

"မင်းရဲ့ မြေဝသုန်ကလည်း ဆင်းရဲတာပဲလား"

"ကျွန်မတို့ထက်တော့ ပြည့်စုံပါတယ်။ ဒါပေမဲ့ ဝသုန်တို့ ပြည့်စုံတယ် ဆိုတာမျိုးဟာလည်း ရှင့်အဖို့တော့ ဟားစရာ ဖြစ်နေဦးမှာပါ၊ အိမ်ပိုင်လေး ရှိတယ်၊ သူ့အမေမှာ ရွှေလေး ဘာလေး ရှိတယ်၊ ဒါပဲပေါ့ရှင်၊ စ,ဖြစ်ကတည်းက သူ့အမေလည်း အိပ်ရာထဲလဲတာ၊ သူ့အမေလည်း ရှိတာစုဆောင်းထားတာလေးကုန်လို့ ရွှေတွေထုတ်ရောင်းသုံးနေရတဲ့ အခြေအနေ ရောက်နေပါပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ဝသုန့်အနေအထားက နောက်ထပ် ဘယ်လောက်ထိ ဆက်ကုသရမယ်မှ မပြောတတ်တာ၊ ကုန်ဦးမှာပါ၊ ဖြစ်ပြီဆိုတော့လည်း ကိုယ်ချစ်တဲ့ ကိုယ့်တစ်ဦးတည်းသော သားလေးအတွက် ဘာပဲရောင်းချကုရကုရ မိဘတွေ ကုရဦးမှာပေါ့၊ ဒါကြောင့်လေ ဒီနေ့ ဆေးသုံးပုလင်းကတော့ ဝသုန့်အတွက် ကျွန်မ ဝယ်ပေးတာ"

"ဪ ..."

"ကျွန်မ မုန့်ဖိုးလေးတွေ စုထားတာ နှစ်သောင်းကျော်ကျော်လေး ရှိတာ၊ ဘာပဲဖြစ်ဖြစ် ကျွန်မ လုပ်အားခထဲက ပိုက်ဆံလေးပဲလေ၊ အမေ့ကိုအပ်ပြီး အမေ မုန့်ဖိုးပြန်ပေးတာကို စုထားတာ၊ အဲဒီပိုက်ဆံနဲ့ ဝသုန့်အတွက် ထိုးဆေးဝယ်ပေးနိုင်တာကို ကြည်နူးလို့ မဆုံးဘူး၊ ဝသုန့်အတွက် ဒီထက် လုပ်ပေးနိုင်ချင်ပေမဲ့ ကိုယ်တတ်နိုင်သလောက်ပေါ့ ဦးမင်းနရီရယ်"

မင်းနရီက ကကြီးကို စူးစိုက်ကြည့်နေကာ ...

"မင်း အဲဒီမုန့်စက်ရုံမှာ လုပ်နေတာ ဘယ်လောက်ရလဲ"

"လခနဲ့ မဟုတ်ဘဲ ပြီးသလောက်နဲ့ လုပ်ခရတာဆိုတော့ တစ်ခါတလေလည်း သုံးသောင်းနီးပါး တစ်ခါတလေလည်း နည်းနည်းလျော့ အဲဒီပတ်ဝန်းကျင် ရပါတယ်၊ အခု ပြီးခဲ့တဲ့အပတ်ကစ,ပြီး ကျွန်မက ညဘက်တွေ အိမ်နားက





ကလေးတွေကို သူငယ်တန်းကျူရှင် ပေးကြည့်နေတယ် ... အဟင်း၊ ကကြီး ခကွေးတွေ အောဘီစီဒီတွေပဲ သင်ရတာကိုး ကျွန်မ သင်နိုင်တာပေါ့"

"မင်းက ပညာအရည်ချင်း ဘာလဲ"

"ကျွန်မ ဆယ်တန်းကျ"

မင်းနရီက စိတ်ထဲက ကျိတ်ပြီး ရှို့မဲ့မိပြန်ပါသည်။ အတော်ကိုညံ့တဲ့ မိန်းမတစ်ယောက်ပါပဲလား။ မင်းနရီရဲ့ စံတွေထဲမှာတော့ အနိမ့်ဆုံးတောင် သူမထက် အပြန်ပြန်သာသည်။

"တစ်ယောက်ကို နှစ်ထောင်နဲ့ သုံးယောက်ကို သင်ပေးနေတယ်၊ အဟင်း ... ခြောက်ထောင် ငွေပိုထွက်လာမှာပေါ့၊ အဲဒါကို ကျွန်မ စုထားမှာ၊ ဝသုန် ခွဲတဲ့အခါ စရိတ်ထဲ ထည့်ဖို့လေ"

မင်းနရီ ရင်ထဲမှာ အင့်တင့်တင့် နင့်တင့်တင့် ဖြစ်သွားခဲ့သည်။ ခပ်နွမ်းနွမ်းလေးပဲပြုံးပြီး ပြောနေပုံထဲမှာ မေတ္တာစေတနာတွေအပြည့်။ အဲဒီမေတ္တာစေတနာမျိုးတွေကို မင်းနရီက ဘာ နန္ဒာကို ပေးအပ်ဖူးသလား ?။ နန္ဒာကကော မင်းနရီကို ပေးအပ်ဖူးသလား ?။ ဟင့်အင်း။ မပေးဖူး မရဖူးတာ သေချာသည်။ ဘာကိုမဆို တတ်နိုင် ဝယ်နိုင် သုံးနိုင်နေတော့လည်း ချစ်သူကို တစ်စုံတစ်ခုပေးဖို့ရာ ဒီလောက် စေတနာမစိုက်ထုတ်ခဲ့ပေ။

www.burmeseclassic.com



ဒီလို ရှားရှားပါးပါး သူ့အတွက် ထူးခြားဆန်းကြယ် နေတဲ့ စေတနာမေတ္တာတွေကို ဘာမဟုတ်တဲ့ သာမညောင်ည အနှိမ့်တန်းက ကောင်တစ်ကောင်က ဖောဖောသီသီ ရနေသည်။ ဒီလိုကောင်စားမျိုးမှာ သူ့အတွက် အသက်တောင်ပေးမယ်ဆိုတဲ့ ဆေးကုဖို့ ငွေစုတဲ့၊ တမြတ်တနိုး တဖွဖွ ဂရုစိုက် အရေးယူတဲ့ တကယ့်ကို အစစ်အမှန် စေတနာထားတဲ့၊ သိပ်ချစ်တာလည်း သိသာနေတဲ့ ချစ်သူတစ်ယောက် ပိုင်ဆိုင်ထားရပြီး မင်းနရီလို ဒီကောင့်ထက် အဘက်ဘက်ကသာတဲ့ သူတစ်ယောက်မှာ ဒီလို ချစ်သူတစ်ယောက်လည်း မရှိခဲ့။

အဲသလို အချစ်လည်း မခံခဲ့ရ။ စေတနာထားတာ လည်း မခံခဲ့ရ။ ဂရုစိုက် ယုယမှုကိုလည်း မခံစားခဲ့ရ။ ကိုယ့် အတွက် ဘယ်သူကမှလဲ အသက်ပေးမှာ မဟုတ်။ မင်းနရီသည် ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလည်း ပြုံးချင်၊ မဲ့လည်း မဲ့ချင်။ ဒီ ကောင်မလေးကို သူ အမြင်ကတ်ကတ်နေရခြင်းမှာ မနာလိုတာ တွေလည်း ပါမည်။

အဲဒီ မြေဝသုန် ဆိုတဲ့ကောင်ကိုလည်း မုန်းပြီးရင်း မုန်းရင်းပင်။ နန္ဒာကို သေစေတယ်လို့ တစ်ယူသန် ယူဆထား တာအပြင် သူကျတော့ သူ့ကို သိပ်ချစ်တဲ့ ချစ်သူတစ်ယောက်နဲ့ ကိုယ့်ချစ်သူကတော့ သူက သေစေလိုက်လို့ လောကမှာတောင် မရှိတော့တဲ့ အဖြစ်ကိုလည်း တွေးလေ အခဲမကျေလေ။





"မင်း ဒီလိုမနက်ပိုင်းတော့ အားလပ်နေတယ်ပေါ့"

"ဟုတ်ကဲ့"

"အဲဒီအချိန်ရော အလုပ်မလုပ်တော့ဘူးလား"

မင်းနရီက ရွဲ့မေးတာပင်။

"ဘယ်မှာလဲဟင် အလုပ်၊ ရှင်ပေးမလို့လား"

ကကြိုးခပ်သွက်သွက် ပြန်မေးလိုက်တာကြောင့် သူ့ မှာ အာစေးထည့်သလိုကြီးတောင် ဘာမှ မပြောနိုင် မဆိုနိုင် ကြောင်အ,သွားသည်။

"လုပ်ခကောင်းကောင်းလေး အတော်အသင့် ရမယ်ဆိုရင် ဒီမနက်ပိုင်း;လည်း ကျွန်မ လုပ်ချင်သေးတာ၊ အလုပ်မှ မရှိဘဲနဲ့၊ ဆေးရုံလာဖို့က ကိစ္စမရှိဘူး၊ ဝသုန့် ညီအစ်ကို ဝမ်းကွဲလေးတွေရှိတာ သူတို့ကိုပဲ လာခိုင်းပြီး ကျွန်မက စနေ တနင်္ဂနွေမှဖြစ်ဖြစ် လာမှာပေါ့၊ ရတာပဲ၊ သူ့ကို ခွဲစိတ်ကုသတဲ့ အချိန်ကျရင် ငွေက အတော်ကုန်ကျဦးမှာ ဆိုတော့ ကျွန်မ ဘယ်လောက်ပိုစုနိုင်စုနိုင် အကျိုးရှိတာပဲ"

"မင်းက ဘာတတ်လဲ၊ ဘယ်နေရာမှာ တော်သလဲ"

"ကျွန်မလေ ဘာတတ်တယ် ဘာတော်တယ်လို့ မယ်မယ် ရရ မပြောနိုင်ပေမဲ့ ဘာကိုဖြစ်ဖြစ် မဖြစ်ဖြစ်အောင် ရအောင် ကြိုးစားလုပ်မှာပဲ၊ ကျွန်မက ဘယ်နေရာမဆို သုံးလို့ရမဲ့ သူမျိုးပါ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မင်းနရီက သက်ပြင်းတစ်ချက်ချပြီး ပိုက်ဆံအခါ ရှင်းလိုက်ပါသည်။

"ကဲ ... သွားစို့"

နှစ်ယောက်သား ဆိုင်ထဲက ထွက်လာကာ ပလက်ဖောင်းပေါ်အဆင်း ရုတ်တရက် စကိတ်ဘုတ်ပြား စီးလာတဲ့ နိုင်ငံခြားသား ကလေးငယ်တစ်ယောက်သည် သူတို့နှစ်ဦးရှိရာ တည့်တည့် ဂျွ၊ဆင်းလာရာ မင်းနရီက ကကြိုး လက်တစ်ဖက်ကို ဆောင့်ဆွဲပြီး ရှေ့ကို တွန်းပုတ်ဖယ်ထုတ်လိုက်ရသည်။

ဖြစ်ချင်တော့ ကကြိုးရဲ့ လက်ထဲက ဆေးပုလင်းအထုပ်လေးဟာ ပလက်ဖောင်းပေါ်ကို လွင့်ခနဲ အကျ၊ စကိတ်ဘုတ်ပြားရဲ့ ဘီးတွေက ဆေးဘူးပြားလေးကို ကျကျနန ဒက်ထိနင်းကြိတ်သွား။ ကောင်ကလေးက သူ ဘာကိုနင်းကြိတ်လို့ ကြိတ်မှန်းတောင်မသိ၊ အနည်းငယ် ကိုးရိုးကားရား အခြေပျက်သွားပြီးနောက် ဆက်စီးသွားပါတော့သည်။

"ဟင် ... ကုန်ပါပြီ၊ ကုန်ပါပြီ၊ ကျွန်မ ထိုးဆေးပုလင်းလေးတွေ ကွဲကုန်ပြီ"

ကကြိုးသည် ပလက်ဖောင်းပေါ် ဆောင့်ကြောင့်ထိုင်လိုက်ပြီး သူ့အထုပ်ထဲက ဆေးရည် အစိုအစွဲ ဖန်ကွဲအစအနတို့ကို ခြေမကိုင်မိ လက်မကိုင်မိ နှမြောတသခြင်းကြီးစွာ ကိုင်ကြည့်ကာ ကလေးတစ်ယောက်နှယ် ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။





"သွားပြီ ... သွားပြီ ... ကုန်ပါပြီ"

"ဟိတ် ...၊ လမ်းမကြီးမှာ ငိုစရာလား၊ ကျွတ် ... ပြဿနာပဲ"

ကကြိုးပုံစံဟာ မင်းနရီ အတွက်တော့ ရှက်စရာ။ လမ်းမမှာ ဆောင့်ကြောင့်ကြီးထိုင်ကာ အော်ကျယ် အော်ကျယ် ပြောဆိုပြီး ငိုယိုနေတာ။ ဒီပလက်ဖောင်းမှာ လူရှင်းပေမဲ့ ဖြတ်သွား ဖြစ်လာကားတွေက ခေါင်းထွက်ကြည့်သွားကြသည်။

"ဟိတ် ... ထ,စမ်းကွာ၊ ရှက်စရာကြီး၊ မင်း မရှက်ဘူးလား"

ကကြိုးသည် ရုတ်တရက် နီရဲခက်ထန်သော မျက်နှာနှင့် ဒေါသတကြီး ခုန်းခနဲ ထ,ရပ်လိုက်ကာ ...

"မရှက်ဘူး၊ လုံးဝမရှက်ဘူး၊ ကိုယ်နှမြောလို့ ကိုယ်ငိုတာ၊ ရှင့်ကြောင့်၊ ရှင် ... ရှင် တမင်လုပ်တာ မဟုတ်လား ဦးမင်းနရီ ... ဟင်"

"ဘာ"

"ရှင် ဝသုန့်အတွက် ဆေးတွေကို တမင်တကာ စိတ်ယုတ်မာနဲ့ ဖျက်ဆီးတာ"

"ဟာ ... မင်း ဘယ်လိုပြောလိုက်တာလဲ၊ ဟိုချာတိတ်လေးရဲ့ စကိတ်ဘုတ်နဲ့ မင်းနဲ့ တည့်တည့်ကြီး ဝင်တိုက်တော့မှာမို့လို့ မင်း ကိုးရိုးကားရား လုပ်နေလို့ ငါဆွဲဖယ်ပေးလိုက်တာ ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မ ဆေးထုပ်ကိုင်ထားတဲ့ လက်ကိုမှ ဆွဲခါပစ်လိုက်တာ"

"ဟော့ ... မင်းကို စေတနာနဲ့ ဆွဲဖယ်တာကွ၊ မင်းလို ကလိမ်ကကျစ်မျိုး တွေးတောင် မတွေးမိဘူး၊ ငါကဘာဖြစ်လို့ ဆေးကို ဖျက်ဆီးရမှာလဲ၊ ငါဆွဲမဖယ်ရင် မင်းကို စကိတ်ဘုတ်ပြားနဲ့ ဝင်တိုးပြီး မင်းပါ ချော်လဲရင် ဆေးပုလင်းရော မင်းတစ်ကိုယ်လုံးရော ကွဲပြီမှာ"

"ဒါပေမဲ့ ရှင် တမင်လုပ်တာ ... ရှင်"

ကကြီးသည် လမ်းမကြီးပေါ်မှာပင် မင်းနရီရဲ့ လက်မောင်းကို ဆွဲလိုက် တဖုန်းဖုန်းထုလိုက် ငိုလိုက် လုပ်လေတော့ရာ မင်းနရီမှာ ဒေါသတကြီး မျက်နှာတွေပါ နီမြန်းလာသည်။

"တောက် ... မင်း ဘယ်လိုဖြစ်နေတာလဲ"

"ရှင် တမင်လုပ်တာ၊ ရှင် ယူယုတ်မာ၊ ရှင် လျော်ပေး၊ အခုလျော်ပေး"

မင်းနရီသည် ကားတံခါး ဆွဲဖွင့်ကာ ကကြီးကို ဒေါသတကြီး ဆောင့်တွန်းထည့်လိုက်သည်။ ပြီးတော့ သူလည်း တစ်ဖက်မှပတ်ကာ ခပ်မြန်မြန် ဝင်သည်။ စက်နှိုး၍ ဝူးခနဲ မောင်းထွက်လျှင် ကကြီးက မင်းနရီကို ဆက်လက်ထုနက်ကာ ရှိုက်ကြီးတငင် ငိုနေတော့ရင်း ...





"ရှင် မုန့်ဆိုင်ထဲကို ကျွန်မ ဆေးပုလင်း ယူခဲ့တာကတည်းက သည်းလို့ဆိုပြီး အမြင်ကတ်နေတာ မဟုတ်လား၊ ဒီလောက်တောင် ဖြစ်လှတာဆိုပြီး ရှင် တမင်တကာ လုပ်ပစ်တာပါ၊ ပြီးတော့ ... ပြီးတော့ ... ရှင်က ဝသုန့်ကိုလည်း သေစေချင်တာလေ၊ မသေလို့ ရှင့်မှာ မကျေမချမ်း ဖြစ်နေတာ ...

ဝသုန်သေမှ ရှင် စိတ်ကျေနပ်မှာ၊ ဒါကြောင့် ဝသုန်သေအောင် ဝသုန့်အတွက်ဆေးကို ရှင် ဖျက်ဆီးတာပဲနေမှာပေါ့"

"ဟား ... တော်စမ်း၊ မင်းရဲ့ အရူးချေးပန်း စကားတွေ၊ ကလေးကလားတွေ၊ တောက် ...၊ ငါ့အသားကိုလည်း ထပ်မထိနဲ့တော့နော်၊ မင်း ခုချက်ချင်းရပ်လိုက်၊ ပါးစပ်ကိုလည်း ပိတ်ထား၊ တစ်ခုခု ထပ်လုပ်ရင် ငါ့ကို အဆိုးမဆိုနဲ့"

ကကြီးက ထုရိုက်တာကို ရပ်လိုက်သော်လည်း ငိုရှိုက်မပြီးပဲ ...

"ရှင် ဝသုန့်ဆေးတွေကို ..."

"ပါးစပ်ပိတ်ထားလို့ ပြောနေတယ်မဟုတ်လား၊ မင်းဆေးကို ငါ ပြန်ဝယ်ပေးမယ်၊ လျော်ပေးမယ်၊ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



ဤစကားတစ်ခွန်းကြောင့် ကကြီးရဲ့ ရန်တွေ့စကား [illegible] အကုန်ရပ်တန့်ကာ မျက်နှာကို လက်ဝါးပေါ် ချောက်ချပြီး ခပ်တိုးတိုးနှင့် တအစ်အစ် တရှိုက်ရှိုက်သာ ငိုနေပါတော့သည်။

"ငါ့မှာ အပြစ်ရှိလို့ ဝယ်ပေးမှာ မဟုတ်ဘူး၊ မင်း မှတ်ထား။ မင်းအတွက် ပြန်မဝယ်နိုင်တဲ့ ပစ္စည်းတစ်ခု ဖြစ်နေလို့ စေတနာနဲ့ ကူညီပြီး ဝယ်ပေးမှာ၊ မင်းရဲ့အကောင်ကိုလည်း မုန်းတယ် မုန်တယ်၊ ခွင့်မလွှတ်ဘူး မုန်တယ်၊ ဒါပေမဲ့ အဲသလို တမင်တကာ ဖျက်လိုဖျက်ဆီးတော့ မလုပ်ဘူးဆိုတာ မင်း မှတ်ထားစမ်း၊ ငါ အောက်တန်းကျတဲ့ကောင် မဟုတ်ဘူး ...

လူတစ်ယောက်ကို မုန်းရင် ဆွဲထိုးပစ်လိုက်မယ်၊ ကလိမ်ကကျစ်နဲ့တော့ သူ့ ပျက်စီးဆုတ်ယုတ်အောင် မလုပ်ဘူး၊ မင်း ငါ့ကို မယုံသင်္ကာနဲ့ စွပ်စွဲစော်ကားတာ နောက်ဆုံးဖြစ်ပစေ၊ နောက်တစ်ခါ ငါ့ကို လူယုတ်မာလေး ဘာလေးနဲ့ စော်ကားစကား ထပ်ပြောရင် မင်းမလွယ်ဘူး"

မင်းနရီက "မေ"ဆေးဆိုင်ကိုပြန်ကာ ထိုးဆေးဘူးကြီးတစ်ဘူး(၁၀-လုံး)ကို ဝယ်လိုက်ပါသည်။ ကားထဲ ပြန်လာကာ ကကြီးရဲ့ပေါင်ပေါ် ဘူးကိုပစ်တင်လိုက်ပြီး ဘာကြောင့်မှန်းမသိ ရင်မှာနာကြင်နေသည်။ ကကြီးသည် အရှိုက်ရှိုက် အငင်ငင်နှင့် ဆေးဘူးကို ဖွင့်ကြည့်ရင်း နောင်တရ အားနာသလို ...





"အများကြီး မလိုပါဘူး ဦးမင်းနရီ၊ ကျွန်မ မုန့်ဖိုးလေးနဲ့ ဝယ်ထားတဲ့ သုံးလုံးလေးပဲ ပြန်ရရင် ကျေနပ်ပါပြီ"

"ဝယ်ပြီးနေပြီ၊ ဘာမှ အပိုပြောမနေဘဲ ယူသွားလိုက်"

"ရှင့်ကို စော်ကားသလို ပြောမိတာ တောင်းပန်ပါတယ်"

မင်းနရီက ကကြီးကို အံကြိတ်လျက်က လှည့်ကြည့်ပြီး ...

"မလိုဘူး၊ တောင်းပန်မနေနဲ့၊ ဒါပေမဲ့ ငါ ဒီနေ့မပြောသေးဘူးလို့ စဉ်းစားထားတဲ့ စကားတစ်ခွန်းကိုတော့ အကြောင်းတိုက်ဆိုင်လို့ ပြောလိုက်မယ်၊ အခု ဆေးဝယ်ပေးတာ မင်းဆီ ငါလာတာတွေဟာ မင်းကို ငါ ချစ်လို့ လာနေတာ ဆိုတာကို ခေါင်းထဲ မှတ်ထားလိုက်၊ မင်းကို ငါချစ်တယ်၊ ဟုတ်ပြီနော်၊ အေး ... ဒါပဲ"

ကကြီးသည် မျက်လုံးဝိုင်းစက်၍ တောင့်တင်းငြိမ်သက်နေခဲ့သည်။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



# ၇

အပေါ်ထပ်က ဦးလေးကျော်နှင့် ဒေါ်ဒေါ်မြိုင် လင်မယားနှစ်ယောက် ခုတစ်ရက် နှစ်ရက် ဆူဆူညံညံနှင့် ရန်တွေဖြစ်နေကြတာကို အောက်ထပ်က ကြားသိနေတဲ့ ကကြီးတို့ သားအမိလည်း စိတ်မချမ်းသာပါ။

"ငွေရေးကြေးရေးကိစ္စပဲ ဖြစ်ပုံရတယ် သမီးရေ၊ သွားတော့ မမေးနေနဲ့ဦး၊ မကြားချင်ယောင်သာ ဆောင်နေပါကွယ်"

"ဒေါ်ဒေါ်မြိုင့် သွေးတိုးက ကျတာမဟုတ်ဘူး၊ အချိန်မရွေး သွေးကြောပိတ်နိုင် လေဖြတ်နိုင်တယ်လို့ ဆရာဝန်က ပြောထားတာ။ ဦးလေးကျော်ကလည်း စကားနည်းရန်စဲ နေလိုက်တာ မဟုတ်ဘူး"

မနက်တိုင်း ဈေးသွားဝယ်ပေးပြီး အပေါ်ထပ်ကို ပို့ပေးကာ ကိုယ်တိုင်ချက်တဲ့နေ့လည်း ဝင်ချက်ပေး၊ ဦးလေးကျော်





ချက်တဲ့အခါလည်းချက်၊ ဒေါ်ဒေါ်မြိုင်ကလည်း ထူထူထောင်ထောင်ရှိတဲ့နေ့မှာ သူကိုယ်တိုင် ချက်သည်။ အစကတည်းက ချစ်ချစ်ခင်ခင် နေကြရာက ဝသုန် ခုလိုဖြစ်တဲ့နောက်မှာတော့ ကကြီးဟာ ဒေါ်ဒေါ်မြိုင်တို့ရဲ့ သမီးရင်းတစ်ယောက်လိုကို သူတို့အိမ်ရဲ့အရေးကိစ္စတွေမှာ ထဲထဲဝင်ဝင် ပါဝင်လာခဲ့ရကာ မိသားစုဝင်ကဲ့သို့ ဖြစ်နေပေပြီ။

နေ့လယ် အလုပ်မသွားမီ ဒေါ်ဒေါ်မြိုင့်ဆီ ခဏတက်လာတဲ့ ကကြီးသည် အိပ်ရာပေါ် ခွေခွေကလေးရှိတဲ့ ဒေါ်ဒေါ်မြိုင့်ကိုမြင်လျှင် ...

"ဟင် ... ဒေါ်ဒေါ်မြိုင် နေမကောင်းဘူးလား"

"လူက နွမ်းနယ်တာပါပဲ သမီးရယ်၊ မူးတော့ မမူးပါဘူး၊ ဒီနေ့ သွေးမတက်ဘူး ထင်ပါရဲ့"

ဦးလေးကျော်က မုန့်ရုံမှာ အလုပ်ပြန်ဆင်းနေပြီဖြစ်ရာ နေ့လယ်ဆို အိမ်မှာ ဒေါ်ဒေါ်မြိုင် တစ်ယောက်တည်းပင်။

"သမီး မနက်က သားလေးဆီ ရောက်သေးလား"

"ဟုတ်ကဲ့၊ ရောက်တယ် ဒေါ်ဒေါ်မြိုင်၊ ဝသုန်က တစ်နေ့ထက်တစ်နေ့တော့ ကြည့်ရတာ လန်းဆန်းပါတယ်၊ သူ့ကို ခွဲစိတ်ရင် ဆေးရုံကြီးနဲ့ မျက်နှာချင်းဆိုင်က အာရုံကြောဆေးရုံကို ပြောင်းတင်ရမယ်တဲ့၊ အဲဒီမှာ ခွဲရမယ်တဲ့"

"ခွဲရတော့မယ်တဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ အတိအကျ မသိသေးဘူး ဒေါ်ဒေါ်မြိုင်"

ဒေါ်ဒေါ်မြိုင်သည် မျက်ရည်ရစ်ဝဲလာတဲ့ မျက်ဝန်းကို ပုတ်ခတ်ရင်း ...

"ဒီရက်အတွင်းလည်း ငွေရေးကြေးရေးကိစ္စ ညည်းဦးလေးနဲ့ စကားများရတယ်ကွယ်၊ သမီးတို့လည်း ကြားရင်ကြားမှာပေါ့၊ ငွေကြေးကျပ်တည်းလာတော့ ရန်စကားတွေဝင်လာတာ ခမ္မတာပါပဲလေ၊ ပြီးတော့ ဖြစ်ရတာကလည်း ဒေါ်ဒေါ်မြိုင့်ဘက်က အပြစ်ပါ"

ကကြိုးသည် ဘာမှဖွင့်မမေးဘဲ ဒေါ်ဒေါ်မြိုင့်စကားကို ငေးငေးကလေးနှင့်သာ နားထောင်နေပါသည်။

"ဟိုးတုန်းကတည်းက စုဆောင်းမိတဲ့ ပိုက်ဆံလေး ပိုရင် ရွှေလေးလုပ်ထား လုပ်ထားနဲ့ ရွှေထည်လေးတွေ မနည်းဘူး ရှိပါတယ်၊ လိုရင် တစ်ခုတလေ ရောင်းသုံးလိုက်၊ နောက် ပြန်စုလိုက်နဲ့ပေါ့၊ ဒါပေမဲ့ အခု တကယ့်တကယ် လိုပြီဆိုမှ ..."

ဒေါ်ဒေါ်မြိုင်က သက်ပြင်းရှိုက်ရင်း ...

"အတော်များများက မောင်စိုး ယူပေါင်သုံးထားတယ်"

မောင်စိုး ဆိုသည်မှာ ကကြိုးတို့က ဦးစိုးဟုခေါ်သည့် ဒေါ်ဒေါ်မြိုင့် မောင်အရင်း ဖြစ်ပါသည်။





"မောင်စိုးကလည်း သူ ငွေလိုလိုက်၊ ဒေါ်ဒေါ့်ဆီက တချို့တလေ ယူပေါင်ပြီးသုံးလိုက်၊ ငွေပြန်ပေါ်တော့ ပြန်ရွေးပေးလိုက်နဲ့ ဒီလိုပဲ သံသရာလည်နေတာ။ သူတို့လည်း ငွေရင်းက မရှိလှတော့ ဒီလိုပဲ ရှာဖွေရင်းနှီး စားနေရတာ သမီးလည်း အသိပဲ၊ အစ်မရဲ့ပစ္စည်း ဆိုတော့ ယူရပြောရ အားမနာရတာကလွဲရင် သူ့ခမျာ ငွေပေါ်တာနဲ့ ပြန်ရွေးပြီး အစေ့အင ပြန်ပေးနေကျပါကွယ် ...

ဒါတွေလည်း သမီးဦးလေး သိတဲ့အကြိမ်သိ၊ မသိတဲ့အကြိမ်လည်း မသိပေါ့လေ၊ အမြဲ အစေ့အင ပြန်ရွေးပေးနေကျပါဆိုတော့ ယုံကော ယုံရဲ့လား မသိပါဘူး၊ ခုလို ငွေလိုနေချိန် ဒေါ်ဒေါ့်မှာ ဘာမှ ဟုတ်တိပတ်တိ မရှိတော့ သူလည်း စိတ်တိုတာပေါ့၊ ဒါကြောင့် ဟိုးတလောက လက်ကောက်ကိုလည်း ဒေါ်ဒေါ် ပေါင်မနေဘဲ သမီးကို အပြတ်ရောင်းခိုင်းလိုက်တော့တာ ...

ဒီကြားထဲလည်း သမီးအဲမေကို အဖော်ခေါ်ပြီး ဟိုတစ်ရက် နေ့လယ်က ဒေါ်ဒေါ့်ကြိုးကလေး ငါးမတ်သားလောက် တစ်ကုံးဟာ နီးရာမှာပဲ သွားရောင်းလိုက်တော့တယ်၊ ဒါလေး သုံးနေရတာ၊ ကုန်ရင် ရောင်းပစ်စရာတောင် ပစ္စည်းမရှိတော့ဘူး၊ မောင်စိုးကလည်း ပြန်ရွေးမပေးနိုင်သေးဘူး၊ ငွေမလည်သေးဘူး၊ ဒေါ်ဒေါ့်မှာတော့ သမီးဦးလေး စိတ်ဆိုး ဒေါသဖြစ်တာ ခံနေရတာပေါ့ကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုတဲ့အချိန် ကိုယ့်မောင်ဆီက ပြန်မရနိုင်တော့ လင်ဆီ မျက်နှာငယ်ရတာပေါ့၊ မောင်စိုးလည်း ဒါကိုသိတော့ ဘယ်လိုလုပ် စိတ်ကောင်းနိုင်ပါ့မလဲ ...

သူလည်း အပူအပြင်းတော့ ကြီးစားနေတာပဲ၊ အင်းလေ ... ဒါတွေ ပြောနေရတာ သမီးလည်း စိတ်ဆင်းရဲပါ့မယ်၊ ဒေါ်ဒေါ်မြိုင် ပြောချင်တာကကွယ်၊ ဝသုန်ခွဲဖို့ စိတ်ဖို့များ နီးပြီဆိုရင်တော့ ဒေါ်ဒေါ်မြိုင် ဒီအိမ်ဂရန်လေး ပေါင်ချင်တယ်၊ သမီးမှာ အသိအကျွမ်း ရှိမလား၊ မရှိရင်လည်း မိတ်ဆွေအပေါင်းအသင်းထဲ မေးမြန်းပြီး အိမ်ပေါင်ခံတဲ့သူများ စုံစမ်းကြည့်ပါဦး သမီးရယ်"

ကကြိုးသည် စိတ်ထိခိုက်ရခြင်းကြောင့် မျက်ရည်တွေ လည်လာသည်။ ကိုယ်ကလည်း သူတို့ထက် ဆင်းရဲသူဖြစ်၍ တစ်ဖက်တစ်လမ်း ဘာမှ အကူအပံ့ မပြုနိုင်။

"ငွေအရေးတကြီး လိုပြီဆိုရင်တော့ လောလောဆယ်ဒါပဲ ပေါင်နှံစရာ ရှိတယ်၊ ဝသုန့် အတွက် အိမ်ပါကုန်သွားသွား ပြန်မကောင်း ကောင်းလာအောင်တော့ ကုရမှာမဟုတ်လား သမီးရယ်၊ အရေးကြီးတာက အပေါင်ခံမဲ့သူတွေ့ဖို့ပဲ၊ ပေါင်ရင်လည်း ကိုယ်တွေ ဒီအိမ်ပေါ်က ဆင်းမပေးရဘဲ နေခွင့်ရမှ ဖြစ်မှာ သမီး၊ အဲဒါလေး တစ်ဆိတ်ကူညီစုံစမ်းပေးပါဦး သမီးရယ်၊ နော် ..."

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်မြိုင်"





ကကြိုးက အသံကလေးတုန်တုန်နှင့် အဖြေပေးလိုက်ရပါသည်။ "ဟုတ်ကဲ့ပါ"ဆိုတာထက် ဘာများရော ပိုပြောစရာရှိလို့လဲ။ လောကွတ်ကလေးမျှတောင် အပိုလုပ်ပြီး ပြောအားမရှိ။ ကိုယ့်မှာကလည်း စေတနာ မေတ္တာကလွဲရင် လက်ချည်းဗလာ။

"ဒေါ်ဒေါ်ကလည်း အိမ်ထဲကအိမ်ပြင် သွားတဲ့သူ မဟုတ်တော့ အဲလို အသိအကျွမ်း ဗဟုသုတက မရှိ"

တကယ်တော့ ကကြိုးလည်း ဗဟုသုတတော့ မရှိလှပါ။ ကိုယ့်မှာ ငွေထုတ်ချေးနိုင်မယ် ထင်ရတဲ့ ချမ်းသာတဲ့သူဌေးအသိရယ်လို့ အလုပ်ရှင်သာ ရှိတာ။ တခြားသိကျွမ်းသမျှထဲမှာ လူချမ်းသာရယ်လို့လည်း မပါပါ။

"ညည်းဦးလေးကတော့ ဘာပြောဦးမယ် မသိဘူး၊ ဘာပဲပြောပြောပါ၊ နောက်ဆုံး တခြားကမှ ငွေရစရာမရှိရင် ဒီလိုပဲ လုပ်ရမှာပါပဲ၊ သူလည်း သူ့သားအတွက်တော့ ဘာမှ ပြောမှာ မဟုတ်ပါဘူး၊ မောင်စိုးကိုသာ ဒါတွေ မှပြီး ဒေါ်ဒေါ်ကို ဖိပြောနေတော့တာပေါ့ကွယ်"

"ဟုတ်ကဲ့ ... သမီး စုံစမ်းကြည့်ဦးမယ် ဒေါ်ဒေါ်မြိုင်"

"အေး ... အေး ...၊ ကဲ သမီး အလုပ်သွားရမှာ မဟုတ်လား၊ သွားတော့၊ ဪ ... ဟိုတစ်နေ့က ဝသုန့်အတွက် ဆေးတွေ သမီး စိုက်ဝယ်ထားတာတွေ ရှိသေးတယ်မို့လား၊ ဘယ်လောက်ဖိုးတွေ ရှိနေလဲ၊ ပြန်ယူပါ သမီး၊ ဆေးဖိုးတွေက နည်းတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မယူပါဘူး ဒေါ်ဒေါ်မြိုင်ရယ်၊ မယူဘူးဆိုတာ ... ဟို ... သမီး ပိုက်ဆံနဲ့ စိုက်ဝယ်ရတာလည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်ကလဲ၊ ဆယ်ရက်စာလောက် ရှိနေတယ်ဆို"

"ဟုတ်ကဲ့၊ တခြားတစ်ယောက် ဝယ်ပေးတာပါ"

"တခြားတစ်ယောက် !! ... ဘယ်က တခြားတစ်ယောက်လဲ၊ ဒီလောက်ငွေတွေ အများကြီးကျမှာကို၊ ဘယ်သူဝယ်ပေးတာတုန်း"

"ဟို ... ဦးမင်းနရီ ဆိုတာ၊ သူက ဝသုန်နဲ့ တိုက်တဲ့ကားက ဆုံးသွားတဲ့ ဆရာဝန်မလေးနဲ့ စေ့စပ်ထားတဲ့ ချစ်သူပါ"

"ဩော် ... ဖြစ်တုန်းက ဒေါသတွေကြီးပြီး ပေါက်ကွဲနေတာ မဟုတ်လား၊ အမှုလုပ်မယ် ဘာမယ် လုပ်သေးတယ်ဆို၊ အတော်ခွင့်မလွှတ်နိုင်တာ မဟုတ်လား၊ အခုကျမှ ဘယ်လိုဖြစ်ပြီး"

"သူက စိတ်ဆိုးတာလည်း ဆိုးတာပဲ ဒေါ်ဒေါ်မြိုင်၊ ခုထိလည်း တစ်ခါတလေ မာရေကျောရေပါပဲ၊ ဒါပေမဲ့ အဲဒီနေ့ကတော့ သမီးက ဝသုန့်ဖို့ ထိုးဆေးသုံးလုံး ဝယ်လာတာ၊ အဲဒါ သူနဲ့ ခိုက်မိပြီး ဆေးပုလင်းတွေ ကျကွဲသွားတယ်"

"ဩော် ..."





"သမီး အော်ငိုပြီး သူ့ကို ရန်ရင်းဆန်ခတ် လုပ်လိုက်တော့ သူလည်း စိတ်ပဲ ထပ်တိုသွားတာလား၊ သနားပဲ သနားလို့လား မသိပါဘူး၊ အလျော်ဝယ်ပေးသွားတာပါ၊ သူ အလျော်ဝယ်ပေးတာက ဆယ်လုံးတောင်မှမို့ ဆယ်ရက်စာ ဖူလုံသွားတာပါ"

"ဩော် ... ဘာပဲဖြစ်ဖြစ် ဆယ်ရက်စာ ဆေးဖိုးကူညီသွားတဲ့သဘောပဲ ဆိုတော့ ဒီလူလည်း ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေလေ၊ သူ့ဟာသူ စိတ်ပဲဆိုးဆိုး သနားပဲသနားသနား ပြေပြေလည်လည် ဆက်ဆံလိုက်ပါ သမီးရယ်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်မြိုင်"

ကကြိုးသည် ပြန်တွေးမိကာ ပခုံးလေးကျုံ့ပြီး ရင်ဆွဲတောင် တုန်လာပါသည်။ အဲဒီလူရဲ့ ဒေါသထွက်တဲ့ မျက်နှာကြီးဟာ ကြောက်ဖို့ တကယ်ကောင်းပါသည်။ အံကြိတ်ပြီး ကကြိုးကို လှည့်ကြည့်လိုက်တာများ လိပ်ပြာလွင့်သွားမလားထင်မိသည်။ ကိုယ်ကလည်း ပိုက်ဆံမရှိတဲ့သူမို့ ဆေးတွေ ကျကွဲနေတာကို အတော်နှမြောစိတ်တိုကာ ရန်တွေလုပ်လိုက်မိတာဆိုတာ။

ခုပြန်တွေးတော့ ခုပြန်ကြောက်ကာ အားလည်း ရမိသည်။ သူ့ရဲ့ ကြော့မော့သန့်ပြန့်လှတဲ့ ဟန်ပန်ဂုဏ်သရေကို ထိခိုက်အောင်ကို ကကြိုးက ထုနှက်ရိုက်ပုတ်ခဲ့မိတာ။ သူ ရှက်



www.burmeseclassic.com

www.burmeseclassic.com



ရက်နဲ့ အဘိုးကို ကားပေါ်ပိတ်တွန်းထည့်လိုက်တာလည်း ခေါင်းဆောင် နည်းနည်းဆောင့်မိပါသေးသည်။ သူလို သူ့ဒွေးကြီးကို အဆွှတ်တောင်းမိတော့ သုံးပုလင်းကို ဆယ်ပုလင်းလျော်သွားသော့တာလေ။ မရှိတဲ့သူအတွက်တော့ ဝမ်းသာစရာ ပွတာပေါ့။

အဲ ...။ အဲဒီနေ့က သူပြောသွားခဲ့တဲ့ နောက်ဆုံးစကားကကော ဘာသဘောလဲ။ ကကြိုး နားထဲ ခုပဲ ပြန်ကြားယောင်လာသည်။ "မင်းကို ငါ ချစ်လို့ လာနေတာ ဆိုတာကို ခေါင်းထဲ မှတ်ထားလိုက်"တဲ့။ "မင်းကို ငါချစ်တယ်၊ ဟုတ်ပြီနော်၊ အေး ... ဒါပဲ"တဲ့။ ဘယ်လိုများ အမြီးအမောက် မတည့်လိုက်တဲ့ စကားလည်းလို့။ သူ ဘာတွေ လျှောက်ပြောသွားပါလိမ့်။

သူ့ချစ်သူကဖြင့် သေတာ တစ်လတောင် မပြည့်သေးဘူး။ ဒီအချိန်မှာ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို သူက ထပ်ချစ်မိစရာလား။ တမင်တကာ မုန်းမုန်းနဲ့ အရွဲ့တိုက်ပြောသွားတာများလား။ ဘာမှန်းကို မစဉ်းစားတတ်တော့ပါဘူး။ ကြားကြားချင်းမှာတော့ ကကြိုးဟာ အသက်ရှူတောင် ရပ်သွားမသလား ထင်ရသည်။ သူကလည်း သူ့ဟာသူပြောပြီး သူ့ဟာသူ ရှက်ရှက်နဲ့ စိတ်တွေ ပိုတိုကာ ဆေးရုံရှေ့ ကားရပ်ပြီး 'ဆင်း'တဲ့ ဟစ်လုံးတည်းနဲ့ နှင်ချတော့တာ။

ကကြိုးလည်း မြန်မြန်ဆင်းပြီး မြန်မြန်ပြေးထွက်လာခဲ့တာပင်။ နောက်ကြောင်းကို လှည့်မကြည့်။ အမှန်တော့ သူ့ကို





အကဲခတ်ချင်သေးသား။ သူ ဘာသဘောနဲ့ ပြောတာလဲ ဆိုတာကိုလေ။ ဘာပဲဖြစ်ဖြစ် အဲဒီလူဟာ ဝသုန့်ကို မုန်းတီးနေတာကလွဲရင် လူကောင်းတစ်ယောက်လို့ သတ်မှတ်ရမည့်သူပါ။ အစစအရာရာ အဆင့်အတန်းလည်း မြင့်လှသည်။ လူကြီးလူကောင်းဆန်လှသည်။

အင်း ...။ တွေးမိမှ ကကြိုးမှာ သူ့ဒွေးမိတ်ဆွေရယ်လို့ သူတစ်ယောက်လည်း ရှိသေးသားပဲ။ သူက မိတ်ဆွေ ဟုတ်တယ် မဟုတ်ဘူး ပြောရခက်ပေမဲ့ ကိုယ့်ကို ချစ်တယ်လို့တောင်မှ (ဘာကြောင့်မှန်းမသိ) ပြောထားတဲ့သူပဲလေ။ အရေးကြုံရင်တော့ နည်းနည်းပါးပါး အားကိုးလို့ရကောင်းပါရဲ့။ သို့သော်လည်း ကိုယ် အကူအညီတောင်းရမည့် ကိစ္စဆိုလို့ (ကိုယ့်ချစ်သူ) သုန်နှင့် ပတ်သက်လို့ပဲ ရှိတဲ့ဟာ။ ကူညီမယ် အားကြီးကြီး။

ထိုနေ့က ကကြိုးသည် အလုပ်ကိုအသွား ကျပ်ခဲခွတ်သိပ်နေတဲ့ ဘတ်စ်ကားကို တိုးစီးရင်း ဟိုတစ်ရက်က ဆောက်တဆ လိုက်စီးဖြစ်ခဲ့ရတဲ့ ဦးမင်းနရီရဲ့ မွှေးပျံ့အေးမြလှတဲ့ ကားအကောင်းစားကြီးကို ဖျတ်ခနဲ အာရုံရောက်မိသားပင်။ အဲဒီအခါ ဘာမှန်းမသိတဲ့ သက်ပြင်းလေးကို စိတ်ပျက်ပျက်နှင့် ရှုတ်ထုတ်မိရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်ညစ်နှင့် မုန့်ရုံကို ရောက်လာတဲ့ ကကြီးသည် သူ့အနား ပြုံအုံလာတဲ့ မုန့်ထုပ်သမတို့ကြောင့် အလန့်တကြားများပင် ဖြစ်ရသည်။

"ဟဲ့ ... ကကြီး ... ကကြီး ... နင့်ဖို့ ပုံးကြီးတစ်ပုံး ရောက်နေတယ်"

"ဘာပုံးကြီးလဲ၊ အမှိုက်ပုံးကြီးလား၊ စိတ်ညစ်ရတဲ့အထဲ အစ်မမြင့်ရယ်"

"ဘာအမှိုက်ပုံးကြီးလဲ၊ ဘယ်က ဟုတ်ရမှာလဲ။ ဒါပေမဲ့ ဘာပုံးကြီးမှန်းတော့ မသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"တစ်ခုခုဆိုတာတော့ ရှင် ပြောမှလား ဒေါ်မြင့်ရဲ့"

"ငါ ဆိုလိုတာက အထဲမှာ အဆန်းတကြယ် တစ်ခုခု ဖြစ်ရမယ်လို့"

တစ်ယောက်တစ်ပေါက် စိတ်ထက်သန်စွာ ပြောငြင်းနေကြတာကို ကကြီးက သိပ်တောင် စိတ်မဝင်စားနိုင်သေး။ ဒေါ်ဒေါ်မြိုင်တို့ အရေးကိစ္စကိုပဲ ခေါင်းထဲ ရောက်နေသည်။ အိမ်ပေါင်ခံမည့် ငွေရှင်သူဌေးကို လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းတွေကြားကတစ်ဆင့် စုံစမ်းရာ လက်ခံမည့်သူတော့ နှစ်ဦးရှေ့





ပါရဲ့။ နှစ်ဦးလုံးက အိမ်ပေါ်မှာ လူနေခွင့်မပြုနိုင်ဘဲ ဆင်းပေးရမည်ဆိုတဲ့ စည်းကမ်းချက်ကို ကိုင်ထားကြသည်။

ဒေါ်ဒေါ်မြိုင်တို့ လင်မယားက ဆင်းပေးနိုင်သည်။ အမျိုးတွေအိမ် ခေတ္တခဏ တက်နေမည်ထားဦး။ အောက်ထပ်က အိမ်ငှားနှစ်ခန်းဖြစ်တဲ့ ကကြီးတို့ရယ်၊ ဟိုဘက်က ဒေါ်သန်းသန်းတို့ရယ်က ဘယ်လို လုပ်ကြမလဲ။ ကကြီးကလည်းပဲ ချစ်သူဆေးကုနိုင်ရေး ယောက္ခမကို မျက်နှာလုပ်ကာ ခဏဖယ်ပေးပြီး အမေ့ညီမအိမ် စသဖြင့် ခဏတစ်ဖြုတ် ရွှေ့နေမည်ထား။ အမေကကော သဘောတူမလား။

ကိုယ် အိမ်ငှားတုန်းက စပေါ်ပေးထားရတာ။ ဒီစပေါ်ပြန်မပေးဘဲ ဟိုဘက်က ဒေါ်သန်းသန်းကရော ဖယ်ပေးမလား။ ဘယ်ဖယ်ပေးပါ့မလဲ။ ပြီးတော့ ဒီအိမ်ပေါင်ရငွေတချို့က ဝသုန်စိုက် သုံးပစ်လိုက်ရမှာ။ ဒေါ်ဒေါ်မြိုင်တို့ပင် ဘယ်တော့မှ ဒီအိမ်ကို ပြန်ရွေးနိုင်မှာလဲ မသိတဲ့ဟာ။ ဖြစ်နိုင်ဖို့များတာကတော့ ရွေးနိုင်တဲ့အဆုံး အိမ်ကိုရောင်း၊ အပေါင်ငွေနဲ့ ထေလိုက်ရင် ပိုထွက်လာမဲ့ ငွေပိုနဲ့ တခြားမှာ ပြန်ဝယ်။ ဒါပဲ ဖြစ်နိုင်ဖို့များနေပါသည်။

အဲဒီ အခြေအနေအထိ ဒေါ်သန်းသန်းလည်း စပေါ်ရတဲ့ မဆင်းနိုင်။ ကကြီးရဲ့ အမေသည်ပင် (ပြေလည်စေချင်တဲ့ စေတနာရှိတယ်ထား) စပေါ်ငွေ ပြန်မရဘဲ ဆင်းပေး ဖယ်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



တော့ ကြံစည်ရမည် မထင်။ ကိုယ်ချင်း ဘယ်လိုဂင်ခင်ခင် ဘယ်သို ဝတ်သက် ပတ်သက် အခြေအနေကြီးက မဘင်မကျ ဖြင်နေတဲ့ဟာ။

ငွေက လိုတော့မည်။ ပေါင်ဖို့က မဖြစ်နိုင်သေး။ သူတို့ အပြောအရ အိမ်ပေါင်ခံသူတို့ဟာ လူကို ဖယ်ခိုင်းမှာ သေချာတယ်တဲ့။ လူသိလူရှင်းမှ မဟုတ်တာတဲ့။ ဒီတော့ ဘယ်လို လုပ်ကြပါ့မလဲ။

ဝသုန့်အတွက် အခြေအနေတစ်ခုက အဆင်ပြေသည်မှာ နောက်လထဲတွင် စင်ကာပူနိုင်ငံမှ ဦးခေါင်းပိုင်းနှင့် အာရုံကြော ခွဲစိတ်ပညာရှင်တချို့ မြန်မာပြည်သို့ ဆေးပညာပူးပေါင်းဖလှယ်ရေး အစီအစဉ်တစ်ခုအဖြစ် ရောက်ရှိလာမည်ဖြစ်ရာ ဝသုန့်ကို ထိုအစီအစဉ်၌ ခွဲစိတ်ကုသမှု ခံယူမည့်သူစာရင်းထဲ စာရင်းသွင်းထားပါသည်။

နာမည်ကျော် ပညာရှင် ဆရာဝန်ကြီးတွေ လာခွဲစိတ်ပေးမည့် အချိန်နှင့် အချိန်ကိုက် အခွဲခံခွင့်ရတာဟာ အခွင့်အရေးကောင်းပဲပေါ့။ ကိုယ့်ဘက်က ကုန်ကျစရိတ်ကတော့ ခန့်မှန်းခြေငါးသိန်းမှ ဆယ်သိန်းကြားလောက်တော့ ရှိမှာလို့ မှန်းဆရပါသည်။ အပြင်မှာ ကိုယ့်စရိတ်နှင့်ကိုယ် ခွဲစိတ်ကုသရမည်ဆိုလျှင် ဝသုန့်ဝေဒနာမျိုးက အထွေထွေအဝဝ အနည်းဆုံး သိန်းနှစ်ဆယ်လောက်တော့ ကုန်ကျမှာ ဟု ဆရာမတွေက ပြောကြသည်။





ဘယ်လိုပဲဖြစ်စေ ကိုယ် ကုန်ကျရမည့်ငွေကို ပေးဆောင်ရှိအောင် ကိုယ် ရှာဖွေထားရမှာ။ ခုထိ ဘယ်လိုမှ အဆင်မပြေဘဲ ရှိရာ ဒေါ်ဒေါ်မြိုင်ဟာ အိမ်ရောင်းမည်လို့ပင် ကြေညာလေသံစ်ထားပါ၏။ ပေါင်လို့ရမဟဲ့အဆုံး ရောင်းပစ်ရ ပစ်ရ။ ရောင်းတော့ကိစ္စက လွယ်လွယ်သွက်သွက် မဟုတ်၍ စောစောစီးစီး အမြန်ဆုံး ကြေညာထားပစ်လိုက်တာပင်။

ဤကိစ္စတွေက ကကြိုးကိုပါ နေ့စဉ်နှင့်အမျှ ရိုက်ခတ်နေကြ၍ ကကြိုးလည်း တစ်ရက်မှ စိတ်မချမ်းသာ။ ဆေးရုံရောက်ပြန်တော့လည်း မလှုပ်မယှက် မျက်စိကလေးသာ ရွှေ့နေတဲ့ ဝသုန့်ကို ကြည့်ပြီး တိတ်တိတ်မျက်ရည်ခိုးကျရ။ အိမ်မှာကျန်တော့လည်း ငွေကြေးခက်ခဲနေတဲ့ ဒေါ်ဒေါ်မြိုင်နှင့် ဦးလေးကျော်တို့ရဲ့ ပင်ပန်းမှုတွေ ညည်းညူမှုတွေကြောင့် စိတ်ဆင်းရဲမျက်ရည်ကျရ။

ဝသုန့်ကို အင်မတန် ချစ်မြတ်နိုးသော်လည်း ကိုယ့်ဘဝအခြေအနေကလည်း ဘာမှ မတတ်နိုင်တဲ့ အခြေအနေလေ။ ဖြစ်နိုင်ရင်တော့ ကိုယ့်ချစ်သူ အသက်ရှင် ကျန်းမာရေးအတွက် ညီစိုက်ထုတ် ကုန်ကျခံပေးဖို့ ငွေကြေးများစွာ ချမ်းသာတဲ့သူတစ်ယောက် ဖြစ်လိုက်ချင်လှသည်။

"ဟဲ့ ... ဒီမှာဟဲ့၊ ပုံးကြီး"

ကကြိုးတို့နဲ့အတူ မုန့်ထုပ်ပိုးကြတဲ့ ဥာနက မုန့်ထုပ်သမတို့ဟာ အလုပ်မလုပ်နိုင်သေးဘဲ သူတို့ စိတ်ဝင်စားရာကို



www.burmeseclassic.com

www.burmeseclassic.com



အာရုံရောက်နေကြသည်။ တစ်ယောက်က ရိုးရိုးစက္ကူကတ်ထူပုံး ညီတိုတိုတစ်လုံးကို သယ်လာပါသည်။ အလျား အနံ အမြင့် တစ်တောင်ပတ်လည်လောက်ရှိတဲ့ ပုံးက ကတ်ထူညိုရောင် ရိုးရိုးပဲဖြစ်ပေမဲ့ ဖဲကြိုးအဝါရောင်ကြီးဖြင့် ကြက်ခြေခတ် ပတ်စည်းထား၍ သာမန်ပုံးတစ်ခု မဟုတ်ဘဲ စိတ်ဝင်စားဖို့ကောင်းနေကြတာပင်။

"ရုံးခန်းကို လာပေးသွားတာတဲ့ ကကြီးရဲ့"

"ဘယ်သူ လာပေးတာလဲ"

"ငါတို့လည်း ဘယ်သိမလဲ၊ မနက်ကတည်းက ပေးသွားတာတဲ့၊ ရုံးခန်းက ကိုလှဦးက အစ်ကိုလေးကို သွားပေးတာ။ အစ်ကိုလေးက ဒီကတ်ပြားကို ဖွင့်ကြည့်ပြီး ကကြီးနာမည် တပ်ထားတယ်၊ ထုပ်ပိုးရုံကို သွားပို့လိုက်ပြောလို့ ကိုလှဦး လာပို့တာ"

ကကြီးက ထိပ်မှာ စုချည်ထားတဲ့ ဖဲကြိုးပွင့်ဝါဝါမှာ တွဲရက်ရှိနေသော ကတ်ပြားကို ဗွာအံ့တသြ ဖွင့်ကြည့်လိုက်ပါသည်။

"သို့

မကကြီး

မုန့်ထုပ်ပိုးဌာန၊

(......) မုန့်စက်ရုံ ..."





နာမည်နဲ့ အလုပ်လိပ်စာသာ ရေးထားတဲ့ ကတ်ပြားမှာ ပေးပို့သူအမည်လည်း မပါ။ ကကြီးသည် ပုံးကို စိုက်ကြည့်ပြီး ဘာလုပ်ရမည်မသိ ဖြစ်နေသည်။

"ဘယ်ကဟာလဲ မသိပါဘူး"

ဒီပုံးကြီးအကြောင်း စဉ်းစားနေစဉ် အချိန်မပုပ်ရအောင် မုန့်ထုပ်ရာမှာ ဝတ်ဆင်ရမြဲ ဆံပင်တွေ ပေါင်းထုပ်ထားတဲ့ ဦးထုပ်ဖြူ၊ ရင်ရှေ့မှာ ဖုံးကာစည်းနှောင်ပြီး ဝတ်ရတဲ့ အေပရွန်အဖြူတို့ကို ဝတ်နေတာမို့ ...

"ဟဲ့ ... နင့် ကြည့်ရတာ အေးစက်စက်နဲ့၊ ပုံးကြီးဖွင့်ကြည့်ဦးလေဟဲ့"

"ဟာ ... အစ်မမြင့်ကလည်း ဘယ်ကမှန်းမသိ ဘာတွေမှန်းမသိ"

"မသိလို့ ဖွင့်ကြည့်ခိုင်းတာပေါ့ဟဲ့"

"ဘယ်သူပေးတာလဲလည်း မသိဘူး၊ ကျွန်မမှာ အဲသလို ပေးမဲ့သူမှ မရှိတာ၊ အထဲမှာ မဟုတ်က ဟုတ်ကတွေဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"မဟုတ်က ဟုတ်ကဆိုတာ နင်က ဘာကိုပြောတာလဲ"

"အိုး ... ဥပဒေနဲ့မလွတ်ကင်းတာတို့၊ နောက် ဟိုဒင်း ... တစ်ယောက်ယောက်က နောက်ပြီး အမှိုက်ထုပ်တွေ ထည့်ပေးရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ဥပဒေနဲ့ မလွတ်ကင်းတာတွေ နင့်ဆီပို့လို့ ဘာအကျိုး ရှိမှာမို့ ဘယ်သူက ပို့မှာလဲ ပြော။ နောက်ပြောင်ပြီး အမှိုက်စုတ်တွေ ထည့်ထားရင်လည်း လွှင့်ပစ်လိုက်ရုံပဲ။ အခုမဖွင့် တော်ကြာ ဖွင့်ရမဲ့ဟာ။ ဖွင့်သာဖွင့်စမ်းပါအေ။ ငါ ထင်တော့ နင့်ကို ပိုးပန်းတဲ့သူတစ်ယောက်ယောက် လက်ဆောင်လာပေးသလားလို့ပါဟယ်။ ဖွင့်ကြည့်စမ်းပါ၊ ဟို ... အစ့်ကိုလေး သူငယ်ချင်း ပိန်ရှည်ရှည်လူဟာလေ၊ သူများ တစ်ခုခု လာပေးသလားလို့ ငါက ထင်နေတာ"

"အာ ... အစ်မမြင့်ကလည်း၊ သူ ပေးတာဆိုရင်လည်း ဘာလို့ ယူရမှာလဲ"

"ဩော် ... လျှာရှည်လိုက်တာ ကကြီးရယ်။ ယူချင်ယူ မယူချင်နေ၊ နင့်ဟာနင် ဘာလုပ်လုပ်၊ ဘာတွေလဲ ဆိုတာ သာ အားလုံး သိချင်နေကြတာ၊ ကဲ ... ဖွင့်ကြည့်စမ်းပါ"

ကကြီးသည် သက်ပြင်းတစ်ချက်ချလိုက်ရင်း ပုံးကြီး ကို မဖြစ်မနေ ဖွင့်ရပါတော့သည်။ ကိုယ်တိုင်လည်း အင်မတန် အံ့ဩထူးဆန်းပြီး စိတ်ဝင်စားနေတာပါပဲ။ ဖဲကြိုးတို့ကို မထိရ မနာရအောင် ဂရုတစိုက်ဖြုတ်ပြီးသော် ပုံးအပေါ်က ခေါက်ဖုံးတွေ ဆုံရာကို တိပ်ပ်နှင့် ကပ်ထားတာမို့ ဓားယူပြီး ဂရုတစိုက် ခွဲရ သေးသည်။

ထို့နောက် ပုံးကို ဖွင့်လိုက်လျှင် ...





"ဟင် ..."

"ဟယ် ..."

"ဟာ ..."

အာမေဋိတ်သံမျိုးစုံနှင့် တစ်ယောက်စီရဲ့ လက်သို့ ...ဖျပ်ဖျပ် ပါသွားတဲ့ ပစ္စည်းတို့ကို ကကြီးမှာ ပါးစပ်အဟောင်း ...ားနှင့်သာ ငေးမောနေမိရသည်။

"အမလေး ... လှလိုက်တာ။ အသားလေးက ရွှအိနေတာ"

"ဟောဒီ ဖိနပ်ကမှ ရှယ်မှရှယ်၊ မြင်တောင် မမြင်ဖူးဘူး တော်"

"ဟဲ့ ... ဟဲ့ ... ကြေမွကုန်မယ်၊ ကျိုးပဲ့ကုန်မယ်၊ ဘာဖြစ် လို့ ညည်းတို့ အကြမ်းပတမ်း ဆွဲကိုင်နေကြရတာလဲ၊ လက်တွေကော သန့်ရဲ့လား၊ ချေးတွေ ပေကုန်ဦးမယ်၊ ပြန်ထည့်ကြ ... ပြန်ထည့်ကြ"

ဒေါ်မြင့်က ကကြီးကိုယ်စား ကြိုးအော်ကာ တစ် ...ာက်ချင်းစီထံမှ ကမန်းကတန်း ပြန်သိမ်းယူသည်။ စီးကွင့်စ် ... ထူလပျစ်နီးပါး ထိုးထားသော တွဲအိကျနေတဲ့ ပိုးသားအနက် ...င် အကျီလေးကတစ်ထည်။ ခြေသလုံးဘေးနှစ်ဖက်ကို ဒူးနား ...ာက်ရောက်အထိ ခွဲထားတဲ့ ထူအိအိ လေးတွဲတွဲ အနက်ရောင် ...တ်ရှည်ကတစ်ထည်။

ပြောင်လက်တဲ့ စိန်ပွင့်အကြီးကြီးတစ်ပွင့်ပါတဲ့ ခေါက် ...ငြ်မြင့်နှင့် မိနပ်အဖြူရောင် လှလှလေးကတစ်ရံ။ ပုတီးစေ့



www.burmeseclassic.com

www.burmeseclassic.com



လေးတွေပါတဲ့ လှပသော ပိုက်ဆံအိတ်ဖြူဖြူ ပြားပြားရှည်ရှည်လေးကတစ်ခု။

ဒေါ်မြင့်က အားလုံးကို ပြန်သိမ်းအုပ်ကာ ပုံးထဲပြန်ယူထည့်နေတဲ့အထိ ကကြီးသည် အဟောင်းသားပါးစပ်ကို မပိတ်နိုင်သေး။ ဘာတွေပါလိမ့်။ သူမနှင့်လည်း မအပ်စပ်။ သူမကို ဒါတွေပေးမည့်သူလည်း လောကမှာ ရှိမယ်မထင်။ အစ်မမြင့်ထင်သလို အစ်ကိုလေး သူငယ်ချင်း ပိန်ရှည်ရှည်များ ဖြစ်နေရော့လား။

သူဟာ အစ်ကိုလေးထံ အကြောင်းမရှိအကြောင်းရှာလာလည်ကာ ထုပ်ပိုးရုံဘက် ယောင်လည်လည်လာပြီး ကကြီးကိုပြုံးကြည့်တတ်တာ အမှန်ဖြစ်ပြီးလျှင် လူတိုင်းလည်း သိရှိရိပ်မိကြပါသည်။

"ဟဲ့ ... ရော့၊ ငိုင်မနေနဲ့"

အစ်မမြင့်က ကကြီး လက်ထဲကို စာအိတ်တစ်အိတ်လှမ်းထည့်ပေးပြန်သည်။ ပုံးအတွင်း ပစ္စည်းတွေရဲ့ ဟိုးအောက်ခြေမှာပါလာတာ။ ကကြီးက ခပ်သွက်သွက် ဖောက်ဖတ်ကြည့်လိုက်ရပါသည်။

"ကကြီး ...

မင်းကို စကားပြောစရာရှိတယ်။ Summit Hotel မှာ ညစာကျွေးရင်း စကားပြောချင်တယ်။ ငါနဲ့ တွဲသွားရင် သူဌေးမင်းနဲ့ အိမ်ဖော်လို့ လူတွေက ထင်ကြမှာပဲလို့





ပြောဖူးတဲ့ မင်းစကားကို မမေ့သေးတဲ့အတွက် မင်းဝတ်ဖို့ အဝတ်အစားတစ်စုံ လက်ဆောင် ဝယ်ထည့်ပေးလိုက်တယ်။ ဖိနပ်ကအစ မင်းနဲ့ အတော်ပဲဖြစ်နေပါလိမ့်မယ်လို့ မျှော်လင့်တယ် ...

ဒီညနေ ခြောက်နာရီခွဲတိတိမှာ မင်းတို့ လမ်းထိပ်မှာ ကားရပ်ပြီး စောင့်နေမယ်။ အားလုံး အသင့်ကြိုတင်စီစဉ်ပြီးဖြစ်တဲ့အတွက် မင်း မလာလို့ မရဘူး။ သိပ်ညဥ့်မနက်စေရပါဘူး ...

မင်းနရီ"

စာကို နှစ်ပြန်သုံးပြန်ဖတ်ရင်း ကကြီးရဲ့ လက်တွေအဆက်ဆက် တုန်ယင်လာသည်။ လက်တွေ တုန်ယင်နေတဲ့အတွက် စာရွက်ကလေးပါ တဖျပ်ဖျပ် တုန်ခါနေပါသည်။ ဒုက္ခပဲ။ ဘယ်လိုလုပ်ပါလိမ့်။ သူက ဘာများပြောစရာရှိလို့လဲ။ သူပြောစရာရှိတယ်ဆိုတာနဲ့ပဲ ဒီက ကောက်ကောက်ပါ လိုက်သွားရမှာလား။

Summit Hotel တဲ့။ တစ်ခါမှလည်း မရောက်ဖူး။ အရိပ်တောင် မနင်းဖူးတဲ့ ဟိုတယ်ကြီးတစ်ခုထဲမှာ အိုးနင်းခွက်နင်းတွေဖြစ်ရင် ရှက်စရာကောင်းလိုက်မဲ့ ဖြစ်ခြင်း။ ပြီးတော့ သူဆးတဲ့ အကျီတွေ ဝတ်ရမှာ။ တောက်ပြောင်လှပလွန်းအားကြီးတဲ့ ဒီဝတ်စုံကို ဝတ်ဆင်ရမှာ ရှက်လှပါဘိတော့။ တစ်လမ်းလုံးတော့ ဝိုင်းကြည့်ကြတော့မှာပင်။



www.burmeseclassic.com

www.burmeseclassic.com



အမေကကော ဘာပြောဦးမယ် မသိ။ သွားရမယ် မသွားရဘူးကို ကကြိုးလည်း ဝေခွဲမရ မဆုံးဖြတ်နိုင်။ အဆန်းအသစ်ဖြစ်လျက် စိတ်လှုပ်လှုပ်ရှားရှားနှင့် ရင်တွေ ခုန်လာတာတော့ အမှန်ပင်။ ဘာရယ် ညာရယ်မဟုတ်ပေမဲ့ ကိုယ့်ကို သူဌေးတစ်ဦးက ဝတ်စုံပါ ပို့ပေးပြီး ထမင်းစားဖိတ်တယ်ဆိုတဲ့ အဖြစ်အပျက်က ခေါင်းမော့ရင်ကော့ ဂုဏ်ယူချင်လောက်စဖွယ် ဖြစ်နေပါသည်။

ကကြိုးသည် ဖိနပ်ကလေးကို ပုံးထဲက ထုတ်ကာ တစ်ဖက်ချပြီး စီးကြည့်လိုက်သည်။ အလိုလေး ... ကွက်တိပါလား။ ကိုယ့်ခြေထောက်ပင် ကျက်သရေနည်းနည်းပါးပါး ပိုတက်လာသည့်နှယ် ခံစားရသည်။

"လှလိုက်တာ ကကြိုးရယ်။ နင်တော့ ပွတာပဲ။ ဘယ်က သူဌေးလဲဟင်"

အံကဲဝတ်နေသော အစ်မမြင့်က တိုးတိုးကပ်မေးသည်။ အားလုံးကလည်း ကွက်ကြည့် ကွက်ကြည့်။ ကကြိုးသည် ဘာပြန်ဖြေရမှန်း မသိဘဲ မျက်နှာလေး နီရဲနေသည်။ အစ်မမြင့်မေးခွန်းကိုလည်း ဘာမှ မတုံ့ပြန်ဖြစ်လိုက်။ မုန့်ထုပ်ပို့ မုန့်ဗန်းတစ်ဗန်းနှင့် လိုအပ်သည့် ပစ္စည်းတွေ သွားသယ်ယူလာခဲ့ပြီး တိတ်တိတ်ဆိတ်ဆိတ်နှင့် မုန့်ပဲ ကျုံးထုပ်နေလိုက်မိပါသည်။

ညနေ ခြောက်နာရီခွဲတဲ့။ အမလေး ... အသက်ရှူမရတော့အောင်ကို ရင်တွေ တုန်မောလိုက်တာနော်။

♥ ♥ ♥





# ၈

အဝေးက သူမ လျှောက်လာကကည်းက လှမ်းမြင်သည်။ မှုန်တရီမှာ အနက်ရောင် မင်းသမီးလေးလို 'လှလိုက်တာနော်' ဟုသာ ကျိတ်ရေရွတ်မိရသည်။ ဒီအဝတ်အစားတွေကြောင့် ဒီလောက် ရုပ်ဆင်းသဏ္ဌာန် တက်သွားမယ် မထင်မိခဲ့။ သေချာကြည့်တော့ ကကြိုးဟာ နှာတို့ ချောပုံ လှပုံမျိုး ချောလှတာ မဟုတ်ဘဲ တစ်မျိုးသော ရုပ်ဆန်းကလေးနှင့် ချစ်စဖွယ် စွဲမက်ဖွယ်ကောင်းတာမျိုးဖြစ်သည်။

ခြေလှမ်းတွေ မှားပြီး မျက်နှာလေးကလည်း ရှက်အားပိုနေလိုက်တာ။ ခြေလှမ်း မှားလည်းမှားချင်စရာ။ တစ်လမ်းလုံးနီးပါးက တအံ့တသြကြီးတွေ ထွက်ငေးကြည့်ကြတာ။ လှမ်းအားပြော နှုတ်ဆက်စပ်စုလိုက်တဲ့သူမျိုးကပါသေး။ ဒီလို မမြင့်အမြင် မသဲတကွဲ အချိန်မျိုး ဖြစ်နေတာတောင် ပြူးပြူးပြဲပြဲ ကြည့်ကြတုန်း။



www.burmeseclassic.com

www.burmeseclassic.com

ကား်နား လေးငါ;လှမ်းအလိုမှာတော့ ကကြိုးက ခပ်သွက်သွက် ပြေးကာ နောက်ခန်းတံခါးကို ဆွဲဖွင့်ပြီး ဂုန်းခနဲ ဝင်ထိုင်လိုက်ပါသည်။

"အောင်မယ် ... အမိ၊ မင်းက နောက်မှာ ဝင်ထိုင်တော့ ဒါကပဲ ဒရိုင်ဘာလိုလို"

"အို ... ဦးမင်းနရီရယ်၊ မြန်မြန်သာ မောင်းထွက်စမ်းပါ။ လူတွေ ဒီလောက်ကြည့်နေကြတဲ့ မျက်လုံးတွေအောက်မှာ ရှင့်ဘေး ဝင်မထိုင်ရဲလို့ပါ၊ ကဲပါ ... သွားပါ"

စိတ်ညစ်ညစ်လေး ညည်းညူနေတဲ့ ကကြိုးကို လှည့်ကြည့်နေရာမှ မင်းနရီက တည့်တည့်လှည့်ပြီး ကားကို မြန်မြန်မောင်းထွက်လိုက်ပါသည်။

"ရှင် ဘာမှ မသိဘဲနဲ့၊ အိမ်က ထွက်ရအောင် အမေ့ ပြောရတာကတစ်မျိုး၊ အပေါ်ထပ်က ဝသုန့်အမေကလည်း ကျွန်မ ဒါမျိုး ဝတ်စားထားတော့ လောကကြီး ဘာ ဖြစ်ကုန်ပြီလဲလို့ ကြက်သေသေသလို ဖြစ်နေတာ၊ ကျွန်မ ကလည်း သွားစရာရှိလို့လို့ပဲ အလွယ်ပြောခဲ့တယ် ...

ဒီအဝတ်အစားမျိုးတွေ ကျွန်မမှာ မရှိမှန်းသိ ဘယ်လိုတွေ ထင်မြင်တွေးပြီး ကျန်ရစ်ခဲ့မယ် မသိ အိမ်ရှေ့ ထွက်ကတည်းက တစ်လမ်းလုံး ထွက်ပြီး ကို မျက်လုံးကျွတ်ကျမတတ် အထူးအဆန်း ကြည့် တော့တာ"





"ကြည့်ရအောင်ပဲ မင်းက လှနေတာကိုး"

"ဘယ်ကလာရှင်၊ ဝတ်နေမကျတဲ့ အဝတ်မျိုးနဲ့ နေရ ထိုင်ရခက်ပြီး နဂိုမူမှန်ကို နေလို့မရတော့တာ၊ လူက မအပ်မစပ်နဲ့ လူတခြား အဝတ်တခြား ဖြစ်ခဲနေပြီပဲ ထင်ပြီး တောင့်တင်းနေမိတယ်"

"တကယ် ပြောနေတာ၊ မင်း လှနေတယ်"

"ကျွန်မ ဒါတွေ မဝတ်ခဲ့ဘဲ လာမလို့ပဲ၊ ရှင် တကူးတက ချိန်းဆိုတော့ အရေးကြီးကိစ္စ ဘာများရှိလို့လဲလို့ လာဖို့ပဲ စိတ်ကူးမိပေမဲ့ ရှင် ပေးတာတွေကိုတော့ ရှက်လို့ မဝတ်ခဲ့ချင် ဘူး၊ Hotel ကျရင် တအားစုတ်ပြတ်ပြီး တခြားလူတွေနဲ့ ကွဲလွဲနေမှာ ရှက်လို့သာ ကိုယ့်ရပ်ကွက်ထဲ အရှက်ခံပြီး အရဲစွန့်ဝတ်လာရတယ်"

"ဝတ်ရမှာပေါ့၊ ဝတ်ဖို့ ပို့ပေးတာပဲဟာ"

"ဒီဟာတွေ အားလုံး ပို့ပေးတဲ့အထိ ရင်းနှီးမြှုပ်နှံပြီး ရှင် ကျွန်မဆီက ဘာများ တောင်းဆိုစရာရှိလို့လဲဟင်"

"ကိစ္စက ကိစ္စပါ၊ ဒီအဝတ်အစားတွေ အိတ်တွေ ဖိနပ်တွေ ဆေးတာကတော့ ဘာကိစ္စနဲ့မှ မဆိုင်တဲ့ သီးသန့်လက် ဆောင်ပါ၊ ရင်းနှီးမြှုပ်နှံတာ မဟုတ်ပါဘူး၊ မင်းကို ဝတ် ဆေချင်လို့ပါ"

"ဒါမျိုးတွေ မဝတ်ရလို့ ဘာမှ မဖြစ်ပါဘူး ဦးမင်းနရီရဲ့"



www.burmeseclassic.com

www.burmeseclassic.com

“ဆေးတိုက်ရလို့ ဘာမှမဖြစ်ပေမဲ့ ဝတ်ရတော့လည်း နှစ်သက်စရာ မဟုတ်ဘူးလား”

“ဟုတ်တော့ဟုတ်ပါတယ်၊ ထမင်းခါစ်ခါဖိတ်ကျွေးဖို့ ရှိ ကုန်ကျသွားမှာ ဖနည်းဘူးမို့လို့ အရမ်းအားနာတာလည်း ပါတာပေါ့၊ ဝတ်လာရပြန်တော့လည်း ကျွန်မကို ရှိ အထင်တွေ့သေးမလားလို့ စိတ်ဆင်းရဲရပြန်တယ်”

“ဘာမှ တွေးမနေစမ်းပါနဲ့ကွာ၊ မင်းနဲ့ လှတယ်”

ကကြီးက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ မင်းနရီ ကားမောင်းတာ မြန်လှ၍ မကြာခင်ပင် ဟိုတယ်ကြီး တစ်ခုရှေ့ ရောက်လာသည်။ မြို့ထဲဘက် သိပ်မရောက်ဖြစ်ပေ ဒီဟိုတယ်ကြီးကိုတော့ ဖြတ်သွားဖြတ်လာ ကားပေါ်က တစ်ကြိမ် လောက်တော့ မြင်ဖူးပါသည်။

‘ဦးမင်းနရီက ထမင်းစားဖိတ်လို့’ဆိုတဲ့ ကိစ္စ အမေ့ကို မနည်းရှင်းပြခဲ့ရသည်။ နားမလည်လို့ မဟုတ်ပေ မယုံနိုင်သလို ဖြစ်နေတဲ့ အမေက ကကြီးနည်းတူ ပျာယာခတ် နေသည်။ ဝသုန်နဲ့ ကားချင်းတိုက်ပြီး ကွယ်လွန်ခဲ့တဲ့ ဆရာဝန် လေးရဲ့ ချစ်သူက သူ့သမီးကို ဘာကြောင့် ခုလို တွေ့ချင် စကား ပြောချင်ရပြီး ဘာကြောင့် ဒီလောက်လှပတဲ့ အဝတ်တွေ အိတ်တွေ ဖိနပ်တွေ ပို့ရတာပါလိမ့်။





အမေသည် စိတ်ကူးတွေပင် ယဥ်ကာ အယောင် ယောင် အမှားမှား ဖြစ်နေသည်။ သူ့သမီးကို ဂရုတ်သူဌေးက အရေးတယူ ရှိလှတဲ့အတွက် ဂုဏ်ယူကျေနပ်မဆုံးလည်း ရှိနေ သည်။ ဒါဟာ အန္တရာယ်ပဲပေါ့။ အမေဟာ ဝသုန့်ကို သားလို ချစ်ခင်အားကိုးကာ သမီးဖြစ်တဲ့ ကကြီးနှင့်လည်း လုံးဝ သဘောတူ တယ်ဆိုပေမဲ့ ဖြစ်နိုင်ရင်တော့ ပြည့်စုံကြွယ်ဝတဲ့ သူဌေးတစ် ယောက်နှင့် ပိုပြီး သဘောတူချင်မှာပေါ့။

ကကြီး ချိန်းတဲ့ဆီ သွားခွင့်ရဖို့ အမေ့ထံက တကူး တက ခွင့်မတောင်းလိုက်ရဘဲ အမေကိုယ်တိုင်က သွားဖို့ကိုသဘော ကျ စိတ်ထက်သန်နေပါသည်။ သူ့သမီး ဝတ်စားဆင်ပြင် ပြီးပြန် တော့လည်း ရုပ်သပ်ရှုမောဖြစ်ကာ သူ့သမီးကို ဒီပုံစံမျိုးသာ တစ် သက်လုံး မြင်သွားချင်သလို တငေးတမောကြီး ငိုင်နေပါသည်။

“ကဲ ... လာ”

ဟိုတယ်ထဲဝင်လျှင် ကကြီးသည် ခြေလှမ်းအမှား မှား။ ခလုတ်အတိုက်တိုက်။ မီးနီနီလေးသာ ထွန်းထားတဲ့ စား သောက်ခန်းမဟာ မှောင်တယ်မဟုတ်ပေမဲ့ လင်းလင်းချင်းချင်း ကြီးလည်းမရှိ။ ကကြီးက ရှိုးဝိုးရှန့်တန့် ဖြစ်နေပေမဲ့ တကယ် တော့ သူမတို့ကို ဘယ်သူတွေကမှ အထူးတလည် ဂရုတစိုက် ကြည့်မဲ့သူ မရှိပါ။ အားလုံးဟာ သူလိုကိုယ်လို ဒီလို ပုံစံတွေသာ ဖြစ်၍ ကိုယ့်အာရုံနှင့်ကိုယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကို သိလာပြီးတဲ့နောက်မှ ကကြီး နေရထိုင်ရ နည်းနည်းပါးပါး သက်သောင့်သက်သာ ရှိလာပါသည်။ သိပ်ပြီး ဘင်းကျဉ်ဆောင့်တင်းမနေတော့။ မင်းနရီ ဟင်းပွဲတွေ မှာနေချိန်မှာတော့ ကကြီးက ဟိုဟိုဒီဒီ အကဲခတ်ရဲနေပြီ။ ကိုယ့်ကိုယ်ကိုယ်လည်း ဣန္ဒြေရရ ခပ်မတ်မတ်လေး ထိုင်ရဲနေပြီ။

ဟင်းတွေ မှာကြားပြီးကာ အနားမှာ ဘယ်သူမှ မရှိတော့လျှင် နှစ်ဦးသား တိတ်ဆိတ်ပြီး ငြိမ်ငြိမ်သက်သက် ထိုင်နေတာ ခဏတစ်ဖြုတ်ကြာလာလျှင် ကကြီးက လွှဲထားတဲ့ မျက်ဝန်းကို မင်းနရီထံ ဖျတ်ခနဲ ပို့လွှတ်အကဲခတ်လိုက်လျှင် မင်းနရီက သူမကို လက်ပိုက်မှီထိုင်ရင်း ခပ်တည်တည် စိုက်ကြည့်နေတာနှင့် တိုးနေပါသည်။

"ကျွန်မကို ဘာပြောစရာရှိတာလဲဟင်"

ကကြီးက အသံကလေး တုန်တုန်နှင့် စ,ပြောလိုက်မိသည်။ မင်းနရီက ခေါင်းတစ်ချက်နှစ်ချက် ညိတ်လိုက်ရင်း —

"ဒီနေ့ ဘာနေ့လဲ သိလား"

"မသိဘူးရှင့်"

"ဒီနေ့ နန္ဒာ ဆုံးတာ တစ်လပြည့်တဲ့နေ့၊ မင်းရဲ့ဝသုန် ဆေးရုံပေါ်ရောက်တာလည်း တစ်လပြည့်တဲ့နေ့ပေါ့"

"ဪ ... ဟုတ်သားပဲနော်၊ ကျွန်မ သတိမပြုမိဘူး၊ ရှင်ကတော့ တစ်လပြည့်လလည်ဆိုတော့ မနန္ဒာနေခြည်ကို သတိရတဲ့စိတ်နဲ့ အမှတ်တရ ရှိနေတာပေါ့"





"အဲသလိုလည်း မဟုတ်ပါဘူး"

"ကျွန်မ စိတ်မကောင်းပါဘူး ဦးမင်းနရီ"

"မင်း စိတ်မကောင်းတာ မင်းနဲ့ ဝေဝသုန်အတွက်ပဲ ဖြစ်မှာပေါ့"

"သူ့အတွက်ချည်းပဲ မဟုတ်ပါဘူး ဦးမင်းနရီ၊ ရှင့်အတွက်လည်း ပါပါတယ်"

"ငါ့အတွက် !!... အဟင်းဟင်း"

"ရှင်လည်း ရှင့်ချစ်သူကို ဆုံးရှုံးခဲ့ရတာပဲလေ"

"အဲဒီအကြောင်း မင်းကို ပြောပြရဦးမယ်၊ နန္ဒာနေခြည်ဟာ ငါနဲ့ စေ့စပ်တော့မဲ့၊ လက်ထပ်တော့မဲ့ ဇနီးလောင်းမှန်တယ်၊ ငါတို့ တစ်ယောက်ကိုတစ်ယောက် သဘောကျတဲ့စိတ်နဲ့ ဘယ်သူမှ ရိုက်နှက်စီစဉ်တာမျိုး မဟုတ်ဘဲ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ကြတာလည်း မှန်တယ်၊ ဒါတွေကြောင့် နန္ဒာကို ငါ့ချစ်သူ ... ငါ့ချစ်သူလို့ ဒီနေရာမှာ ထားပြီး သုံးနှုန်းခဲ့သမှ တကယ်တမ်းမှာ နန္ဒာက ငါ့ချစ်သူ မဟုတ်ဘူး၊ ငါ တန်ဖိုးထားတဲ့ ငါ လက်ထပ်ချင်တဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်တယ်"

ကကြီးက မင်းနရီကို မျက်လုံးလေးပြူးကြည့်ရင်း [illegible]င်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူဆိုတာ တကယ်တော့ ကိုယ့်ရင်ထဲ အသည်းနှလုံးထဲက ချစ်မြတ်နိုးမိတဲ့သူကို ခေါ်ရမှာ၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

ကကြီးက ယောင်ယောင်ကန်းကန်း ခေါင်းညိတ်သည်။ ကကြီးရဲ့ အပြစ်ကင်းစင်သော ဘာမသိ ဘာမသိ မျက်နှာလေးကို စိုက်ကြည့်နေရင်း မင်းနရီက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"မင်းကို ကိုယ် ချစ်တယ်လို့ ပြောထားပြီးပြီနော်"

"ရှင် ..."

"အဲဒီအတွက် အဖြေတစ်ခုခု မင်း စဉ်းစားပြီးပြီလား"

ကကြီးသည် ကတုန်ကယင် ဖြစ်လာကာ ...

"ရှင် ... ရှင် ... ကျွန်မဟာ ဝသုန်နဲ့ချစ်သူဆိုတာ သိရဲ့သားနဲ့"

"သိတယ်လေ၊ ဒါဘာဖြစ်လဲ"

"အို ... ကျွန်မ ဝသုန်ကို ချစ်တာ၊ ဝသုန်ကိုလည်း သစ္စာရှိရမှာပေါ့"

"ဒါဖြင့် ငါ့ကို မချစ်ဘူးပေါ့"

ကကြီးသည် တွန့်ဆုတ်ဆုတ်နှင့် ...

"ဟုတ်တယ်"





"အိုခေ ... ကောင်းပြီ၊ ဒါဖြင့် အဲဒီအချစ်ကိစ္စ ခဏထားထား၊ မင်း ငါ့ကို လက်ကော လက်ထပ်နိုင်မလား။ မချစ်နိုင်ဘူး ဝသုန်ကို ချစ်လို့ဆိုတာ ငါ သိပြီ၊ ငါ အခု ထပ်သိချင်တာက ငါ့ကို လက်ထပ်နိုင်မလား"

ကကြီး မျက်လုံးလေးမှာ ဝိုင်းစက်နေသည်။ မင်းနရီကို ပြူးကြောင်ကြောင် စိုက်ကြည့်နေမိလေသည်။

"မင်းက ပွင့်လင်းရိုးစင်းတဲ့ မိန်းကလေးတစ်ယောက်လို့ ငါ သတ်မှတ်ယူဆထားတယ်၊ ဒါကြောင့် မင်းကိုလည်း ပွင့်ပွင့်လင်းလင်းပဲ စကားပြောမယ်၊ စကားတစ်ခွန်းဟာ တန်ဆာဆင်တာ လုံးဝမပါတော့ဘူးဆိုတဲ့အခါ နားဝင်ရိုင်းရင်လည်း ရိုင်းသွားပတ်တယ်၊ ဒါပေမဲ့ ရိုးသားတဲ့ အဖြောင့်တိုက်ဆန်တဲ့ စကားမို့ နည်းနည်းပါးပါး နားဝင်ဆိုးရင် သည်းခံပြီး အဓိကကျတဲ့ အချက်ကိုပဲ ငါတို့ ဦးတည်ကြရအောင် ကကြီး"

ကကြီးက တိတ်နေသည်။

"ချစ်တာတွေ မေတ္တာတွေ သစ္စာတွေ ခဏခေါက်ထားရအောင်၊ ကိုယ်လို လူတစ်ယောက်ကို လက်ထပ်ရင် မင်းဟာ လုပ်ငန်းရှင်သူဌေးတစ်ယောက်ရဲ့ သူဌေးကတော် ဖြစ်သွားမယ်၊ ငွေကို ထင်သလို သုံးနိုင်မယ်၊ မင်း အမေကို ကောင်းကောင်းမွန်မွန် ထားနိုင်မယ်၊ ယခုတ်စွ



www.burmeseclassic.com

www.burmeseclassic.com



အဆုံး မြေဝသုန်လို ငယ်သူငယ်ချင်းဟောင်းတစ်ယောက်ရဲ့ ကျန်းမာရေးကိစ္စ ဆေးဖိုးဝါးခ တချို့တစ်ဝက်ကိုတောင် မင်းအနေနဲ့ ကူညီလှူဒါန်းထောက်ပံ့နိုင်ဦးမယ်"

ကကြီး မျက်နှာလေးက တဖြည်းဖြည်း နီမြန်းလာကာ အသက်ရှူသံလေးလည်း မြွေဟောက်လေးလို တရှူးရှူးပြင်းထန်လာခဲ့ပြီးလျှင် ရုတ်တရက် ဝုန်းခနဲ ထိုင်ရာမှ ထရပ်လိုက်လေသည်။

"ဟိတ် ... ရှူး ... ပြန်ထိုင်စမ်း၊ ဟိုတစ်ခါကလို ငါ့ထိုးလှူလယ်ဂေါင် ဆုလားရိုက်လား အော်လားဟစ်လားလုပ်လာရင်တော့ ငါကလည်း ဟန်ကိုယ့်ဖို့ ပြန်လုပ်ဖြေမင်းကို ဟိုတယ်ထဲက ထွက်သွားလို့ ပြန်အော်ထုတ်ပစ်ရမှာနော်၊ မင်းအော် ငါအော် မင်းရိုက် ငါရိုက်ပဲ"

လက်ချောင်းထိပ်ကလေးတွေချင်း ထိဆက်လိုက်ခွာလိုက်လုပ်ရင်း သွေးအေးအေးအသွင်သဏ္ဌာန်နှင့် ပြောသောမင်းနရီရဲ့ မျက်နှာကို သေချာအကဲခတ်ကာ ကကြီးသည် ရုတ်တရက် ပေါက်ကွဲချင်တဲ့စိတ်ကို ချိုးနှိမ်လျက် ဖျတ်ခနဲ ပြန်ထိုင်ချလိုက်၏။

"အေး ... ဟုတ်ပြီ၊ မင်း လိမ္မာလာပြီ၊ အဆင့်အတန်းလည်း နည်းနည်းမြင့်တက်လာပြီ၊ မင်း ဘာပြောချင်ပြောချင် ကောင်းကောင်းအေးအေး ပြောလို့ရတယ်၊ ဝူးဝါး ဝုန်းဒိုင်း





လုပ်ဖို့မလိုဘူး၊ နေဦး ... ခုလည်း မပြောနဲ့ဦး၊ ခုန ငါပြောလိုက်တဲ့ စကားကို မင်း မျက်စိလေးမှေးပြီး အသေးစိတ် ပြန်ကောက်စဉ်းစားကြည့်လိုက်စမ်းပါ၊ စော်ကားမော်ကားသဘောထား တစ်ခွန်းမှ မပါဘူးနော် ...

ငါ့လက်ထပ်ခွင့်ကို မင်း သဘောတူရင် မင်းမှာ ရရှိနိုင်တဲ့ အကျိုးအမြတ်တွေကို ငါက ပြောပြတာ၊ ကောင်းကျိုးတွေပေါ့၊ ဆိုးကျိုးရော မရှိဘူးလားဆိုတော့ ရှိတယ်၊ မင်း ချစ်သူနဲ့ လွဲရမယ်၊ မင်း သစ္စာမဲ့တဲ့ မိန်းကလေးတစ်ယောက်နေရာကို ရောက်သွားမယ်၊ တခြားတော့ သိပ်ဆိုးဆိုးဘာမှ မရှိပါဘူး"

အေးအေးဆေးဆေး ပြောနေတဲ့ မင်းနရီကို ကြည့်ရင်း ကကြီးရဲ့ ရုတ်တရက် ဆူပွက်သွားသော စိတ်တွေပါ အနည်ထိုင်ကျလာပါသည်။ အင်း ... တကယ်တော့ ဘာစိတ်ဆိုးနေစရာကိစ္စမို့လို့လဲ။ ကိုယ် မကျေနပ်ရင် ပြုံးပြုံးကလေးပဲ 'Sorryပါရှင်၊ ရှင့်ကို လက်မထပ်နိုင်ပါဘူး'လို့ ယဉ်ယဉ်ကျေးကျေး ငြင်းလို့ရသားပဲ။

ငြင်းဖို့ရာဟာ အလွယ်ကလေးလို့ သဘောထားမိသွားတဲ့အခါ ကကြီးဟာ အလွယ်တကူ ငြင်းလိုက်ဖို့ရာ တုံ့နှေးနေလေးသွားရပါသည်။ ဘာကိုမှ အလောသုံးဆယ်လုပ်ဖို့ မလိုဘူး။



www.burmeseclassic.com

www.burmeseclassic.com



"သွေးအေးသွားပြီလား၊ Calm down ဖြစ်ပြီလား"

"ဟုတ်ကဲ့"

သူတို့နှစ်ယောက်ရှေ့သို့ လှပသော ဖန်ခွက်နှစ်ခွက်နှင့် ညိုတိုတို Juice နှစ်ခွက် ရောက်လာပါသည်။

"သောက်လိုက်ဦး၊ သစ်တော်သီးဖျော်ရည်၊ Juice သောက်၊ စိတ်ကို အေးအေးထား၊ ငါ ပြောတာကို ခေါင်းအေးအေး စဉ်းစား၊ 'အချစ်' ဆိုတဲ့ ခေါင်းစဉ်တစ်ခုအောက်မှာ အချစ်ကို ချဉ်းကပ်ပုံချဉ်းကပ်နည်းတွေ အများကြီး ကွဲလွဲကြတယ် ကကြီး၊ မင်း သေချာစဉ်းစားကြည့်စမ်းပါဦး ဘာကို အချစ်လို့ သတ်မှတ်ကြတာလဲ၊ သူ့အပေါ် ကိုယ်က ဘယ်လို သဘောထားမျိုးထားရှိရင် သူ့ကို ချစ်ရာ ရောက်သလဲ"

ကကြီးက မျက်တောင်လေး ပုတ်ခတ်ရင်း ...

"ရှင် မနန္ဒာကို မချစ်ဘူးဆိုတာ တကယ်လား"

"ငါ မညာတတ်ပါဘူး၊ မင်းကိုလည်း ညာပြောစရာ အကြောင်းကို မရှိဘူး၊ နန္ဒာဟာ ငါ လက်ထပ်ဖို့ ထိုက်တန်တယ်လို့ ကျေနပ်သဘောကျပြီး ရွေးချယ်လိုက်တဲ့ အတော်ဆုံး အကောင်းဆုံး မိန်းကလေးတစ်ယောက် ဖြစ်ရုံ"

"အဲသလို အတော်ဆုံးကို ရွေးချယ်ထားခဲ့တဲ့သူက မရှိတော့တဲ့အခါကျတော့ ပေါ်လည်းမတော်၊ ကောင်း





လည်း မကောင်းတဲ့ သာမန်သိပ်ဆန်တဲ့ ကျွန်မလို သာမည မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့ လက်ထပ်ခွင့် တောင်းရတာလဲ၊ ရှင် တန်ဖိုးထားတဲ့ ထိုက်တန်မှုဆိုတာမျိုး ကျွန်မမှာ မရှိဘူး"

"ရှိဖို့လည်း မလိုဘူး၊ နန္ဒာ့တုန်းက ဒီစိတ်နဲ့ ရွေးချယ်ခဲ့ပေမဲ့ နောက်တစ်ကြိမ်မှာ ဟိုစိတ်နဲ့ ရွေးချယ်ရင်ရွေးချယ်မယ်၊ ဒါဘာဖြစ်လဲ၊ ဘယ်ဟာ မှန်တယ် မှားတယ်ဆိုတာလဲ အရေးမကြီးဘူး၊ အရေးကြီးတာက မင်း ငါ့ကို လက်ထပ်နိုင် လက်မထပ်နိုင် သိချင်တယ် ...

ပြောရဦးမယ်၊ ငါက မိန်းမတစ်ယောက်ကို လက်ထပ်ယူပြီးရင် တစ်လင်တစ်မယားစနစ်နဲ့ သေအထိ ပေါင်းမဲ့ ယောက်ျားမျိုး၊ ဒါကို ကြိုပြောတော့ စောပါတယ်၊ မိသားစု တစ်ခုကို တန်ဖိုးထားပြီး၊ ပျိုးထောင် စောင့်ရှောက်မဲ့ ယောက်ျားမျိုးဆိုတာ ကြာလာမှ မင်း သိရပါလိမ့်မယ်"

ကကြီးက အတန်ကြာ ငြိမ်သက်နေပါသည်။ ခဏကြာမှ ...

"ရှင် ကျွန်မကို ချစ်တယ်ဆိုတာ ကျွန်မ မယုံဘူး"

"အချစ်ကိစ္စကို ကျော်လိုက်ပြီလေ၊ ရှေ့တန်းတင်မနေနဲ့တော့၊ ငါ ချစ်တယ်ဆိုတာကို မင်း မယုံလို့လည်းရတယ်၊ ဘာမှ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကကြီးက မကျေမနပ် နှုတ်ပိတ်သွားပါသည်။ အခုနင်ကိစ္စကို သူက ကျော်လိုက်ပြီဆိုတော့ ထည့်ပြောလို့မရတော့ဘူးပေါ့။ တကယ်တော့ ကကြီးသည် သူ့ရင်ထဲရှိသလို သူဟာ မြေဝသုန်ကို တကယ့်ကို သံယောဇဉ်ကြီးကြီး ချစ်တာဆိုတာကို ပြောပြချင်နေသည်။

ဝသုန် ခုလို ဖြစ်နေတဲ့အတွက် ဘယ်လောက် ပူပန် စိတ်ဆင်းရဲနေရသလဲဆိုတာ ကိုယ်တိုင်ပဲ အသိဆုံး။ ဒီအဖြစ်အပျက်တွေ စတင်ဖြစ်ပွားမဲ့ နံနက်ခင်းကများ စိတ်ကူးယဉ်လျက် မျှော်လင့်ချက်တွေနှင့် ကိုယ်တို့နှစ်ယောက်ဘဝ ရှေ့ရေးအတွက် ရင်တခုန်ခုန်ဖြစ်မိသား။ ဝသုန် နိုင်ငံခြားသွားဖြစ်ရင် သူတို့ ဘဝလေး အသက်ရှူချောင်လှပပြီလေ။

ဒါပေမဲ့ နိုင်ငံရပ်ခြားလိုနေရာမျိုးကို ထွက်ခွာသွားမည့် (တကယ်တော့ ဘာမှ မဟုတ်လှသည့်) ချစ်သူကို စိတ်မချ လက်မချ သဝန်တိုတိုစိတ်မျိုးလည်း ဖြစ်နေမိပါသေးရဲ့။ ကိုယ့်အနားက ထွက်သွားပြီး အသစ်တွေ့သွားရင်၊ ကိုယ့်ထက်သာတာတွေ့သွားရင် ဆိုတဲ့ ပူပန်စိတ်နဲ့ ကြိုတင်လက်ထပ်သွားလိုက်ကြရင်များ ကောင်းမလားလို့ (နက်ဖြန်သဘက် ဆောင်ရွက်ရမဲ့ကိစ္စအလား) တစ်လမ်းလုံး အပူတပြင်း စဉ်းစားလာတာ။

ခုတော့ ...





ဝသုန် ပြန်ကောင်းမကောင်း။ လူကောင်းတစ်ယောက်လို လုပ်နိုင်ကိုင်နိုင် သွားနိုင်လာနိုင် ပြန်ဖြစ်မဖြစ်။ နိုင်ငံခြားတွေ ဘာတွေ အလုပ်သွားလုပ်နိုင်ဖို့အထိ အဆင်ပြေမပြေ။ ဒါတွေ စိတ်ထဲ ရှုပ်ထွေးနေသည်။ မသေတာဘဲ တော်လှပြီလို့ သူ့ရဲ့ ရှင်သန်ခြင်းအပေါ် ဝမ်းမြောက်ကြည်နူးနိုင်သော်လည်း ရှေ့ရေးအတွက် ရင်လေးပူပင်ရတာ အမှန်ပင်။ အခုကိုပဲ ငွေရေးကြေးရေး အခက်အခဲ။

ကိုယ်ချစ်မြတ်နိုးတဲ့သူမို့ ဖြစ်နိုင်ရင် ကိုယ့်မှာ ငွေကြေးတွေ အမြောက်အများ ပိုင်ဆိုင်ပြီး ကိုယ်ပဲ ကုန်ကျစိုက်ထုတ် ကုသပေးလိုက်ချင်လှသည်။ ငွေရေး ကြေးရေးကြောင့် သူ့ဘများပါ ကျဉ်းထဲကျပ်ထဲ စိတ်ဆင်းရဲနေကြရတာကိုလည်း ရင်နာလှသည်။

"ရှင် ကျွန်မကို ဘာကြောင့် လက်ထပ်ချင်ရတာလဲ ဦးမင်းနရီ"

"ငါ ပြောပြီးပြီလေ၊ မင်းကို ချစ်လို့၊ ဒါပေမဲ့ မင်းကမယုံဘူးလေ၊ မယုံလည်း ရတယ်၊ နန္ဒာနဲ့ ငါဟာ ချစ်သူတွေလို နှလုံးသားချင်း နီးစပ်ပတ်သက်ခဲ့ကြတာမျိုး မဟုတ်ဘူးဆိုတာလည်း ငါ ပြောပြပြီးပြီ၊ တကယ်တော့ ဒါတွေဟာ ပြန်ရှင်းပြ ပြောပြနေစရာလည်း မလိုပါဘူး၊ ငါတို့ လောလောဆယ် ရောက်နေတဲ့ လက်ရှိအခြေအနေပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ခံစားခဲ့ရရှိတာ၊ မင်းအနေနဲ့လည်း ယောကျ်ားတစ်ယောက်ကတောင်းတဲ့ လက်ထပ်ခွင့်ကို တစ်ထိုင်တည်း ဘယ်လိုလုပ် စဉ်းစားပြီးပေးမလဲ၊ ငါ နားလည်ပါတယ် ...

ဒါကြောင့် မင်း စဉ်းစားပါ၊ စဉ်းစားတဲ့ အခါမှာတော့ ရိုးရိုးရှင်းရှင်း ဖြောင့်ဖြောင့်ပဲစဉ်းစား၊ အပိုတွေ သံသယတွေ ထည့်မစဉ်းစားနဲ့၊ မင်း ခေါင်းညိတ်ရင် ငါက တကယ်ကို လက်ထပ်တော့မှာ၊ တစ်ခုပဲ ငါ ရိုင်းသလိုရှိတာက မင်းရဲ့ ချစ်သူ နေထိုင်မကောင်း ဖြစ်နေတုန်းမှာ ငါက မင်းကို လက်ထပ်ခွင့်တောင်းတယ်ဆိုတော့ လူကြားရင် တစ်မျိုးကြီးဖြစ်နေတာပေါ့၊ မင်းအနေနဲ့လည်း ချစ်သူကို ထားရစ်ပြီး နောက်လူတစ်ယောက်ကို လက်ခံမယ်ဆိုရင်တောင် သူ့အခြေအနေ ခုလိုကြီး ဖြစ်နေတုန်းတော့ ဘယ်လုပ်ချင်ပါ့မလဲ၊ မဟုတ်ဘူးလား ...

ဒါတွေက အခြေအနေကို တစ်မျိုးကြီး ဖြစ်နေစေပေမဲ့ ကျွန်တာက ရိုးရိုးရှင်းရှင်းပါ၊ အပွင့်အလင်းဆုံးနဲ့ ခပ်ရှင်းရှင်းပြောရရင် မြေဝသုန်ရဲ့ ကျန်းမာရေးအတွက် ဆေးကုသစရိတ်ကို ငါ စိုက်ထုတ်ကုန်ကျ လှူဒါန်းနိုင်တယ်"

ဤစကား ကြားရတိုင်း ကကြီးရဲ့ အသက်ရှူသံလေး ပြန်ပြင်းလာရပြန်လျက် ...





"ဝသုန့်အတွက် ဆေးကုသစရိတ် ကျွန်မတို့မှာ မရှိဘူးလို့ ရှင် ဆင်နေလား"

မင်းနရီက ကကြီးကို တစ်ခဏ ငြိမ်၍ ကြည့်နေပြီး ...

"မင်းပဲ အရိပ်အမြွက် ပြောခဲ့တယ်လေ၊ နေ့စဉ်သုံးစွဲဖို့ ဆေးဝါးတောင်မှ ဖောဖောသီသီ မဟုတ်ဘဲ ခက်ခဲကျပ်တည်းတဲ့အကြောင်း"

"ဟုတ်ပါတယ်၊ ကျပ်တည်းတာ မှန်တယ်၊ ဒါ့ပေမဲ့ သူ့အမေက သူ့သားကို နောက်ဆုံး မရှိရင် အိမ်ရောင်းကုမှာ"

"ဪ ... အင်း ... ကောင်းသားပဲ"

"ရှင် ရိတာလား"

"ဟာ ... ဘာရိစရာရှိလဲ၊ မရှိတဲ့အဆုံး ဒီလိုပဲ လုပ်ရမှာပဲဟာ၊ ပြီးရင်တော့ ဘယ်မှာသွားနေကြမလဲ"

"ဒိတ်လျှော့ပြီး တစ်နေ့ရာရာကို ပြန်ဝယ်မှာပေါ့၊ ဝသုန့်စရိတ်ကလည်း အိမ်တစ်လုံးစာတော့ မကုန်ပါဘူး၊ လက်ထဲမှာ ငွေကြေးရှိလို့သာ ဒီလိုကြံစည်ရတာ၊ ချေးငှားမဲ့သူ ရှိရင်တော့ အခြေမပျက်ဘူးပေါ့"

ကကြီးသည် ပြောနေရင်းကမှ မင်းနရီ မျက်နှာကို သိမ်သာ အကဲခတ်ရင်း ...

"ကျွန်မတို့ အိမ်ပေါင်ခံမဲ့သူကို ရှာနေတာရှင့်"

"ဟုတ်လား တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ တွေ့တဲ့သူကလည်း နေနေတဲ့သူတွေ ဆင်းပေးရမယ်၊ အလွတ်မှ အပေါင်ခံမယ်ဆိုလို့ အဆင်မပြေဘူး၊ ဟိုလေ ... ဟိုဒင်း ... အိမ်အပေါင်မခံဘူးလား၊ အတိုးပေးမှာပါ"

မင်းနရီက ရှုံ့မဲ့လိုက်ရင်း ...

"အာ ... အိမ်ပေါင်မခံပါဘူ ၊ ငါက ငွေတိုးချေးစားတဲ့သူမှ မဟုတ်ဘဲ၊ ရှုပ်ရှုပ်ပွေပွေနဲ့၊ ဒီကိစ္စတွေ နားလည်းမလည်ဘူး"

"နားလည်ဖို့ မလိုပါဘူး၊ အိမ်ဂရံ ယူထား၊ ငွေထုတ်ပေးထား၊ အချိန်တန် ငွေတိုးယူ ဒါလေးပဲဟာ"

"မင်းပြောသလောက် မရှင်းလင်းသေးပါဘူး ကကြီးရယ်၊ ဘယ်အချိန် အတိအကျ ပြန်ဆပ်မဆပ်၊ နောက်ဆုံးတစ်နေ့ မချေးနိုင် အတိုးမပေးနိုင်တော့ရင် ဘယ်လို ဆုံးဖြတ်မယ်ဆိုတာတွေ၊ အရှုပ်အထွေးတွေ"

"တွေ့လား၊ ရှင် နားလည်သားနဲ့"

"ရော် ... မင်းက ဘာဖြစ်ချင်နေတာလဲ၊ ဒီအိမ်ကို ငါ မဖြစ်မနေ အပေါင်ခံပါ၊ ဒီလိုလား ကကြီး၊ တစ်ခွန်းပဲပြော"

ကကြီးက နှုတ်ဆွံ့အသွားရပါသည်။ ကကြီးသည် ဒီလူ ငါ့ကို လိုလားနှစ်သက်တယ်ဆိုကဲ့ အသိအပေါ်မှာလည်း အခွင့်အရေးလေးက ယူချင်သည်။ ယူလိုက်တဲ့ အခွင့်အရေး အတူ အညီကလည်း ချည်ပြီးတုပ်ပြီး မဖြစ်လို့၊ ရှားရှားပါးပါး ထူးထူးခြား





ခြား အင်မတန် ချမ်းသာတဲ့ သူဌေးတစ်ယောက်က ကိုယ့်ကို လက်ထပ်ချင်ပါတယ်လို့ မယုံချင်လောက်စရာ ဖြစ်တောင့်ဖြစ်ခဲ ကောင်းဆိုလာတဲ့ အခြေအနေမှာ ဒီအဖြစ်ပေါ်က ကိုယ်ရနိုင်သလောက် အခွင့်အရေးကို (သာမန်ပုထုဇဉ်ပီပီ) လိုချင်မက်မောနေသည်။

ဒီလိုလူတစ်ယောက် တွေ့ပါလျက် ကိုယ့်အတွက် အမှ မထူးခြားမပြောင်းလဲ အကျိုးမဖြစ်ထွန်းလိုက်ရဘူးဆိုလည်း နှမြောစရာ။ သူမဟာ သူတော်စင်တော့မဟုတ်။ ရနိုင်တဲ့ အခွင့်အရေးကို မက်မောသည်။ မယူဘူး၊ ကင်းကင်းနေမယ် ဆိုတဲ့ ခံယံပိုင်မာနလည်း မထားတတ်။ ကိုယ့်ဘက်က ဖါသွားရမှာမျိုး ကြတော့လည်း ကြောက်နေသည်။ သူ ဒီလို မေးလိုက်တော့လည်း ရှက်တက်တက် ဖြစ်ရပြန်လေသည်။

သို့သော် ကကြီး ရင်ထဲ တကယ်ပြင်းထန်ထက်သန်တဲ့ ဆန္ဒကတော့ ဝသုန့်အတွက် ငွေရေးကြေးရေး အဆင်ပြေသွားစေလိုတဲ့ စေတနာပင်။ ကကြီး ကူညီနိုင်လျှင် ကူညီချင်သည်။ ကူညီနိုင်ဖို့ ဒီဦးမင်းနရီကို လက်ထပ်ရမည် ဆိုရင်တော့ ခဏတစ်ဖြုတ်နဲ့မပြီး တစ်သက်လုံး ဒုံးဒုံးချရမဲ့ကိစ္စမို့ မတန်ဘူးလားလို့။

ခက်လိုက်တာနော်။

"ပြောလေ ... မင်း ပါးစပ်က ဒီလောက် ငွေလိုချင်တယ်၊ ထုတ်ပေးလို့ တရားဝင်ပြောရင် အိမ်ဂရံရရ မရရ ငါ ထုတ်ပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းနရီနှင့် ကကြိုးရဲ့ မျက်လုံးနှစ်စုံဟာ လူတစ်ယောက်ကိုတစ်ယောက် စူးစိုက်အကဲခတ် ရင်ဆိုင်ကြည့်နေကြပါသည်။

"ရှင် ကျွန်မကို ငွေနဲ့ ပေါက်သတ်ချင်နေတာလား"

"အဟင်း ဟင်း ဟင်း ..."

မင်းနရီက ကကြိုး စကားကို တကယ်ပဲ သဘောကျစွာ ရယ်မောမိပါတော့သည်။ ကကြိုးရဲ့ ရင်ထဲ ငွေလည်းလိုနေ ကြောက်လည်းကြောက်နေဆိုတဲ့ အနေအထားကို မင်းနရီက အထင်းသား သိမြင်နေပါသည်။ ကောင်မလေးကို စိုက်ကြည့်နေရင်း ဤအခိုက်အတန့်အတွင်း သူ့ရင်ထဲ တသိမ့်သိမ့် တငြိမ့်ငြိမ့် ယစ်မူးနေတဲ့ ခံစားချက်အဆန်းကို နှစ်သက်အံ့သြနေပါသည်။

ရှင်းရှင်းဝန်ခံရရင်တော့ ဒီဘာမဟုတ်တဲ့ ယောက်ျားဆန်လှတဲ့ ကောင်မလေးကို သူ တကယ်ချစ်မိတယ် ထင်သည်။ တစ်ကြိမ်မှ မချစ်ဖူးတဲ့အတွက် သူ့ကိုယ်သူလည်း မသေချာ သို့သော် ဒါဟာ အချစ်ကလွဲလို့ ဘာမှ မဖြစ်နိုင်တာတော့ သေချာသည်။ ကိုယ် လက်ထပ်မည့် သတို့သမီးလောင်း လောကကြီးထဲက ပျောက်ဆုံးအောင် လုပ်လိုက်တဲ့ ဟိုကောင် သူ လက်ထပ်မဲ့ ရည်းစားလည်း သူ့လက်ထဲက ပျောက်ဆုံးသွား ရစေမယ်လို့ ကြံစည်ရည်ရွယ်ခဲ့တာတော့ အမှန်ပင်။

သို့ပေမဲ့ ဤအကြံသည် ကောင်မလေးဆီ ရောက် တိုင်း ဘာမှန်းမသိတဲ့ မှော်တန်ခိုးတစ်မျိုးကြောင့် သူမကို ...





... မြတ်နိုး ကြင်နာသွားခဲ့မိသည်ချည်းပင်။ ဘာကချစ်စရာကောင်း ... န်းမသိဘဲ အရိုးခံနှင့်ကို မင်းနရီရဲ့ နှလုံးသားကို ဆုပ်ကိုင် ... နိုင်တဲ့ ထိုကောင်မလေးဟာ လောကကြီးထဲမှာ ဆင်းဆင်း ... ရုန်းကန်နေထိုင်သွားဖို့ မတိုက်တန်ပါဘူး။ သူ့အချစ်စိတ် ... နိုးဆွနိုင်တာကိုက အားလုံးထက် ထူးကဲတဲ့ အရည်အချင်းတစ် ... သူမမှာ ရှိလို့ မဟုတ်ဘူးလား။

ငွေရေးကြေးရေးအတွက် စိတ်ဆင်းရဲနေရတဲ့ ဘဝ ... ခြအနေမှာ ဒီကောင်မလေးကို မထားထားချင်ပါဘူး။ ပြည့်စုံ ... ပေါ်၌ ကျေနပ်ယစ်မူးနေမည့် ကကြိုးရဲ့ မျက်နှာလေးကို ... သာခံ ကြည့်ရှုလိုသည်။ ဘာမဆို လိုတရနိုင်ပြီး လိုအပ်ချက် ... ဲ့ ဘဝမှာ သူမ စိတ်ချမ်းသာနေမှာကို မင်းနရီ စိတ်က ဖြစ် ... င်နေမိတာ။ သူမ ချမ်းသာပျော်ရွှင်နေတာကို တစ်ထောင့်တစ် ... က ပြုံးပြီး စောင့်ကြည့်နေချင်တာ။

Oh ! Lord ! အဲဒါဟာ အချစ်ပဲပေါ့။ အချစ်ဆိုတာ ... င်းနရီ သေချာစွာ ကြုံတွေ့နေရပြီပေါ့။ ပုထုဇဉ်မို့ စိတ်ပုပ် ... လည်း ပုပ်မယ်၊ အာဃာတတွေ အတ္တတွေ ကြီးချင်လည်း ... မယ်။

မြေဝသုန်ဆိုတဲ့ ကောင်ကို အထိနာစေချင်တာလည်း ... ဒါပေမဲ့လို့ ကကြိုးဆိုတဲ့ မိန်းကလေးကို ပြည့်စုံချမ်းသာ ... စေလိုတဲ့ အချစ်မျိုးနဲ့ ချစ်မိတာကတော့ လုံးဝဉဿုံ ... နေခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ငွေနဲ့ ပေါက်လို့ သေတတ်လို့လား မိန်းကလေးရဲ့ - ဟင်းဟင်း"

"ရှင် ... ရှင့်ပုံစံက ကြောက်စရာကြီး၊ ကျွန်မ စိတ်ထဲမှာ ရှင့်ကို ဗိုလ်အောင်ဒင်နဲ့တူတယ်လို့ ထင်လာမိတယ်"

ဒီတစ်ခါတော့ မင်းနရီ ဗိုက်တွေ ဘာတွေတောင် နာကာ ရာဇဏ္ဍြေ ပျက်တဲ့အထိကို ခွက်ထိုးခွက်လှန် ရယ်အော ပါတော့သည်။ အမလေး ... ရယ်လိုက်ရတာ ဒေါကြီးရယ် နှိုင်းပုံကလည်း သရုပ်ပေါ်လှပါရဲ့။

"မင်းက ဗိုလ်အောင်ဒင် ကြည့်ဖူးလို့လား"

"တီဗီက ပြန်ပြတာ ကြည့်ဖူးပါတယ်၊ ကြာတော့ကြာ ဒါပေမဲ့ ကြိုက်ခဲ့တော့ မှတ်မိနေတယ်၊ အမှန်တိုင်း ပြော ရရင် ဗိုလ်အောင်ဒင်က လူဆိုးကြီးပေမဲ့ ဗိုလ်အောင်ဒင် ကျွန်မ ကြိုက်တယ်၊ သူ့ကို ဒုက္ခမရောက်စေချင်ဘူး"

မျက်လွှာလေး မပင့်တပင့် မဝင့်တဝင့် ပြောနေ ကို စိုက်ကြည့်နေရင်း မင်းနရီ မျက်လုံးတွေက ရွှန်းရီ တဖျပ်ဖျပ်တောက်ပ အရည်လည်နေရသည်။

"ငါလည်း လူဆိုးကြီးပဲ၊ မင်းတို့ ချစ်ခြင်းကို ခွဲ ငါ့ကိုရော မင်း ဒုက္ခရောက်စေချင်သလား"

"ရှင့်မှာ ဒုက္ခရောက်စရာအကြောင်း မရှိပါဘူး ဦးမင်း ရှင် ... ရှင်ဟာ ဝသုန့်ကို စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ် ချင်တာသက်သက်ကြောင့် ကျွန်မကို ဝသုန့် လက်ထဲ





ဆွဲထုတ်ယူဖို့ ကြိုးစားတာ မဟုတ်လားဟင်၊ ကျွန်မ သဘောပေါက်လာပြီ"

"မင်းကို ငါက ချစ်ပြီး လက်ထပ်ချင်တာ၊ ရှင်းတယ်နော်၊ မြေဝသုန်ဆိုတာက တစ်ကဏ္ဍ၊ မင်းကို ချစ်ပြီး လက်ထပ်ချင် တာ၊ ပြဿနာရဲ့ အဖြေက မင်း လက်ထဲမှာပဲ ရှိတယ်၊ ကဲ ... ဟင်းတွေလာပြီ၊ စိတ်ရှင်းရှင်းနဲ့စား၊ ငါ့မေးခွန်း ကို ခေါင်းအေးအေးထားပြီး ဖြည်းဖြည်းစဉ်းစား၊ မင်း ခေါင်းညိတ်ရင်တော့ မင်းဘဝ မင်းအမေဘဝ တစ်သက် လုံး ကောင်းစားပြီး မြေဝသုန့်ကို ဆေးကုဖို့ပါ သူ့မိဘ တွေ ဘာမှ ပူပန်ဆင်းရဲဖြစ်စရာ အကြောင်းမရှိတော့ဘူး၊ မင်း နားလည်ပါတယ်"

ကကြိုးသည် ကသိကအောက် အောင့်သက်သက် ချက်နှင့် ဘာမှ မပြောနိုင်ဘဲ ရှိကာ အရသာရှိတဲ့ ဟင်းပွဲလျာ ကို မျိုမကျလောက်အောင် ဖြစ်နေခဲ့ရပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



# ၉

အိမ်ရောင်းဖို့ သတင်းလွှင့်ထားတာ ကြားလျှ
အိမ်ရဲ့ အောက်ထပ်တစ်ခြမ်းမှာ ဆယ့်ငါးနှစ် အနှစ်နှစ်ဆ
လောက် ငှားရမ်းနေထိုင်လာခဲ့သည့် ဒေါ်သန်းသန်းက သူ
မပေးနိုင်ဘူးဟု တစ်စခန်းထပါသည်။ စပေါ်ငွေ ပမာဏလည်း
ဟိုးအရင်ခေတ် စပေါ်ငွေကို နည်းနည်းတိုးရင်း တိုးရင်း
အခြေအနေအရသာ နည်းနည်းတက်လာရတာ ဖြစ်လျက် အခြ
အိမ်ငှားတွေနှင့်စာလျှင် စပေါ်ငွေ အလွန်နည်းပါသည်။

ဒေါ်ဒေါ်မြိုင်တို့က နှစ်ပေါင်းကြာရှည်စွာ ဒေါ်သ
သန်းတို့အပေါ် ငဲ့ညှာထောက်ထားခဲ့ပြီး စပေါ်ကို တအားကြီး
မတောင်းခဲ့တဲ့အတွက် နည်းပါးနေရတဲ့ စပေါ်ငွေဟာ ဒေါ်သန်းသ
တို့ အခုပြန်ရလျှင် တခြားမှာ စပေါ်ပြန်တင်ဖို့ ဘယ်လိုမှမလော
၄။ ဒါကြောင့် သူတို့က ထိုစပေါ်ငွေလေး ပြန်ရရုံနှင့် မဖယ်ပေး
ဟု ငြင်းဆန်လာပါသည်။





တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထားပြီး ကူညီထောက်
ပံ့အားဆက်ဆံလာခဲ့ကြသမျှ ငွေကြေးနှင့်ပတ်သက်လာတော့ တင်းမာ
လာကြသည်။

ရန်စကားတွေ ပြောလာကြရတော့ ဒေါ်သန်းသန်းတို့
က သူတို့ကို သိန်းနှစ်ဆယ်ပေးမှ ဖယ်ပေးမည်ဟု တင်းခံလာပါ
သည်။ ထိုအခါ ဒေါ်ဒေါ်မြိုင်လည်း ဒေါသတကြီး တဆတ်ဆတ်
ခါရပါတော့သည်။

တတိတိနှင့် မတိုးသာ တိုးသာ အားနာပါးနာ နှစ်
သောင်းတိုး သုံးသောင်းတိုးနှင့် စုစုပေါင်း စပေါ်ငွေက နှစ်သိန်း
ကောင် မရှိချင်ချင်။ တကယ်တမ်းတွင် ဤလိုတောင့်တောင့်တင်း
တင်း နှစ်ထပ်အိမ်လေးရဲ့ အောက်ထပ်တစ်ခြမ်းဟာ ခုနေငှားလျှင်
စပေါ်ငွေ ဆယ့်နှစ်သိန်းအထက် ပေးငှားရမှာဖြစ်သည်။ စပေါ်နဲ့
ငှားတဲ့အိမ်ဆိုတာပင် ခုခေတ်မှာအလွန်ရှားပါးနေပြီဟာ။ ဟိုးအရင်
သောင်းတွေမို့ စုစုပေါင်းမှ စပေါ်နှစ်သိန်းပျော့ပျော့လောက်
တင်ထားတာကို ကိုယ်လည်း ငွေမလို၍ တိုးမတောင်းခဲ့တာ။

ခုတော့ ပြဿနာကြုံပြီ။ သူတို့အဖို့လည်း နှစ်သိန်း
နှင့် ဘယ်မှာမှ စပေါ်ပြန်တင်လို့ အဆင်မပြေတာမှန်သည်။ ဒါပေမဲ့
တောင်းတာက သိန်းနှစ်ဆယ်ဆိုတော့ တစ်ဆိတ် လွန်လွန်းသည်။
ပါးဝသည်ဆိုပြီး ဒေါ်သန်းသန်းတို့ မိသားစုနှင့် ဒေါ်ဒေါ်မြိုင်တို့
လင်မယား နေ့စဉ်နှင့်အမျှ အော်ဟစ်ရန်ဖြစ်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေသည်လည်း စိတ်ညစ်မှိုင်ငေးနေသည်။ အ
က ဒေါ်သန်းသန်းတို့လောက် မျက်နှာမပြောင်။ ထောက်ထား
တွေကလည်း ဖြစ်နေသည်။

“ငါလည်းစိတ်ညစ်တာပဲ ကကြီးရဲ့၊ ငါတို့ကိုလည်း သူ
စပေါ် ပြန်ပေးမယ်ဆိုရင် နှစ်သိန်းတည်းရယ်လေ၊ အိ
ဘယ်နား သွားပြန်ငှားနေမလဲ၊ အမေ့ ရွှေတိုရွှေစ ရော
ဖြည့်ဦး ဒီအဆင့်အနေအထား အိမ်မျိုးတော့ မရတော့
ဒီထက် စုတ်သွားမှာ”

“ဒါတော့ ဘယ်တတ်နိုင်မလဲ အမေရယ်၊ နောက်ဆုံး
နေ့ ဒေါ်လေးတို့နဲ့ ခဏတစ်ဖြုတ် သွားကပ်နေကြတာ
ဒေါ်ဒေါ်မြိုင့်တို့ အိမ်ထပ်ဝယ်ပြီးတော့မှ သူတို့ဆီပဲ သွ
ပြန်ငှားနေတာပေါ့”

“ဩော် ... သူတို့ ဝယ်တော့ ပြန်ငှားဖို့ အောက်ထပ်အ
အဝင် ပြန်ဝယ်မယ်လို့ ပြောလို့လား၊ ဟိုတစ်နေ့
ပြောပုံကတော့ ငွေလည်း ပိုအောင် တိုက်ခန်းတစ်လုံ
ပြန်ဝယ်မယ်တဲ့၊ ညည်းတို့လည်း ယူကြရသေးတာမဟုတ်
သွားပေါင်းနေဖို့ကလည်းမဖြစ်၊ ဟိုကောင်လေးကလည်
အခြေအနေက ဘယ်လိုဘယ်ဝါမှန်းမသိ၊ ကောင်းမှာလ
မကောင်းဘူးလား”

“အို ... အမေကလည်း အဲလိုမပြောပါနဲ့၊ နိမိတ်မရှ
စကားတွေ”





“ဟဲ့ ... နိမိတ်ရှိရှိ မရှိရှိ ပြောစရာရှိတာပြောရမှာပဲ၊ အခုက ဒေါ်သန်းသန်းတို့လိုပဲ ငါတို့လည်း ဘုံပျောက်တာ၊ ဟိုကတော့ မျက်နှာတွေ ထောက်မနေတော့ဘဲ ငွေတောင်းချလိုက်တော့ အေးရော၊ ငါတို့မှာတော့ မျက်နှာထောက်စရာတွေကလည်း ညည်းတို့ကိစ္စကြောင့် ရှိနေသေး၊ ရမဲ့ငွေနှစ်သိန်းနဲ့ ဘာမှလဲ လုပ်မရဘူး၊ လမ်းပေါ် ရောက်တော့မဲ့အရေးဟဲ့ ကကြီးရဲ့၊ ငါတို့ကိုကော ဘယ်လောက်ထပ်ဖြည့်ပေးမှာလဲ ညည်း မေးကြည့်ပါလား”

“အို ... အမေကလည်း ရှက်စရာကြီး၊ ငွေညှစ်သလို ပုံစံကြီး၊ အဲသလို လုပ်ရမှာ သမီး ရှက်ပါတယ်၊ ဒေါ်ဒေါ်မြိုင့်ကိုလည်း မပြောချင်ပါဘူး၊ ဒေါ်ဒေါ်မြိုင်လည်း တွေးမိမှာပါ၊ သူ့ပြောစကားကို နားထောင်ကြည့်ဦးပေါ့၊ အိမ်ရှင်ကို အိမ်ငှားက မဆင်းဘူးဆိုပြီး ငွေညှစ်တဲ့ အပြုအမူက အောက်တန်းကျပါတယ် အမေရယ်”

“အောက်တန်းကျတာတော့ ဟုတ်ပါရဲ့၊ ကိုယ်မှ ဒီက မရရင် ဘယ်မှ ပြန်နေဖို့ မဖြစ်မှတော့လဲ”

“တော်ပါတော့ အမေရယ်၊ သမီး စိတ်ညစ်လိုက်တာ”

အမေဟာလည်း နှစ်သိန်းကိုလည်း ကျေနပ်ဖို့ခက်၊ ဒေါ်သန်းသန်းတို့လို တောင်းယူဖို့ရာလည်း မျက်နှာပူနှင့် အတော်ခွကျကာ ငေးငိုင်မှိုင်တွေနေတာပင်။ အိမ်ကို လာကြည့်တဲ့သူက



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၊ အပေါ်ထပ်သာမက အောက်ထပ်ကိုပါ ကြည့်ကြရတာဖြစ်ရာ အိမ်ရှေ့ကနောက်ဖေး တိုးလျှိုပေါက် ဝင်ကာထွက်ကာ အားမနာငါးမနာ ရှိကြလှသည်။ အိပ်ခန်း ခန်းဆီးတွေလည်းဆွဲဟအထဲဝင်ကြည့်၊ ဗီတ်ကြည့်ဖွင့်ကြည့် ပိုင်စိုးပိုင်နင်းနှင့် ဝယ်တာလည်း မဟုတ်ဘဲ ကြုံရသူမှာ စိတ်အနှောင့်အယှက် ဖြစ်လှပါသည်။

"ကကြီး ... ညည်းကို တစ်ခု ပြောချင်တယ်"

"ပြောလေ အမေ"

အမေက သက်ပြင်းတွေ အခါခါချနေပြီးမှ ...

"ညည်း ပြောပြတဲ့ ဟိုသေသွားတဲ့ ဆရာဝန်မရဲ့ ရည်းစားဆိုတဲ့ သူဌေးက ညည်းကို လက်ထပ်ခွင့် လာတောင်းတယ်ဆိုတာကော အဟုတ်ပဲလား"

"အဟုတ်ပဲပေါ့၊ အမေ့ကို တစ်လုံးမကျန် အမှန်အတိုင်း ပြောပြထားတာပဲဟာ"

"အဲဒီသူဌေး တောင်းဆိုတာ လက်ခံပြီး သူ့ကို လက်ထပ်လိုက်တာကမှ ကောင်းတောင်းတောင်းအေ"

"အို ... အမေကလည်း"

ဟိုးအစောပိုင်း ဦးမင်းနရီ ဆေးရုံကို လာနေတဲ့တစ်ခေါက်တုန်းက သူ့ကို အမေက ခပ်လှမ်းလှမ်းမှ မြင်ဖူးထားပါသည်။ ဦးမင်းနရီရဲ့ ထည်ဝါတဲ့ အရှိန်အဝါကို အမေက အခြောက်တိုက် လန့်ရှိန်နေသူ ဖြစ်ပါသည်။ ဟိုတစ်နေ့က





ကကြီးက (မျိုသိပ်ကြိတ်မြိုတတ်တဲ့သူ မဟုတ်သူပီပီ) ဦးမင်းနရီရဲ့ ချစ်ရေးဆိုမှု လက်ထပ်ခွင့်တောင်းမှုတို့ကို အမေ့ကို လုံးစေ့ပတ်စေ့ ပြန်ပြောပြခဲ့တော့ အမေ့မှာ ရင်တွေတခုန်ခုန် အသည်းတွေ တုန်တုန် ရင်ပတ်လေး ဖိကာ ဖိကာ မျက်လုံးဝိုင်းလေးနှင့် ရင်သပ်ရှုမော အတုန်တုန် အလှုပ်လှုပ် နားထောင်ခဲ့သည်။

"ညည်းက ဘာပြောလဲ၊ ညည်းက ဘာပြောလဲ"နှင့် ဖြတ်မေးရတာလည်း သူ့မှာ အမော။ အားမလိုအားမရတွေဖြစ်လို့လည်း မဆုံးခဲ့။ အမေ့ခမျာ စောစောစီးစီး ဆုံးပါးခဲ့သော အဖေကြောင့် လင်သားအားကိုးအောက်မှာ ခပ်အေးအေး နေခဲ့ရတယ်လို့ သိပ်မရှိလိုက်ခဲ့ပါ။ ဒီသမီးတစ်ယောက်အတွက် တတ်သမျှ မှတ်သမျှ ဆိုင်ဖွင့်၍ ကုန်စုံရောင်းခဲ့ရသည်။ လောကဓံရဲ့ မျှလောက်နှင့် တစ်သက်လုံး ပင်ပန်းခဲ့ရတဲ့ အမေပါ။

"ညည်း ဘဝတစ်သက်လုံး ငြိမ်းချမ်းကောင်းစားသွားမှာ အေ့"

"အို ... အမေကလည်း၊ သမီးမှာ ဝသုန် တစ်ယောက်လုံး ရှိတာ"

"အင်း ... နိမ့်ပါးတော့မဲ့ဘက်ကို ဖိနှိမ်တာတော့ မဟုတ်ပါဘူးကွယ်၊ ဒါပေမဲ့ အဲဒီ ဝသုန်ကကော ညည်းမှာ ဘာမျှော်လင့်ချက် ရှိတာမို့လဲ ကကြီးရယ်၊ အခုကိုပဲ သူ့ကို ဆေးကုဖို့ အိမ်ရောင်းရမယ်၊ ခွဲစိတ်ကုသပြီးတော့ကော



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်နဲ့ အာရုံကြောဆိုတာမျိုးက အရင်တိုင်း အပြည့်အဝ ပြန်ကောင်းမှာလား"

"အို ... အမေကလည်း ဖွ ... ဖွ။ မပြောပါနဲ့ အမေရယ်၊ ခွဲစိတ်ကုသလိုက်ရင် ကောင်းရမှာပေါ့"

ကကြိုး မျက်ရည် လည်ချင်လာသည်။

"သူ့ကို ဆက်ကုရဦးမှာလား ဘာလား မသိ၊ သူ့အမေ မမြိုင်ကလည်း တရှောင်ရှောင်နဲ့ ဆေးကုနေရတာ၊ သူတို့ မိသားစုထဲ ရောက်ပြီးရင် ညည်းမှာလည်း ပြောင်ရောင် လာစရာကို အကြောင်းမတွေ့ပါဘူး၊ အမေ့မှာ သမီးလေး ဒီတစ်ယောက်ရှိတာ၊ ကောင်းစားစေချင်တယ်၊ ငြိမ်းငြိမ်း ချမ်းချမ်း မတောင့်မတ နေရစေချင်တယ်၊ အပျိုဘဝကလည်း မုန့်ထုပ်၊ အိမ်ထောင်ကျပြီးလည်း မုန့်ထုပ် ဆိုတာမျိုး တော့ မဖြစ်စေချင်ဘူး သမီး ...

မိန်းမဆိုတာ ကိုယ့်အတွက် အမှီအခိုကောင်းကောင်း ကို ရှာဖွေပြီး အဲဒီ အမှီအခို လင်သားကို တစ်သက်လုံး ဘုရားတစ်ဆူ ဂူတစ်လုံး သခင်တစ်ခု လင်တစ်ခု ကိုးကွယ် ပြုစုသွားပေတော့၊ နဂိုအတိုင်း ဘာမှ တိုးတက်ထူးခြား မလာတဲ့အပြင် ကလေးတွေရ၊ တာဝန်တွေပိုကြီးလာ ဖြီး ဖွတ်သထက်ညစ်သွားမဲ့ အိမ်ထောင်မျိုးတော့ ဘာလုပ်မှာလဲ ကကြိုးရယ် ...





ကောင်လေး မကျန်းမာချိန်မှာ လေသံပြောင်းလာ သလို ဖြစ်ရတာကိုလည်း အမေ့ကိုယ်အမေ သိပါတယ်၊ ဒါပေမဲ့ ကိုယ်မနိုင်ဘူး အလှမ်းမမှီဘူးဆိုတော့လည်း တစ်မျိုးပေါ့၊ ကိုယ် ရနိုင်တဲ့ လက်တစ်ကမ်းမှာ ရွှေဖလား ကြီးတစ်လုံး အလွယ်တကူ ရှိနေရက်နဲ့ ကိုယ့်လက်ထဲက အိုးခြမ်းပဲ့ကို မစွန့်ပစ်နိုင်ဘူးဆိုရင် ကိုယ် ရရမဲ့ အခွင့်အရေး ကို လက်လွှတ်ရတော့မှာပေါ့၊ အခွင့်အရေးဆိုတာလည်း တစ်သက်မှာ နှစ်ခါပေါ်ဖို့ မလွယ်ပါဘူး၊ အဲဒါအပြင် ခုဟာက သူလိုလူမျိုးဟာ ညည်းကို မျက်စိလည် လမ်းမှား လို့သာ ရေစက်ပါလို့သာ လာကြိုက်ရတာ၊ သူ့မှာ တကယ် ဆို ခေါင်းခေါက်ယူစရာ ညည်းထက်သာတွေ ပြည့်လို့ပါ အေ"

အမှန်ပင်။ သူ့နံဘေးမှာဆိုရင် ကကြိုးထက်သာတာ ချည်းပေါ့။ နည်းနည်းသာတာတွေတောင် မဟုတ် အဆမတန် သာတာတွေချည်း။

"ဒါပေမဲ့ အမေ မမြင်နိုင်တာ ရှိသေးတယ်"

"ဘာတုံး"

"သူက သူ့ချစ်သူကို သေစေတဲ့သူဆိုပြီး ဝသုန့်ကို အငြိုး မပြေ ဖြစ်နေတာ၊ အဲဒါကြောင့် ဝသုန့်ချစ်သူဖြစ်တဲ့ သမီးကို ဝသုန့်လက်ကနေ အရယူဖို့ သူ ကြံစည်နေတာ



www.burmeseclassic.com

ဝသုန့်ကို ကလဲ့စားချေချင်တာက များနေတဲ့ဟာ အမေကလဲ"

"ဝသုန့်ကို ကလဲ့စားချေဖို့သက်သက် အတွက်နဲ့ ညည်းကို သူ့ လက်ထဲ တစ်သက်လုံး အဖတ်တင်ခံပြီး လက်ထပ်ဖို့ မလိုပါဘူးအေ၊ အခုက သူက လက်ထပ်ဖို့ တောင်းဆိုတာ မဟုတ်လား"

အမေ့ စကားကြောင့် ကကြီး ဘာမှ ပြန်မပြောနိုင်ဘဲ ဇဝေဇဝါ ဖြစ်ရသည်။

အိမ်ဝယ်သူတွေ လာကြည့်လိုက်၊ ဒေါ်သန်းသန်းက ဝယ်သူ လန်အောင် နှောင့်ယှက်ပြောဆိုလိုက်၊ အပေါ်ထပ်နှင့် အောက်ထပ် ရန်ဖြစ်လိုက်။ အိမ်က ရောင်းမထွက်။ ဦးလေးကျော်နှင့် ဒေါ်ဒေါ်မြိုင်ကလည်း တကျက်ကျက်။ အမေကလည်း အနားနားကနေ တတွတ်တွတ်ကပ်ပြီးနဲ့။

ကကြီးသည် စိတ်တွေ ညစ်ရှုပ်ကာ ခေါင်းတွေ ပူထူနေရသည်။

'အစ်ကိုလေး ရုံးခန်းကို ခေါ်တယ်'ဆို၍ အေပရွှန်တွေ ခေါင်းစွပ်တွေ ဖြုတ်ကာ အပြေးလေးလာခဲ့ရသည်။ ဘာကြောင့်





ရယ်လို့ စဉ်းစားမရ။ အစ်ကိုလေးရဲ့ ရုံးခန်းဆီ ဝင်လိုက်တော့ ဧည့်သည်တစ်ယောက် ရှိနေတာ တွေ့ရသည်။

"အစ်ကိုလေး ... ကျွန်မ ရောက်ပါပြီ"

"အေး ... အေး ... လာ ကကြီး၊ ဝင်ခဲ့"

"ဟုတ်ကဲ့"

တံခါးဘေးတွန်းဖွင့်ပြီး ဝင်လာကာ ကကြီးက စားပွဲအနား ခြေစုံရပ်နေလိုက်ပါသည်။ အစ်ကိုလေး ရုံးခန်းက မုန့်စက်ရုံတစ်ဝင်းလုံးကို အားလုံး လှမ်းမြင်နေရတဲ့ အချက်အချာနေရာမှာ မှန်ခန်းနှင့် ဆောက်လုပ်ထားတာဖြစ်သည်။

"ဟိုခုံ ဆွဲထိုင် ကကြီး"

"ဟုတ်ကဲ့၊ အစ်ကိုလေး ဘာခိုင်းမှာလဲ မသိဘူး"

အဲဒီအလုပ်ရှင်သူဋ္ဌေး အစ်ကိုလေး မိုးကျော်သူဟာ ကကြီး အလုပ်ဝင်လာကတည်းက မျက်စိကျတာ သိသိသာသာနှင့် မုန့်ထုပ်ပိုးတဲ့ဘက် ရစ်သီသီ ရောက်လာတတ်၍ ဝသုန်က ပြုံးမိနေခဲ့ပါသည်။ ဣန္ဒြေရရနှင့် လာကြည့်ရုံအဆင့်ထက် မပိုသေးသည့် အစ်ကိုလေးဟာ ခဏအတွင်းချင်းမှာပဲ လက်ထောက်နဲ့ဆရာလေး မြေဝသုန်နှင့် မုန့်ထုပ်ပိုးတဲ့ ကကြီးတို့ ချစ်သူတွေဆိုတာ သိသွားပါတော့သည်။

သူ့ရောဂါလည်း မရင့်လှသေးချိန်မို့ ထင်ပါသည်။ အစ်ကိုလေးက ကမန်းကတန်း သူ့ခြေလှမ်းတို့ သိမ်းရုပ်နေတော်

www.burmeseclassic.com



ဆက်ကာ ရှောင်ထွက်လိုက်နိုင်ခဲ့၍ အတော်များများ မရိပ်မိလိုက်ခဲ့ကြ။ ကကြီးပင်လျှင် ဘာမှမသိလှ။ ဝသုန် ပြန်ပြောမှပဲ ဟုတ်ဆလိမ့်မည်လို့ ယူဆချင်စရာတွေ ရှိခဲ့တာ။

ခုတော့ အစ်ကိုလေးက ကကြီးအပေါ် ရိုးရိုးသားသား အေးအေးဆေးဆေးပင်။

"ငါ ခိုင်းမလို့ မဟုတ်ပါဘူး၊ ညည်းကို စကားပြောချင်တဲ့ ဧည့်သည်လာလို့"

"ဘယ်သူလဲဟင် အစ်ကိုလေး"

"ဒီမှာ"

ကကြီးက အစ်ကိုလေး စားပွဲရှေ့က လူကို ငဲ့ကြည့်သည်။ မြင်ဖူးသလိုလိုပင်။ သန့်ပြန့်ခန့်ညားတဲ့ လူရွယ်တစ်ယောက်ပင်။

"ငါနဲ့ ဟိုးငယ်ငယ်တုန်းက ကျောင်းမှာ တစ်တန်းတည်း သူငယ်ချင်းပဲ၊ တင်ထွဋ်တဲ့၊ ရှစ်တန်း ကိုးတန်း ဆယ်တန်းကျတော့ သူတို့က စာတော်တဲ့သူတွေဆိုတော့ အေတန်းမှာ၊ ငါကခပ်ညံ့ညံ့ဆိုတော့ အီးတန်းလောက်မှာပေါ့ဟာ၊ အဲဒါနဲ့ မတွဲဖြစ်ရာက တက္ကသိုလ် ရောက်တော့လည်း တတွဲဆိုတော့ ဆက်မတွဲဖြစ်ပေမဲ့ ခင်တဲ့ သူငယ်ချင်းဟောင်းပဲ"

"ဟုတ်ကဲ့"





ခေါင်းသာညိတ်ရသော်လည်း ဘာတွေ လာပြောနေပါလိမ့်လို့တော့ ဇဝေဇဝါ ဖြစ်ရသည်။

"ငါ့မိတ်ဆွေ သူငယ်ချင်း လူကြီးလူကောင်း အင်ဂျင်နီယာ တစ်ယောက်ဆိုတာ သိအောင် ပြောပြတာပါ၊ သူက နင့်ကို စကားပြောစရာ ကိစ္စတစ်ခုရှိလို့၊ ခိုင်လုံတဲ့ ကိစ္စတစ်ခုပါလို့ ငါ့ကို ခွင့်တောင်းလို့ ငါ စကားပြောခွင့်ပေးတာနော်၊ ကဲ ... အေးအေးဆေးဆေးပြော၊ ငါ ဟိုဘက်ခန်း ခဏသွားဦးမယ်"

ဟိုဘက်တွဲရက်က စာရင်းဇယားတွေရှိတဲ့ ရုံးခန်းဘက် အစ်ကိုလေးက တံခါးဖွင့် ထွက်သွားလျှင် ကကြီး ကြောင်ဘက် ကျန်ရစ်သည်။ အခန်းထဲမှာ နှစ်ယောက်တည်းပါလည်း အလုပိတ်ပေမဲ့ မှန်ခန်းမို့ တစ်ဝင်းလုံးကိုလည်း မြင်ယ်က မြင်ရ၊ ကိုယ့်ကိုလည်း တစ်ဝင်းလုံးက မြင်ရတာပါ။

တင်ထွဋ်က ဘာမှ စွဲမက်ဖွယ်ရာ မမြင်သောကျက်ရေကျဲနှင့် တီရှပ်အဖြူ လုံခြည်နက်ပြာ ကောင်မလေးအားနာပါးနာ ငဲ့ကြည့်လိုက်ရင်း ...

"အဟမ်း ... တကယ်တော့ ကျွန်တော်နဲ့ သိပ်ပြီး ဆိုင်လှ ဘယ်လို့တော့လည်း မဟုတ်ဘူး၊ ဒါပေမဲ့ ဒီက ညီမတို့ကိုဖြေဝသုန်တို့ကိုလည်း စိတ်နှောင့်အယှက် ဖြစ်စရာမျိုး ကြုံရစေချင်လို့ ကြိုပြီး သတိပေး အသိပေးထားဖို့ စိတ်ကူးရတာပါ၊ ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ အစ်ကို ဘာတွေ ပြောနေတာလဲ နားမလည်ဘူးရှင့်"

"ကျွန်တော်က မင်းနရီရဲ့ သူငယ်ချင်းလည်း ဟုတ်တယ်"

"ရှင် ... သြော်"

"မင်းနရီနဲ့ မိုးကျော်သူလည်း သိကြတယ်၊ ခင်သာမခင်တာ၊ တစ်ကျောင်းတည်းချင်းမို့ သိပါတယ်၊ ဒီမုန့်လုပ်ငန်းကြီးဟာ မိုးကျော်သူရဲ့ လုပ်ငန်းဆိုတာ သူ မသိသေးလို့၊ သိရင် ဒီရုံးခန်းကို လာလာနေပြီး ညီမကို စည့်သည့်အဖြစ် လာတွေ့နေမှာပဲ၊ ကျွန်တော် ခုလိုလာပြောတာကို ဘယ်လို မှ သဘောမထားပါနဲ့၊ ရိုးရိုးလေးပဲ လူလူချင်း စာနာလို့ လာပြောတာပါ၊ မဖြစ်စေချင်လို့ တမင်သက်သက် လာပြောတာပါ၊ ပြောဖြစ်ရတာကလည်း ဟိုတစ်နေ့က Summ မှာ မင်းနရီနဲ့ ညီမကို တွေ့လိုက်ပါတယ်"

"သြော် ... အဲ ... အဲဒါက ... သူက"

"ဘယ်လိုပဲဖြစ်ဖြစ်ပါ သူနဲ့ တွေ့တာ ဆုံတာ သွားတာ လာတာ ညီမရဲ့ ဆုံးဖြတ်ပိုင်ခွင့်ပါ၊ တစ်ခုပဲ သတိပေး ချင်တာက သူက ကိုမြေဝသုန်ကို အင်မတန် မုန်းတီး နာကြည်းနေတဲ့သူပါ၊ မြေဝသုန့်ကို သူ ခံစားရသလို ခံစားစေရမယ်လို့ နှုတ်ကထုတ်ပြီး ကြိမ်းဝါးမှုးပါတယ် ကျွန်တော် ကိုယ့်သူငယ်ချင်းကို သစ္စာဖောက်ပြီး ဒါတွေ လာပြောနေရသလို ဖြစ်ရတာ အတော်စိတ်ပျက်မိတယ်_





ကျွန်တော် သူ့ကို သစ္စာဖောက်တာ မဟုတ်ဘူး၊ မဖြစ်သင့်တာတွေ မဖြစ်စေချင်တာ၊ မင်းနရီဟာ ညီမကို ချဉ်းကပ်သိမ်းသွင်းဖို့ ကြိုးစားပါလိမ့်မယ်၊ ဒါပေမဲ့ ညီမ သိထားရမှာက ညီမဟာ မင်းနရီ လက်ထပ်ဖို့ သတ်မှတ်ထားတဲ့ စံနမူနာအဆင့်ရဲ့ ခြေဖျားကိုတောင် မမီဘူးဆိုတာ ပါ၊ ဦးနှောက်သုံးနိုင်ဖို့ပါ၊ နောင်မှ မင်းနရီရော ညီမရော မြေဝသုန့်အတွက်ရော ဘယ်သူ့အဖို့မှ မကောင်းတဲ့ ရလဒ်ဆိုးကြီး ထွက်လာပြီး အားလုံး စိတ်ဆင်းရဲရမှာ သေချာနေတယ် ...

မင်းနရီက လူကောင်းပါ၊ ဒါပေမဲ့ အစွန်းရောက်ဝါဒီ ဖြစ်နေတယ်၊ တစ်ယူသန် အစွဲကြီးတဲ့သူမျိုး၊ သူ မြင့်မြင့်မား မား ရည်မှန်းထားတဲ့ အိမ်ထောင်ရေး အိပ်မက်ကြီး ပျက်စီး ဆုံးရှုံး သွားအောင် ကိုမြေဝသုန် လုပ်လိုက်တယ် ဆိုတဲ့ အစွဲကြီးနဲ့ ကိုမြေဝသုန်ရဲ့ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ အစီအစဉ်တွေကို ချိုးဖျက်ဖျက်ဆီးဖို့ သူ ကြိုးစားနေပါတယ်"

ကကြီးသည် တင်ထွင့်ကို မျက်လုံးဝိုင်းများနှင့် းကာကြည့်နေသည်။ ရိုပ်မိပြီးသားဖြစ်သော်လည်း ပိုမိုသေချာ ဲ့ လမ်းကြောင်းတစ်ခုကနေ နားနဲ့ဆတ်ဆတ်ကြားရတဲ့အဖြစ် ိတော့ ရင်ထဲ တုန်လှုပ်ယည်။ ဒီလူကိုလည်း မှတ်မိပြီ။ ကား ိက်မှုဖြစ်တဲ့နေ့ကပဲ ဆေးရုံမှာ မြင်ဖူးခဲ့ရတာ။ ဦးမင်းနရီနှင့် ူ အတူပါလာသည်။

www.burmeseclassic.com



"သူနဲ့ သိပ်ရင်းနှီး ချစ်ခင်တဲ့ သူငယ်ချင်းတွေ ဖြစ်ခဲ့ဖူးမှ အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ဒုက္ခပေးဖို့ သူ ကြံစည်နေတာကိုတော့ တားဆီးရမှာပဲ။ ခင်ဗျား အကျိုးအတွက်တစ်ခုတည်း တားဆီးကာကွယ်မှာ မဟုတ်ပါဘူး၊ လူကောင်းလူတော် စံပြတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် ဆောင်ခတ်ပြီးနေနေတဲ့ မင်းနရီရဲ့ ဘဝမှာလည်း အမည်းစွန်း အမည်းကွက် နာမည်ပျက်ဆိုတာမျိုး ရှိမသွားစေချင်တဲ့ သူ့အတွက် စေတနာပါ ပါပါတယ်"

"ကျွန်မကို ဘာဖြစ်စေချင်တာလဲရှင်"

"သူ့ရဲ့ အပေါ်ယံ မျက်နှာဖုံးရဲ့ ဟိုးအတွင်းဘက်ထဲက ရည်ရွယ်ချက်မှန်ကို သိထားစေချင်တာသက်သက်ပါ၊ ဘယ်လို တုံ့ပြန်မယ်၊ ရင်ဆိုင်မယ် ဖြေရှင်းမယ်ဆိုတာတွေကတော့ ညီမ သဘောပါ၊ ညီမဆန္ဒအတိုင်းလုပ်ပါ၊ သူ့ရည်ရွယ်ချက်အမှန်ကို မသိဘဲ အရိုးခံ ဘုမသိ ဘမသိနဲ့ သူ့ကျော့ကွင်းထဲ ဆင်းမိသွားမှာစိုးလို့ပါ၊ သူ့ရည်ရွယ်ချက်ကို သိလိုက်ပြီးတဲ့နောက်မှာလည်း သူ့အပေါ် အပြစ်တွေမြင်ပြီး သူ့ကို ပြန်အငြိုးထားမနေပါနဲ့တော့လို့၊ အေးအေးသက်သာနဲ့သာ ရှောင်နေလိုက်ပါဗျာ … နော်"

တင်ထွဋ်ဆိုတဲ့ လူရဲ့ မျက်နှာမှာ ဦးမင်းနရီထက်ပိုပြီး အေးချမ်းဖြူစင်ကာ စိတ်ကောင်းရှိပုံ ပေါ်လွင်နေတာ အမှန်ပင်။





ဦးမင်းနရီ မျက်နှာကတော့ မာန်တစ်မျိုးနဲ့ လျှမ်းလျှမ်းတောက် နေတတ်တာပါ။

"ကိုမြေဝသုန်ရော ဘယ်လိုနေပါသလဲ၊ ဆေးရုံက ဆင်းပြီလား"

"ဆေးရုံမှာပါပဲ၊ ဝသုန့်ကို ခွဲစိတ်ကုသရဦးမှာပါ"

"ကျွန်တော်လည်း ကြားရတာ စိတ်မကောင်းပါဘူးဗျာ၊ မြန်မြန်ပြန်ကောင်းပါစေလို့ ဆုတောင်းပေးပါတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

"ခုလို လာပြောတာကိုလည်း ဘယ်လိုမှ သဘောမထားနဲ့နော်"

"မထားပါဘူးရှင်၊ တစ်ခုခု သဘောထားရမယ်ဆိုရင်လည်း ကျေးဇူးတင်ဖို့ပဲ ရှိပါတယ်၊ ကျွန်မ ကောင်းရာကောင်းကျိုးအတွက် တကူးကတ လာသတိပေးတယ်ဆိုတာလည်း သဘောပေါက်ပါတယ်"

"သူ ညီမဆီလာဖို့ တွေ့ဖို့ရော ရှိသေးလား"

ကကြိုးက ခေါင်းလေးငုံ့ရင်း …

"ဟုတ်ကဲ့ ဒီညနေကိုပဲ ကျွန်မ အလုပ်ပြီးချိန်လောက် ဒီလမ်းရဲ့ထိပ်မှာ လာစောင့်နေမယ်လို့ မှာထားပါတယ်"

တင်ထွဋ်က ပခုံးတစ်ချက်တွန့်၍ သက်ပြင်းရှိုက်လိုက်မိပါသည်။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com

# ၁၀

သူမကို ခပ်စိုက်စိုက် ကြည့်နေတဲ့ မျက်ဝန်းများကို ကကြီးကလည်း ခပ်စိုက်စိုက်ပဲ ပြန်ကြည့်နေလိုက်သည်။ တစ် ယောက်မျက်နှာပေါ် တစ်ယောက် နက်နက်ရှိုင်းရှိုင်း ဖတ်ရှုနေကြ သလို အကြာကြီးပဲ မျက်လုံးမလွှဲ ဖြစ်ကြ။

မင်းနရီသည် စားပွဲပေါ် တံတောင်ထောက် ထိုလက် ဖဝါးကို ပါးပြင်အားမှာ ကပ်ထောက်မေးမိုရင်း ကကြီးကို တစိမ့်စိမ့် ငေးကြည့်နေရခြင်း၌ လန်းဆန်းနှစ်သိမ့်မှုဖြင့် ကြည်နူး နေပါသည်။

ကိုယ် မေတ္တာရှိနေတဲ့ ချစ်နေတဲ့ ကောင်မလေးတစ် ယောက်ရဲ့ မျက်နှာကလေးကို တစိမ့်စိမ့် ငေးမောကြည့်နေရခြင်း ဟာ ဉာဏ်မျှ ရင်ဖိုလှိုက်မောဖွယ် စိတ်ကို ချမ်းမြေ့စေကြောင်း သူ အခုမှပဲ ကြုံဖူးလို့ သိရပါသည်။





အစကတော့ မြေဝသုန်ကို မုန်းတီးစိတ်နှင့် ဒီကောင့် ကျတော့ သေမသွားဘဲ အသက်ပြင်းနိုင်လွန်းတယ်လို့ မကျေမချမ်း ဖြစ်ရတာ။ အခုကတော့ ကကြီးကို ချစ်မြတ်နိုး ပိုင်ဆိုင်လိုတဲ့ စိတ်ကြောင့် မြေဝသုန့်ကို အတော်အသက်ပြင်းတဲ့ကောင်လို့ မချင့်မရဲ ဖြစ်ရတာ။ သူ့ကိုယ်ထဲမှာလည်း ငရဲတွေ များနေပြီ။ ဂုသိုလ်မဲ့ ဟရားမဲ့စိတ်တွေ များနေပြီ။

ကကြီးသည် ခပ်ထူထူ ဖောင်းအိသော အောက် နှုတ်ခမ်းကလေးရဲ့ အတွင်းသား တစ်ဖက်ကို မသိမသာလေး ကိုက်ခဲရင်းမို့ နှုတ်ခမ်းလေး ရွဲ့ထော်နေရာ တစ်မျိုးချစ်စရာ ကောင်းလှလေသည်။

"မင်း ဘာတွေ တွေးနေလဲ ကကြီး"

မင်းနရီက ခပ်တိုးတိုး မေးလိုက်ပါသည်။ ဆိုင်လေး ထဲမှာ စုံတွဲလေးတွေ ရှိနေကြတဲ့အထဲ ကကြီးလောက် တော်ရိလျော်ရိ ဝတ်စားထားတဲ့သူ တစ်ယောက်မှမရှိ။ အရင်ကဆိုရင်တော့ မင်းနရီ သည် ဒီပုံစံ မိန်းကလေးတစ်ယောက်နှင့် တွဲဖက်ပြီး လူမြင်ခံစရာ အကြောင်းကိုမရှိ။

ခုတော့ သူ့ဟာသူ တော်ရိလျော်ရိထက်ဆိုးပြီး ဘဲတီးစုက်ပြတ်ပဲဖြစ်ဖြစ်၊ ဘာကြီးပဲဖြစ်ဖြစ် ထိုကောင်မလေး နှင့် နှစ်ယောက်တွဲ ယှဉ်ထိုင်နေခွင့်ရခြင်း၌ မင်းနရီ ကျေတွေနပ် လှဖြစ်ရကျိုးတွေ နပ်နေလေသည်။ ကကြီးသည် မြင်မှုးကား



www.burmeseclassic.com

www.burmeseclassic.com



နှင့်မတူ ပီတိရည်ရွှန်းလဲ့နေတဲ့ မင်းနရီရဲ့ မျက်နှာတစ်ပြင်လုံးကို မျက်မှောင်ကုတ်ကလေးနှင့် နောက်ဆုံး အကဲခတ်လိုက်သည်။

အပေါ်ယံ အပျော်ကြကလေးနဲ့ မရိုးမသားမဖြူမစင် ချဉ်းကပ်လာသူကို သူမဘက်ကလည်း မရိုးမသား မဖြူမစင် အသုံးချဖို့ ဝန်လေးနေစရာ မရှိပါဘူးလို့ပဲ စိတ်ကို ခိုင်ခိုင်ချလိုက်ပါသည်။

"ဦးမင်းနရီကို ပြောစရာရှိတယ်"

"ဘာလဲ ပြောလေ"

"ရှင် ဟိုတစ်နေ့က ကျွန်မကို ချစ်တယ်လို့ပြောခဲ့တယ်၊ ဒီနေ့ကော ချစ်သေးလား"

မင်းနရီက မျက်ခုံးနှစ်ဖက်လုံးကို ပင့်ကာတင်လိုက်ရင်း ကကြိုး မေးပုံကို ချစ်စနိုးနှင့် ရယ်မောမိရသည်။

"မင်း မေးခွန်းကလည်းကွာ … ဟား ဟား၊ လူကြားရင် ငါ့ကို ဘယ်လိုကောင်စားလဲလို့ ထင်ကြပါ့မယ် ကကြိုးရယ်၊ ပြော … မင်း ဘာပြောချင်လို့လဲ"

"ကျွန်မ မေးတာကို အရင်ဖြေလေ"

"မင်းက ဘယ်လိုတွေ မေးနေမှန်း မသိဘူး၊ ပေါက်ပေါက်ရှာရှာတွေ"

"ဝေ့လည်ကြောင်ပတ်တွေ မလုပ်ဘဲ ရှင်းရှင်းနေလား ဖြေစမ်းပါ ဦးမင်းနရီ၊ ရှင် ကျွန်မကို တကယ်ချစ်သလား"





မင်းနရီက ကိုယ်ကို ပြင်ကာ ထိုင်လိုက်ရင်း ခပ်နီနီအရောင်ပြေးလာတဲ့ မျက်နှာကို လက်တစ်ဖက်နှင့် ပွတ်သပ်လိုက်ရင်းက …

"ချစ်တယ်၊ ကိုယ် မင်းကို ချစ်တယ်"

ခပ်ရှက်ရှက် ဖြေလိုက်လျက် သူ့ရင်ထဲတွင် ပူနွေးဘုန်ခါသွားပါသည်။

"အဲဒါ မင်းအတွက် ဘာအရေးကြီးလာလို့ လာမေးရတာလဲ"

"ဦးမင်းနရီ … ရှင့်အချစ်ကို ကျွန်မ လက်ခံမယ်ဆိုရင် ရှင့်အတွက် ဝန်ထုပ်ဝန်ပိုးများ ဖြစ်သွားမလားဟင်"

မင်းနရီသည် မယုံကြည်နိုင်အောင် ပါးစပ်အဟောင်းသား ပွင့်ဟသွားကာ ကကြိုးကို အဖြေရှာသလို အကဲခတ်နေမိပါသည်။ သူ့ရင်ထဲမှာတော့ ဗလောင်ဆူပွက်လာတဲ့ ခံစားချက်ပေါင်းစုံတို့က ရုန်းထလာသည်။ သူ့ကို နန္ဒာက 'လက်ထပ်ပါ့မည်'ဟု အဖြေပေးခဲ့စဉ်က ကျေနပ်သွားတဲ့ သူ့ခံစားချက်ဟာ အခု ခံစားချက်နှင့် နှိုင်းယှဉ်တော့ ပိုးစုန်းကြူးနဲ့ လမင်းလို အကွာကြီး ကွာနေပါတော့သည်။

ယုံတာ မယုံတာထား သူ့ရင်ထဲ တဖျပ်ဖျပ် လှုပ်ခတ်လာတဲ့ လှိုင်းကြက်ခွပ်များဟာ သူ့ရင်ကို နွေးသိမ့်စေသည်။ အေးမြစေသည်။ ဖိုလှိုက်စေသည်။ တစ်သက်လုံး ပိုင်ဆိုင်ရရှိလာ



www.burmeseclassic.com

www.burmeseclassic.com



သမျှ တန်ဖိုးကြီးမားတဲ့ အရာတွေ များစွာထက် ပိုပြီးတန်ဖိုးကြီးလှတဲ့ အမြတ်တရတနာကို ရသလို ခံစားချက်က ဖော်ပြရခက်သည်။

"ကျွန်မ ... ကျွန်မ စဉ်းစားနေတာ၊ ရှင့်ကို ရှင့်အချစ်ကို လက်ခံလိုက်ရင် ကောင်းမလားလို့"

"ကကြီး ..."

မင်းနုရီသည် ခြောက်သွေ့လာတဲ့ အာခေါင်အတွက် တံတွေးတစ်ချက်မျိုချမိပြီးမှ ...

"မင်း ဘာတွေ ပင်ပန်းနေလဲ၊ မင်း ဘာတွေ ခက်ခဲနေလဲ၊ မင်း ဘာတွေ အကျဉ်းအကျပ် ဖြစ်နေသလဲ ဟင်၊ ကိုယ့်ကို ပြောပြစမ်းပါ၊ မင်း မျက်နှာဟာ ဒုက္ခရာရသလို ဖြစ်နေတယ်"

ကကြီးသည် ဘာတွေ ပေါ်လွင်နေမည် မသိတဲ့ သူမ မျက်နှာကို လက်ဖဝါးနှစ်ခုကြား ညှပ်လျက် ပျောက်လု မတတ် ဖွက်ထားလိုက်သည်။

"ကျွန်မ မေးတာဖြေလေ၊ ရှင့်ကို လက်ခံမဲ့ ကျွန်မကို ရှင်ကကော ပြန်လက်ခံမှာလား"

အားတင်း အနဲ့မွှန်တဲ့ လေသံနှင့် ကမူးရှူးထိုး ဖြစ်နေတဲ့ ကကြီးရဲ့ ဟန်ပန်လေသံကို ကြည့်ကာ မင်းနုရီ စိတ်မကောင်းပေ။ သူမ ဝေခွဲခဲ့တော့ ဖြစ်နေပြီ။





"ဟုတ်တယ်၊ ရှင် ထင်နေတဲ့အတိုင်းပဲ၊ ကျွန်မ ပင်ပန်းနေပြီ၊ ဘဝကို ရုန်းကန်ချီတက်ရတာ ပင်ပန်းပြီး ခြေကုန်လက်ပန်းကျချင်နေပြီ၊ တစ်ခါတလေတော့ ရေသာလေးခိုပြီ. သက်သောင့်သက်သာနဲ့ အချောင်သမား လုပ်ချင်လာတယ်၊ ကျွန်မ စိတ်ဓာတ်က အချောင်သမားဆန်လွန်းတယ်လို့ ရှင် ထွေးနေမှာ မဟုတ်လားဟင်"

"ဟင့်အင်း ... မတွေးပါဘူး၊ အဲဒါ မိန်းမဆန်တာပါ၊ ယောကျ်ားတစ်ယောက်ရဲ့ အရှိန်အဝါ အရိပ်အာဝါသမှာ နားခိုမှေးမှိတ်ချင်တာ မိန်းမဆန်တဲ့ ချစ်စရာကောင်းတဲ့ စိတ်ပဲ၊ ပြီးတော့ အဲဒါကို ခပ်ရိုးရိုး ခပ်ရှင်းရှင်း ဝန်ခံတာလည်း ပိုပြီးတော့တောင် ချစ်စရာကောင်းသေးတယ်၊ မင်း ဘာဖြစ်ချင်သလဲပြော၊ ဖြစ်အောင် ကိုယ် လုပ်ပေးနိုင်ပါတယ် ကကြီး"

အုပ်ထားတဲ့ လက်ဖဝါးနှစ်ဖက်ကို ဖယ်လိုက်လျှင် ကကြီးရဲ့ မျက်လုံးအိမ်နှင့် ပါးပြင်အစပ်မှာ မျက်ရည်စတချို့ ခိုလှုံးလျက်ရှိတာ မြင်ရသည်။

"ဝသုန်အမေ ဒေါ်ဒေါ်မြိုင်ရဲ့ အိမ်ဂရံကို ရှင် အပေါင်ခံပေးပါလားဟင် ဦးမင်းနုရီ"

စကားဆုံးလျှင် ကကြီးသည် ဉာဏ်မြူ မျက်နှာပြောင်ပြောင်ထားပြီး အလွယ်တကူ ပြောထွက်သွားသည့် သူမအဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



သူမ အံ့အားလည်းသင့်၊ ရှက်လည်းရှက်၊ ဝမ်းလည်းနည်း ရင်ထဲ ဘယ်လို ကတိမ်းကပါး ဖြစ်မှန်းမသိဘဲ ရှိုက်သံကလေး ကြိတ်ကြိတ်နှင့် ဆားစားပွဲတွေ မသိအောင် ငိုကြွေးနေမိတော့သည်။

ကိုယ့်ကိုယ်ကိုယ်လည်း အပေါစား မိန်းမကြီးတစ်ယောက်လို နှမြောတသလျက် ဒွိဟစိတ်များစွာတို့ ရင်ထဲမှာ ရှုန်းကန်လှုန်ဆွဲနေသည်။ မင်းနရီက ကြိတ်မနိုင်ခဲမရ ဖြစ်နေတဲ့ ကကြီးကို သဘောပေါက်နားလည်စွာ တိတ်တိတ်ဆိတ်ဆိတ် စောင့်နေပေးပါသည်။ ရင်ပေါ့သွားတဲ့အထိ မျက်ရည်ကျရှာပါစေ။

သူ့အချစ်ကို လက်ခံလိုက်ဖို့ သူမဘက်က စကားပြန်ကမ်းလှမ်းပြီးတဲ့နောက် အိမ်ဂရုကို အပေါင်ခံဖို့ တန်းပြီး တောင်းဆိုလိုက်တဲ့ ကကြီးရဲ့ ရင်ထဲက ပဋိပက္ခတွေ သောကတွေကို ရိပ်မိမြင်သာနေရာ သနားစိတ်ဖြင့် ရင်ထဲမှာ နင့်နေသည်။

သို့သော် မင်းနရီက ရယ်ရယ်မောမောလုပ်ရင်း အခြေအနေကို ပေါ့အောင် ဖော့ပစ်လျက် ...

"ဒါတော့ မင်း ငါ့ကို ဓွတ်ကြီးသက်သက် ဗိုလ်ကျတာပဲ ဒီနေ့အဖို့တော့ မင်း လူဆိုးဖြစ်သွားပြီ၊ မင်းက ဗိုလ်အောင်ဒင် ဖြစ်သွားပြီ"

မင်းနရီ စကားကြောင့် ငိုရင်းတစ်ဝက်က ကကြီးက ပြုံးစိစိ ဖြစ်သွားပါသည်။ ပြုံးနိုက်ကြည့်ရင်း ပြောနေသော မင်းနရီကိုလည်း အံ့အားတသင့် ဖြစ်နေမိသည်။ နူးညံ့သိမ်မွေ့





နေတဲ့ သူ့မျက်နှာပေါ်က အရိပ်တွေဟာ အစစ်တွေ။ အခံနေရခက်သွားမဲ့ သူမရဲ့ အကျပ်အတည်းကို သူ သက်သက် ဖြေလျော့တာ။ သူမကလည်း ဒီလောက်မအသေးပါဘူး။

"ဆောရီး ဦးမင်းနရီ၊ ကျွန်မ တအားလောကြီးသွားတယ်"

"ကိစ္စမရှိပါဘူး ကကြီး"

ထို့နောက်တော့ နှစ်ယောက်သားလုံး ရှိုးတိုးရှန့်တန့်နှင့် ကိုယ့်ရှေ့က ဒိမ်ဒီနိုဖန်ခွက်ကို ဆွဲယူကာ တို့တိတိ ခပ်စားနေမိကြပြန်သည်။ ခပ်ကြာကြာ စကားဖြတ်ထားပြီးမှ မင်းနရီက ...

"သူတို့ ငွေ ဘယ်လောက် လိုနေတာလဲ"

"လိုတာက ဆယ်သိန်းလောက်ပဲ ရှိမှာပါ၊ အိမ်က သိန်းနှစ်ရာကိုးဆယ် သုံးရာ ရနိုင်တယ်လို့ ပွဲစားက ပြောတယ်၊ နည်းနည်းလေးပဲ လိုတာကို အပေါင်ခံမဲ့သူမရှိလို့ ရောင်းဖို့ကြံရတာပါ၊ ရောင်းဖို့လုပ်တော့လည်း အောက်ထပ်က နောက်အိမ်ငှားတစ်ဦးက ပြဿနာလုပ်နေတာနဲ့ တော်ရုံလူ လန်သွားကြတယ်၊ သူတို့မှာ တအား အကျပ်အတည်း တွေ့နေပြီ ဦးမင်းနရီ၊ ဝသုန်ကလည်း ခွဲရတော့မယ်၊ ခုချိန်မှာ သူ ခွဲဖြစ်သွားဖို့တစ်ခုပဲ၊ သူ ခွဲဖြစ်သွားပြီးရင် ပြီးပြီ၊ သူ့ကြောင့် ကျွန်မလည်း စိတ်တွေဆင်းရဲ သောကရောက်ရလို့ သူ့ကိုလည်း စိတ်ကုန်ပြီ တော်ပြီ"

မင်းနရီက တိုးညင်းညင်း ရယ်မောလိုက်ရင်း...

www.burmeseclassic.com



"ဟုတ်ကော ဟုတ်ရဲ့လား ကကြီးရယ်၊ စိတ်ကုန်ပြီတဲ့လား"

"ဟုတ်တယ်"

မင်းနရီ ဖြိုးလျက် ခေါင်းတညိတ်ညိတ် အကြာကြီးငြိမ်နေသည်။ ပြန်ကြတော့ဖို့ ပိုက်ဆံရှင်းမှပင် ...

"ဒါဖြင့် မင်းက ငါ့ချစ်သူ ဖြစ်သွားပြီနော်"

ကကြီးက မျက်လွှာချထားရက်နှင့် ခေါင်းညိတ်သည်။

"ငွေဆယ်သိန်းရရင် ဖြစ်တယ်နော်"

"အိမ်ဂရန် မယူဘဲနဲ့တော့ သူတို့လည်း ယူရဲမှာ မဟုတ်ဘူး ဦးမင်းနရီ၊ အလကား ယူရရင် သူတို့ ရှက်ကြမှာပေါ့၊ ဂရန် ယူထားပြီး အပေါင်ခံတယ်လို့ သတ်မှတ်ရင် တော်ပါပြီ"

မျက်လွှာလေးစိုက်ချပြောနေတဲ့ ကကြီးကို သူ ငေးကာသက်နေမိခဲ့သည်။

♥ ♥ ♥

မင်းနရီက စားပွဲပေါ်က စာချုပ်ပေါ်မှာ တကုန်းကုန်း ရေးနေတဲ့ ကကြီးကို လှမ်းကြည့်ရင်း ...





"ကကြီး .. သိပ်ပြီး လေးလေးနက်နက် တိတိကျကျကြီးတွေလည်း လုပ်မနေနဲ့၊ ဒီစာချုပ်က အဖြစ်သဘောပဲ"

ခပ်တိုးတိုး လှမ်းပြောလိုက်ပါသည်။ ကကြီးကတော့ ရေးတုန်း။

"သူ့ဟာသူလည်း ရေးပြီးသားတွေဟာကို၊ မင်း ဘာတွေ ယပ်ဖြည့်စွက်နေတာလဲ၊ ဒီလောက် မလိုပါဘူးကွာ"

"မှတ်ပုံတင်အမှတ်တို့၊ လိပ်စာတို့ အဲဒါမျိုးတွေ ရေးနေတာပါ ဦးမင်းနရီရဲ့"

မင်းနရီသည် ရှေ့မှာ ငွေကြီးတွေ ထိုင်နေသော အမျိုးသားကြီးနှင့် အမျိုးသမီးကြီးကို မကြည့်ဘဲ မျက်လုံးကို စားပွဲပေါ်သို့ လွှဲစိုက်ထားသည်။ သူ့စိတ်ထဲ၌ တစ်မျိုးကြီး။ မြဝသုန်ရဲ့ မိဘနှစ်ပါးရှေ့မှာ သူ ရှိုးတိုးရှန့်တန့် မလုံမလဲ ဖြစ်နေပါသည်။

ကကြီးက သူ့ကို အိမ်ပေါင်ခံမည့် သူဌေးတစ်ဦးအဖြစ် အိမ်မှာ မိတ်ဆက်ပေးထားသည်။ ဝသုန်နဲ့ တိုက်တဲ့ကားက သေသွားတဲ့ ဆရာဝန်မလေးရဲ့ ခင်ပွန်းလောင်းမှန်းလည်း သိကြပါသည်။ အဲဒီကိစ္စက စတင်ပြီး သူနဲ့ ကကြီး ရင်းနှီးသိကျွမ်းသွားကြသည်ဆိုတဲ့ စကားကို အဘိုးကြီး၊ အဘွားကြီးတို့ လက်ခံပေမယ့် အံ့အားသင့်နေကြပုံရသည်။

www.burmeseclassic.com



ရင်းနှီးရတဲ့အထိတောင် ဘယ်လိုများ ထပ်ဆုံတွေ့ကြလို့လဲလို့ တွေးနေကြပုံရသည်။ နောက်ဆုံးတော့ အဘွားကြီးက မအောင့်နိုင်တော့ဘဲ ...

"ကကြီးနဲ့က မကြာမကြာ တွေ့ဖြစ်ကြလို့လား"

"ဟုတ်ကဲ့၊ ကျွန်တော့်အလုပ်ကိစ္စနဲ့ သွားရတဲ့ဘက်မှာပဲ သူတို့ မုန့်စက်ရုံကလည်း ရှိနေတော့ ... ဟုတ်ကဲ့"

"ဆေးရုံကိုလည်း ဦးမင်းနရီက လာလာကြည့်တယ်လေ ဒေါ်ဒေါ်မြိုင်"

ဖြစ်ဖြစ်ချင်းကဖြင့် သူ့သားကို မကျေမချမ်း ဒေါသတွေ ပေါက်ကွဲနေတာဟု သိထားခဲ့ရတာမို့ သူတို့ အံ့သြနေကြတာလည်းဖြစ်သည်။ ခုတော့ ဘယ်လိုရယ်ကြောင့် မဆီမဆိုင် သူတို့ရဲ့ အိမ်အပေါင်ကိစ္စမှာ သူက ဝင်ပြီး ငွေထုတ်ချေးရပါသနည်း။

"အေးကွ၊ ကကြီးက ငွေချေးမဲ့သူ ရှာပြီဆိုတော့ ဝမ်းသာသွားတာ၊ မင်းမှန်းတော့ မသိဘူးပေါ့လေ၊ အိမ်မရောင်းရတော့ဘူးဆိုတာ နည်းတဲ့ကံကောင်းခြင်းလား"

ဦးလေးကျော်က ခပ်ဘွင်းဘွင်းကြီးပင်ဆိုသည်။

"သူ့လက်ဝတ်လက်စားတွေ ရှိပါတယ်၊ အခု သူ့မောင်ဆီ ခဏ လက်လွှန်နေတာ ပြန်ကို မရသေးလို့ အကျပ်အတည်းဖြစ်ရတာ၊ ဒါတွေ ပြန်ရရချင်းပဲ ရောင်းပြီး ဒီငွေဆယ်သိန်းကို ဆပ်ပါလိမ့်မယ်"





"ရပါတယ်၊ ဆပ်နိုင်တဲ့အချိန် ဆပ်ပါ၊ အေးအေးသက်သာပဲ သဘောထားပါ၊ ခေါင်းထဲ သိပ်မစဉ်းစားပါနဲ့"

ငွေဆယ်သိန်းကို တတ်နိုင်ရင် စာချုပ်တောင် ရေးချင်ပုံမရတဲ့ မင်းနရီကို ကကြီးက လွှဲရင် အားလုံး အံ့သြဆေးမောနေကြသည်။ ကကြီးရဲ့ အမေလည်းပါသည်။ အမေက ဒေါ်ဒေါ်မြိုင်တို့ဘက်က သက်သေ၊ ကကြီးက မင်းနရီဘက်က သက်သေ။ ဒီလူတွေချင်းနဲ့ပဲ လုပ်ပတ်ပြီး အလုပ်ဖြစ်နေတာဖြစ်သည်။

"အတိုးက ..."

"အတိုးတွေ ဘာတွေ ပေးမနေပါနဲ့လို့ ကကြီးကို ပြောပါတယ်"

လူကြီးတွေ အံ့သြကြပြန်ကာ ကကြီးကို တစ်လှည့်၊ မင်းနရီကို တစ်လှည့် ကြည့်ကြသည်။

"အို ... ဦးမင်းနရီကလည်း အတိုးမပေးရရင် ဒေါ်ဒေါ်မြိုင်တို့က စိတ်မသန့်ဘဲ ဖြစ်နေမှာပေါ့၊ ဦးမင်းနရီအပေါ် အားနာနေကြမှာပေါ့၊ နေရာဘယ်ဖြောင့်မလဲ၊ ယူလိုက်ပါဆိုမှ၊ သုံးကျပ်တိုးလောက် ယူလိုက်"

မင်းနရီ မျက်နှာက ရယ်ချင်သလိုလို စိတ်အိုက်သလိုလို ဖြစ်နေသည်။ ဦးလေးကျော်နှင့် ဒေါ်ဒေါ်မြိုင်သည် နိုင်နိုင် ရှိလှတဲ့ ကကြီး ပုံစံကို အလွန်ပင် အံ့အားသင့်ပြ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ ကကြီးရဲ့ အမေတစ်ယောက်သာလျှင် သူ့သမီး အရေးပါဝ ရှိနေပုံကို ကျေနပ်သဘောကျနေသလို ဖြစ်နေသည်။

"ဦးလေးကျော် ဒီမှာ လက်မှတ်ထိုး၊ ဦးမင်းနရီ ဒီမှာ ထိုး"

ဦးလေးကျော်က ခပ်လှမ်းလှမ်း ဟိုဘက်ဒီဘက် ဖတ်တုန်းရှိသေး မင်းနရီက ဘာမှ မဖတ်ဘဲ လက်မှတ်ထိုးခ လိုက်၍ သူပင် ဖတ်နေရမှာ အားနာသွားသလိုလို ခပ်သွက်သွက် လက်မှတ်ထိုးလိုက်ရသည်။ နှစ်စောင်လဲကာ ထိုးကြသည်။

"ရော့ ... အမေ ဒီမှာထိုး၊ သက်သေ"

ကကြီးက သူကိုယ်တိုင်လည်းထိုး။ အရာရာက သူချည်း စီမံခန့်ခွဲနေတော့သည်။

"ဦးမင်းနရီ ရော့၊ ဒါက အိမ်ဂရန်၊ စာချုပ်တွေ"

နွမ်းဟောင်းနေပြီဖြစ်တဲ့ ဟိုးခေတ်က စက္ကူကတ် အညိုဖိုင်ချပ်ဟာ အထဲမှာ ဝါကျင်ကျင်စက္ကူတို့နှင့်။ မင်းနရီက သက်ပြင်းချရင်း ...

"အန်တီ ငွေလေး ဆယ်သိန်းလောက်နဲ့ သိန်းသုံးရာလောက် တန်တဲ့ အိမ်ရဲ့ ဂရန်ကို ယူထားရမှာဟာ ကျွန်တော်လည်း စိတ်မသန့်ပါဘူး၊ ယူလည်း မယူသင့်ပါဘူး၊ အဲဒါကို ပြန်ယူထားလိုက်ပါ၊ ရိုးရိုးပဲ ငွေချေးတယ်ပေါ့"

ဒေါ်ဒေါ်မြိုင်က ကကြီးကို လှမ်းကြည့်သည်။





"ယူလိုက်ပေါ့၊ ဒေါ်ဒေါ်မြိုင်တို့က တခြားလည်း ပေးစရာ ရှိတာ မဟုတ်ဘူး ဦးမင်းနရီရဲ့"

"ပေးစရာမရှိလဲ နေပစေလေ၊ ငွေချေးထားတယ်ပေါ့၊ ပြီးတာပဲ၊ ကဲ ကဲ ... အဲဒါတွေ ပြန်သိမ်းလိုက်၊ တော်ကြာ စာရွက်တွေ ထွက်ကျပျောက်နေဦးမယ်"

ကကြီးက ဦးမင်းနရီကို မျက်ရိပ်ပြနေပါသည်။ အိမ်ဂရန် မယူရင် အိမ်ပေါင်ခံဖို့ မနည်းတောင်းဆိုပန်ကြားထား ရသယောင် ပြောထားတဲ့ ကကြီး စကား အလကားဖြစ်သွားမှာ ပေါ့။ သူ့အတွက်တော့ ငွေဆယ်သိန်းက အပျော်ခရီး တစ်ခါ ထွက်ရင် ဖြုန်းသလောက်တောင် ရှိမှာမဟုတ်ပါ။ သူက လွယ်ကူ သော်လည်း ဒီကလူကြီးတွေ အံ့သြနေကြပြီ။

မင်းနဒီက မျက်ရိပ်တွေ ဘာတွေလုပ်နေတဲ့ ကကြီး ကို ရယ်ချင်လာကာ ပြုံးစိစိဖြစ်ချင်တဲ့ မျက်နှာကို ကြိုးစားတည် ထားရသည်။ လုပ်နေတဲ့ ရုပ်ကိုက ချစ်စရာလေး။ ဩော် ... သူတော့ တကယ့်ကို မမျှော်လင့်တဲ့ အချစ်တစ်ခုထဲမှာ ရစ်မူးကျ ဆုံးပျောင်ငင်သွားခဲ့ပါပြီကော။

"ရော့"

"ကိုယ် တကယ် မယူဘူး ကကြီး၊ ငွေက ဆယ်သိန်းထဲပါ၊ အန်တီတို့ကိုပဲ ပြန်ပေးထားလိုက်ပါ၊ လုပ်ပါ၊ ကိုယ် တကယ် ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကကြီး သက်ပြင်းချရင်း ဦးလေးကျော်တို့ဘက် လှည့်ကာ ...

"ဦးလေးကျော် ... ဒေါ်ဒေါ်မြိုင်၊ ကြားတဲ့အတိုင်းပဲ၊ အိမ်ဂရန်စာချုပ် ယူမထားတော့ဘူးတဲ့၊ အလွတ်ချေးတဲ့သဘောပဲ၊ သူ မယူတော့ကလည်း ပြန်သိမ်းထားလိုက်ပေါ့ ဒေါ်ဒေါ်မြိုင်ရယ်"

"အလွတ်ချေးဆိုတော့ အတိုးများ များလာမလား"

"မများပါဘူး၊ ဒီသုံးကျပ်တိုးပဲ၊ သူက ယူချင်တာတောင် မဟုတ်ဘူး၊ သူက သက်သက်ကူညီပေးတယ်ဆိုတဲ့ သဘောပဲ ရှိချင်တာ ဒေါ်ဒေါ်မြိုင်၊ ဘာမှ တွေးမနေနဲ့တော့၊ ထားလိုက်ပေါ့၊ သုံးကျပ်ဆိုတော့ တစ်လ သုံးသောင်းပေါ့"

မင်းနရီက မဖြေရဘဲ ကကြီးကပဲ ဆုံးဖြတ်ပြီး ဝင်ပြောနေပုံမှာလည်း ပိုင်နိုင်လွန်းနေတဲ့ပုံက အထင်းသား အရှင်းသား။ ကကြီး ဘာပြောပြောရတဲ့ပုံစံ။ မပြုံးတပြုံး စကား ခပ်နည်းနည်းနဲ့ ကကြီးကိုပဲ လှမ်းကြည့်နေပုံကလည်း ကကြီး ဘာလုပ်လုပ် လိုက်လျောခွင့်လွှတ်ထားတဲ့ပုံ။ ဘယ်လိုတွေပါလိမ့်၊ ဘယ်လိုကြောင့်များ ဒီလောက် ရင်းနှီးပိုင်နိုင်သွားကြသလဲ။

ကားတိုက်မှုဖြစ်ကာစက ဒီလူဟာ ပေါက်ကွဲသောင်းကျန်းနေတဲ့ လူတစ်ယောက်အဖြစ် ကကြီးပြောလို့ပဲ သိခဲ့ကြရသည်။ မြေဝသုန်ကိုတောင် တရားစွဲဖို့ လုပ်ခဲ့သေးတယ်ဆိုပြီးတော့။ သတိမလည်တဲ့ ဝေဒနာသည်ကို တရားစွဲမယ်ဆိုတော့





ဒီဘက်က မိဘတွေမှာလည်း 'အတော်အာဃာတကြီးတဲ့ သည်းလွန်းတဲ့သူ၊ သူ့မှာ ငွေရှိတိုင်း လူတစ်ဖက်သားကို ချုံ့ထွင်အမူဆင်ခြင်တဲ့သူ' စသဖြင့် ကိုယ့်သောကနဲ့ကိုယ်တွေလည်း ပေါက်ကွဲခဲ့ရသေးဟာပင်။

နောက်ပိုင်း ဘာမှ ဆက်မဖြစ်ခဲ့သော။ ဒီလူဘက်ကသာ တစ်ခုခု ရှေ့ဆက်ရင် ပြဿနာတွေ ကြီးခဲ့ဦးမှာ။

ခုတော့ ဘယ်လိုကြောင့် ငွေချေးမဲ့ ငွေရှင်ကိုယ်တိုင်က အိမ်တိုင်ရာရောက် ပါလာခဲ့ပြီး ငွေလာထုတ်ချေးရသနည်း။ ဘာကယ်ဆို ဂရန်လေး စာချုပ်လေးတွေ ကိုင်သွားပြီး ငွေရှင်အိမ်ကို ကုပ်ကုပ်ကလေး တက်သွားကြရမှာပါ။ ခုတော့ ချေးမည့်သူက ငွေထုပ်ကြီးနှင့် အိမ်အထိရောက်လာသည်။ ကိုယ်က အိမ်ကအမြိန့်သားထိုင်ကာ လက်မှတ်လေးထိုးပြီး ငွေ လက်ခံရုံသာ။

"ပြီးရင် သွားစို့လေ ကကြီး"

လှမ်းပြောဟန်က မိတ်ဆွေပုံမပေါက်။ တယုတယရှိလှသည်။ ဒေါ်အေးမြိုင်သည် မိန်းမပီပီ အမူအရာ အရိပ်အကဲတို့ကို တစ်ခုချင်း မလွှတ်တမ်း အကဲခတ်နေသည်။

"အောက်ထပ်မှာ အန်တီက ကော်ဖီ အသင့်ဖျော်ရစ်ခဲ့တယ်၊ အောက်ကို ဝင်ပြီး ကော်ဖီလေး သောက်သွားပါဦး"

ဝင်ပြောလိုက်တဲ့ ကကြီး အမေကလည်း ကိုယ့်အိမ်ရှင်မင်းသား လာတာလို ဂုဏ်မောက်ချင်တဲ့ ပုံစံနှင့် ပြုံးပြုံးကြီး သဘောကွတ်တွေပြလို့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ — ဦးမင်းနရီ၊ ကော်ဖီ သောက်လိုက်ဦးပေါ့"

"အို — ဘယ်ဟုတ်မလဲ၊ အပေါ်မှာပဲ သောက်ပေါ့၊ ဒေါ်ဒေါ် ဖျော်လိုက်မယ်"

"နေပဆေတော့ ဒေါ်ဒေါ်မြိုင်၊ အောက်မှာ အမေက ကြိုတောင် ဖျော်ခဲ့ပြီ၊ အဆင်သင့် ဖြစ်နေပါပြီ၊ အောက်မှာပဲ တိုက်လိုက်တော့မယ်နော်၊ ဒီစာရွက်စာတမ်းတွေ ပြန်သိမ်းလိုက်ပါဦး ဒေါ်ဒေါ်မြိုင်၊ ဒီမှာ ငွေထုပ်နော်"

မြဝသုန်ရဲ့ မိဘနှစ်ပါးတို့မှာ အင်တင်တင်နှင့်ပဲ မပြောသာ မဆိုသာ ကျန်ရစ်ခဲ့ကြရကာ မင်းနရီကတော့ ကကြီးတို့သားအမိနှင့် အောက်ထပ် ပါသွားပြန်ပါသည်။ မင်းနရီသည် သူ့ချစ်သူရဲ့ အိမ်ခန်းလေးကို အံ့အားတသင့် လှည့်ပတ်ကြည့်နေသည်။ ခပ်ကျဉ်းကျဉ်းနဲ့ ဘာအဖိုးတန်ပစ္စည်းမှ မရှိလှတဲ့ အိပ်ခန်းကုပ်ကုပ်လေး။

ထိုအခန်းကလေးထဲတွင် သူ ချစ်တဲ့ ကကြီးဆိုတဲ့ ကောင်မလေး နှစ်ပေါင်းများစွာ ကြီးပြင်းနေထိုင်လာခဲ့သည်။ မပြည့်မစုံလေးနဲ့ပေါ့။ သနားပါတယ်။ သူနှင့် ဘာကြောင့်များ ခပ်စောစော မတွေ့ခဲ့ကြရတာပါလိမ့်။ မင်းနရီ တသသတွေးနေမိပါသည်။ ခုလို ကိစ္စကြီးတစ်ခုကို ကျော်ဖြတ်ပြီးမှ တွေ့ခဲ့ကြရသည်။ နောက်တွေ့ကျလိုက်တာ။

ဟိုးအရင်က ဒီလို ရိုးရိုးသားသား သာမန်တွေ့နည်းမျိုး တွေ့တော့ကော မင်းနရီက ကကြီးလို ဘယ်ဘက်မှ မပြည့်စုံ





မြင့်မားတဲ့ မိန်းကလေးကို ချစ်နိုင်မှာမို့လား။ ခုမှပဲ ဘယ်လိုဖြစ်မှန်းမသိ ဖြစ်ပြီးတော့ ဘယ်လို ချစ်မှန်းမသိ ချစ်နေမိပါပြီ။

"ဦးမင်းနရီ ကော်ဖီသောက်၊ ရှင် ကြိုက်တဲ့ ကာပူချီနိုတို့ ဘာတို့တော့ မဟုတ်ဘူးနော်၊ ရိုးရိုးကော်ဖီမစ်စ်ပဲ၊ နို့ထပ်မထည့်ဘဲ ရေနွေးနည်းနည်းထဲနဲ့ ခပ်ပြင်းပြင်းလေးဖျော်ဖို့ အမေ့ကို မှာထားတာပါ"

မင်းနရီက ကကြီးကို ပြုံးကြည့်သည်။ ကကြီးရဲ့အမေသည် ထည်ဝါခန့်နား သန့်ပြန့်တောက်ပြောင်လှတဲ့ မင်းနရီကို တစိမ့်စိမ့်ကြည့်ရင်း စိတ်ဇော တစ်ခုနှင့် ရင်တွေပင်ဟုန်နေသည်။

ဒီသူဌေးကလေးဟာ သူ့သမီးကို တကယ်ပဲ ချစ်တာနေတုပါရဲ့။ ဒေါ်အေးမြိုင်တို့ကို ငွေဆယ်သိန်း ပစ်စလက်ခတ်နေးပစ်ခဲ့တာဟာလည်း သမီး မျက်နှာကြောင့်ပဲပေါ့။

မြဝသုန်ကိုတော့ ဘာမျက်နှာလုပ်စရာရှိလဲ။ သူနဲ့သည်း သိကြတာမဟုတ်။ ဒေါ်အေးမြိုင်တို့ လင်မယားလည်းသူနဲ့ လုံးလုံးသိတာမဟုတ်။ အိမ်စာချုပ် မယူဘဲ အတိုးခပ်နည်းနည်းတည်းနဲ့ ငွေဆယ်သိန်း ချေးတာဟာ ကကြီး မျက်နှာ။ ကကြီးအတွက်။ ကကြီးကို အရေးတယူလုပ်တာသာ။ ကကြီး ကောင်းဆိုတာကို လိုက်လျောကြည့်ဖြူတာ။

"ပြီးရင် တစ်ခါတည်း ထွက်မယ်လေ၊ ကကြီး အဝတ်လဲရင်လဲထားတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



ကကြီးက လက်က လက်ပတ်နာရီလေးကို ကြည့်ရင်း ...

"အလုပ်ကို ဝင်ဖို့ကတော့ အတော်စောနေတယ် ဦးမင်းနရီ အဲဒါ"

"ဘာလုပ်ချင်လဲ"

"ဆေးရုံ ခဏဝင်ကြမလား၊ ဒီမနက် ဦးမင်းနရီလာမှာဆိုပြီး ကကြီး ဆေးရုံ မသွားတော့ဘူးလေ၊ ဝသုန့်ညီဝမ်းကွဲကို ဆေးရုံ လွှတ်ထားတာ"

ကကြီး အမေမှာ သူ့သမီးသူ အားမလိုအားမရ မျက်မှောင်တွန့်သွားရပါသည်။ သူ့ဒွေးလေးက ကြိုက်ပါ့မလား မကြိုက်မလား မသိ။ အဲဒီ ကကြီးဟာ ဝသုန့်ဆီ တစ်ရက်မသွားရတော့ ဘာဖြစ်သွားမှာမို့လဲ။

"ဟို ... ဦးမင်းနရီ အချိန်ရရဲ့လား"

"အို ... သမီးရယ် ... နောက်နေ့မှ ကိုယ့်ဟာကိုယ် သွားရင်လည်းသွားပေါ့၊ ဒီက အလုပ်တွေ ဘာတွေများ ရှိနေမလား၊ အားနာစရာကွယ်"

"အလုပ်မရှိပါဘူး အန်တီ၊ ဒီတစ်မနက်ပိုင်း မလာဘူးလို့ ရှိုးရှမ်းမ်မှာ မှာခဲ့ပါတယ်"

ဘယ်မှာ မှာခဲ့တာပါလိမ့်။ ဘိုလိုကလည်း နားမလည်။ အို သူ့ဟာသူ ဘာပြောပြော ပြောချင်တာသာပြော





ကန့်ကွက်ဖို့ရာ မရှိတဲ့တူတူတော့ ခေါင်းချည်းယမ်းသမ်း ညိတ်နေလိုက်သည်။

"လိုက်ပို့မယ်ဆိုရင်တော့ ကျွန်မ ခဏသွားချင်တယ်"

ကြည့်ဦး။ ကျွန်မတဲ့။ ဒီကောင်မလေးနှယ်။ စကားကို အိုက်တင်လေးနဲ့ ပဲလေးနဲ့လည်းမပြော။ အဖြောင့်အစင်းကြီး ပြောနေသည်။

"ပြီးတော့ ... ပြီးတော့လေ၊ နောက်ရက်တွေ ဝသုန့် ဆေးရုံကို ကျွန်မ မသွားတော့ဘူးလို့လည်း စိတ်ကူးထားပါတယ်၊ ဒီနေ့ နောက်ဆုံးသွားတဲ့အနေနဲ့ပါ"

"ပို့ပေးမယ်လေ။ ဒါဖြင့် ခုပဲ ထွက်ရအောင်"

"ဟုတ်ကဲ့"

ကကြီးက အိမ်ထဲ ခုန်ပေါက်ပြေးဝင်သွားသည်။

"အန်တီ့ကို အကြံတောင်းရဦးမယ်၊ အန်တီ ဘယ်လို စိတ်ကူးရှိသလဲလို့၊ ကျွန်တော်က ကကြီးကို ခုလို မုန့်ထုပ်တဲ့ အလုပ်လုပ်နေမဲ့အစား ကျွန်တော့် ကုမ္ပဏီ အလုပ်ရုံးခန်းမှာ တာဝန်တစ်ခုခုပေးပြီး အလုပ်ပြောင်းခိုင်းမလားလို့"

"ဒီက ဦးမင်းနရီရဲ့ အလုပ်က ဘာများ"

"ကျွန်တော်က ပရိဘောဂမျိုးစုံ ထုတ်လုပ်တဲ့ လုပ်ငန်းပါ၊ အရောင်းပြခန်းနဲ့လည်း ရောင်းတယ်၊ အသစ်ဖွင့်တဲ့ ဟိုတယ်တွေဘာတွေကို တစ်ဟိုတယ်လုံးစာ အော်ဒါအနေနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



လက်ခံဆောင်ရွက်တယ်၊ နိုင်ငံခြားတွေလည်း တင်ပို့ပါတယ်”

“ကကြီးက ပရိဘောဂနဲ့ ပက်သက်လို့တော့ ဘာမှ လုပ်တတ်မယ်မထင်ဘူးကွယ့်”

“ဩော် ... အဲသလို လုပ်ဖို့ မဟုတ်ပါဘူး အန်တီ၊ ရုံးဝန်ထမ်းအလုပ်မျိုးပြောတာပါ၊ စားပွဲမှာ ထိုင်ပြီး စာရွက်နဲ့ ဘောလ်ပင်နဲ့ ဖုန်းတစ်လုံးနဲ့ပဲ လုပ်ရမဲ့အလုပ်မျိုးပေါ့၊ မုန့်ထုပ်ရတာလောက် ဘယ်ပင်ပန်းပါ့မလဲ၊ လခကျတော့ ပိုကောင်းမှာပေါ့”

“ဩော် ... အဲလိုဆိုရင်တော့ ဘာငြင်းစရာရှိမှာလဲ၊ လုပ်ချင်စရာကြီးပေါ့၊ သူက ဘာပြောလဲကွယ်”

“သူက စဉ်းစားဦးမယ်တဲ့”

“ဘာကိုများ သူက စဉ်းစားဦးမှာလဲ၊ ကောင်းနေတဲ့ဟာကို”

မင်းနရီသည် ကကြီး အမေရဲ့ သဘောထားကို တစ်ထိုင်တည်းနှင့်ပင် ရိပ်မိပြီး ဖြစ်နေပါသည်။ သူ့အမေခမျာ ရိုးအေးပုံတော့ရပါသည်။ သူ့သမီးလေးကိုတော့ အတိုင်းထက်အလွန် ကောင်းစားစေချင်မည့်ပုံဆိုတာ သိသာသည်။ မင်းနရီ အပေါ်လည်း လိုလိုလားလား ရှိနေပါသည်။

“အန်တီလည်း သဘောတူတယ်ဆိုရင် ကျွန်တော် သူ့ကို ထပ်တိုက်တွန်းလိုက်ပါဦးမယ်”





“တိုက်တွန်းလိုက်ပါ၊ တိုက်တွန်းလိုက်ပါ၊ အန်တီက ဘာမှ ပြောစရာမရှိပါဘူး၊ တစ်ခါတလေ လူငယ်တွေက မအေမိဘ ပြောရကျပ်သား၊ ကိုယ့်အချင်းချင်း ပြောပြတိုင်ပင်ကြပေါ့၊ ဒီသမီးလေးတစ်ယောက်ပဲ ရှိတာမို့လို့ အန်တီကတော့ သူ့ဘဝအတွက် ကောင်းမယ်ထင်တဲ့ ကိစ္စတွေ အားလုံး သဘောတူပါတယ်ကွယ်၊ သူ့ကို ကောင်းစားစေချင်ပါတယ်၊ သူကောင်းဖို့ကိစ္စကို ဘာမှ မကန့်ကွက်ပါဘူး”

ကကြီးက အခန်းတွင်းမှ ထွက်လာပါသည်။ နှစ်ဦးလုံးကို အကဲခတ်ရင်း ...

“ဦးမင်းနရီ အမေ့ကို ဘာတွေညာနေလဲ”

“ဟဲ့ ... ဘယ်လိုပြောလိုက်တာလဲ ကကြီးရယ်၊ မလေးမစားနဲ့”

ကကြီးက ပြုံးစိစိ မျက်နှာလေးနှင့် အမေ့ကိုရော မင်းနရီကိုရော မျက်စောင်းချိတ်ကာ ...

“ဘယ်သိမလဲ၊ နှစ်ယောက်သား တပြုံးပြုံးနဲ့ အပေးအယူတည့်နေတာတွေ့ရတာကိုး”

မင်းနရီက ခွင့်လွှတ်ပြုံးနှင့် ကြည်ကြည်ဖြူဖြူ ရှိလျက်တည်း။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



# ၁၁

ဘာအတွက်ကြောင့် ဦးမင်းနရီ ထပ်ခန့်လိုက်မှန်း မသိတဲ့ ဝန်ထမ်းစာရေး အသစ်လေးကြောင့် ကုမ္ပဏီရုံးခန်းက လူတွေ နားလည်ရခက်ကြသည်။ သူ့ကို မှုခိုင်းစရာ အလုပ် တောင်မှမရှိ။ တစ်မျိုးတစ်မည် ထင်မြင်ရအောင်ကလည်း သူတို့ သူဌေး ဦးမင်းနရီရဲ့ မာန်ဂုဏ်ဝင့်ကြွားလှတဲ့ စိတ်ဓာတ်ကို သိ ကြသူတွေသာဖြစ်၍ ဤလို ဘာမဟုတ်တဲ့(ထူးကဲပြီးလည်း လှမ နေတဲ့) ကောင်မလေးတစ်ယောက်နှင့်တွဲ၍ တစ်မျိုးမထင်နိုင်။

လုပ်စရာမရှိတဲ့အတွက် အမှာအငင်အထွက် အတင် အပို့ စာရင်းတွေကိုပေးပြီး လေ့လာခိုင်းထားရာ ကကြီးသည် နံနက်ရှစ်နာရီခွဲမှာ ရုံးရောက်ရပြီး ဦးမင်းနရီ ပေးတဲ့ ဖိုင်လ်တွေ စာရွက်တွေကို ထိုင်လေ့လာနေရသည်။ ဖုန်းလာရင်ကိုင်၍ သင် ဆိုင်သူကို ခေါ်ရမည်။





ကကြီးက မုန့်စက်ရုံက ရုတ်တရက် အလုပ်မထွက် လိုသေးဘူးလို့ တောင်းဆိုထားတဲ့အတွက် နေ့လယ်အထိ နေ့တစ် ပိုင်းသာ ဒီမှာရှိသည်။ နေ့လယ်တွင် မုန့်စက်ရုံသို့ ဦးမင်းနရီ ပို့သောကားနှင့် သွားရသည်။ ဟိုကျရင်တော့ အလုပ်တွေ လုပ် ပေတော့။ ဒီတစ်မနက်ခင်းသည် ဘာမှမဟုတ်ဘဲနဲ့ သူ့မျက်စိ အောက် ခေါ်ထိုင်ခိုင်းထားသလိုမျိုးသာဖြစ်သည်။ ဒါ့အပြင် သူ့ အလုပ်ကဲ အလုပ်ပေးထားတယ်ဆိုပြီး အလုပ်လာဆင်းနေစေတဲ့ အတွက် မြေဝသုန့် ဆေးရုံကို ကကြီး မသွားနိုင်တော့ဘဲ ရှိရ ပါသည်။

မသွားဖြစ်တော့လည်း ကောင်းတာပဲဟု ကကြီး စိတ်ကို ဖြေထားလိုက်သည်။ လေ့နှစ်ဖက်လုံးကိုတော့ ကကြီး နင်းလို့မဖြစ်ဘူးပေါ့။ ဝသုန့် ခွဲစိတ်ကုသစရိတ် ဆယ်သိန်းကို ဒေါ်ဒေါ်မြိုင်တို့လက်ထဲ ထည့်ထားလိုက်နိုင်တဲ့အတွက် ကျေနပ် နေပြီဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဦးမင်းနရီကိုလည်း ကျေးဇူးရှင် အဖြစ်နှင့်တော့ တစ်ခါတစ်ရံ ကျေးဇူးတင်မိကာ တစ်ခါတစ်ရံ တော့လည်း ငွေနှင့် ပေါက်၍ သူမနှင့် ဝသုန်ရဲ့ ချစ်ခြင်းကို ခွဲသူပဲလို့ ရင်နာမိပြန်သည်။

တကယ်တော့ ငွေနှင့်ပေါက်သူက ပေါက်လည်းပဲ အပေါက်ခံတဲ့လူက ခံလို့သာ ခုလိုဖြစ်တာပါ။ ဘယ်သူမပြု မိမှု။ ကိုယ်က သူ့အကူအညီကို အလွယ်တကူ အားကိုးရယူချင်



www.burmeseclassic.com

www.burmeseclassic.com



တာကိုး၊ ကိုယ့် ရွေးချယ်မှုပေါ့။ တစ်ခါတလေတွင် ဤသို့ အခုန့်တရားကို ပြေရာပြေကြောင်း ခွင့်လွှတ်တွေးလျက် တစ်ခါဘစ်ရံတွင်တော့ ဒီလူဟာ မြေဝသုန့်ကို အငြိုးထားမှုသက်သက်ကြောင့် ဝသုန့် ချစ်သူကို သူ့လက်ခုပ်ထဲရောက်အောင် လုပ်ထားတာကလွဲရင် စေတနာစစ်နဲ့ ကူညီနေသူ မဟုတ်ပါဘူးလို့ နာနာကျင်ကျင် တွေးမိပြန်ကာ ဝမ်းနည်းဒေါသဖြစ်ရသည်။

ကကြီးသည် ဝသုန့် ဆေးရုံသို့ သူမ သွားခွင့်မရသည်ရှိတာကိုလည်း ကျိတ်ပြီးခံစားနေမိပါသည်။ ဆေးရုံသွားချင်တယ်လို့လည်း ပူဆာခွင့်မတောင်းရဲ။ သူက သူ့ရုံးမှာ နံနက်တစ်ပိုင်း အလုပ်ဆင်းဖို့ ပြောထားပါလျက် လစာကိုတောင် ကြိုထုတ်ပေးထားပါလျက် အလုပ်ချိန်အတွင်း (အလုပ်ရှိရှိ မရှိရှိပေါ့)တခြားတစ်နေရာကို သွားချင်တယ်ဆိုတာမျိုး အလုပ်သမား အနေနှင့် ပူဆာ ခွင့်တောင်းခွင့်မှ မရှိတာ။

ကကြီးသည် စိတ်၏ဆင်းရဲကျပ်တည်းခြင်းကြောင့် လူကလေးပင် ချုံး၍ပိန်လာသည်။ မင်းနရီထံ နံနက်ပိုင်း အလုပ်ဆင်း၍ လခအသစ်တစ်မျိုးရနေကာ ဝသုန့် ဆေးရုံသို့လည်း သွားလို့မရတော့တာကို ဒေါ်ဒေါ်မြိုင် သိတော့ ...

"သမီးနဲ့ အဲဒီ သူဌေးက ဘယ်လိုတုန်း ကကြီး"

အောက်ထပ် ဆင်းလာကာ အမေ့ရှေ့မှာပင် လာ၍ မေးခဲ့ပြီးပြီ။





"ငွေလည်း ထုတ်ချေး၊ အလုပ်ကိုလည်း နေ့တစ်ဝက်ခန့်တယ်ရယ်လို့ မကြားဖူးပါဘူး၊ ဒီလောက်ကြီး ရင်းနှီးတာလည်း မဟုတ်ဘဲနဲ့၊ ဒီလူက ဘာရည်ရွယ်ချက်တွေနဲ့ ဘာတွေ လုပ်နေတာလဲ"

ကကြီး၏ မျက်နှာငံ့ချကာ မပြေ၍ အမေကဝင်ကာ ...

"ဒီသူဌေးက ကကြီးကို မေတ္တာရှိနေတယ် မအေးမြိုင်"

"ဟင် ... သူ့မှာ ဝသုန်ရှိတာ မသိလို့လား၊ သူတို့နှစ်ယောက် လက်ထပ်ဖို့အထိ ရည်ရွယ်ပြီးတာ မသိဘူးလား၊ သူကတော့ ဘယ်သိမှာလဲ၊ ကကြီးက မပြောပြဘူးလား"

"ပြောပြပါတယ်"

"ပြောပြတော့ သူက ဘာတဲ့လဲ"

"သူက ကကြီးမှာ ရည်းစား ရှိရှိ မရှိရှိ ဘယ်လိုမှ သဘောမထားဘူးဆိုတဲ့သဘောပဲ မအေးမြိုင်၊ ငွေထုတ်ချေးတာတွေ ဘာတွေလဲ ကကြီးကို မေတ္တာရှိလို့ ကကြီး ကူညီချင်တဲ့ကိစ္စကို ကူညီပေးတာသက်သက်ပဲ၊ ပြန်ဆပ်ဖို့ မလိုဘူးတောင်ပြောတာ၊ မုန့်ထုပ်တဲ့ အလုပ်ကတောင် ထွက်ခိုင်းနေတာ၊ ကကြီး ပင်ပန်းလို့တဲ့၊ ကကြီးက ခေါင်းညိတ်ရင် လက်ထပ်ယူမှာတဲ့"

ဒေါ်အေးမြိုင်သည် ဆတ်ဆတ်တုန်အောင်ဖြစ်ရင်း ရင်ပတ်ကိုပင် ထုကာထုကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာင် _ ထင်သားပဲ၊ ဒီအရိပ်အခြည်တွေ မြင်နေ ထင်နေလို့ ဖွင့်မေးကြည့်တာ၊ ဖြစ်ရလေ ကကြီးရယ်၊ ဒါဖြင့် ဒီပိုက်ဆံဆယ်သိန်း ယူပြီး ညည်းက ဒီသူဌေးရဲ့ ရည်းစားဖြစ်သွားပြီဆိုတဲ့သဘောလား၊ ဒီလိုတော့ ဘယ်ဖြစ်မလဲ၊ ငါ့သားလေး ကျန်းမာလာရင် ငါတို့ကို ဘယ်လိုပြောမလဲ၊ ဒီလိုမှန်းသိ သူ့အကူအညီ ဘယ်ယူမလဲ၊ ငါတို့ကိုလည်း မတိုင်မပင်နဲ့ ညည်း လုပ်ချလိုက်ရသလားအေ၊ အခု ဒီဆယ်သိန်း ဘယ်လိုပြန်ပေးကြမလဲ၊ နက်ဖြန်သဘက်ပဲ ခွဲတော့မှာမို့ ငွေကတချို့တစ်ဝက် ချေလိုက်ပြီလေ၊ မဖြစ်ဘူး အတိုးဘယ်လောက်ကြီးကြီး ရအောင်ရှာပြီး ပြန်ဆပ်မှ ဖြစ်မယ်"

"အဲလိုအလောသုံးဆယ်လည်း ဆပ်ဖို့မလိုပါဘူး ဒေါ်ဒေါ်မြိုင်ရယ်၊ ကိုယ့်မှာလည်း ဝန်ပိတယ်၊ အဲဒီငွေကိစ္စထက် ဝသုန့် ကျန်းမာရေးကိစ္စကိုပဲ ပိုအာရုံထားပါ။ သန်ဘက်ခါဆိုရင်ပဲ ခွဲရတော့မယ်၊ အာရုံကြောဆေးရုံကိုတောင် ရွှေ့ထားပြီဆို၊ အဲဒီရောက်ပြီးမှ ကကြီးတောင် ဆေးရုံ မရောက်သေးဘူး"

"ညည်းသူဌေးက ဝသုန့်ဆီ သွားခွင့်မပြုဘူးပေါ့နော်၊ အမလေး ငါ့သားလေးအတွက် ငါ့ရင်တွေ နာလိုက်တာ သူ့ကျန်းမာရေး တစ်ဖက်မှာ ဆိုးဝါးနေတဲ့အချိန်မှာ သူ့ ရည်းစားက ဒီဖက်မှာ လက်လွှတ်တော့မယ်ဖြစ်နေတာ ငါ့သားလေး မသိရှာဘူးဟဲ့"

ဒေါ်ဒေါ်မြိုင်က ရင်ပတ်စည်တီး မျက်ရည်ကျတဲ့အခါ ကကြီးသည်း မျက်ရည်လည်ရွဲ ဖြစ်ရသည်။

"ဒီလိုမပြောပါနဲ့ ဒေါ်ဒေါ်မြိုင်ရယ်"

"ပြောမယ်၊ ပြောမှာပဲ၊ ညည်းကိုယ်ဒွိကလည်း သူဌေးနဲ့ ငါ့သားနဲ့ ယှဉ်တော့ သူဌေးဘက် ခပ်ပါပါ ဖြစ်နေမှာပါအေ၊ မိန်းမဆိုတာ လက်သာရာ အခွင့်အရေးပိုရာကို မက်ကြတာပဲ၊ ငါလည်း မိန်းမပါပဲ၊ ပုထုဇဉ် သူသူကိုယ်ကိုယ် ဒီလိုပါပဲ၊ ဝသုန့်အတွက် ငွေကို လိုတဲ့အချိန်မှာ အလွယ်တကူရအောင် ရှာပေးနိုင်တဲ့ ကျေးဇူးကိုလည်း ငါ အသိအမှတ်ပြုပါတယ် ကကြီးရယ်၊ ဒါပေမဲ့ ငါ့သားလေး နေကောင်းလာရင်တောင် အသည်းကွဲရတော့မှာ ငါ မြင်ယောင်နေပါတယ်"

ကျွန်မ နှလုံးသားတွေက ဝသုန့်အပေါ် သစ္စာရှိနေပါတယ် ဒေါ်ဒေါ်မြိုင်ရယ်လို့ ကကြီး ကြေကြေကွဲကွဲ ကျိတ်ရေရွတ်ရသည်။ နှုတ်က ဖွင့်ပြီးတော့တော့ ကတိမပြုနိုင်တဲ့ ဘဝအခြေအနေပါ။ ဝသုန့်ကိစ္စက ငွေထပ်လိုရင်သာလိုမည်။ အပိုတော့မဖြစ်။ ဒါကောင် စရိတ်စကရဲ့ အချို့တစ်ဝက်ကိုပဲ ကိုယ်က ကုန်ကျခံတာပါ။ နိုင်ငံခြားက ခွဲစိတ်ကုသမားတော်တို့အတွက် အဖိုးအခ







www.burmeseclassic.com

www.burmeseclassic.com



ချို၊ ကိုယ်အတွက်နဲ့ သုံးစွဲမည့် ဆေးဝါးများနှင့် စက်ကရိယာများ အစရှိသည့်သုံးစွဲခြင်း၊ တစ်ခါသုံးပစ္စည်းများ အဖိုးအခ။ ဒါတွေပဲ ရှိပါသေးသည်။ ခွဲစိတ်ဖို့စာရင်းပေးထားတဲ့ လူနာများ ကုန်ကျမည့်ငွေရဲ့တစ်စိတ်တစ်ဒေသကို ကြိုတင်ပေးသွင်းထားရပြီမို့ ဦးမင်းနရီကို ပြန်ပေးချင်ရင်တောင်မှ ပေးစရာရှိတော့တာမဟုတ်။

ယောက္ခမလောင်းကြီးနှင့် ကကြီးတို့လည်း ရင်ထဲမှာ အဖုအထစ်ခံကာ ခပ်တန်းတန်း ရှိသွားကြပါသေးသည်။ လူနှင့်မျှကဲ့ စိတ်ညစ်စိတ်ရှုပ် စိတ်ကျဉ်းကျပ်မှုဒဏ်တွေ ဖိစီးလှလေသဖြင့် ကကြီး ကိုယ်ရေတအားစစ်သွားရတာ အမှန်ပါ။ လူပင်ပန်းရလို့ ချုံးချုံးမကျ။ စိတ်ပင်ပန်းခြင်းကသာ လူကို ချုံးကျစေတာ။

အဲသလို ချုံးကျလာတာကိုလည်း အရိပ်ကြည့်နေတဲ့ ဦးမင်းနရီက သိပါသည်။

"ဘာတွေ စိတ်ဆင်းရဲစရာရှိသေးလဲ ကကြီး၊ ညှိုးနွမ်းနေတာပါပဲလား"

"ဘာမှ မဖြစ်ပါဘူး ဦးမင်းနရီ"

"လုပ်ပန်း စိတ်ပင်ပန်း ဖြစ်နေတာ သိပ်သိသာတယ်။ ဟိုအလုပ်ကို ထွက်ပါဆိုတာ ခုထိ မထွက်သေးဘူးလား"

"ထွက်တော့ထွက်မလို့ပါ၊ ဒါပေမဲ့ ဒီမှာ အလုပ်ဝင်နေတယ်ဆိုတာ အလဟဿ ဦးမင်းနရီက အလုပ်ပေး လစာပေး





ထားတာပဲရှိပြီး အလုပ်မှ မရှိတာ၊ တကယ်လို့ ဒီမှာ လုပ်စရာလဲမရှိလို့ နောင်မလုပ်ဖြစ်တော့ဘူးဆိုရင် ရှေ့ကအလုပ်လည်း ထွက်ပြီးသားဖြစ်နေတော့ လက်လွတ်၊ ကြားထဲက မျောက်သစ်ကိုင်းလွှတ်ဖြစ်မှာမျိုးကို စိုးရိမ်လို့ပါ"

"ဘာလို့ မျောက်သစ်ကိုင်းလွတ်ရမှာလဲ၊ မင်း ဘာတွေတွေးနေတာလဲ ကကြီး၊ မင်းနဲ့ ကိုယ် လက်ထပ်ဖြစ်ပြီးရင် မင်း ဒီရုံးမှာ လာထိုင်ပြီး စီမံခန့်ခွဲရမှာပဲ၊ ဒါကြောင့် အလုပ်မရှိသော်လည်း အလုပ်အဆင့်ဆင့် ဘယ်လိုသဘောရှိကယ်ဆိုတာ မင်း ကြိုသိထားအောင် လေ့လာခိုင်းနေတာလေ၊ ဘာလို့ နောင်မလုပ်ဖြစ်ရမှာလဲ၊ နောက်တစ်သက်လုံး လုပ်ရမှာလေ၊ မင်းပဲ ငါ့အချစ်ကို လက်ခံပါတယ်ဆို"

ကကြီး မျက်လွှာလေးကျနေသည်။ အသက်ရှူတွေလည်း ကျပ်လာသည်။ ဘုရား ... ဘုရား ... ချည်ပြီး တုပ်ပြီး အနေအထားထဲမှာ သူမ နစ်နေပြီ။ နောက်ဆုတ်ဖို့ မလွယ်။ ဦးမင်းနရီကလည်း သူမကို တကယ်ပင် လက်ထပ်တော့မှာ ဖြစ်နေသည်။ ကိုယ်ကလည်း အလွယ်တကူလေး စကားသွားကျွံခဲ့မိပြီးပြီ။

ပထမပိုင်း ပေါ့ဆဆလေး တွေးမိတာက ဦးမင်းနရီ ဘယ်နည်းနှင့်မှ ကကြီးရဲ့အဆင့် မိန်းကလေးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



သက်သေခံခိုင်ခဲ့သည့်လူစားမျိုး မဟုတ်။ မြေဝသုန့်ကို အနိုင်ရရှိ ညစ်ဖို့ ကျောနိုင်ဖို့လေးတစ်ခုကလွဲရင် တစ်သက်တာရည်မှန်းမှာလည်း မဟုတ်။ ဝသုန့်ကို အနိုင်ရရုံ သူမကို လှည့်ဖျားကစားမည့်ကိစ္စမှာ သူမကလည်း ဦးမင်းနရီထံမှ ရတာတ်သမျှ အခွင့်အရေးလေးကိုတော့ ယူလိုက်ဦးမည်ရယ်လို့ တန်ပြန်သဘောထားခဲ့သည်။

သူ့ငွေကို အလကားယူမှာလည်း မဟုတ်။ လိုအပ်ချိန်မှာ သုံးနိုင်ရုံ အခွင့်အရေးမျှသာ။ ဆပ်ကိုပြန်ဆပ်မည့်ငွေဟု သူမက စိတ်အေးထားခဲ့သည်။ ဒေါ်ဒေါ်မြိုင်ဟာလည်း သူ့မောင် ဦးစိုးထံမှ သူ့လက်ဝတ်လက်စားများ ပြန်ရတာနှင့် ရောင်းချပြီး ဆမ်မှာကို ယုံကြည်သည်။ ဒီတော့ ခပ်အေးအေးပဲ ပြေလည်သွားနိုင်သည့်ကိစ္စ တစ်ခုလို ထင်မှတ်ထားရာမှ ပထမဆုံး သိနားလည်ခဲ့ရသည်မှာ ဦးမင်းနရီဟာ ကကြိုးကို ပေါ့တီးပေါ့ဆ နှုတ်ဆော့ခဲ့တာမဟုတ်ခြင်းကိုပင်။

သူ တောင်းတဲ့လက်ထပ်ခွင့်ဟာ အတည်ဆိုတာကို ငွေယူပြီးမှ သိခဲ့ပါသည်။ သူ့ရဲ့ အရိပ်တကြည့်ကြည့် ဂရုစိုက်မှု၊ အလိုလိုက်မှု၊ အလိုက်တသိ ဖြည့်ဆည်းမှုတွေမှာ နေ့စဉ်တစ်နေ့တစ်မျိုး မရိုးစေရအောင်ပင်။ ယစ်မူးလောက်ပါသည်။ ယစ်လည်းယစ်မူးချင်နေပါသည်။ သို့သော် နှလုံးသားက ဝသုန့်အပေါ် သစ္စာမဖျက်နိုင်ဘဲ ရှိနေဆဲတည်း။





ဤအခြေအနေကို သူမ ဘယ်လိုဖြေရှင်းရမလဲ။ ဦးမင်းနရီဘက်ကိုပဲ လုံးလုံးလျားလျား မဲတင်းလိုက်ရတော့မလား။ ခက်ခဲလိုက်တဲ့ဖြစ်ခြင်း။ ဝသုန့်ကို သူမ နှလုံးသားထဲက ဘယ်လိုများ ဆွဲထုတ်ဖယ်ရှားရအံ့နည်း။ ဝသုန့်ဘက်ကိုပဲ လှည့်ပြန်လိုက်ရင်ကော။ ဤကိစ္စကံ ဤမျှ လွယ်ကူပါ့မလား။ ဦးမင်းနရီကို ကကြိုး ကြောက်သေးသည်။

အခုကိုပဲ နက်ဖြန် ဝသုန် ခွဲစိတ်မည့်နေ့ဆိုတာကို ပြောရဲပါ။ သူမရဲ့ အနေအထားဟာ သွားခွင့်ရှိသလား မရှိသလား ဘာမှန်းတောင် မသိတော့။ မနက်ဖြန်မနက် ရုံးလာမတက်ဘူးဆို့ ခွင့်တောင်းရကောင်းမလား။ ဘာအတွက်လဲဆိုရင် အကျိုးအကြောင်းပြောရတော့မည်။ သူပါ လိုက်လာမည်ဆိုရင်ကော။ ဆေးရုံကြီးမှာ ဝသုန့်အတွက် စိုးရိမ်တုန်လှုပ်နေရမှာလည်း အခက်။

ကကြိုး ညည်း ရှေ့ဆက်ပြီး ဘယ်လို ဆုံးဖြတ်မယ်လို့ ရည်ရွယ်ထားသလဲ။ ကကြိုး ကိုယ့်ဟာကိုယ်မေးရင်း ခေါင်းကျဉ်းကျပ်ကာ ငိုချင်ပါသည်။ တော်ပြီ။ မနက်ဖြန်ကို ဘာမှ မပြောဘဲနဲ့ မလာဘဲ နေလိုက်မယ်။

"မင်းနဲ့ ကိုယ်နဲ့ လက်ထပ်လိုက်ပြီဆိုရင် ဒီလုပ်ငန်းတွေက မင်းလည်း သိထားရမဲ့ အလုပ်တွေလေ၊ အမှန်ကတော့ အဲဒီ ရေရှည်အတွက် ရည်ရွယ်ပြီး လုပ်ငန်းခွင်နဲ့ မင်း မစိမ်းအောင် ထိတွေ့နေအောင် ခုလိုထားတာ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အား အမြင့်မှာတော့ ဘာမှ မဟုတ်သေးခင် မင်းကို တစ်မျိုးတစ်မည် မထင်ရအောင် အလုပ်ခန့်ထားတယ်လို့ နာမည်တပ်ထားရတာ ...

ကိုယ့်ချစ်သူက မုန့်ထုပ်နေရတာကိုတော့ ကိုယ် သဘောမကျဘူး၊ အဲဒါအပြင် မင်းကို မပင်မပန်း အေးအေး ငြိမ်းငြိမ်းကလေးပဲ နေရစေချင်တယ်၊ အဲဒါ မင်းကို ချစ် တဲ့အချစ်ပဲ”

ကကြီးက မျက်လုံးချင်း ရင်မဆိုင်ဘဲ လွဲကာ နား ထောင်နေခဲ့သည်။

♥ ♥ ♥

“ခါတိုင်းရက်တွေ ကျွန်တော်ရောက်ရင် သူလည်း ရောက် နေပြီ၊ သူဘယ်အချိန်လောက် ရောက်တတ်လဲ ဦးအေး”

“ရှစ်နာရီခွဲကျော်တာနဲ့ ရောက်တာပါပဲ ဆရာ”

မင်းနရီက နာရီကို နံရံသို့ တစ်ချက်ကြည့်သည်။ မကျေမနပ်သေးဘဲ ရှပ်အင်္ကျီလက်ရှည်လက်ကို ပင့်တင်၍ လက် ပတ်နာရီကို တစ်ခါကြည့်သည်။ ကိုးနာရီလေးဆယ်။ မင်းနရီ ရုံးရောက်ချိန်ဟာ ကိုးနာရီခွဲပတ်လည်ဖြစ်သည်။ ဘာကြောင့် ခုထိ ကကြီး မရောက်သေးတာလဲ။ ရုံးကလူတွေကတော့ အချိန်





မမှန်တဲ့ ဝန်ထမ်းသစ်ကို မင်းနရီ စိတ်တိုနေတယ် ထင်ကောင်း ထင်ကြမည်။

မင်းနရီက ခါးထောက်၍ ငြိမ်ရပ်ကာ စိတ်ကို ငြိမ် အောင် တစ်ခဏ ဆောက်တည်နေပါသည်။ ခရီးအကွာအဝေး ကြောင့် မြို့ထဲက ဒီရုံးထိရောက်အောင် ကကြီးဟာ လိုင်းကားကို တစ်နာရီလောက် စီးရတာ။ စီးရတဲ့ လိုင်းကားက ဒိုင်နာနောက်ပွင့် လိုကားမျိုးတွေဖြစ်ပြီး အမောင်းကလည်း ကြမ်းတမ်းကြသေးသည်။

စေ့စပ်ဖို့ရက်ပိုင်းအလိုမှာ သတို့သမီးလောင်းကို ဆုံးရှုံးထားဖူးတဲ့ အတွေ့အကြုံရှိသော မင်းနရီသည် အခြေအမြစ် မရှိလှပါဘဲနှင့် ကကြီးအတွက် ရင်တွေ တဒိန်းဒိန်းတုန်အောင် ပူပန်လာပါသည်။ ဘာပဲဖြစ်ဖြစ် ဖြစ်မယ်ဆိုရင် ဖြစ်သွားနိုင်တာ ချည်းပဲ။ မဖြစ်နိုင်တာမရှိ။

ကကြီးတို့အိမ်တိုလည်း ဖုန်းဆက် ဆက်သွယ်ဖို့ ဆိုတာက မဖြစ်နိုင်လေရာ မင်းနရီသည် ကြိတ်မှိတ်အောင့်အည်း နေလို့မရတော့ဘဲ ...

“ဦးအေး ... ကောင်မလေး ရောက်လာပြီဆိုရင် ကျွန်တော့် Hand Phone ကို ဆက်လိုက်ပါ”

“ဟုတ်ကဲ့ပါ ဆရာ၊ ဟုတ်ကဲ့”

ကကြီးကတော့ တမင်တကာ အကြောင်းမဲ့ ရုံးတက် နောက်ကျကက်လိမ့်မည် မဟုတ်ဘူးလို့ မင်းနရီ ယုံကြည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရုံးသာထောက်ခိုင်းထားတာဖြင့် ဆယ်ရက်တောင် ပြည့်သေးတာမဟုတ်။ အလကားနေရင်းတော့ ရုံးမလာဘဲမနေ။ ရုံးလာရင်းသင်ရှာ အမောင်းကြမ်းတဲ့ ကားတွေကြောင့် ဘာများဖြစ်နေပြီလဲသာ တွေးရင်း ထူပူနေသည်။

ခုတလော ကကြီး ပုံစံကလည်း စိတ်နှင့် လူနှင့် ကပ်တာမဟုတ်။ လူတခြား စိတ်တခြား လွင့်ပါးတွေဝေနေတာ မင်းနရီ သိသည်။ ဒါလည်း သဘာဝကျသည်။ သူ့မှာ ချစ်သူ ဟောင်းကတစ်ဖက်၊ မင်းနရီကတစ်ဖက်။ သူ့မ လိုအပ်တဲ့ ငွေရေးကြေးရေး အကူအညီကို ယူထားရ၍ မင်းနရီကိုလည်း ကကြီး ခများ မလွန်ဆန်နိုင်။ ချစ်သူကိုကော အလွယ်တကူနဲ့ မေ့ဖျောက်ပြတ်တောက်နိုင်မတဲ့လား။

အစပထမဦးကတော့ မင်းနရီ စိတ်ကူးက ကကြီးရဲ့ မိဘအသိုင်းအဝိုင်းကိုပါ အတင်းအကျပ် ဝင်ပူးပြီး (ကကြီး ပြောသလို ငွေနှင့်ပေါက်သတ်တဲ့နည်းနှင့်) ငွေအားနဲ့ဖိုကာ မငြင်းသာ မလှုပ်သာအောင် အကြိုက်ဆောင် ဖြည့်ဆည်းပြီး ရှန်းထွက်ဖို့ မဖြစ်တော့အောင်ကို အကြမ်းပတမ်းနည်းနှင့် လက်ဆုပ်လက်ကိုင် ချုပ်နှောင်ပစ်ဖို့။ တကယ်တမ်း အဲသလို သူ လုပ်မည်ဆိုရင် အလွယ်ဓိလေး။

ကကြီး အသိုင်းအဝိုင်းက အမေတစ်ယောက်တည်းရယ်။ အဲဒီအမေကလည်း ရိုးအေးအေးနှင့် သူ့သမီးလေး ကောင်း





စားဖို့ကို မက်မောသော ပုထုဇဉ်ဆန်တဲ့ အမေထဲက အမေတစ်ယောက်ပဲဖြစ်ရာ ဘယ်လိုမှ မငြင်းသာလောက်တဲ့ ပုံအပ်မှု တင်တောင်းမှုတွေနှင့်ဆိုလျှင် ချက်ချင်းလက်ငင်း လက်ထပ်ခွင့်တောင်းယူဖို့ဆိုတာမျိုး မဖြစ်နိုင်စရာ မရှိပါ။

ဒါပေမဲ့ ကကြီးလိုချင်တဲ့ ငွေဆယ်သိန်းကို ထုတ်ချေးခဲ့တာကလွဲပြီး မင်းနရီဘက်က ငွေနှင့်အကြမ်းပတမ်း မပေါက်ခဲ့ပါ။ သူ့အမေကို အားဆေးလို၊ အိမ်သုံးပစ္စည်း တို့တို့တိတိလို ဘာမဟုတ်လှတာလေးတွေ ဝယ်ပေး လက်ဆောင်ပေးခဲ့တာကတော့ တကယ့် စေတနာအလျောက်မျှသာဖြစ်သည်။

သူ ဖြစ်စေချင်တာ အချိန်တိုနှင့် အောင်မြင်အောင် ငွေအားနှင့် အတင်းအကျပ် မလုပ်ဖြစ်တော့သည်မှာ ကကြီးလေးကို သူ မြတ်မြတ်နိုးနိုး သနားပြီး တကယ်ချစ်မိသွားခဲ့တာကြောင့်ပင်။ တကယ်ချစ်မိတော့လည်း သူကလေး စိတ်ဆင်းရဲမှာကို တစ်ဖက်က ငဲ့ညှာမိကာ သနားကြင်နာရပြန်သည်။

မြေဝသုန် မိဘတွေကို ငွေထုတ်ပေးတဲ့ တစ်ရက်ကလွဲပြီး အဲဒီရဲ့ နောက်မှာ တစ်နေ့တစ်ရက်မှ မျက်နှာသာယာဘယ်မရှိတော့တဲ့ ကကြီးကို မြင်တိုင်း သူ့ရင်ထဲ စိတ်မကောင်းဖြစ် လှုကလေးတောင် ချုံးကျလာသေးသည်။ ကကြီးတို့ သားအမိရဲ့ ရိုးရိုးနုံနုံလေးတွေနှင့် လက်လုပ်လက်စားသာ တစ်သက်လုံးနေခဲ့ကြရပြီး လူကုံထံအထက်တန်းစား အသိုင်းအဝိုင်းဆိုရင်တို့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းခရို ခပ်လန့်လန့်နှင့် ရိုကျိုးနေတတ်ကြတဲ့လူတန်းစား မျိုးထဲက လိုချင်တာရဖို့ဆိုတာ အလွယ်ကလေးရယ်ပါ။

ဟိုကောင် ကျန်းမာရေး ကောင်းမလာခင် သူ့လက်ထဲ ကကြီး လုံးလုံးလျားလျား သက်ရောက်ကျဆင်းနေပြီးဖို့ဆိုတာ အလွယ်ကလေးပါ။ ဒါပေမဲ့ အဲဒီအလွယ်ကလေးကို ဖွတ်တစွတ် မလုပ်ရက်ဘဲ ကကြီးဘက်က ဆန္ဒကို ထည့်တွက် ရှိသေလေးစားတဲ့စိတ်ထား ရှိပေးမိတဲ့ သူ့ကိုယ်သူလည်း အံ့ဩမိပါရဲ့။

အစိကက ကကြီးကို သူဟာ လက်ခုပ်ထဲက ရေတစ်ပေါက်လို နှိမ်မဆက်ဆံရက်ခဲ့တာပင်။ တန်းဟူရည်တူ လူချင်းသူသူမျှမျှ နေရာပေးထားတာ။ သူ့အရင် စိတ်ထားမျိုးနဲ့ မဆက်ဆံဖြစ်ခဲ့တာ။ စိတ်သစ်လူသစ်တစ်မျိုးနဲ့ ကကြီးကို ပထမဆုံး အရင်ဆုံး ဆက်ဆံခဲ့တာပါ။ နန္ဒာ့ကို ဆက်ဆံတဲ့ သက်ဆံရေးမျိုးနဲ့ တန်းတူ ကကြီးကို အရေးထားပေးခဲ့တာ။

မင်းနရီသည် ခဏချင်းပင် သူ စိတ်ပျက်တဲ့ နှံ့ဖွက်စပ်စပ် လမ်းသွယ်ကို ရောက်လာသည်။ တစ်ဝက်တလေ ကျိုးပဲ့ပေါက်ပြဲတဲ့ ကျောက်ခင်းလမ်းဟောင်းက အောက်ခံမြေသား တွေ အချို့နေရာမှာ ထွက်ပေါ်ကာ မိုးရွာတော့ ဖွက်စပ်စပ်ဖြစ်၍ ရေတင်နေတာမျိုး။

မင်းနရီက ကကြီးတို့အိမ်ရှေ့၌ သူ့ကားကြီးကို ထိုးရပ်လိုက်သည်။ ကကြီးတို့ အောက်ထပ်ခန်းတံခါးရွက်လေးဟာ





ပိတ်ပြီး မြောက်လက်ကြီး ထိုး၍ သော့ပါခတ်ထားလျက်သား။ မင်းနရီကမေးဖို့ အပေါ်ထပ်ကိုပါ လှမ်းကြည့်လိုက်သည်။ အပေါ်သပ်လည်း ဒီအတိုင်း။ သစ်သားတံခါးရွက်တွေကပိတ်ကာ အပြင်က ကန့်လန့်ထိုး၍ သော့ခလောက်ကြီးခတ်လျက်။

မင်းနရီ ဟိုဟိုဒီဒီ ကြည့်နေဆဲ အောက်ထပ်တစ်ဖက်ခန်းက လူရိပ်လူခြည် ထွက်ပေါ်လာကာ ...

"ဘာကိစ္စလဲကွယ့်၊ ဘယ်သူနဲ့ တွေ့ချင်ပါသလဲ"

"ဒီဘက်ခန်းက ကကြီးတို့ မရှိကြဘူးလား"

"မရှိကြဘူးကွယ့်၊ အပေါ်ထပ်က မမြိုင်တို့သားလေး မြေဝသုန် ဒီနေ့ခွဲစိတ်မဲ့နေ့လေ၊ အပေါ်ထပ်ကကော အောက်က ကကြီးတို့သားအမိပါ မိုးလင်းကတည်းက ဆေးရုံသွားကြတယ်"

"သြော် ... မြေဝသုန် ခွဲစိတ်မဲ့နေ့ကိုး"

"ဟုတ်တယ် ... ဟုတ်တယ်"

"ဆေးရုံကြီးမှာပဲလား"

"ရှေ့ဘက်က ဦးနှောက်နဲ့ အာရုံကြောဆေးရုံကို ပြောင်းရွှေ့ထားတယ်လေ"

"သြော် ... ဟုတ်ကဲ့၊ ကျေးဇူးပါပဲခင်ဗျ"

မင်းနရီ ကားပေါ်ပြန်တက် ကားမောင်းထွက်လာခဲ့သည်။ သူ စိုးရိမ်ပူပန်သလိုတော့ မဟုတ်။ ကကြီးဟာ မနက်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ဆေးရုံကိုပဲသွားတာ။ ရုံးကို လာကိုမလာတာ။ ခင်နုရီ စိတ်ထဲတွင် စိတ်တိုသလိုလို ဒေါသဖြစ်သလိုလို တစ်စုံ တစ်ရာက လောင်မြိုက်ကာ ပူပြင်းလာသည်။

မနက်ပိုင်းတိုင်းကို ရုံးလာတက်နေစေခြင်းမှာ ဆေးရုံ မသွားဖြစ်တော့အောင်ဆိုတဲ့ သဘောလည်း တစ်ချက်ခုတ်နှစ်ချက် ပြတ်အနေနှင့် ပါဝင်သေးသည်။ သူ့ကိုလည်း ကြိုမပြောဘဲ ဘာကြောင့် ဆေးရုံကို သွားရတာလဲ။ မင်းနုရီသည် ဒေါပွပွနှင့် ကားကို ခပ်ကြမ်းကြမ်း မောင်းနေမိရင်းကမှ တဖြည်းဖြည်းချင်း ဒေါသဒီဂရီတို့ လျော့ကျလာပါသည်။

ကကြီးကို လုယူဖို့ ကြိုးစားနေတဲ့ သူ့အနေအထား ကတောင် ဆေးရုံသွားတဲ့ကိစ္စကို ဒီလို ဒေါသဖြစ်နေသေးတာ။ မြဝသုန်ဘက်ကများ ကြည့်ရင် သူ့ ကျန်းမာရေးဆိုးဝါးနေတုန်း သူ့ချစ်သူကို သူ့လက်က လုယူဖို့ ကြံစည်လှုပ်ရှားနေတဲ့ မင်းနုရီ အပြုအမူတို့က ဒေါသဖြစ်လွန်းစရာကောင်းမနေဘူးလား။

ကကြီး သူ့ကို ဖွင့်မပြောတာကလည်း တမင်တကာ လျှို့ဝှက်ထားဖို့ ဖွင့်မပြောချင်လို့ မပြောတာ မဟုတ်နိုင်။ သူ့ကို ပြောကာမှ သူက မသွားရဘူးဆိုရင် သူမအဖို့ ဆက်လုပ်ဖို့ ခက်ခဲသွားတော့မှာ။ သွားကလည်း သွားချင်တော့ ဖွင့်မပြောတော့ ဘဲ သွားလိုက်တာ။ ကကြီးအဖို့လည်း သွားချင်ရာမှာကို အပြစ် မဖြစ်မဆိုသာ။ ကကြီး ... ကကြီး။ မင်း ဘာကြောင့်များ





ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစားတစ်ယောက် ခပ်စောစော ယားနှင့် ရတာတုန်း မိန်းကလေးရယ်။

ကိုယ်နဲ့ အတွေ့ကိုများ စောင့်ပါဦးတော့။ သူ့မှာ မချင့်မရဲတွေးရသည်။ မင်းနုရီသည် သူ့ကိုယ်သူ အံ့ဩရလောက် အောင်ပင် နှမြောဝမ်းနည်းလျက်ရှိသည်။ ခုချိန်မှာ သူနဲ့ ကကြီး က ဘာပါလိမ့်။ ချစ်သူစစ်စစ်တွေ ဟုတ်ပါရဲ့လား။ သူ့အချစ် ကို လက်ခံပါတယ်ဆိုတဲ့ စကားနဲ့ တစ်ပြိုင်နက် မြဝသုန့်အမေကို ငွေထုတ်ချေးဖို့ကိုပါ တောင်းဆိုခဲ့တဲ့ ကကြီးရဲ့ အတွင်းသဘောဆန္ဒ က ဘွားဘွားကြီး ပေါ်လွင်နေပေမဲ့လည်း သူက မသိချင်ဟန်ဆောင် ကာ နေပါသည်။ ကကြီး သူ့ချစ်သူဖြစ်ရင် ပြီးရောရယ်လို့။

အခုတော့ ကကြီးက သူ့ချစ်သူ တကယ်ဖြစ်နေ သလား။ မဖြစ်ဘူးလား။ သူ့နှလုံးသားထဲမှာက သူ့ကို လွတ်လပ် စွာ စဉ်းစားခွင့်ပေးနေရင် စဉ်းစားရင်းက စိတ်ပြန်ပြောင်းမသွား ဘူးလို့ မပြောနိုင်။

မင်းနုရီသည် ဒေါသတွေ ပြန်ထွက်လာလိုက်။ စိတ်တွေ ပရမ်းပတာ လှုပ်ရှားလိုက်။ ဒေါသရှိန်တွေ နည်းနည်း လျော့ကျလိုက်။ ပြန်ပြီး တိုးလာပြန်လိုက်။ ရင်ထဲ မောကြီးပန်း ကြီးနိုင်သော ဇောတစ်ခုနှင့်ပင် ဆေးရုံကို ရောက်လာခဲ့ပါသည်။ ကားကို တစ်နေရာမှာ ရပ်ပြီး ဦးနှောက်နှင့် အာရုံကြောဆေးရုံ ကြီးထဲ သူ ဝင်မည်အပြု တံခါးစောင့်က သူ့ကို တားထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မတင်ရပါဘူး အစ်ကို"

"ဒီနေ့ ခွဲစိတ်တဲ့ ညီဟစ်ယောက်ဆီ သွားမလို့ပါ"

"ဟုတ်ကဲ့၊ ညနေလောက်မှ ခွင့်ပြုချက်ရမှ ဝင်လို့ရပါတယ်၊ ဘယ်လူနာရှင်မှ မဝင်ရပါဘူး ခင်ဗျ"

"ဘာဖြစ်လို့ မဝင်ရမှာလဲ"

ထုံးစံအတိုင်း ငွေကို အားထားတတ်တဲ့ မင်းနရီက ပိုက်ဆံအိတ်ပြားလေးထဲမှ ထောင်တန်တစ်ရွက် နှိုက်ယူကာ လာဘ်ထိုးဖို့ ကြိုးစားသည်။

"မလုပ်ပါနဲ့ အစ်ကို၊ ကျွန်တော်လည်း မယူနိုင်ပါဘူး ဝင်ခွင့်ကို ပြုလို့မရလို့ပါ၊ ဆေးရုံထဲမှာ လူကြီးတွေလည်း ရောက်နေပါတယ်၊ ကျန်းမာရေးဝန်ကြီးဌာနက လူကြီးတွေရော ခွဲစိတ်အဖွဲ့ကလည်း နိုင်ငံခြားသားတွေ အဖွဲ့မို့လို့ ဆေးရုံထဲမှာ လူကို ရှင်းထားတာမို့ပါ"

"ဒါဖြင့် ဘယ်တော့လောက် ဝင်လို့ရမလဲ"

"လူကြီးတွေ ပြန်ရင်တော့ ဝင်လို့ရမယ် ထင်ပါတယ်"

မင်းနရီ ဘာမှ မတတ်နိုင်ဘဲ လက်လျှော့ရတော့သည်။ ဒါဖြင့် ကကြီးတို့ရော ဘယ်မှာ နေနေကြမှာပါလိမ့်လို့ သူ စဉ်းစားနေဆဲ သူ့အနားကို တစ်စုံတစ်ယောက် ရောက်လာခဲ့သည်။

"သားရေ ... ဝသုန့်ဆီ လာတာလား"





သူ လှည့်ကြည့်လိုက်တော့ ကကြီးရဲ့ အမေ။

"ဩော် ... အန်တီ၊ ဟုတ်ကဲ့ ကကြီးဆီ လိုက်လာတာပါ၊ ကကြီး ဆေးရုံသွားတယ်ဆိုတာသိရလို့ လိုက်လာတာ၊ ကကြီးကော"

"ဟိုဘက်နားမှာပါ၊ အန်တီတို့လည်း ဝင်ခွင့်မရဘူးကွယ်၊ အပြင်ဘက်မှာပဲ စောင့်နေကြရတယ်၊ ခုထိကို မတွေ့ရသေးပါဘူး၊ ခွဲပြီးလေသလား မပြီးလေသလားတောင် မသိဘူး"

"ကကြီး ဘယ်မှာလဲ အန်တီ"

"ဟိုဘက်မှာ လာ"

မင်းနရီက ကကြီး အမေနောက်မှ လိုက်ပါသွားသည်။ မလှမ်းမကမ်းမှာ မြေပေါ် အခင်းခင်းပြီး ဖြစ်သလို ထိုင်နေကြတဲ့ မြေဝသုန့်မိဘနှစ်ပါးက မင်းနရီကို လှမ်းကြည့်နေကြပါသည်။ သူတို့ကလည်း ခပ်တည်တည်ပဲမို့ မင်းနရီကလည်း ခပ်တည်တည်ဖြင့် ကကြီး အမေနောက်ပဲ လိုက်လာသည်။

ကကြီး အမေက အဆောက်အအုံရဲ့ ကွေ့ချိုးလေးဆီ လျှောက်သွားကာ ထောင့်ချိုးဆီ ရောက်လျှင် ...

"သားရေ ဟိုမှာ ကကြီးကွယ်"

မင်းနရီက လှမ်းကြည့်လိုက်လျှင် အုတ်ခဲကလေးနှင့် ဖင်ခုထိုင်ကာ အဆောင်နံရံတစ်ခုမှာ ကျောကပ်၍ ဒေါင်ထောင်ကိုင်ပဝါခင်းပြီး ပတီးစိတ်နေတဲ့ ကကြီးကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကကြီး အမေကို သူ ဒီမှာပဲ စောင့်နေမည့်အကြောင်း လက်ရိပ်မျက်ရိပ်နှင့်ပဲ ပြကာ ကကြီး အမေ လှည့်ထွက်သွားတဲ့အခါ မင်းနရီက လက်ပိုက်ရပ်ကြည့်ကျန်ရစ်ခဲ့ပါသည်။ သူ့ရင်ထဲမှာ ဘယ်လို ခံစားရသည်မသိ။ မခံချင်တာလား၊ မနာလိုတာလား၊ ဝမ်းနည်းတာလား၊ နှမြောတာလား၊ ကရုဏာသက်တာလား၊ ဒေါသထွက်တာလား ဘာဆိုဘာမှန်းကို ကိုယ့်ဟာကိုယ်ပင် ဝေခွဲမရနိုင်တော့တဲ့ ခံစားချက်တစ်ခုနှင့် နင့်နင့်ကြီး ပြည့်ကျပ်မွန်းသိပ်နေပါသည်။

ခြေသလုံးနှစ်ဖက်ကို ဆားဘက်သိမ်းခွေကာ အုတ်ခုံနှစ်လုံးပေါ် ထိုင်နေတော့ ဆောင့်ကြောင့်ထိုင်ပုံ မဟုတ်ဘဲ ခပ်ကျုံ့ကျုံ့ အနေအထား ရှိသည်။ ပေါင်ပေါ် လက်ကိုင်ပဝါလေး ခင်းလျက်။ ကျောပြင်လေးက အဆောက်အအုံ နံရံကို မှီထား၍ ဖြောင့်စင်းစင်းကလေး မတ်နေကာ ဦးခေါင်းနှင့် လည်ပင်းကျကာမှ မင့်တင့်လေး ပြန်ငိုက်ချထားသည်။

မျက်လုံးအစုံကိုမှိတ်၍ စိတ်အာရုံ အလုံးစုံဟာ တစ်နေရာတည်းမှာပဲ တည်နေတဲ့ပုံ။ နှုတ်ခမ်းထူကလေးက လှုပ်လှုပ်ရှရှနှင့် ဘာဘုရားစာတွေများ ဆိုနေတယ် မသိပါ။ အညိုရောင် စိပ်ပုတီးဟောင်းဟောင်းကလေးက သူမရဲ့ လက်ချောင်းများကြားထဲမှာ တစ်လုံးဆင်း တစ်လုံးတက်။





မင်းနရီက ရှေ့ကို ခပ်ဖွဖွကျော်လျှောက်ကာ သစ်ပင် ပင်စည်တစ်ခုမှာ မှီရပ်လိုက်ပါသည်။ လက်ကို စိမ်ပြေနပြေ ပိုက်ပြီးတော့ ကကြီးရဲ့ ပုံသဏ္ဌာန်လေးကို မမှိတ်မသုန် မပျင်းမရိ ငေးစိုက်ကြည့်နေသည်။ ကဲ ... ပြီးအောင် စိပ်စမ်း။ မင်းပဲ မပျင်းမရိ စိပ်နိုင်သလား၊ ငါပဲ မပျင်းမရိ စောင့်ကြည့်နိုင်သလား။

သူ့တစ်သက်မှာ ဒီလောက်ထိ အချိန်တွေ ဖြုန်းတီးပစ်တာမျိုး တစ်ခါမှ မရှိခဲ့ပါ။ ကကြီးနှင့် ပတ်သက်ပါမှ မကြာခဏ သူ အချိန်တွေ ပုပ်သည်။ ဖြုန်းတီးကုန်သည်။ သူကိုက ဒီအချိန်တွေ အကုန်ဆုံး ခံလိုက်ဖို့ မနှမြောတော့တာ။ အတော်ကြီးကို ကြာသွားပြီးတဲ့ အချိန်တစ်ခုတွင် စိပ်ပုတီးကို တစ်လုံးပြီးတစ်လုံး စိပ်နေတဲ့ သူမရဲ့ လက်ချောင်းများ ရပ်တန့်သွားပြီးတဲ့ သကာလ ...။

မျက်စိကိုမဖွင့်သေးဘဲ ပုတီးကို လက်နှစ်ဖက်ထဲယှဉ် ရစ်ခွေကာ လက်အုပ်ချီသဏ္ဌာန်ကြား၌ ညှပ်လိုက်သည်။ လက်အုပ်ချီကလေးကို သူမရဲ့နဖူးမှာကပ်လျက် ဆုတောင်းရွတ်ဆိုနေပြန်သည်။

ဘယ်သူမှ မမြင်နိုင်ဘူးလို့ ယူဆထားလို့ပဲလား၊ ဘယ်သူပဲ မြင်မြင်လို့ ဂရုမထားတော့တာလား။ ကိုယ့်လုပ်ချင်သလို လုပ်နေတဲ့ ကကြီးကို ငေးကြည့်ရင်းက မင်းနရီ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ခိုးကြိတ်ဝမ်းနည်းလာခဲ့သည်။ မျိုးစုံသော ခံစားချက်စပ်ပေါင်းထဲမှာ ဝမ်းနည်းတဲ့ ခံစားချက်က ဒီဂရီအများဆုံး ကျန်ရစ်ခဲ့သည်။ သောက်ရူးတစ်ယောက်မို့သာ။ မိန်းကလေးတစ်ယောက် ဆိုရင်တော့ ပြောမပြတတ်တဲ့ ခံစားချက်တစ်မျိုး စေ့ဆော်မှုကြောင့် မင်းနရီ ငိုရှိုက်မိမည်ပင်။

ခုတောင်မှ သူ့ရင်ထဲ မချိတရိ ဝမ်းနည်းကာ နဖူးပြင်တွေပါ တင်းလာသည်။ မျက်သားတွေလည်း ရဲနေနိုင်သည်။ "အချစ်"ဆိုတဲ့ ရုပ်ဒြပ် အကောင်အထည် မရှိတဲ့ အင်အားတစ်မျိုးဟာ တန်ခိုးကြီးမားကာ ဆန်းကြယ်လှပါလား။ အချစ်ဆိုတာ ဘယ်လိုအရာမျိုးလဲ ဆိုတာကို ရှင်းမပြတတ်ပေမဲ့ ကိုယ့်နှလုံးသားနဲ့ နားလည်ခံစားတတ်ပါပြီ ကကြီးရယ်။

"ဟယ်"

ရုတ်တရက် ပွင့်ဟလာတဲ့ ကကြီးရဲ့ မျက်ဝန်းလေးက မလှုမ်းမကမ်းကနေ သူမကို ရပ်ကြည့်နေတဲ့ မင်းနရီကြောင့် အလန့်တကြား စိုးရိမ်ကြောင့်ကြရိပ်များ ယှက်သန်းသွားပါသည်။

"ဦးမင်းနရီ"

"......"

"ဘယ်လိုလုပ်ပြီး ဒီကို ရောက်နေသလဲဟင်"

"မင်းမှ ရုံးမလာဘဲ"





မင်းနရီ အသံက မမာပါ။ တိုးတိတ်ပါသည်။ သို့သော် ကကြီးမှာ အပြစ်မကင်းသလို ဆရာ့ အဆူအရိုက်ခံရတော့မည့် ကျောင်းသားလို မျက်စိသူငယ် ဖြစ်နေလျက် ...

"ကျွန်မ ... ကျွန်မက ဒီကပြီးရင်တော့ ..."

"မနေ့က အကျိုးအကြောင်း ပြောသွားရင် ရသားပဲ၊ ကိုယ် လိုက်ပို့လို့တောင် ရတယ်"

"ဦးမင်းနရီကိုတော့ လိုက်မပို့စေချင်ဘူး၊ အားနာတယ်"

"တကယ် အားနာရင် မင်း ကိုယ့်ကို ကြိုပြောရမှာ၊ အခု ရုံးကို မင်းရောက်မလာတော့ ဘာဖြစ်မှန်းလဲ မသိတော့ မင်းအိမ်အထိ ကိုယ်လိုက်သွားလိုက်သေးတယ်"

"ဘာလို့ ပင်ပန်းခံပြီး လိုက်သွားရတာလဲ ဦးမင်းနရီရယ်"

"ဘာဖြစ်လို့ မလာမှန်း မသိဘဲ မင်းရောက်မလာတာကို ကိုယ် ဘယ်လိုလုပ် ငြိမ်ငြိမ်သက်သက် ထိုင်စောင့်နေနိုင်မလဲ၊ ဘာကြောင့်ဆိုတာ သိလာတဲ့ အချိန်ကို ထိုင်မစောင့်နိုင်ဘူး၊ ချက်ချင်းသိရဖို့ ပြေးစုံစမ်းရမှ ကိုယ် ကျေနပ်နိုင်မှာ၊ မင်း ရောက်မလာတဲ့ အချိန်မှာ စိတ်ကတအားထွေပွလာတယ်၊ အဝေးကြီးကနေ လိုင်းကားစီးပြီး လာရမဲ့မင်း၊ လမ်းမှာ တစ်ခုခု ဖြစ်နေပြီး ကိုယ် အချိန်မီ မသိရမှာကို စိုးရိမ်လာတယ် ...



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာတို့ မြေဝသုန်တို့ ကြုံရတဲ့ အဖြစ်မျိုး၊ နောက်တစ်ကြိမ် မတော်တဆ မင်းကြုံရမှာကို နည်းနည်းမှ လက်သင့်မခံနိုင်ဘဲ ကြောက်လန့်တကြားနဲ့ ပူထူပြီး ထ လိုက်မိတာပေါ့"

မင်းနုရီကို စိုက်ကြည့်နေတဲ့ ကကြီးရဲ့ မျက်ဝန်းလေးက ဘေးဘက်ဆီ စောင်းရွေ့သွားပြီး မျက်ရည်သီဝေ့လာသည်။

"မင်း စီးလာတဲ့ကားများ လမ်းမှာ တစ်ခုခု ဖြစ်နေလားလို့ စဉ်းစားမိရုံနဲ့တောင် ကိုယ့် ခုလောက် ထူပူနေရင် တကယ် ကားတိုက်မှု ကြုံလိုက်ရပြီး မလှုပ်မယှက်နိုင်ဖြစ်နေတဲ့ မြေဝသုန် အတွက် မင်း ဘယ်လောက် စိတ်ဆင်းရဲ ကြောင့်ကြရမလဲဆိုတာ ငါ ကိုယ်ချင်းစာပါတယ် ကကြီး"

"ကျွန်မ ... ကျွန်မ ... ဝသုန့်ကို ငယ်သူငယ်ချင်း အိမ်နီးနားချင်းဆိုတဲ့ ပတ်သက်မှု သံယောဇဉ်နဲ့ ခွဲစိတ်တဲ့နေ့မှာတော့ လာကြည့်သင့်တယ်လို့ ယူဆလို့၊ ဒေါ်ဒေါ်မြိုင်တို့လည်း တအားစိတ်ပူပြီး အားငယ်နေကြလို့ပါ"

"ငယ်သူငယ်ချင်း !! ... ဟုတ်လား၊ သေချာရဲ့လား၊ မင်းဒီကိုလာတာကို ငါ အပြစ်မတင်ပါဘူး ကကြီး၊ မင်းလာချင်မယ်ဆိုတာ ငါကိုယ်ချင်းစာလို့ ရပါတယ်၊ မင်းဘယ်လို ခံစားနေရမယ် ဆိုတာလည်း သဘောပေါက်ပါတယ်၊





ကန့်ကွက်ဖို့ လိုက်လာခဲ့တာလည်း မဟုတ်ဘူး၊ မင်းတစ်နေရာရာမှာ အန္တရာယ်ကင်းကင်း အေးအေးဆေးဆေး ရှိနေတယ်ဆိုတာ သေချာဖို့ပဲ လိုက်လာတာ"

မင်းနုရီကို ကြည့်နေတဲ့ ကကြီးရဲ့ မျက်ဝန်းလေးက ရွှန်းရီလာပါသည်။ သူမကို စိုက်ကြည့်နေတဲ့ မင်းနုရီရဲ့ မျက်နှာပေါ်က ခံစားချက် အရောင်အသွေးတွေကိုလည်း ကကြီး ထင်းထင်းရှင်းရှင်း မြင်နေရပါသည်။ ကိုယ့်အပေါ် ပြစ်တင်ဖိနှိပ်ပြောလာမယ်ဆိုရင် ကိုယ့်ဘက်ကလည်း ခုခံပြောဆိုပစ်ဖို့ မခဲယဉ်းပေမဲ့ သူက ဘာမှ ပြစ်တင်စကား မဆိုတဲ့အခါ ကိုယ်ကသာ အားနာအနေခက်ရပါသည်။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ဒီအဘိုးကြီးကတော့ သူ့နောက်စေ့ထဲမှာ ရေအိတ်တွေ အဲဒါကို ခွဲထုတ်တာ၊ ခုဆို အခြေအနေက အတော်ကြီးကို ကောင်းသွားပြီ"

မင်းနရီက ဆေးကျောင်းတုန်းက သူငယ်ချင်းဝေလွှင်ရဲ့ နောက်က လိုက်ပါလာရင်း ခေါင်းတညိတ်ညိတ်နှင့် စိတ်ဝင်တစား နားထောင်နေပါသည်။ ဝေလွှင်က ဒီဦးနှောက်နှင့် အာရုံကြောဆေးရုံကြီးမှာ တာဝန်ကျနေတာ ဖြစ်သည်။ ဒီဆေးရုံမှာ သူငယ်ချင်းထဲက ရှိသလားလို့ စုံစမ်းကြည့်လိုက်တော့ တစ်နှစ်တည်းသမား သူငယ်ချင်း ဝေလွှင် ရှိနေပါသည်။

ဝေလွှင့်ကို ဆက်သွယ်ပြီး ရှေ့တစ်ပတ်က နိုင်ငံခြားခွဲစိတ်သမားတော်များအဖွဲ့ လာရောက်ခွဲစိတ်ပေးသွားတဲ့ လူနာများကို ကြည့်ရှုလိုကြောင်း ခွင့်တောင်းပြီး ရောက်လာတာဖြစ်ပါသည်။





"ဒီအမျိုးသမီးက နဖူးထဲမှာ အကြိတ်၊ သူ့အကြိတ်က နှစ်ခုတောင်"

"ဩော်"

"အကြိတ်တွေက အရိုးမှာတောင် ကပ်ပြီးတွယ်နေတယ်၊ ဒီတိုင်း ထုတ်ယူလိုက်လို့ မရဘဲ ခြစ်ထုတ်ပစ်ရသေးတယ်၊ အခု အိုကေပဲ၊ အရမ်းကောင်းတယ်"

ဦးခေါင်းကို ခွဲစိတ်ထားကြတာဖြစ်၍ ဆံပင်ရိတ်ထားကြရာ ခေါင်းတုံးတွေနှင့် ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် ရောဂါပျောက်ကင်းချမ်းသာကြပြီဖြစ်၍ မျက်နှာထားတို့က ရွှင်ပျကြည်လင်နေကြပြီ။ တစ်ပတ်ကြာပြီမို့ ထူထူထောင်ထောင် ရှိနေကြပါပြီ။

"လူနာအားလုံး အခြေအနေ ကောင်းကြတယ်ပေါ့၊ အောင်မြင်တယ်ပေါ့"

"အင်း ... အဲဒီလိုပဲ ပြောရမှာပေါ့၊ မင်းက ဘာကိစ္စရှိလို့လဲ၊ မင်းပြောတော့ ကိစ္စလေးတစ်ခုရှိလို့ အဲဒီနေ့က ခွဲစိတ်လူနာတွေကို ကြည့်ချင်တာဆို"

"ဟုတ်တယ်ကွ၊ ငါ အဲဒီခွဲစိတ် ဆာဂျင်အဖွဲ့ကို စိတ်ဝင်စားတာလည်းပါတယ်၊ ငါနဲ့သိတဲ့ လူတစ်ယောက်လည်း အခွဲခံတဲ့ စာရင်းထဲပါလို့၊ ဒါပေမဲ့ ခုထိ မင်းလိုက်ပြတာတွေထဲ သူ မပါသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လား၊ လူနာက ဘယ်သူလဲ"

"မြေဝသုန်တဲ့"

"မြေဝသုန် ! ... ဪ ... အသက်နှစ်ဆယ့်သုံးနှစ်လောက်ပဲ ရှိသေးတဲ့ ကောင်လေးလေ"

"အေး ... ဟုတ်တယ်၊ သူကော"

ဒေါက်တာဝေလွင်က မင်းနရီကို အကဲခတ်ရင်း ...

"မင်း မိတ်ဆွေလား"

"သူ့ကို သိတာပါ၊ မိတ်ဆွေတော့ မဟုတ်ဘူး၊ မင်း သတင်းကြားသေးလား၊ နန္ဒာ့ကား အက်ဆစ်ဒဲ့ဒ်ထဲမှာ ပါတဲ့ တစ်ဖက်ကကားကို မောင်းတာ သူပေါ့"

ဝေလွင်က အံ့သြသွားပါသည်။

"ဟုတ်လား၊ ဟိုဘက်ကားကလည်း ဆုံးလို့ တစ်နေ့တည်း ချတာတော့ ကြားလိုက်တယ်၊ ငါတို့ အုပ်စုလိုက် အသုဘ လိုက်ပို့ကြသေးတယ်လေ၊ ငါ အိမ်ကိုသာ မရောက်ခဲ့တာ သုသာန်ကို ရောက်ပါတယ်"

"ဟိုဘက်ကားက နှစ်ယောက် ပါတယ်၊ ဆုံးသွားတာက ဘေးကပါတဲ့ တစ်ယောက်၊ အခု ဒီ မြေဝသုန်က ကား မောင်းတဲ့ တစ်ယောက်ကွ"

"ဪ ... သူ့ကိုလည်း ကားအက်ဆစ်ဒဲ့ဒ်တ် ဖြစ်ထားတဲ့ လူနာမှန်း ငါ သိပါတယ်၊ ဒါပေမဲ့ နန္ဒာနဲ့သာ မဆက်စပ်မိတာ"





"သူ့အခြေအနေရော ဘယ်လိုရှိလဲ"

"ဒီကောင်လေးကတော့ အခြေအနေက သိပ်မကောင်းဘူးပဲ ပြောရမှာပေါ့ကွာ"

မင်းနရီ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရကာ ...

"အခြေအနေ ဆိုးတာလား"

"အင်း ... အဆိုးဆုံးတော့လည်း မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ သူ့ကေ့စ်က Rare case ကွ၊ မလွယ်လှဘူး၊ သူ့ကိုတော့ ဝါ့ဒ်ထဲမှာ မထားဘူး၊ သီးသန့်ပဲ ထားတယ်၊ ညီသည်လည်း အများကြီး ပေးမတွေ့သေးဘူး"

"ဪ ..."

"ဒီဘက်လာ မင်းနရီ"

ဝေလွင် ရှေ့ဆောင်သွားတဲ့နောက် မင်းနရီ လိုက်လာခဲ့ပါသည်။ ရောဂါအခြေအနေ ကြီးမားပြင်းထန်တဲ့ လူနာတွေ သာထားတဲ့ အထူးဆောင်ရဲ့ အခန်းထဲ မင်းနရီပါ ရောက်လာပါသည်။ သီးသန့်ရှိနေတဲ့ မြေဝသုန်ရဲ့ ခုတင်ဘေးမှာ စက်ကိရိယာတွေ ကြိုးတန်းလန်းတွေက များလှသည်။

ဝေလွင်က တာဝန်ကျနေတဲ့ သူနာပြုလေးထံမှ ချာ့ထ်လှမ်းတောင်းလိုက်ပြီး အကြမ်းဖျင်းကြည့်ကာ မင်းနရီကို လှမ်းပေးလိုက်ပါသည်။ မျက်စိဖွင့်ထားတဲ့ လူနာ မြေဝသုန်ကို အသံမြှင့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ... ဘယ်လိုလဲ၊ နေကောင်းတယ်မို့လား"

"ဟော့"

ပြန်ဖြေတဲ့ အသံက လေးလေးဆိုင်းဆိုင်း ဖြစ်နေပါသည်။ မင်းနရီက မြေဝသုန့်ကို စိုက်ကြည့်နေမိသည်။ ဟိုးအရင်ကားတိုက်မှုဖြစ်ကာစ အချိန်တွေက ဟိုဘက်ဆေးရုံမှာ တွေ့ခဲ့ဖူးတဲ့ မြေဝသုန်ရဲ့ ရုပ်ရည်ဟာ မျက်နှာပိုင်းမှာ ထိမိခိုက်မိ ဆောင့်တိုက်မိတဲ့ ဒဏ်ရာဒဏ်ချက်တွေနှင့်ဖြစ်၍ ယောင်အမ်းတင်းပြည့်နေတဲ့ပုံစံ ဖြစ်သည်။

အခုတော့ ထိုအယောင်အအမ်းတွေ မရှိတော့။ မျက်နှာကျသွားပြီး လတွေချီကာ အစာအဖတ် မမျိုရ မစားရဘဲ ဒရစ်ပ်သာ အဆက်မပြတ်ထည့်၍ အလွန်ဆုံး နို့ကလေးအနည်းငယ်မျှသာ ခွန်းနှင့်ဝင်အောင်တိုက်ပြီး မျိုချစေရတဲ့ အခြေအနေမို့ လူက အလွန်အမင်း ကိုယ်ရည်စစ်သွားသည်။

မျက်နှာတွေ ချောင်ကျနေကာ လူမမာရုပ်စစ်စစ် ဖြစ်နေပါသည်။ မျက်ဆန်ကတော့ ဟိုဟိုဒီဒီ ရွေ့လျားအကဲခတ်လျက်သား။ ဆံပင်ရိတ်ထားတာမို့ မျက်တွင်းချိုင့်ချိုင့် ပါးရိုးပေါ်ပေါ်တို့က ပိုပြီးထင်ရှားနေကာ အကြည့်ရ ဆိုးနေသည်။ သူ့ရဲ့ မိဘဆွေမျိုး ချစ်သူတို့ မြင်ရင်တော့ ဝမ်းနည်းစိတ်ဆင်းရဲစရာပင် ဖြစ်သည်။

"သူ့အိမ်က ညှော်သည်တော့ ခွင့်ပြုတာပေါ့"





"တစ်ကြိမ်ပဲ တစ်နေ့ကို လာခွင့်ပြုတယ်၊ အစားအသောက်ပို့ဖို့လည်း မလိုတော့ တွေ့ချင်လို့ လာကြည့်ကြရုံသက်သက်ပါပဲ"

မြေဝသုန်ရဲ့ မျက်ဝန်းများက သူ သေချာမသိတဲ့ မင်းနရီကို အကဲခတ်နေသည်။

"ဒါလည်း ဆရာဝန်ပဲ သိလား ညီလေး၊ ညီလေးအခြေအနေကို စိတ်ဝင်စားလို့တဲ့၊ လာကြည့်တာ"

"ကျေးဇူးတင် ... ..."

ကျေးဇူးတင်ပါတယ်ဟု ပြောလိုပုံ ရသော်လည်း သူ့ရဲ့ နှုတ်လျှာမှာ လေးနေသေးကာ အဆုံးသတ်စကားတို့က ပျောက်သွားတဲ့သဘော ဖြစ်သည်။ မင်းနရီသည် မျက်စိရှေ့မှောက်က ရင်နင့်စရာ ဝေဒနာသည်ကို သက်ပြင်းတစ်ချက်နှင့်ကြည့်ရင်း ...

"မင်း ဘယ်လိုခံစားရသလဲ မြေဝသုန်"

"ခေါင်းမှာ ... ထုံနေ ..."

မြေဝသုန် ဖြေလိုက်တဲ့ လေယူလေသိမ်းက မင်းနရီကိုတောင် စိတ်မကောင်း ဖြစ်စေကာ စကားဆက်မပြောနိုင်အောင် ဖြစ်စေသည်။ ကြည့်နေရင်းက မြေဝသုန်ရဲ့ မျက်လုံးအိမ်မှာ မျက်ရည်များ ရစ်လည်လာပါသည်။

"ကျွန်တော် ... ဘယ်တော့မှ ... ပြန်မကောင်းတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ပြန်မကောင်းတော့ဘူးလား ဟု မေးလိုက်သလို နောက်ဆက်တွဲ တစ်စုံတစ်ရာ ပါသေးသော်လည်း မသဲကွဲတော့ဘဲ အသံပျောက်သွားသည်။ ဝေလွင်က မြေဝသုန်ရဲ့ လက်ကောက်ဝတ်တစ်ဖက်နားကို အားပေးဆုပ်ကိုင်ကာ ...

"ပြန်မကောင်းတော့ဘူးတော့ ဘယ်ဟုတ်မလဲ ညီလေးရ၊ တစ်နေ့တော့ ကောင်းမှာပေါ့၊ ဒါပေမဲ့ ကိုယ်တို့အချိန်ယူပြီး ညီလေးကို နောက်ထပ်တစ်ကြိမ် အော်ပရေးရှင်းလုပ်ဖို့ လိုအပ်ဦးမယ်၊ အခုတော့ မဟုတ်သေးဘူး၊ နောက်မှ"

ရစ်လည်နေတဲ့ မြေဝသုန်ရဲ့ မျက်လုံးထဲက မျက်ရည်တို့က ပက်လက်အနေအထားကြောင့် နားထင်နှစ်ဖက်မှ ဆားတစ်ဖက်တစ်ချက်သို့ လိမ့်ပြီး စီးကျလာတဲ့ မြင်ကွင်းမှာ စိတ်ထိခိုက်ဖို့ ကောင်းလှသည်။ သူ့ခေါင်းကို အနောက်ဘက် ဦးခေါင်းခွံနှင့်လည်ပင်းရိုး အစပ်လောက်က ခွဲစိတ်ထားတာဖြစ်ရာ ခွဲစိတ်ဒဏ်ရာကို အုပ်ထားတဲ့ ပလာစတာဖတ်ကြီးက နားရွက်နှစ်ဖက်အောက်အထိ ရောက်နေသည်။

ထိုနေရာသို့ ရောက်ရှိ စီးစွတ်သွားတဲ့ မျက်ရည်စက်ကို ဝေလွင်က တစ်ရှူးတစ်ရွက်ဖြုတ်ကာ တို့သုတ်ပေးလေသည်။ လက်ပိုက်ရပ်နေတဲ့ မင်းနှရီသည် စိတ်နှလုံးတွေ နောက်ကျိလာသည်။ ဒီလိုကြီး ဖြစ်နေရတာနဲ့ စာရင်တော့ သေသွားလိုက်ရတာက ကောင်းပါလိမ့်ဦးမယ်။ ချက်ချင်း သေရွပွဲဝင်လိုက်ရတဲ့ နန္ဒာ





တို့ ဖြိုးဆိုတဲ့ ကောင်ကလေးတို့မှာ ခုလို ဝဋ်ဒုက္ခကြီး ခံစားမနေကြရ၍ ကံကောင်းပါသည်။

မြေဝသုန့် ခမျာတော့ ဝဋ်ဒုက္ခကြီး တစ်ခုလို ဖြစ်နေသည်။ သူသည်လည်း သေလို့ရလျှင် သေပဲ သေလိုက်ချင်မှာကိုယ်ချင်းစာနိုင်သည်။ မြေဝသုန်ကို ကြည့်ရင်း ကကြီး ဘယ်လောက်များ ရင်ကွဲပက်လက် ခံစားနာကျင်ရရှာမလဲ။ အင်မတန်စိတ်ဆင်းရဲပေလိမ့်မည်။

"မကောင်းနိုင်ရင် ... မခွဲချင်တော့ ... သေရင်လည်းသေ"

မြေဝသုန်က မျက်ရည်ထပ်ကျနေကာ မသဲကွဲ မပီသတဲ့ အသံနှင့်ပင် စကားဆက်နေရာ ဝေလွင်ပါ စိတ်မကောင်းလာသလို မျက်ရည်သာ တို့သုတ်ပေးရင်း ...

"မငိုပါနဲ့ ညီလေးရာ၊ အတတ်နိုင်ဆုံးတော့ ကောင်းအောင်ကုကြရမှာပေါ့၊ မဟုတ်ဘူးလား"

"အိမ်မှာ ... အဖေတို့ ... အမေတို့ ... ပိုက်ဆံ မရှိ ..."

"ခေါင်းမခါနဲ့ မြေဝသုန်၊ ခေါင်းမလှုပ်နဲ့"

ဝေလွင်က မြေဝသုန်ကို ပြုံးပြရင်း ...

"မရှိတော့လည်း မရှိတဲ့ အလျောက်၊ ရှိတော့လည်း ရှိတဲ့ အလျောက်ပေါ့ကွ၊ ဝေဒနာရယ်လို့ ဖြစ်ရင်တော့ ကုရမှာပဲကွ။ မင်းက ဆင်းနေတာပါ၊ မင်းမိဘက ဒီလောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ ပိုက်ဆံရှိတယ်၊ လိုအပ်တာအားလုံး ဆက်လုပ်ဖို့ပဲ အမြဲပြောတာ မြေဝသုန်၊ ပိုက်ဆံလည်း သိပ်ကုန်စရာ မလိုပါဘူးကွာ၊ အဆင်ပြေသွားမှာပါ၊ ဒီကြားထဲသာ ပြန်ခွဲစိတ်ဖို့ အားပြည့်အောင် ကျန်းမာအောင် မင်းနေရမယ်၊ ဟုတ်လား၊ ကဲ ... ကဲ ... နား၊ ဟိုတွေး ဒီတွေး မတွေးနဲ့၊ မင်းအိမ်က ဟိုမှာ ကက်ဆက်နဲ့ တရားခွေ ယူလာပေးထားတယ်တဲ့၊ တရားခွေလည်း နာတဲ့အခါနာပေါ့၊ သီချင်းခွေလည်း နားထောင်ချင်ရင် နားထောင်လို့ရတယ်၊ ကြားလား၊ စိတ်ကြည်လင်တာပေါ့၊ ဆရာမ မေးပြီး ဖွင့်ပေးလိုက်ပါဦး"

ဝေလွင်က ပြုံး၍နှုတ်ဆက်ပြီး သီးသန့်အခန်းထဲက ထွက်ပြီမို့ မင်းရနီကလည်း မြေဝသုန့်ကို တစ်ချက် ခေါင်းဆတ်နှုတ်ဆက်လိုက်ပါသည်။ ဝေလွင့် နောက်ကိုမီအောင် လိုက်လာပြီး ဘေးချင်းယှဉ်ကာ ...

"သူ့ကို ထပ်ခွဲရမယ်ပေါ့၊ ဟုတ်လား"

"မခွဲရင် ဒီအတိုင်းပဲ တစ်သက်လုံး ပြီးသွားမယ်လေ၊ ဒီတော့ ဒီထက် တိုးတက်လို တိုးတက်ငြား အချိန်တစ်ခု စောင့်ပြီး အကောင်းဆုံး ကြိုးစားကြည့်တဲ့အနေနဲ့ ခွဲတော့ ခွဲရဦးမှာပေါ့၊ ထပ်မခွဲရင်တော့ ဒီအနေအထားဟာ သူ့ရဲ့ နောက်ဆုံး Result ပဲလေ၊ ဒီအတိုင်းကြီးနဲ့ ဆေးရုံမှာလည်း





ဘယ်လောက်ကြာကြာ ထားနိုင်မလဲ၊ အိမ်ပြန်ခေါ်တော့ရော သူ့မိသားစုအနေနဲ့ ရေရှည် ဘယ်လိုထားမလဲ ...

ဒီတော့ Risk (အန္တရာယ်)ယူပြီးတော့ပဲ ထပ်ခွဲကြည့်ရမှာပဲ မင်းနရီ၊ ထပ်ခွဲစိတ်လိုက်တဲ့အတွက် မပြောနိုင်ဘူး၊ လျော့ရင်လည်း လျော့သွားမယ်၊ ဒီရီဇာတ်ပဲ ပြန်ထွက်ရင်လည်း ထွက်မယ် သို့မဟုတ် ဒီထက်ပိုပြီး တိုးတက်ကောင်းမွန်လာမယ်၊ ဒီတိုင်း ထားလိုက်မဲ့အစား ရာခိုင်နှုန်းနည်းသော်လည်း မျှော်လင့်ချက်တစ်ခုထားပြီး ကြိုးစားရမှာပေါ့ မင်းနရီရာ ...

သူ့ရဲ့ နာဗ်ကြောတွေက ကျိုးပဲ့ကြေမွနေတဲ့ ကျောရိုး၊ လည်ပင်းရိုး၊ ညှပ်ရိုးနဲ့ အဲဒီနေရာတစ်ဝိုက်က ကြေသွားအက်သွားတဲ့ အရိုးစ,တချို့ကြားမှာ ညှပ်ပိပြီး ဒဏ်ဖြစ်နေတယ်၊ အခု ခွဲစိတ်မှုမှာ တချို့ အရိုးအဆစ် အကျိုးအစတွေကို ဆက်တန်ဆက် တွယ်တန်တွယ်နဲ့၊ အကျိုးမရှိဘူး မဟုတ်ဘူး ရှိတယ်၊ ဒါပေမဲ့ အားလုံး အကုန်အစင်လုပ်နိုင်ဖို့ မလွယ်တော့ ညှပ်ပိနေတဲ့ သူ့အာရုံကြောက ဘာမှ တိုးတက်မလာ မလှုပ်ရှားနိုင်လာဘူး၊ ဟိုက ဆရာဝန်တွေလည်း အားလုံး အံ့သြကြတယ် ...

ဒီအခြေအနေက လူနာဟာ သေရင်သေ၊ မသေရင် ကိုမာရနေလောက်တဲ့ အဆင့်ပေါ့၊ အခြေအနေ ဆိုးယယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဒါပေမဲ့ ဒီလူနာက ဒီအခြေအနေနဲ့ သတိရနေတာကို အံ့အားသင့်ကြတယ်၊ ကားတိုက်တဲ့ ဒဏ်ရာနဲ့ ဒီကောင်လေးရဲ့ လည်ပင်းရိုး ကုပ်ပိုး၊ ပခုံးရိုး ညှပ်ရိုး ကျောရိုး အထက်ပိုင်းနေရာတွေဟာ အတော်ပျက်စီး ထိခိုက်မိသွားတာ"

"ငါ့အထင်တော့ကွာ"

မင်းနရီက ပြောမကောင်း၍ စကားကို ရပ်ထားလိုက်ရာ ဝေလွင်က ခေါင်းညိတ်ရင်း ...

"အေးပေါ့၊ ချန့်စ်တော့ အတော်နည်းပါတယ်"

"ပြန်ကို ကောင်းလာမယ် မထင်ရဘူး၊ သူ့ခါတ်မှန်တွေထဲမှာလည်း အတော်ဆိုးဝါးတာပဲ"

"ဒါပေမဲ့ ဒီတိုင်း ထားလိုက်မဲ့ အစားတော့ ..."

"ဒါပေါ့လေ၊ အောင်မြင်တာ မအောင်မြင်တာထား၊ ကြိုးစားတော့ ကြည့်ရမှာပေါ့၊ သူ့မိဘဆွေမျိုးတွေကလည်း မျှော်လင့်ချက်တော့ ထားချင်ဦးမှာပေါ့"

"အခြေအနေမှန်ကိုတော့ ငါတို့ သေချာ ပွင့်ပွင့်လင်းလင်း ရှင်းပြထားပါတယ်၊ ထပ်ပြီးခွဲစိတ်ရင် ကောင်းမယ်လို့ တစ်ထစ်ချ မပြောနိုင်တာကိုပေါ့၊ ဒီတိုင်း တစ်သက်လုံး ထားမလား၊ စွန့်စားပြီး နောက်ထပ် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် အခွင့်အလမ်း ရှိသလောက် ထပ်ခွဲစိတ်ကြည့်ဦး





မလား ဆိုတာ၊ ခွဲစိတ်တဲ့ အခါမှာ ကိုယ့်ဘက်က မျှော်လင့်နိုင်တဲ့ အခွင့်အရေး အနေနဲ့ ရာနှုန်းအင်မတန်နည်းပါးတယ် ဆိုတာကိုလည်း သူတို့ကို ပေးသိထားပါတယ်"

"အေးပေါ့၊ ဒီအတိုင်း ခုတင်ပေါ်မှာပဲ အချိန်ပြည့် နှာစ်တစ်ယောက်နဲ့ ထားရမဲ့ အခြေအနေက ရေရှည်အတွက် လွယ်မှ မလွယ်တာ။ အစာလည်း မစားနိုင်၊ မမျိုနိုင်၊ ထပ်ခွဲစိတ်မယ် ဆိုရင် ကုန်ကျစရိတ် လာဦးမှာပေါ့"

"အေးပေါ့ ... အတိုင်းအတာ တစ်ခုတော့ ရှိမှာပေါ့ကွာ၊ လူနာခများ သူ့ဟာနဲ့သူ ဒါကိုပါ ပူနေရှာတာ၊ အတော်တော့ စိတ်မကောင်းစရာပါ မင်းနရီရာ"

"ဝေလွင် ... ဒီလူနာအတွက် ခုလောလောဆယ် တစ်နေ့စာ တစ်နေ့စာ ကုန်ကျနေရသမျှ ဆေးဖိုးတွေ အပါအဝင် ထပ်ပြီး ခွဲစိတ်မယ်ဆိုတဲ့ တစ်ချိန်မှာ ကုန်ကျမဲ့ ကုန်ကျစရိတ်ပါ အပါပေါ့၊ ငါ လှူချင်တယ် ဖြစ်မလား"

ဝေလွင်က မင်းနရီကို အံ့အားတသင့် ဝမ်းပန်းတသာ ပြုံးမွှမ်းလေးစားတဲ့ အကြည့်နှင့် ငုံကြည့်ရင်း ...

"ဟာ ... လှူလို့ရတာပေါ့ကွ၊ ဘယ်သူ့ကိုမဆို လှူလို့ရပါတယ်"

"ဒါဖြင့် ဒီစရိတ်တွေ ငါလှူပါရစေ၊ ဒါပေမဲ့ သူ့မိဘဆွေမျိုးအသိုင်းအဝိုင်းကိုတော့ အသိမပေးစေချင်ဘူး၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com

မှ ထုးသူးဆွေ့ထွေ ပြောမနေနဲ့တော့ပေါ့၊ လိုအပ်တဲ့ဆေးဝါးတွေ ဝယ်မခိုင်းနဲ့တော့ပေါ့၊ ခွဲစိတ်မဲ့ အချိန်ကျရင်လည်း သူတို့အတွက် အခမဲ့သဘောမျိုးပဲ သိကြပါစေ၊ မင်းကိုငါ တစ်ပတ်တစ်ခါပဲဖြစ်ဖြစ် ဆက်သွယ်ပြီး ဆေးဖိုးအလှူငွေ လုံလုံလောက်လောက် ပို့ထားပေးပါ့မယ်၊ သူတို့ကိုတော့ ဘာမှ အသိပေးမနေပါနဲ့တော့"

"အိုကေလေ၊ မင်းက အသိမပေးစေချင်ရင်လည်း ဘာမှ မပြောဘဲ လျှို့ဝှက်ထားလို့ ရပါတယ်၊ ငါကပဲတစ်ဆင့် ဆေးဖိုးဝါးခ ကုန်ကျသုံးစွဲနေတဲ့ ငွေစာရင်းကို မင်းကိုပို့ပေးနေပါ့မယ်၊ ဆေးရုံမှာသာ အလှူရှင်အနေနဲ့ မှတ်တမ်းတင်ထားပေးလိုက်မယ်"

"အဲသလို မှတ်တမ်းတင်ဖို့လည်း မလိုပါဘူးကွာ၊ ဘာမှ မလိုပါဘူး၊ သူ့ကိုတွေ့ရတာ စိတ်မကောင်းဖြစ်ရလို့ ငါ လှူချင်တာ သက်သက်ပဲ"

"သာဓုလည်း ခေါ်ပါတယ်ကွာ၊ ငါ အားလုံး စီစဉ်ပေးမယ် မင်းနရီ"

အဲဒီနောက်တော့ မင်းနရီ ဝေလွင့်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။ သူ့ရင်ထဲ၌ အတော်မကောင်းနိုင်။ ရုပ်ဆင်းပျက်နေတဲ့ မြေဝသုန့် မျက်နှာက အာရုံထဲမှာ တရစ်ဝဲဝဲပေါ်နေပါသည်။ ဒီဝေဒနာသည်ရဲ့ ချစ်သူကို သူက အပိုင်စီးဖို့ ကြံနေမိသည်။





မြေဝသုန့် အခြေအနေဟာ နဂိုနေ ပြန်ဖြစ်ဖို့ဆိုတာ ရာခိုင်နှုန်း မရှိသလောက် နည်းပါးနေပြီကို (ဆေးကုမနေပေမဲ့) ဆရာဝန်တစ်ယောက်ပဲမို့ မင်းနရီ မှန်းဆရိပ်မိနိုင်သည်။ ကကြိုးကိုလည်း သူ့အနေနဲ့ လက်ထပ်နိုင်ဖို့ဝေးလို့ ချစ်သူအဖြစ်နဲ့ အရင်လို တွဲသွားတွဲလာ လူချင်းတန်းတူ ဆက်ဆံနိုင်ဖို့ဆိုတာ မဖြစ်နိုင်လှတော့ပါ။

ရှင်းရှင်းပြောရရင် မြေဝသုန်ဟာ ဘယ်နည်းနဲ့မှမဆို ကကြိုးကို လက်လွှတ်ရမည့် အနေအထား၊ လက်တွဲဖို့ မဖြစ်နိုင်တဲ့ အနေအထား ဖြစ်နေသည်။ သို့ပေမဲ့ မင်းနရီသည် ကိုယ့်အပြုအမူအတွက် အပြစ်ကြီးတစ်ခုလို ခံစားရပါသည်။ သူဟာ အတော်မကောင်းတဲ့ကောင်။ သူများကို အနိုင်လိုချင်တဲ့ကောင်။ ကကြိုးကို တကယ်ကို တမြတ်တနိုး ချစ်နေမိပြီမှာ မှန်ပေမဲ့ အခြေခံစိတ်ရင်းကတော့ မဖြူစင် မမှန်ကန်ခဲ့။

အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးချင်၊ ပေးဆပ်ချင်တာကြောင့်လည်း အခုလို မြေဝသုန့်တာဝန်ကို သူ ယူလိုက်တာပါ။ ကျေနိုင်သည်ဖြစ်စေ မကျေနိုင်ဘူးဖြစ်စေ သူ့ဘက်က စေတနာ အမှန်နှင့်ပါ။

♥ ♥ ♥


www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ခုနကတည်းက ဒေါ်ဒေါ်မြိုင့်မောင် ဦးစိုး ရောက်လာတာကိုတော့ မြင်လိုက်ပါသည်။ ဘာဘာညာညာ ဆက်မတွေးမိတာ။ သို့သော် မကြာမြင့်လှသော အချိန်တွင် ကကြီးတို့သားအမိရှိရာ အောက်ထပ်သို့ ဒေါ်ဒေါ်မြိုင် ဆင်းလာကာ ...

"ရော့ ... ကကြီး၊ ဟောဒါက ငွေရင်း ဆဲယ်သိန်း။ ဒါက ဒီလအတွက်အတိုး၊ ဒီလထဲ ပေးရမဲ့ရက်တော့ မစေ့သေးဘူး၊ နည်းနည်းလိုသေးတယ်၊ ဒါပေမဲ့ အမြန်ဆုံးပဲ သွား ပြန်ဆပ်လိုက်တော့"

ကကြီးသည် ပိုက်ဆံထုပ်ကို ကြည့်ရင်း ...

"ဦးစိုး ငွေလာဆပ်ပြီပေါ့နော် ဒေါ်ဒေါ်မြိုင်"

"ဟုတ်တယ်၊ သူ့ကို နဂိုတည်းက ပြောထားတာ၊ သူ [illegible] ပေါ်တာနဲ့ရွေးပြီး တစ်ခါတည်း အပြတ်ရောင်းပစ်မှာ[illegible] မနက်က ငါနဲ့ မော်င်စိုး သွားရောင်းကြတယ်၊ လက်[illegible]





လက်စားအားလုံး နှစ်ဆယ့်ခြောက်သိန်း ရခဲ့တယ်၊ [illegible] က ငွေအပြည့် မရခဲ့သေးဘဲ အခုမှရလို့ ခုမှ လာ[illegible] ဆယ်သိန်းဆပ်ပြီးတဲ့နောက်လည်း ဝသုန့်ဖို့ ကုန်ကျဖို့ငွေ အလုံအလောက် ရှိသေးတယ်၊ ဒီကြားထဲလည်း အိမ်ကို ရောင်းပစ်တော့မှာ၊ ရောင်းပြီးရင် ဒေါ်သန်းသန့်တို့ကို လည်း ညှိညှက်ပြီး ငွေပိုပေးလိုက်မယ်၊ မတတ်နိုင်ဘူး နှင်လို့ရမှ အဆင်ပြေမှာလေ၊ လူတွေဟာ ကိုယ်ကကောင်း ခဲ့တိုင်း အခါခပ်သိမ်း ကိုယ့်အပေါ် ကောင်းတာမဟုတ် ဘူး၊ မိတ်ဆွေကောင်းတို့ရဲ့ သစ္စာရှိမှုမျိုးလည်း ရှိတတ်ကြ တာ မဟုတ်ဘူး၊ ကကြီးတို့ သားအမိလည်း ဘယ်လောက် တောင်းမလဲ ... တောင်း"

ဒီကြားထဲ မျက်နှာကြောတည်တည်နှင့် ကကြီးအပေါ် အဖုအထစ် ရှိနေတဲ့ ဒေါ်ဒေါ်မြိုင့် စကားကြောင့် ကကြီးမျက်နှာ က ပျက်ထွက်သွားရကာ ...

"ဘာဖြစ်လို့ တောင်းရမှာလဲ ဒေါ်ဒေါ်မြိုင်၊ အိမ်ရှင်က အိမ်ရောင်းလို့ ငွေညှစ်ပြီး တောင်းယူတဲ့ အိမ်ငှား[illegible] ကကြီးတို့ မပါဘူး၊ ဒေါ်ဒေါ်မြိုင် ခုလို ပြောတာကိုတောင် ကကြီး ဝမ်းနည်းမဆုံးဘူး"

ဒီတော့ ဒေါ်ဒေါ်မြိုင်က မျက်နှာကြော အနည်းငယ် [illegible]ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အို ... ညည်းတို့သားအမိလည်း တခြားမှာ အိမ်ရှာရဦးမှာမို့ ပြောရတာပါ"

"ခုခေတ်မှာ စပေါ်နှစ်သိန်းလောက်နဲ့ အဆင်ပြေပြေနေလို့မရတော့ဘူး ဆိုတာတော့ မှန်ပါတယ် ဒေါ်ဒေါ်မြိုင်၊ ဒါပေမဲ့ ကိုယ့်ငွေက ဒီနှစ်သိန်းပဲဟာ၊ ဒေါ်ဒေါ်မြိုင်လည်း ထီပေါက်လို့ ဒီထက်ကောင်းတဲ့အိမ်ကို ပြောင်းတာမဟုတ်ဘူး၊ ငွေပိုထွက်အောင် အိမ်ကြီးကနေ အိမ်သေးပြောင်းရမှာကို ဝိုင်းညှစ်နေကြလို့ ဖြစ်ပါ့မလား၊ အိမ်ထပ်ငှားဖို့ အဆင်ပြေတာ မပြေတာ ကကြီးတို့ဘာသာ ကြိုးပမ်းရမဲ့ ကိစ္စ ဖြစ်သွားပါပြီ ဒေါ်ဒေါ်မြိုင်။ ဒေါ်ဒေါ်မြိုင့်ဆီက ငွေပို မတောင်းပါဘူး"

ဤသို့ ပြောပြန်တော့ ဒေါ်အေးမြိုင်က တစ်မျိုးသော မျက်ဝန်းတို့နှင့် ကြည့်လာပြန်ကာ ...

"အင်းပေါ့လေ၊ ညည်းတို့အတွက်တော့ ပူစရာ သိပ်မရှိပါဘူး၊ ညည်းရဲ့ဟိုသူဌေးက မကူညီဘဲမနေပါဘူး ကကြီးရယ်"

ကကြီးသည် ဝမ်းပန်းတနည်း မျက်ရည်ကျမိလုမတတ် ဖြစ်လာသည်။ အမေသည် ဒေါ်ဒေါ်မြိုင့်လေကို မနှစ်မြို့ ဖြစ်လာပုံရကာ ...





"အဲဒီသူဌေးက ကကြီးကသာ ပူဆာရင် အိမ်တောင်ဝယ်ပေးမှာတော့၊ ဒါပေမဲ့ ဒီဟာမက ပူဆာပါ့လိမ့်မယ်၊ အဆေးကြီး မမြိုင်ရဲ့ ... ဟွန်း"

"ကကြီးကို ကျုပ်က သားရဲ့ရည်းစားလို မှတ်ခဲ့တာမဟုတ်ဘူးတော့၊ သမီးလိုကို ချစ်ခဲ့တာ၊ ဒါပေမဲ့ ခုလည်း မရှုနိုင် မကယ်နိုင် အဖြစ်မျိုးနဲ့မို့ပါ၊ ဝသုန် ထူထောင်လာရင် သူ့ချစ်သူအတွက် တစ်ခါ ရင်ကွဲပက်လက် ဖြစ်နေဦးမှာစိုးလို့သာ ခုလိုစကားမျိုးတွေ မပြောသာ ပြောသာ ဝင်ပြောနေရတာ ...

တကယ်ဆို ကိုယ့်သားကိုမှ သစ္စာမရှိလို့ သူဌေးနဲ့ ကြိုက်သွားရင်လည်း သွားပေါ့လို့ ... မျက်နှာလွှဲနေလိုက်ချင်တာပါတော်၊ ကိုယ့်သား ဆေးရုံပေါ်ပက်လက် မလှုပ်နိုင် မယှက်နိုင် အခြေအနေမှာ သင်းက သူဌေးနဲ့အသစ်တွေ့နိုင်လေခြင်းဆိုပြီး အသည်းမာမှာနဲ့ လှည့်မကြည့်ချင်တာမျိုးပါ၊ ငယ်သံယောဇဉ်ကြောင့်ရော ဒုက္ခိတဖြစ်နေတဲ့ သားလုပ်တဲ့သူ နေလေးမှ ကောင်းလာရင် သူ့ရည်းစားကို ဝိုင်းမထိန်းသိမ်းရကောင်းလား အပြစ်တင်ခံရမှာလည်း ကြောက်သေးလို့ပါ"

ဒေါ်ဒေါ်မြိုင်သည် နှုတ်က ပြစ်တင်ဝေဖန် မဆိုသော်ငြား စကားတွေ ရန်လိုဟန် ပြောနေလင့်ကစား ပြောရင်းက ရှိုက်သံ



www.burmeseclassic.com

www.burmeseclassic.com



အခွက်ငှက်ဖြစ်လိုက် နှပ်ညှစ်လိုက်နှင့် မချိတင်ကဲ ငိုကြွေးစပြုပါသည်။ ဒေါ်ဒေါ်မြိုင့် စိတ်တွေဟာလည်း ကကြီးလိုပင် (သူက မိခင်ခို့ ပိုပင် ပိုနိုင်မည်) သေ့နှံ့အတွက် စိတ်ပင်ပန်း ဆင်းရဲဝမ်းနည်းထိခိုက်နေရလွန်း၍ ထစ်ခနဲနှင့်ပင် ဝုန်းခနဲ ပေါက်ကွဲလိုက်ဖို့ အသင့် တိုဆတ်နေပုံရပါသည်။

တအားဝမ်းနည်းလိုက်ဖို့လည်း အသင့်။ ဒေါသဖြစ်လိုက်ဖို့လည်း အသင့်။ ဘာကိုမှ အမြင်မကြည်၊ ရှုပ်ထွေးနွမ်းညစ်နေပုံရပါသည်။ ကကြီး ကိုယ်တိုင်လည်း ဤအတိုင်း ဖြစ်နေတာ။ ကကြီးက ဘာမှ တုံ့ပြန်မနေတော့ဘဲ ဒေါ်ဒေါ်မြိုင် ထိုင်နေရာဘက် ကျောခိုင်းကာ မျက်ရည် တတုတ်တုတ် ကျနေမိပါသည်။

"ခုတော့ မနက်ပိုင်းတွေ ငါ့သား ဆေးရုံကို သွားတွေ့ပေးတဲ့ ဝတ္တရားလည်း ပျက်ခဲ့တာ ဘယ်လောက်ကြာပြီတုန်း ဟိုကတော့ တမျှော်မျှော်နဲ့ ညည်းပေါ်မလာရင် ကကြီး ... ကကြီးနဲ့ မပီကလာ မေးရှာတယ်၊ ငါ ရင်တောင်နာပါတယ်အေ၊ ညည်းကတော့ မနက်ခင်းဆို ဟိုသူဌေးရဲ့ ကုမ္ပဏီတိုရောက်ရောက်နေရတာကိုး"

"ကကြီး အလကား သွားနေတာ မဟုတ်ပါဘူး ဒေါ်ဒေါ်မြိုင် အလုပ်ဆင်းနေတာ၊ သူက အလုပ်ခန့်ပေးထားတာပါ ကကြီးကို ကူညီတာပါ"





"ညည်းမှာ အလုပ်ရှိသားပဲ၊ နေ့တစ်ဝက် အလုပ်ခန့်တယ်ဆိုတာလည်း သူ့လက်ထက်မှ ကြားဖူးတာ၊ အလကား ခေါ်ခေါ် အလုကြည့်နေတာ နေမှာပါ၊ လူကြားကောင်းအောင် အလုပ် အလုပ်နဲ့"

"အဲဒီအတွက် ကကြီး လခရတယ် ဒေါ်ဒေါ်မြိုင်၊ ကကြီးလည်း တစ်ခါတစ်ရံ တစ်လှည့်တစ်ခေါက် ဝသုန့်အဘွက် ဆေးလေး ဘာလေး ကိုယ့်ပိုက်ဆံနဲ့ကိုယ် တတ်နိုင်သလောက် စိုက်ဝယ်ခြမ်း သုံးစွဲချင်သေးတယ်"

ကကြီး အသံတုန်တုန်ကလေးကို ဒေါ်ဒေါ်မြိုင်က မဲ့ရွဲ့ကာ ...

"အမယ်လေး ... တော်ပါအေ၊ ဟိုသူဌေးက ပိုးပန်းကြေးပေးနေတဲ့ ငွေတွေနဲ့ ငါ့သားလေး ဆေးတွေစိုက်မဝယ်လိုက်ပါနဲ့ ကကြီးရယ်၊ ငါ့သားလေးဆီမှာ အပင်းအဆိပ်သွားဖြစ်နေပါ့မယ်၊ ငါတို့တတ်နိုင်ပါတယ်၊ ညည်းဒီငွေတွေနဲ့ ဘာမှထည့်မဝယ်ပါနဲ့၊ ညည်းလုပ်အားခမှ မဟုတ်တာပဲ၊ နေ့တစ်ပိုင်း နေ့တစ်ပိုင်း သူ့အကြည့် သွားသွားခံနေရလို့ ရတဲ့အဖိုးအခပါအေ"

ကကြီးရဲ့ ရှိုက်သံကလေး ကျယ်လာလျှင် အမေ့ဒိတ်တိုလာပုံပေါ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မမြိုင်ရယ် ... ရှင် အဲသလို ယူဆနေလည်း ကကြီးကို လှည့်မကြည့်ဘဲ နေလိုက်ပါလား၊ ဘာကိစ္စ ခုလိုနိုင့်ထက် စီးနင်း လာပြောနေရတာလဲ၊ ကျွန်မသမီးဟာ ရှင့်သား ကြောင့်သာ မဟုတ်ရင် ဒီသူဌေးနဲ့ တွေ့စရာအကြောင်း လည်း မရှိ၊ ခေါ်ပြောနီးစပ်စရာ အကြောင်းလည်း မရှိဘူး ရှင့် ...

သူ့မှာ ဝသုန့်အတွက် တတ်နိုင်သလောက်လေး ကူညီစိုက်ထုတ်ချင်ရတာနဲ့၊ အချိန်မီ ငွေချေးငှားလို့ ရချင် တာနဲ့၊ အရင်းအချာစိတ်နဲ့ ဝင်ပူပန်လွန်းလို့ ခုကိစ္စတွေ ဖြစ်လာရတယ်ဆိုတာ ရှင် သဘောပေါက်ပါ မမြိုင်ရဲ့၊ ဟိုသူဌေးက သူ့ကို မျက်စိကျတာ ချစ်ကြိုက်တာတော့ ကျုပ်တို့လည်း တတ်နိုင်ဘူးတော်၊ သူ့ကုသိုလ်ကံနဲ့ သူပဲ၊ သူ အခုခေါင်းညိတ် ဟိုက ခုယူမဲ့ သူဌေး"

"ဒါဖြင့်လည်း ခုပဲ ခေါင်းညိတ်လိုက်ပါလား၊ ဘာကိုစောင့် နေကြသေးတုန်း ... ဟင် ...၊ ဟိုက ချက်ချင်းယူမယ်ဆို ပေမဲ့ လူသိရှင်ကြား တင့်တင့်တပ်တပ်တယ် ယူရင် တော်ပါ သေးရဲ့၊ မပေါ်မထင် တိတ်တိတ်ပုန်းလည်း ဖြစ်သွားပါဦး မယ်"

မခံချင်ဒေါသတွေ ပါလာကြတဲ့အခါ စကားတွေ ဟာ ရှင့်သီးလာတော့တာပင်။





"ဟင် ... ရှင် ... ကျွန်မသမီးလေးကို မှိုချိုးမျှစ်ချိုးနဲ့ ပြောထွက်လှချည်လား၊ ရှင်တို့မှာ အဆင်ပြေအောင် ကူညီ ပေးခဲ့တာတွေမှ မထောက်၊ ဘာမှ မဟုတ်ဘူး၊ အဲဒါ — မနာလိုနေတာ၊ ကကြီး သူဌေးကတော်ဖြစ်ပြီး ကောင်းစား သွားမှာကို ရှင် မနာလိုနိုင်အောင် ဖြစ်နေတာ မဟုတ်လား မမြိုင်ရဲ့၊ ရှင့်သားက ဘာမှမဟုတ်တော့ ..."

"အို ... တော်ပါတော့ အမေရယ်၊ ရှက်စရာကောင်းတဲ့ စကားတွေ မပြောပါနဲ့ အမေရယ်"

"အောင်မယ် ... ငါ့သားက ဘာမှမဟုတ်ရင် အစကဘာ လို့ ကြိုက်ခဲ့သေးလဲ၊ အလုပ်တစ်ခု ရှာပေးရုံ ကပ်နှူးခဲ့တာ လား ... ဟုတ်လား၊ ညည်းသမီးက ဒီလိုပဲလား၊ ဟိုလူ့ ကပ်နှူးလိုက် အလုပ်တောင်းလိုက်၊ ဒီလူ့ကပ်နှူးလိုက် အကူအညီတောင်းလိုက်၊ အဲဒီလို ဟာမျိုးလား၊ မသိလို့ပါ တော် ...

အောင်မလေး ...၊ ရင်နာလိုက်တာ၊ ခုတော့ ပြော အားရှိကြပြီပေါ့၊ ရှင့်သားက ဘာမှမဟုတ်ဘူးတဲ့ ရှင်မို့ ပြောထွက်တယ်၊ အစကတော့ ဝသုန် နိုင်ငံခြားထွက်ဖို့ အရိပ်အယောင် အခွင့်အလမ်းလေး ရရုံရှိသေး၊ လက်လွတ် ရမှာစိုးလို့ မသွားခင်တောင် ရှင့်သမီးကို လက်ထပ်သွား စေချင်တဲ့ ရှင့်လို မအေမျိုးကလေ၊ ခုတော့ ဒီလိုပြောတာက်



www.burmeseclassic.com

www.burmeseclassic.com



ပြီပေါ့ ... ဟုတ်လား၊ တောက် ... ရင်နာလွန်းလို့တော်၊ သောဒီ ရင်ထဲက နာလွန်းလို့တော်"

ဒေါ်အေးမြိုင်ဟာ သူ့ရင်ဘတ်ကိုသူ တအုန်းအုန်း ထုလျက် ကြိတ်မနိုင်ခဲမရ သံကုန်ဟစ်တော့ရာ အခေါ်ထပ်မှ ဦးလေးကျော်တို့ ဦးစိုးတို့ ပြေးဆင်းလာကြပါသည်။ ခုနကတည်းကလည်း ပြောဆိုနေသမျှဟာ တိုးတိုးသက်သာ မဟုတ်တာမို့ ကြိုတင် ကြားနေကြပါလိမ့်မည်။

"ဟ ... ဘယ်လိုဖြစ်ကြတာလဲကွာ၊ မမြိုင် ... အော်ကြီးဟစ်ကျယ်နဲ့ မင်း မရှက်ဘူးလား၊ လာစမ်းကွာ"

"မရှက်ဘူး၊ ဟင် ... သင်းတို့က ကျုပ်သားလေးကို ဘာမဟုတ်တဲ့ကောင်တဲ့"

"အဲလိုပြောတာ မဟုတ်ပါဘူး ဒေါ်ဒေါ်မြိုင်ရယ်"

ကကြီး ရှိုက်ကြီးတငင် ငိုရတော့သည်။

"ငါတို့လည်း ကြားပါတယ်ကွာ၊ စကားဆိုတာ များများပြောရင် အမှားပါတတ်စမြဲပဲဟာ၊ တစ်ယောက်နဲ့ တစ်ယောက် သိက္ခမ်းပေါင်းသင်းလာကာ ကြာပဲကြာပြီ၊ ခု ဆက်ဆံရတဲ့သူတွေ ကျနေတာပဲ၊ ဒီ ကကြီးလည်း ကိုယ့်မျက်စိအောက် ကြီးလာတာ မမြိုင်ရယ်၊ သူ့ခမျာလည်း ကိုယ့်သားအတွက် ဘယ်လောက်ထိ ပူလောင်ရသလဲ မင်း အမြင်ပဲ၊ ပိန်ချုံးလို့၊ အတွင်းစိတ်တွေ သိပြီးသား လူ





ရင်းတွေပဲ၊ အပေါ်ယံကျကျကြည့်ပြီး ရန်စကားတွေ ပြောကြရင် စိတ်ဝမ်းကွဲဖို့ပဲ ရှိမပေါ့ကွာ"

"ကျုပ်သားလေးအတွက် ကျုပ် ရင်နာတယ်၊ သူ့ခမျာ ဘယ်တော့ ပြန်ကောင်းမယ် မသိ၊ ဒီမှာ သူ့ရည်းစားက ခပ်လှုပ်လှုပ်"

"သြော် ...။ ပြောနေတဲ့ ကြားကကွာ၊ ကဲ ... ကဲ ... ကကြီးတို့သားအမိလည်း နားလည်ကြပါ၊ ကျုပ်တို့မှာ ဝသုန့်အတွက် မိနစ်တိုင်း၊ စက္ကန့်တိုင်း ရတက်မအေးတော့ ရင်ထဲမှာ ပူခဲပြီး စိတ်တွေလည်း ကပေါက်တိ ကပေါက်ချာ ဖြစ်နေကြတာပါ၊ ထွက်ပေါက်ပိတ်သလို ဖြစ်နေတော့ ဘယ်အချက်က စိတ်ထွက်ပေါက် ရှာရမလဲ ချောင်းပြီး မဆီမဆိုင်ဘက်က ထွက်မိထွက်ရာ လွတ်ထွက်တဲ့သဘောပါ"

"ဒေါ်ဒေါ်မြိုင့်ကို သမီး နားလည်ပါတယ် ဦးလေးကျော်ရယ်၊ သမီး ရင်ထဲမှာ [illegible] နဲ့စဥ်နဲ့အမျှ ပူလောင်ခံစားနေရတာပါ၊ ဝသုန့်[illegible]တွက်[illegible] အမြဲခေါင်းထဲမှာ စဥ်းစားနေတာပါ ဦးလေးကျော်ရယ်"

ကကြီး ငိုကာ ရှိုက်ကာ [illegible]သည်။

"အေးပါ ... ဦးလေးကျော်လည်း နားလည်တာပေါ့။ သမီး ဒေါ်ဒေါ်လည်း နားလည်ပါတယ်ကွယ်၊ သူလည်း ခံစား



www.burmeseclassic.com

www.burmeseclassic.com

လွန်းအားကြီးတော့ ကယောင်ချောက်ချား ပြောမိပြောရာ တွေ ပြောတာပါ၊ စိတ်ထဲ မထားကြနဲ့၊ ကဲ ... ကကြီး အမေလည်း စိတ်မကောင်း ဖြစ်မနေနဲ့၊ ကဲ ... ကဲ ... လာ လာ ... မမြိုင်"

ဒေါ်ဒေါ်မြိုင်ဟာ စိတ်ကို လျှော့နိုင် ဖြေနိုင်ပုံ မရ လှဘဲ စားပွဲပေါ်က ငွေထုပ်ကို လက်ညှိုးညွှန်ကာ ...

"ဟိုမှာနော် ... ညည်းသူဌေးရဲ့ ငွေဆယ်သိန်းနဲ့ အတိုး၊ နောက်လည်း ဘယ်လောက်ခက်ခဲခက်ခဲ ကိုယ့်ဟာကိုယ်ပဲ ရှာဖွေပါ့မယ်၊ ဒီဟာတုန်းကလည်း အခြေအနေတွေကို ကိုယ်က မသိရလို့သာ ရှိးရိုးကူညီ ငွေချေးမဲ့ ငွေရှင်မှတ် လို့ ချေးမိတာ၊ ခုတော့ သူ့မှာလည်း ကျေးဇူးရှင်ကြီးတစ် ဆူဖြစ်လို့၊ ကိုယ့်မှာတော့ ဒီငွေလေး ချေးနိုင်ဖို့ ဘယ်လို ဆုံးရှုံးသွားရသလဲ အချိန်နှောင်းမှ သိရတာပါ၊ မသိလို့ ချေးမိပြီး အဲဒီငွေနဲ့ပဲ ကျုပ်သားလေး ခွဲစိတ်လိုက်ရတာကို ရင်နာမဆုံးဘူး ...

သူ့အတွက် ဒီငွေဟာ အဆိပ်အတောက် ဖြစ်နေလို့ များ ကျုပ်သားလေး ခွဲစိတ်ကုသမှု မအောင်မြင်ရတာလား မသိဘူး"

"အို ... မမြိုင်ရာ၊ မင်းမလည်းကွာ။ စကားကို စိတ်ထိ ခိုက်စရာ မဖြစ်ဖြစ်အောင် ကြံဖန်ပြောနေသလိုကို ဖြစ်နေ





ပြီ၊ ကဲ ... သမီး ကကြီး ... ပိုက်ဆံတွေသိမ်းဦး၊ မောင်စိုး မင်းအစ်မ ခေါ်သွားစမ်း"

ဦးစိုးက အစ်မဖြစ်သူကို တွဲကာ အိမ်ပေါ်ထပ်သို့ ခေါ်သွားပါသည်။

"ကကြီး အမေကိုပါ တောင်းပန်ပါတယ်၊ မမြိုင်က သူ့ သားအတွက် စိတ်မကောင်းလွန်းအားကြီးတော့ အပြော အဆိုတွေက ကယောက်ကယက် ဖြစ်သလို ဖြစ်နေတာပါ၊ ဝသုန့် အခြေအနေကလည်း သိကြတဲ့အတိုင်းပဲ၊ ထပ်ခွဲစိတ် ရဦးမှာတဲ့၊ ဒီတစ်ခါ ထပ်ခွဲရင်လည်း ကောင်းမယ် အာမ မခံဘူးတဲ့၊ ကောင်းရင် ကောင်းမယ်၊ ဒီတိုင်းဖြစ်ရင်လည်း ဖြစ်မယ်၊ ဒီထက်ဆိုးသွားတာမျိုးတောင် ဖြစ်နိုင်တယ် ...

ဒါပေမဲ့ ဒီပုံအတိုင်း သူ့တစ်သက် နေသွားဖို့ကမ ဖြစ်နိုင်တော့ လာမဲ့ဘေး ပြေးတွေ့၊ ကံဆိုးကံကောင်းဆိုတဲ့ သဘောမျိုးနဲ့ ကောင်းလိုကောင်းငြား စွန့်စားခွဲစိတ်ရမှာပဲ၊ ဒါတွေ တစ်နေ့တစ်ခု တွေးလိုက် ပြောလိုက် ငိုလိုက်နဲ့ ရူးမလောက်ကို ဖြစ်နေတာပါ၊ ဦးလေးကျော်ကတော့ ကကြီးရဲ့ စေတနာကိုလည်း သဘောပေါက် နားလည်တယ်၊ ကုန်ကုန်ပြောရရင်ကွယ်၊ ဦးလေးကျော် ကိုယ်တိုင် ဝသုန့် ကို ဒီအခြေအနေကနေ ပိုကောင်းပြီး ကျန်းမာလာမယ်လို့ ကို မထင်တော့တာပါ ...


www.burmeseclassic.com

www.burmeseclassic.com



ဦးလေးသားရဲ့ဘဝက ဒီလိုပဲ လုံးပါးပါးသွားမယ် ဆင်ရပါတယ်၊ ငါ့သမီး အနေနဲ့လည်း တစ်သက်လုံး ဒီဒုက္ခတကြီးအပေါ် သစ္စာစောင့်ပြီး နေသွားဖို့ မလိုအပ်ပါဘူး၊ ကိုယ့်ဘဝ ကိုယ့်ရှေ့ရေးက ရှိပါတယ်၊ ညည်း ဒေါ်ဒေါ်မြိုင် ဘယ်လိုပဲ စကားနာထိုးထိုး သမီးဘဝကို သမီး စီရင်ဆုံးဖြတ်ပါ။ သူကတော့ ပြောနေမှာပဲ၊ ခေါင်းထဲ မထည့်ပါနဲ့ သမီးရယ် ...

ဟိုသူဌေးနဲ့ တွေ့ရတာဟာလည်း ဝသုန့်ကိစ္စကြောင့်ပဲဆိုတာ အားလုံး သိကြတာပဲ၊ သူ့အနေနဲ့လည်း သမီးကကြိုးကို မေတ္တာရှိတယ်ဆိုရင် အပြစ်မရှိပါဘူးကွယ်၊ သမီးအနေနဲ့လည်း သူ့ကို အားကိုးအားထား တစ်ခုလို မှီခိုဖို့ ရွေးချယ်တယ်ဆိုတာ အပြစ်မရှိပါဘူး၊ သဘာဝတရားတွေပါ၊ ဖြစ်တတ်တာတွေပါ၊ စိတ်ချမ်းချမ်းသာသာ စိတ်ရှင်းရှင်းနဲ့ပဲ ကိုယ့်ဘဝရှေ့ရေး ကိုယ်ဆုံးဖြတ်ပါလို့ ဦးလေး ပြောချင်တယ် ...

ငါ့သမီး ကကြိုးကိုလည်း ကြည့်ရတာ ဦးလေး သနားလှပါတယ်၊ ဘယ်သူတွေ ဘာပဲပြောပြော ငါ့သမီးရယ်၊ ခုနေခါ သမီး တင့်တင့်တယ်တယ် လူတစ်ယောက်နဲ့ တည်တည်တံ့တံ့ ပြည့်ပြည့်စုံစုံ ထိမ်းမြားလက်ထပ်သွားမယ်ဆိုရင် ဝသုန့်ဖခင်တစ်ယောက် နေရာကနေ ဦးလေး





မကန့်ကွက်ပါဘူး၊ သဘောတူ ဝမ်းသာပါတယ်၊ ခွင့်ပြုပါတယ်ကွယ်"

ဤစကားမျိုးကိုတော့ ကကြိုးရဲ့ အမေလည်း အသွန့်တက်စရာ တုံ့ပြန်ပြောစရာ ဘာမှမရှိ။ ကကြိုးသည်သာ ဝမ်းပန်းတနည်း ရှိုက်ကာငင်ကာ ငိုချလိုက်ရပါသည်။ ဦးလေးကျော်ဟာလည်း ယောကျ်ားကြီးမို့သာပင်။ စိတ်ထိခိုက် ကြေကွဲခြင်းကို အောင့်အည်းထိန်းချုပ်ကာ မျက်ရည်မကျအောင် တင်းထားရပုံပေါ်ပါသည်။

"ဟိုသူဌေးလေးကို ဦးလေးတို့ကိုယ်တိုင် လိုက်ဆပ်ဖို့လိုရင်လည်းပြော၊ ဒီမှာတော့ စာချုပ်ရော ဘာရော ပြည့်စုံပါတယ်၊ ငါ့သမီးပဲ ယူသွားပြီး ပေးဆပ်ပြီး စာချုပ်တွေဆွဲဆုတ်လိုက်ရင်လည်း ပြီးတာပါပဲ"

"ရပါတယ် ဦးလေးကျော်၊ လိုက်ပေးဖို့ မလိုပါဘူး၊ သူက စ,ချေးကတည်းက အလှူတစ်ခုလို ကူညီတဲ့သဘောဆိုတာ ပြောပါတယ်။ ပြန်မဆပ်တောင် ဘာမှမဖြစ်ပါဘူး၊ ကကြိုးကလည်း အတိုးနဲ့ ချေးချင်တဲ့သဘောပဲ ဆိုတာ သေချာပြောပြရတာပါ၊ ဒီတိုင်းပဲ ယူသွားပြီး ပြန်ပေးလိုက်ပါ့မယ်"

"သူ့မှာလည်း စေတနာရှိတယ်ဆိုတာ ယုံကြည်ပါတယ်၊ သမီးကြောင့် ဖြစ်ပေါ်တဲ့ စေတနာပဲဖြစ်ဖြစ်ပါ၊ ဦးလေးကျော်တို့ဘက်က ကျေးဇူးတင်ရမှာပါ၊ သေချာပြောပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါဦးနော်၊ ကိုယ့်မှာ လိုအပ်နေတဲ့အခိုက်၊ ဒုက္ခရောက်တဲ့ အခိုက်မှာ ကူညီတဲ့အဖြစ်ကို မမေ့ပါဘူးလို့”

ကကြီး ခေါင်းကလေး အသာ ညိတ်ပြလိုက်ရပါသည်။

♥ ❦ ♥

“ဒေါ်ဒေါ်မြိုင်တို့က ဦးမင်းနရီရဲ့ ငွေဆယ်သိန်းကို ပြန်ဆပ်ထားပါပြီ၊ အဲဒါ ကျွန်မ နက်ဖြန်မှပဲ ယူလာခဲ့တော့မယ်နော်၊ ဒီနေ့တော့ အလုပ်ပိတ်လို့ အိမ်မှာရှိပေမဲ့ ကျွန်မ မလာတော့ဘူးနော်”

“ကကြီး မလာလို့ ရပါတယ်၊ မနက်ဖြန် ရုံးလာရင်း ယူလာခဲ့ဖို့ကလည်း တာဝန်ကြီးနေဦးမယ်၊ ကိုယ်လာယူမယ်လေ”

“ရပါတယ်၊ ကျွန်မ ယူလာဖို့ အပန်းမကြီး မခက်ခဲပါဘူး ဦးမင်းနရီ”

“မင်း တစ်ခုခု ဖြစ်နေတယ် မဟုတ်လား ကကြီး”

“မဖြစ်ပါဘူး ဦးမင်းနရီ”

“မင်းအသံ တစ်မျိုးဖြစ်နေတယ်၊ ငိုထားတဲ့ အသံမျိုးလို့ ကိုယ်ထင်တယ်၊ မင်း အခု ဘယ်ကဆက်နေတာလဲ”





“လမ်းထိပ်ကပါ”

ငိုသံပါတာကို သူ ရိပ်မိပါသည်ဆိုမှ ဝမ်းနည်းစိတ်က ပြန်ပေါ်လာပြီး ကကြီး အသံတုန်သွားပါသည်။

“ကိုယ် ဒီပိုက်ဆံကို ယူဖို့သက်သက် မဟုတ်ဘူး၊ မင်း တစ်ခုခု ဖြစ်နေမှန်းသိလို့ လာခဲ့မှာ ကကြီး၊ ကိုယ်တို့လည်း ဒီနေ့ ပိတ်ရက်ပဲ၊ ကိုယ် အားနေတယ်၊ ကကြီး အိမ်မှာပဲ စောင့်နေ၊ ဒါပဲနော်”

“ဟုတ်”

မင်းနရီက ဖုန်းကိုချပြီး ထမင်းစားခန်းထဲ ရှိနေတဲ့ မေမေ့ထံ လာခဲ့ပါသည်။

“ဆောရီးပဲ မေမေ၊ ပထမတော့ ရုံးအားရက် အိမ်မှာရှိလို့ဆိုပြီး မွန်းလွဲစာကို မေမေ လုပ်ပေးတဲ့ နန်းကြီးသုပ်လေး စားချင်တယ်လို့ ပူဆာလိုက်မိတာ၊ အခု ကျွန်တော် သွားစရာတစ်ခု ပေါ်လာပြီ မေမေ၊ မလုပ်နဲ့တော့နော်”

“ဘယ်သွားစရာလဲ သားရဲ့၊ အလုပ်ကိစ္စလား”

“အလုပ်ကိစ္စတော့ မဟုတ်ဘူး မေမေ”

“ဖုန်းပြောတုန်းက ကကြီးလို့ နာမည်ကြားလိုက်တယ်”

မင်းနရီက မေမေ့ကို ပြုံး၍ကြည့်လိုက်ပါသည်။

“မေမေ့ကို နောက်တော့ ကျွန်တော် ပြပါ့မယ်၊ မိတ်ဆက်ပေးပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



မင်းနရီရဲ့ မေမေသည် သားဖြစ်သူ မျက်နှာကို ကြင်နာစွာ အကဲခတ်ရင်း ...

"သားကို အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မေမေ ပြောချင်နေတာ၊ ဒီအကြောင်းကို တင်ထွဋ် လာပြောပြီးသွားကတည်းကပဲ"

"တင်ထွဋ် ! ၊ ဒီကောင် ဘာတွေ လာပြောလို့လဲ"

"အဲဒီ ကကြီးနဲ့ ပတ်သက်လို့ပေါ့၊ မေမေ သားကို တားချင်ပေမဲ့ သား စိတ်ဆင်းရဲနေတာ စိတ်ထိခိုက်နေတာတွေ မပြေပျောက်သေးတဲ့အချိန် ဖြစ်နေမှာစိုးလို့ မပြောသေးဘဲ ရွှေ့ရွှေ့လာတာ၊ ခုမှ စကားကြုံတော့ ပြောရဦးမယ်၊ ဒီကိစ္စကို ငါ့သားလေး ရှေ့မဆက်ပါနဲ့လားသား၊ သား စိတ်ထဲ ခံစားရတာကို မေမေ နားလည်ပါတယ်၊ ဒါပေမဲ့ ဒီအပြုအမူကတော့ လူကြီးလူကောင်း မိကောင်းဖခင်သားသမီး အမူအကျင့်မျိုးမှ မဟုတ်ဘူးသား"

မင်းနရီက မေမေ့ကို ဇဝေဇဝါကြည့်ရင်း ...

"တင်ထွဋ်က ဘာပြောလဲ မေမေ"

"သားက ဟိုဘက်ကားက ဒရိုင်ဘာလေးအပေါ် အာယာဉ်ရှိနေတော့ ..."

"တော်ပြီ မေမေ၊ ကျွန်တော် သဘောပေါက်ပြီ၊ မေမေ တားချင်တယ် ဆိုတာက ဘာကိုလဲဟင်"





"သားရည်ရွယ်တဲ့ အပြုအမူဟာ မိန်းကလေး တစ်ယောက်အပေါ် ရက်စက်လွန်ကျူးရာ ကျပါတယ် သားရယ်"

"မေမေ ... တင်ထွဋ်ကို ကျွန်တော် ပြောမိတဲ့ စကားဟာ ဒေါသအလျှောက်ပါ၊ မေမေ့သားက တစ်သက်လုံး လူကောင်းတစ်ယောက် ဖြစ်ဖို့ပဲ ကြိုးပမ်းအားထုတ်ခဲ့တဲ့သူပဲ၊ ဒီကိစ္စကို ကျွန်တော့်ပင်ကိုစိတ်နဲ့ တကယ်မလုပ်နိုင်ပါဘူး"

မေမေက ဝမ်းပန်းတသာ ပြုံးလိုက်ရင်း ...

"မေမေလည်း အဲသလိုပဲ ထင်တာ သားရဲ့၊ သားကို မေမေက အထင်ကြီးပါတယ်"

"တကယ်လို့ အဲဒီမိန်းကလေးကို ကျွန်တော် တကယ်ချစ်သွားမိတယ် ဆိုရင်ရော"

မေ့မေ မျက်ခုံးပင့်သွားရကာ ...

"ဟိုကောင်လေးကကော"

"ဟိုကောင်လေးရဲ့ အခြေအနေ သိပ်မကောင်းလှပါဘူး မေမေ၊ ကောင်မလေးကိုလည်း ကျွန်တော် တကယ်သနားကရုဏာ သက်ရာက ချစ်သွားမိတာပါ၊ ကျွန်တော် ကောင်လေးကိုလည်း ဆေးကုသစရိတ် လျှော့ဒါန်းပြီး ဆေးကုပေးနေပါတယ်၊ ကကြီးက ဖြူစင်ပါတယ်၊ ဒါပေမဲ့ ချို့တဲ့ရှာပြီး အကောင်းဆုံး အတော်ဆုံး ဆိုတဲ့ စံထဲမှာတော့ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှိဖို့လည်း မလိုပါဘူး၊ ဒီစံတွေကို သားကသာ မက်ခဲ့အေဖါ၊ နန္ဒာ့ကို သား အသည်းနှလုံးထဲက မချစ်ခဲ့တာ မေမေ သိပါတယ်၊ ခုလို သားရဲ့အသည်းထဲ နှလုံးသားထဲက တကယ် မြတ်မြတ်နိုးနိုးချစ်တဲ့ မိန်းကလေးမျိုး သား ရှာတွေ့နိုင်လာတာကို မေမေ အရမ်းဝမ်းသာတယ်၊ သားအတွက်လည်း ကျေနပ်တယ်၊ ကဲ ... သားစိတ်ချမ်းချမ်းသာသာသွား၊ ကကြီးကို အဆင်ပြေတဲ့ တစ်နေ့တော့ မေမေနဲ့ တွေ့ပေးဦးပေါ့"

မင်းနရီသည် အသက်ကြီးကာမှ မေမေ့ကို ပွေ့ကာ ဖက်ကာ ပူးကပ်ကာ မရှိခဲ့တာ ကြာပြီဖြစ်သော်လည်း အခုတော့ စိတ်ထဲက ပီတိသုခအဟုန်ကြောင့် မေမေ့ကို တအားဖက်ပြီး ပါးနှစ်ဖက်ကို ကလေးတစ်ယောက်လို နမ်းရှုံ့လိုက်မိပါသည်။

ထို့နောက်တော့ ကားကို မောင်းထွက်လာကာ တစ်လမ်းလုံး ရင်ထဲ၌ငြိမ်ပျူကြည်နူး လာခဲ့သည်။ မေမေ့ကို ဖွင့်ဟဝန်ခံလိုက်ရတဲ့အတွက် သူ့ကိုယ်သူ ပိုပြီး လုံခြုံသေချာကျေနပ်သွားပါသည်။ သူ စောင့်မှာပါ။ ကကြီးထံက ကျေကျေနပ်နပ် (စိတ်ခုံးခုံးချလို့ပဲ ဖြစ်ဖြစ်) နောက်ကြောင်းရှင်းရှင်းနဲ့ ခေါင်းညိတ်မဲ့အချိန်ထိ သူ စောင့်မှာပါ။

"တီ ... တီ ... တီ"





ဟဲန်းဒ်ဖုန်း မြည်လာ၍ မင်းနရီက ဖုန်းဖွင့်လိုက်ပါသည်။

"ဟယ်လို"

"ဦးမင်းနရီလား"

"ကကြီး ... ဘာပြောမလို့လဲ ... ပြောလေ"

"ဦးမင်းနရီ လာနေပြီလား"

"ဟုတ်တယ် ... ကိုယ် လမ်းပေါ်မှာ"

"ကျွန်မတို့ အိမ်အထိ မလာခဲ့နဲ့နော်၊ ကျွန်မ လမ်းထိပ်မှာ ထွက်စောင့်နေတယ်"

"ဘာဖြစ်လို့လဲ ကကြီး"

"တွေ့မှပဲ ပြောပါ့မယ်၊ ဒါပဲနော်"

ကကြီး ဖုန်းကျသွား၍ မင်းနရီ မျက်မှောင်ကုတ်ကုတ်နှင့် ဖုန်းကို ပိတ်သိမ်းလိုက်ရပါသည်။ ကကြီး ဘာဖြစ်ငါလိမ့် ဆိုတဲ့ အတွေးက ရင်ကို ပူစေသည်။ ကကြီးဟိုရပ်ကွက် ကကြီးတို့လမ်းထိပ် မရောက်ခင်ကပင် ခပ်လှမ်းလှမ်းကတည်းက ကကြီးကို လှမ်းတွေ့နေရသည်။ ကြွပ်ကြွပ်အိတ်ထုပ်ဆွဲကာ ငိုင်တိုင်တိုင် ရပ်နေပါသည်။ ကကြီးရှေ့ ကားကို အရှိန်လျှော့လိုက်ကာ ...

"ကကြီး ... မျက်နှာမကောင်းပါလား၊ ငိုထားတာလား ဘာဖြစ်လဲဟင်"

www.burmeseclassic.com



"ရော ... ဦးမင်းနရီ၊ ဆယ်သိန်းနဲ့ ဒါကအတိုး"

"ဟား ... အဲဒါ ထားစမ်းပါ၊ မင်း ဘာဖြစ်တာလဲ၊ ဒီ အထုပ်ကြီးပဲ ထိုးပေးမနေနဲ့၊ ဘာလဲ ... ငါက အထုပ်ကြီး ယူပြီးတာနဲ့ ကားလှည့်ပြီးပြန်တော့၊ အဲသလိုလား၊ မင်းတို့ ကိစ္စလည်းပြီးရော ဒီလိုပဲလား ... ဟင်"

မင်းနရီရဲ့ စိတ်လိုက်မာန်ပါ လေသံမာကြောင့် ကကြိုးသည် ကိုယ့်ဟာနှင့်ကိုယ် မချိတင်ကဲ စိတ်နှလုံးညစ်နောက် ရတဲ့အထဲ အအော်ခံနေရတဲ့ ကိုယ့်အဖြစ်ကိုယ် ဝမ်းနည်းကာ မျက်စိတွေ ပြာမိုက်ပြီး တလှပ်လှပ် မူးရီသွားပါသည်။

"ကကြိုး ... ကကြိုး"

မင်းနရီသည် စက်မောင်းထားတဲ့ ကားပေါ်က ဖျတ်ခနဲ တံခါးဖွင့်ဆင်းကာ မိုက်ခနဲ မူးယိုင်သွားပုံရတဲ့ ကကြိုးကို ကမန်းကတန်း ထိန်းကိုင်လိုက်ရကာ ...

"လာ ... ကားပေါ်တက် ကကြိုး၊ ဆေးခန်းသွားမလား ဟင်"

"ဆေးခန်းတော့ မသွားတော့ပါဘူး၊ ကျွန်မ နည်းနည်းမူး နေလို့ပါ"

"ဟိုးရှေ့က အအေးဆိုင်ဆီ သွားမယ်၊ ခဏလေးပဲလေ၊ လိုက်ခဲ့နော်"





ချော့မော့တဲ့ လေသံကို ကကြိုး ခေါင်းညိတ်လိုက်ရ သည်။ ကားထဲက အဲကွန်းကြောင့် လျှပ်တစ်ပြက်အတွင်း သက် သာသွားသလိုရှိတဲ့ ဝေဒနာက ခဏငုပ်လျှိုးသွားပါသည်။ မင်းနရီ က ငွေထုပ်ကို နောက်ခန်းခုံပေါ် လှည့်မကြည့်ဘဲ ပစ်ပေါက်ထည့် လိုက်ပြီး ...

"နေလည်းမကောင်းဘဲနဲ့ ဒီငွေပေးဖို့ဘာများ ဒီလောက် အရေးကြီးနေလဲကွာ၊ ဖုန်းက တကူးတက ထွက်ဆက်နေ ရသေးတယ်၊ အိမ်လာလို့ မရတာကကော ဘာကြောင့်လဲ၊ မင်း ငိုထားရတာကော ဘာအတွက်လဲ၊ မျက်လုံးကြီးတွေ ဒီလောက် အစ်ပြီး တစ်မျက်နှာလုံး ကြက်စွပ်ပြုတ်လို ဖြူဖပ်နေရတဲ့ ပြဿနာကူ ဘာလဲ၊ ကိုယ့်ကို ပြောစမ်းပါ"

အအေးဆိုင်က နိုးနိုးကလေးမို့ ချက်ချင်းပဲ ရောက် လာသည်။ အဝနားက စားပွဲဆီ နှစ်ယောက်အတူ ဆင်းအထိုင် တွင် မင်းနရီသည် အခွင့်အရေး ယူလိုတာ မဟုတ်ဘဲ အားပေး ဖေးမတဲ့သဘောနှင့် ကကြိုးလက်ဖျားလေးကို တွဲလာသည်။ ကကြိုး သည် အားယုတ်လျော့လှသဖြင့် အလိုက်သင့်ပါလာကာ မငြင်းမိ တော့ပါ။

"ဝသုန်က အခြေအနေ မကောင်းလှဘူး ဆိုတာလည်း သိရတယ်၊ အဲဒါကလည်း ကျွန်မကို လဲပြိုစေတယ် ဦးမင်းနရီရယ်၊ ကျွန်မ အိပ်မပျော်တာ တစ်ပတ်လောက် ရှိပါပြီ၊ ကျွန်မကို ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် ကိုယ့်ကို ဘာတောင်းပန်စရာရှိလဲ ကလေးရယ်"

မင်းနရီသည် အလွန် စိတ်မကောင်းကာ အသံက ညင်သာကြင်နာနေရသည်။

"ဝသုန့် အမေက ကျွန်မကို သိပ်စိတ်နာနေတယ်၊ ဝသုန့်ဆီ ကျွန်မ မရောက်ဖြစ်တဲ့ အတွက်လည်း အပြစ်တင်တယ်၊ ကျွန်မ သူ့ကို မမြင်ရက်တာပါ၊ သွားကိုမကြည့်ရက်တာပါ၊ အဝေးကနေပဲ လုပ်ပေးနိုင်စွမ်း ရှိသလောက် လုပ်ပေးနေချင်တယ်၊ ဒါတွေ ပြောရတာ ဦးမင်းနရီကိုလည်း အားနာလှပါတယ် ..."

ကျွန်မလေ နဂိုကိုက စိတ်ထားမမှန်ခဲ့လို့ ခုလိုခံစားရတာပဲ၊ ဝသုန့်အတွက် အဆင်ပြေမလား ဆိုတဲ့ မျှော်လင့်ချက်နဲ့ ရေသာခို ဖြတ်လမ်းလိုက်ပြီး ဦးမင်းနရီရဲ့ အကူအညီကို အလွယ်ယူမိတာကလည်း ဦးမင်းနရီကို လှည့်ဖြားသလို ဖြစ်ခဲ့လိမ့်မယ် ထင်တယ်"

"မင်း ကိုယ့်ကို မလှည့်ဖြားပါဘူး ကကြီး၊ မင်းက ရိုးသားပါတယ်"

"အဆုံးသတ်တော့ ဦးမင်းနရီရယ်၊ ကျွန်မက ဝသုန့်ဆီမှာရော ရှင့်ဆီမှာရော ဝသုန့် မိဘဆီမှာရော အားလုံးဆီမှာ မျက်နှာပျက်ရမဲ့ အနေအထားကို ရောက်ခဲ့တယ်၊ ဘယ်သူ့အတွက်မှ ကျွန်မက မကောင်းဘူး၊ အားလုံးရဲ့ အတွေးအသိထဲမှာ ကျွန်မက အပြစ်ရှိနေမှာ ..."





ဝသုန့်ဘက်ကကြည့်တော့ သစ္စာဖောက်၊ ရှင့်ဘက်ကကြည့်တော့ အချောင်သမား ငွေမက်တဲ့သူနော်၊ ဒေါ်ဒေါ်မြိုင်တို့ဘက်ကကြည့်တော့ သာတဲ့ဘက်ကို ကူးသွားတဲ့ အခွင့်အရေးသမား"

"မဟုတ်ဘူး ကကြီး၊ မျက်ရည်ကို သုတ်လိုက်စမ်းပါ၊ မင်း အဲသလို စိတ်ဓာတ်မကျပါနဲ့၊ အပြစ်မကင်းတာ ကိုယ်ပါ၊ ကိုယ်က မင်းကို အပေးအယူတစ်ခုနဲ့ မကူညီသင့်ဘူး၊ မင်းလို အားနွဲ့တဲ့ ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ကို ဒီထက် ရိုးသားတဲ့ အကူအညီမျိုး ပေးသင့်တာ၊ ကိုယ်က အပေးအယူ အနှောင်အဖွဲ့ လုပ်ခဲ့မိလို့ မင်း ခုလို ခံစားရတာ၊ ကိုယ် လွန်ဆိုးပါ"

"ဟင့်အင်း ... ရှင်က ကြင်နာတတ်ပါတယ်၊ ရှင်ကလူကြီးလူကောင်းပါ၊ ဒါကြောင့် ရှင့်လို လူကြီးလူကောင်းတစ်ယောက်ကိုလည်း ကျွန်မ ခုတစ်မျိုး တော်ကြာတစ်မျိုး မဆက်ဆံချင်ပါဘူး၊ ကျွန်မ ဘာလုပ်ရမလဲ ဦးမင်းနရီရယ်"

"ကကြီး ဘာမှမလုပ်နဲ့၊ နေမြဲတိုင်းနေ စိတ်ချမ်းချမ်းသာသာနေ၊ ကိုယ့်ကိုလည်း အနှောင်အတည်းကြီး တစ်ခုလို သဘောမထားနဲ့၊ ကိုယ်က မင်းအတွက် တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အတွက် မိတ်ဆွေကောင်း အဖော်ကောင်းမျိုးပဲ ဖြစ်ချင်တာပါ၊ ကိုယ် ဘယ်တော့မှ မင်းကို အနိုင်မကျင့်ပါဘူး၊ မြေဝသုန် အတွက် ကိုယ်တို့ စိတ်ရှင်းရှင်း စေတနာသန့်သန့်နဲ့ လုပ်ပေးနိုင်သမျှအားလုံး လုပ်ပေးကြတာပေါ့၊ မြေဝသုန့် အမေကလည်း နောက်တော့ မင်းကို နားလည်လာမှာပါ"

ကကြိုးသည် မျက်ရည်ဝေသော မျက်လုံးလေးနှင့် မင်းနရီကို သနားစဖွယ် ငေးစိုက်ကြည့်နေပါသည်။

"ကျွန်မ ခေါင်းတွေ မူးနောက်နေတယ်"

"မင်း ပြည့်ပြည့်ဝဝ နားလိုက်ပါ၊ မြေဝသုန့် အက်ဆစ်ဒဲန့်ထဲ ဖြစ်ကတည်းက မင်းစိတ်ခာတ်ဟာ ပြည့်ပြည့်ဝဝ အနားကို မရသေးဘူး၊ နက်ဖြန် ကိုယ့်ရုံးကိုလည်း မလာနဲ့၊ မုန့်စက်ရုံကိုလည်း မသွားပါနဲ့၊ ခွင့်ယူလိုက်ပါ၊ ကိုယ့်စကားကို နားထောင်နော်၊ မင်း နားရမယ်၊ မင်းစားဖို့ အစားအစာနဲ့ မင်းသောက်ဖို့ အားဆေး မနက်ဖြန် ကိုယ်လာပေးမယ်၊ မြေဝသုန် အပြည့်အဝ ကျန်းမာမလာသေးတာ တစ်ခုကလွဲရင် မင်းမှာ စိတ်ညစ်စရာ ဘာမှမရှိတော့ဘူး၊ မင်း ကိုယ့်ကြောင့် ဘယ်သောအခါမှ စိတ်မညစ်စေရပါဘူး ကကြိုး"





"ကျေးဇူးတင်ပါတယ် ဦးမင်းနရီ၊ ရှင်က စိတ်ထားကြည်မြတဲ့ လူတစ်ယောက်ပါပဲ၊ ခုနကထိ ကျွန်မကိုယ် ရွှန်း အရမ်းကံဆိုးတဲ့သူ ,တစ်ယောက်လို့ ထင်နေခဲ့တယ်၊ ရှင် ပြောလိုက်တော့လည်း ကိုယ့်ကိုယ်ကိုယ် ကံဆိုးလှတယ်လို့ မထင်ရတော့ပြန်ဘူး"

မျက်ရည်စိုစွတ်နေတဲ့ ကကြိုးရဲ့ မျက်လုံးလေးတွေက သက်သောင့်သက်သာ ရှိလာပါသည်။

"မင်းကိုယ်မင်း ဘယ်တော့မှ ကံဆိုးဖို့ မရှိတဲ့သူလို့ စိတ်ချထားလိုက်တော့၊ ကဲ ... မင်းကို ပြန်ပို့မယ်"

"လမ်းထိပ်မှာပဲ ချပေးပါနော်"

နွမ်းလျနေတဲ့ ကကြိုးရဲ့ မျက်နှာလေးကို မင်းနရီ ကြင်နာမဆုံး၊ ကရုဏာသက်မဆုံး။ ချစ်မဆုံး။ သူ့စိတ်သဘောတို့ကိုပါ ပြုပြင်ပြောင်းလဲစေနိုင်လိုက်တဲ့ မိန်းကလေး။ သူ့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာမလေးပါ။ အချစ်တစ်ခုကို တန်ဖိုးထားတတ်လာအောင် သင်ပေးခဲ့တဲ့ ကောင်မလေး ... သူ့အချစ်ရေးမှာလည်း ကံကောင်းစေချင်တဲ့ စေတနာဆန္ဒ မင်းနရီရင်မှာ အပြည့်ပါ။

မြေဝသုန့်အမေရဲ့ အငြိုငြင်ကို ခံချင်ပုံမရတဲ့ သနားစရာ ကကြိုးကို လမ်းရဲ့ ဒီဘက်တစ်ခြမ်းမှာ ကားရပ်ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဦးမင်းနရီ"

ခပ်တိုးတိုး နှုတ်ဆက်သံလေးနှင့်အတူ ကကြိုးက ကားလမ်းမကြီးကို အပြေးဖြတ်ကာ သူမတို့ရဲ့ လမ်းထိပ်ရှိရာသို့ ကူးသွားပါသည်။

ရက်ရှည်လချိကာ စိတ်ဆင်းရဲ ထိခိုက်ခံစားနေရခြင်း၊ လတ်တလော စိတ်ဓာတ်ကျခြင်း၊ စိတ်အားငယ်ခြင်းဝေဒနာတို့ကို ခံစားနေရခြင်း၊ အငေးအတွေးအဆွေးတွေနှင့် အအိပ်ပျက် အစားပျက် ညှိုးချုံးအားလျော့ကာ ကျန်းမာရေးခွန်အား မပြည့်ဝနိုင်ခြင်း၊ လောလောဆယ်မှာကို စိတ်နှင့်လူ မကပ်လှဘဲ မူးမိုက်ပြာဝေနေခြင်းတို့ စုပြုံရောပေါင်း ခံစားရလျက် မင်းနရီ ကားနံဘေးက လှည့်ထွက်လိုက်တဲ့ ကကြိုးမှာ လမ်းမကြီးကို ဖြတ်ကူးလိုက်ဖို့တစ်ခုပဲ အာရုံဓောရှိလျက် ကားရှင်းမရှင်းကို လုံးဝမစစ်ဆေး မကြည့်ရှုမိလိုက်ခဲ့ပါ။

ဆံပင်လေးတွေ တလွင့်လွင့်နေအောင် ပြေးသွားတဲ့ ခြေလှမ်းလေး၊ငါးလှမ်းစာရောက်တဲ့ လမ်းအလယ်မှာပင် ခပ်ပြင်းပြင်းမောင်းလာတဲ့ ခရီးသည်တင် ဒိုင်နာကားတစ်စင်းက ကကြိုးရဲ့ ခန္ဓာကိုယ်ကလေးကို အငြိုးတကြီး ဝင်ဆောင့်သကဲ့သို့ လွင့်ခနဲ မြောက်ပါသွားစေပါတော့သည်။ သာမန်လူ ဘယ်သူမှ ဖြတ်ပြေးကူးမှာ မဟုတ်တဲ့ အကွာအဝေးကမို့ ဒိုင်နာကားကလည်း မမျှော်မလင့် အရှိန်မလျှော့မိ။ ကကြိုးတစ်တော့ သတိလည်း ခေါင်းထဲလုံးဝရှိမှ မြင်ပုံမရ။





မြန်ဆန်လှတဲ့ အဖြစ်အပျက်တွင် မင်းနရီသည် သူ့ မြတ်နိုးသူကလေးကို ကူညီကယ်တင်နိုင်ဖို့ရာ တစ်ချက်ဆောင် မလှုပ်လိုက်နိုင်ပဲ ကားပေါ်မှသာ "ကကြိုး" ... "ကကြိုး"ဟု သေလုမျောပါး ရင်ကွဲပက်လက် ကျုံးအော်နေခဲ့မိပါသည်။

♥ ♥ ♥

မျှော်လင့်ထားတဲ့အတိုင်း ဖြစ်မလာဘဲ မမျှော်လင့်တာတွေ ဖြစ်ပျက်တတ်လေ့ရှိတဲ့ လောကကြီးရဲ့ လှည့်စားပျက်ရယ်ပြုမှုတို့ကို ရုံဖန်ရံခါတွင် အတော်ပင် မျက်စိလည်ကာ ညြချ ရလေ့ ရှိပါသည်။

အချစ်ဆိုတဲ့ အရာကို မင်းနရီ အရှုံးတစ်ပိုင်း ခံစားသိရှိသွားအောင် သင်ပေးခဲ့တဲ့ ကကြိုးဆိုတဲ့ မိန်းကလေးကို မျက်စိထဲ သဲတစ်ဆုပ်နှင့် ပစ်ပက်ခံလိုက်ရသလို နာနာကြည်းကြည်း လက်လွှတ်ဆုံးရှုံးခဲ့ရပြီးတဲ့နောက် မကြာလှတဲ့ လတစ်လ၊ ရက်တစ်ရက်မှာတော့ မြေဝသုန် ဆိုတဲ့ သေရွာပြန်ကောင်ကလေးသည် ဘယ်သူမှ မယုံနိုင်စရာဖြစ်အောင် တုတ်ကောက်တစ်ချောင်းနှင့် အားပြုထောက်၍ ဆေးရုံမှ ဆင်းလာနိုင်ပြီ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေဝသုန် စိတ်မာတ်ကျဆင်းမသွားအောင် ကကြီးရဲ့ နာရေးကို ဘယ်သူကမှ အသိမပေးဘဲ ဖုံးဖိလျှို့ဝှက်ထားခဲ့ကြတာမို့ မျှော်လင့်ချက် အသစ် အသစ်တွေနှင့် ရွှင်ပျတက်ကြွနေခဲ့တဲ့ ကောင်ကလေးကို ဆေးရုံကအဆင်း အိမ်အထိ ကားနှင့်လိုက်ပို့ပြီးစီးတဲ့ တာဝန်အထိ တောက်လျှောက် မင်းနရီ ပံ့ပိုးကူညီခဲ့သည်မှာ ကကြီးကိုချစ်သော အချစ်စိတ်သက်သက် တစ်ခုကြောင့်ဖြစ်ပါသည်။

♥ ❦ ♥

လမင်းမိုမို



BURMESE CLASSIC .com
www.burmeseclassic.com